www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၆၅၀၃၁၂
အဖုံးခွင့်ပြုချက် - ၅၀၀၂၂၂၀၃၁၂
ကွန်ပျူတာစာစီ - ဝိုင်းအုံချစ်စာပေ
ထုတ်ဝေသူ - ပန်းဝေဝေစာပေ
ဒေါ်ခင်မာညို
အမှတ် (၃၆၀)၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဖိုးရာဇာပုံနှိပ်တိုက်။
မျက်နှာဖုံးပန်းချီ - မုတ်သုံ
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ် (၂၀၁၂)ခုနှစ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀၀ကျပ်
ဖြန့်ချိရေး - ဝိုင်းအုံချစ်စာပေ
၁၈၂(မြေညီထပ်)၊ ၃၆-လမ်း(လယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

CIP ၈၉၅. ၈၃
ကန္တာရနှင်းဆီ (ရွှေကူမေနှင်း) ရန်ကုန်
ပန်းဝေဝေစာပေ (၂၀၁၂)ခုနှစ်
စာမျက်နှာ - ၂၂၈ ခန့် (၅လက်မ × ၈ လက်မ)

BURMESE CLASSIC .com


# ကန္တာရနှင်းဆီ

ရွှေကူမေနှင်း

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ



၁၉၉၁ခုနှစ်၊ ဇွန်လ(၂၆)ရက်မှ ၁၉၉၂ခုနှစ်၊ မေလ(၂၉)ရက်အထိ၊ စုစုပေါင်းရက်၃၃၀တိတိ အင်းစိန်ထောင်ထဲတွင် နေခဲ့ရသောကျွန်မသည် ဒေသထွက်သီးနှံအဖြစ် စာအုပ်သုံးအုပ်ရရှိခဲ့ပါသည်။ အင်းစိန်မှတ်တမ်း အကျဉ်းစံမိန်းမများနှင့် ကန္တာရနှင်းဆီတို့ဖြစ်၏။ အင်းစိန်မှတ်တမ်းနှင့် အကျဉ်းစံမိန်းမများကို စာဖတ်သူလက်များသို့ ပေးအပ်ခဲ့ပါပြီ။ ယခု ကန္တာရနှင်းဆီ။

"ကန္တာရနှင်းဆီ"ဆိုသောအပင်မှာ၊ ပုပြင်းခြောက်သွေ့သောသဲမြေ၌ ရှင်သန်၏။ ပင်စည်တွင် ရေသိုလှောင်၏။ အပွင့်ကပါးလွှာသောပွင့်ဖတ်ငါးလွှာ။ နှင်းဆီပွင့်ပုံ အရောင်ကလိမ္မော်ရောင်ဆူးများကား အဆိပ်ပြင်းလေသည်။

မီးမီးဆိုသော မိန်းကလေး၏ဘဝသည် ကန္တာရနှင်းဆီပမာတူ၏။ မီးမီးကို အင်းစိန်ထောင် အဆောင်(၈)အပေါ်ထပ်၌ဆုံခဲ့ရခြင်းဖြစ်သည်။ ပန်းဆောင်မှာစကားပြောခဲ့ကြ၏။ "တကယ်တော့ မီးမီးကရောင်းစားခံရသူပါ။ ထောင်ကျတော့လူရောင်းစားမှု(လူကုန်ကူးမှုနဲ့) ကျတယ်။ ပြောင်းပြန်လေ။ အဲဒါအန်တီရေးပေးပါ။

www.burmeseclassic.com

တစ်နေ့လျှင်(၃)နာရီနှုန်းဖြင့် (၃)ရက်လုံးလုံးနားထောင်ခဲ့ရ၏။ ကျွန်မအင်းစိန်မှထွက်လာသောအခါ သူကျန်ရစ်ခဲ့သည် သူ့နာမည်မီးမီး၊ မြောက်ဥက္ကလာမှာနေသည်ဆိုခြင်းမှလွဲပြီး လိပ်စာအတိအကျကို မမှန်နိုင်ခဲ့ချေ။ သူလွတ်လာလောက်သည့်အချိန်တွင် သူ့ကိုတွေ့ဖို့မျှော်လင့်ခဲ့၏။ သို့သော် သူ့ကိုမတွေ့ရတော့။ သူဤလောကတွင် ရှိမှရှိပါသေးရဲ့လားမသိ။ အင်းစိန်မှတ်တမ်းကဲ့သို့ပင် ကန္တာရနှင်းဆီကိုလည်းထောင်မှထွက်ကာစ ၁၉၉၂မှာ စ၍ရေးခဲ့သည်။ အင်းစိန်မှတ်တမ်းရေးပြီးသည့်တိုင် ကန္တာရနှင်းဆီကိုပြီးအောင် မရေးနိုင်သေး။ ကျွန်မသည် ဤစာအုပ်ရေးနေကြောင်း သူငယ်ချင်းတစ်ယောက်ကို ပြောပြရင်း"ဒီစာအုပ်ကထောင်ခန်းတလှည့်ပြည့်တန်ဆာခန်းတလှည့်ရေးတာပါ။ ထောင်ခန်းကတိုက်တွေမို့လွယ်ပေမယ့် ဟိုဟာကျတော့ကိုယ်ကတစ်ခါမှ မလုပ်ဖူးဘူးဟုတ်လား" ရယ်စရာပြောဖူးသည်။

ခရေစေ့တွင်းကျ ပြောခဲ့၏။ ကိုယ်ကလည်းမေးခဲ့မှတ်ခဲ့၏။ သို့တိုင်အောင် တကယ်တမ်းသရုပ်ဖော်သောအခါစိတ်ကူးထဲမှာတန့်နေခဲ့သည်။ ရေးသားချိန်လေးနှစ်နီးပါးကြာခဲ့။ ရေးစဉ်မှာလည်း စာဖတ်သူများထံ ဘယ်သောခါမှကြုံရမည်ဟု မခန့်မှန်းနိုင်ခဲ့။ ၂၀၀၈ရောက်တော့ အမျိုးသမီးထုတ်ဝေသူတစ်ဦးက စိတ်ဝင်စားသဖြင့် ရုံးတင်ကြည့်သည်။ ထောင်ခန်းတွေအားလုံးခွင့်ပြုသည်။ ပြည့်တန်ဆာခန်းတွေကိုစာမျက်နှာအများအပြား ဖြုတ်ခိုင်းလေသည်။ ထုတ်ဝေသူကဈေးသွားစစ်၏။ ထပ်၍ဖြုတ်ပစ်ပြန်သည်။ ဤအခါ ဒါတွေမပါရင်ဝတ္ထုကအဓိပ္ပာယ်ရှိမှာမဟုတ်ဘူးဆိုပြီး သူကစာမူကိုပြန်အပ်၏။ အရေးထူနေပြီဖြစ်သော စာရေးဆရာက ထုံးစံအတိုင်း မိတ္တူကိုကျွန်းဘီရိုထဲ 'တိုက်ပိတ်'ထားလိုက်သည်။ ကိုယ်သေခဲ့သော်လက်ရေးမူ ကျန်ရစ်စေသားဟု။

ဖွဲ့ဆိုရလေ့ရှိသောကျွန်မအတွက် ယခုကန္တာရနှင်းဆီကို လွတ်လပ်စွာထုတ်ဝေနိုင်ပါပြီ။ နိုင်ငံချစ်စိတ်အရင်းခံပြီး ဤဝတ္ထုကို ထုတ်ဝေချင်နေသော 'ဝိုင်းအုံချစ်'စာပေကိုကျေးဇူးတင်ပါသည်။ မီးမီးတစ်ယောက် အသက်ရှင်နေသေးလျှင် လွတ်လွတ်လပ်လပ်ဘဝဖြင့် တွေ့ချင်ပါသေးသည်။

လေးစားစွာဖြင့်

ရွှေကူမေနှင်း

နိုဝင်ဘာလ(၇)ရက်၊ ၂၀၁၂ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

# ကန္တာရ နှင်းဆီ

ရွှေကူမေနှင်း

www.burmeseclassic.com

www.burmeseclassic.com

တုံးလုံးပက်လက်အိပ်မောကျနေသော မိန်းမများ။

အချို့ မှောက်လျက်။

အချို့ စောင်းလျက်။

အချို့ ကွေးလျက်။

အချို့ ခြေကားယား၊ လက်ကားယား။

စစ်မြေပြင်၌ တိုက်ပွဲကျမြင်ကွင်းနှင့် အနီးစပ်ဆုံးတူလေသည်။

ဘယ်လို မိန်းမတွေလဲ . . . ၊

ဆံပင်ဖါးဝေပြေကျနေကြ၏။

အရောင်အဆင်းကင်းမဲ့နေကြ၏။

ညစ်ပတ်ပေရေသောအဝတ်များ . . .

ခါးဝတ်အကျွတ်ကျွတ် . . .

ရင်စည်းမဲ့အသားဆိုင်များ . . .







ဘယ်လို မိန်းမတွေလဲ။

အကျဉ်းသူတွေလေ။

ဘယ်နေရာမှာလဲ။

ထောင်ထဲမှာ။ အင်းစိန်ဗဟို စံပြအကျဉ်းထောင်ကြီးမှာ။

ပိုမိုပြည့်စုံအောင်ပြောရလျှင်၊ အင်းစိန်ထောင်ကြီး၏ အဆောင်နံပါတ်(၈) အပေါ်ထပ်၊ မိန်းမဆောင်ပါ။

သူဇာခင် (ခေါ်) မီးက မျက်လုံးများကို ဖွတ်မှိတ်၍ ထားသည်။ ဖွင့်ကြည့်လျှင် တိုက်ပွဲကျမြင်ကွင်းကို မြင်ရမည် မှန်းသိနေ၏။ မမြင်ချင်။ သည်မြင်ကွင်းကိုမြင်တိုင်း၊ မိမိကိုယ် မိမိ "ငါ . . . ထောင်ထဲမှာပါလား" ဟု ခံစားရသည်။ မီးဘာမျှ မခံစားချင်တော့။

ဘေးနားက မအေးမက အိပ်မောကျနေလိုက်သည်မှာ ပါးစပ်အာပုပ်ရေတွေစီးကျလို့။ သူကတောင်ယာ အလုပ်လုပ်ရသဖြင့် ကိုယ်လက်လှုပ်ရှားမှုရပြီး ကျန်းမာတာထင်ရဲ့ . . . ဟု မီး တွေးလိုက်သေးသည်။

မီးသည် မအိပ်ချင်သော မျက်လုံးများကို စိတ်ဆိုးချင်နေသည်။ အိပ်ပါလား မျက်လုံးတွေရယ်၊ အိပ်ကြစမ်းပါ၊ မင်းတို့မအိပ်သမျှ ငါမနားရလို့ပါ။ ကြည့် . . . စကီနာတို့ ပိန်ပိန်တို့များ တစ်နေ့လုံးဆော့ ကြပြေးကြလုပ်နေသူတွေမို့ ထင်ပါရဲ့၊ ခေါင်းချလိုက်သည်နှင့် တရှူးရှူးဖြစ်သွားကြပြီ။ ညဉ့်ဦးက သားသမီးတွေကို လွမ်းလို့ဆိုပြီး ငိုခဲ့သော ခင်စန်းရီလည်း မှောက်ရက်ကြီး အိပ်ပျော်လို့။ မိလုံးတို့ လင်မယား (မိလုံးက မိန်းမ၊ သူနှင့်တွဲသူ ငြိမ်းသာက ယောကျ်ားအသွင်)ထို မိလုံးတို့လင်မယားလည်း စောင်တထည်တည်းခြုံပြီး တခစ်ခစ်ရယ်လိုက်ကြ၊ ဝုန်းဒိုင်းထုရိုက်ကြနှင့်၊ ခုတော့လည်း လောကကြီးမှ ခေတ္တရှောင်တိမ်းသွားကြပြီး အိပ်မက်ကမ္ဘာမှာ လွတ်လပ်စွာပျံသန်းနေကြရောမည်။ ၁၅ မိနစ်တစ်ခါ ထအော်ရသော

www.burmeseclassic.com

ညစောင့် တာရာ ဒေါ်ကြည်ပင်၊ စိပ်ပုတီးကို ကိုင်လျက်၊ သံတိုင်ကိုမှီရင်း အိပ်ပျော်ပေရော့မည်။

မီးသည် ဘယ်ဘက်စောင်း၍ လှဲနေရာမှ ညာဘက်သို့စောင်းလိုက်၏။ ညာဘက်မှာအိပ်နေသော မသန်းမြင့်ကို ထိမိသွားသည်။ မသန်းမြင့် တွန့်သွား၏။ မတတ်နိုင်။ ရှောင်ရက်နှင့်မလွတ်ခြင်း၊ ကန်တော့ . . . ကန်တော့ဟု စိတ်ထဲမှတောင်းပန်လိုက်ရ၏။ သည်နေရာမှာ အိပ်စရာနေရာအဖြစ်တစ်တောင့်ထွာကိုသာရသည်။ သည်တော့ ပက်လက်အိပ် လျှင်အိပ်၊ မှောက်လျက် အိပ်လျှင်အိပ်၊ မဟုတ်ဘဲ ဟိုဘက်သည်ဘက် စောင်းချင်လျှင်တော့ တစ်ခါမဟုတ် တစ်ခါထိစမြဲ၊ ဒူးကွေးမည်များ မကြံလေနှင့်။ ဒူးခေါင်းကြီးက ဆိုပြီး ရန်ပွဲတစ်ခုဖြစ်ပေါ်တတ်လေသည်။

ရေထသောက်ရကောင်းလား။

ရေသောက်လိုက်ပြန်လျှင်လည်း တော်ကြာဆီးသွားချင်လာဦးမည်။ မိန်းမထောင်မှာ ညဘက်ဆီးသွားရသော ကိစ္စက စိတ်ပျက်စရာကောင်း၏။ အဆောင်ခြေရင်းတွင် ခါးလယ်ခန့်အမြင့် အုတ်နံရံလေးကာထားသောနေရာ၌ ငါးဆယ်ဝင်စဉ့်အိုးကြီးနှစ်လုံးချထားသည်။ ထိုစဉ့်အိုးကြီးထဲ မဖိတ်မစင်အောင်သွားရသည်။ ကြမ်းပြင်မှာ အပေါက်မရှိ၊ မြောင်းမရှိ၊ ထို့ကြောင့်ဖိတ်၍မဖြစ်။ စဉ့်အိုး အမြင့်သို့ခုံကလေးတန်းထားပေးသည်။ ထိုတန်းပေါ်မှာ ငုတ်တုတ်ထိုင်လျှင်၊ မိမိကို တစ်ဆောင်လုံးကပင် လှမ်းမြင်နေရသည်။ ဒါကိုရှက်နေ၍ ဘာထူးမှာ တုန်း။ တစ်ချို့ကတော့ ခပ်ပျော်ပျော်ပင် "စင်မြင့်ပေါ်တက်ဦးမယ်" ဟုရယ်စရာ ပြောတတ်သေးသည်။ စင်မြင့်ပေါ်မတက်ရဲသူများအဖို့ ဖြေရှင်းနည်းလည်းထားရှိ၏။ ၎င်းမှာ ကြမ်းပြင်ပေါ်တွင် ပလပ်စတစ်ခွက် ထဲသွားပြီး ထိုခွက် ကိုစဉ့်အိုးထဲ သွန်သောနည်း ဖြစ်သည်။

မီးသည် စင်မြင့်ပေါ်တက်ရဲပါ၏။





ခက်သည်က ထိုစဉ့်အိုးများထားရာ "မိလ္လာချောင်" သို့ရောက်အောင်လမ်းလျှောက်ရမည့်အရေးဖြစ်သည်။ ကြမ်းတပြေးထဲတွင် လူ ၂၀၀ကျော် ကြပ်ညှပ်အိပ်နေကြသည်။ ဤလူပင်လယ်ကြီးကို ဖြတ်ကျော်ရမည်။ လူသွားလမ်းဟု သတ်မှတ်ထားသောလည်းထို အလွတ်နေရာလေးများမှာ၊ ရေခွက်များ၊ ညဘက်အသုံးအဆောင်လေးများ၊ ရေပုလင်းများချထားကြသဖြင့် လမ်းပိတ်နေသည်။ ခြေချစရာမရှိသောကြမ်းပြင်ပေါ်တွင် အိပ်နေသူတွေကို မထိအောင်ရှောင်၍နင်းရခြင်းလောက်ခက်ခဲသော အားကစားနည်းသည် ဤကမ္ဘာပေါ်တွင် ပေါ်ဦးမည်မဟုတ်ချေ။ ရှောင်ကာတိမ်းကာသွားပါလျက်နှင့် တစ်ယောက်ယောက် ၏ခြေဖျားကို တက်နင်းမိလျှင်မကြားဝံ့မနာသာ အဆဲခံရမည်။ သည်တော့ . . . အောင့်ထားလိုက်၊ အောင့်ထားလိုက် မီးမီးရေ ညည်းကရန်ဖြစ်ရဲတဲ့ မိန်းမမဟုတ်ဘူး၊ ညည်းဟာ ဆိုးသွမ်းမိုက်ကန်းပြီး ထောင်ကျလာတဲ့ လူမှ မဟုတ်ဘဲ၊ မိန်းမရိုင်း တွေနဲ့မပြိုင်နဲ့။

သည်လို မိမိကိုယ်ကို မိမိဆုံးမထားရသည်။

ညဘက်ဆီးသွားရမှာကြောက်၍လည်း ညနေကတည်းက ရေမသောက်ဘဲနေခဲ့ခြင်းဖြစ်၏။ ခုတော့. . . အာခေါင်တွေ ခြောက်နေသည်။ အိုက်စပ်ပူလောင်နေသည်။ လူငွေ့ဆိုတာ အလွန်လောင်မြိုက်သောအရာပဲ။ သည် အခန်းကျယ်ကြီးထဲမှာ မိန်းမ ၂၀၀ကျော်၏ ကိုယ်တွင်းမှနည်းအမျိုးမျိုးဖြင့် ထွက်လာကြသောမကောင်းသည့် အငွေ့အသက်များ. . .။ လည်ချောင်းတွေ ယားလာသည်။ နားထင်မှာ သွေးတိုးလာသည်။ ခြေသလုံးမှာလည်း ရှစ်ရှစ်နှင့် ကြမ်းပိုးဖြစ်မည်။ တစ်ခုခံသာသည်မှာ သည်အဆောင်တွင် ခြင်မကိုက်ခြင်းဖြစ်၏။ အဆောင်က အပေါ်ထပ်ဖြစ်ပြီး ပြတင်းပေါက်များက တံခါးရွက်မရှိ၊ သံတိုင်များသာဖြစ်၍ လေတိုးသဖြင့် ခြင်မလာတာများလား။ ဒါမှမဟုတ်

www.burmeseclassic.com

ရှိရှိ သမ္ဘုခြင်တွေက အောက်ထပ်က ကလေးအမေဆောင်မှာ အစာဝနေကြ၍လည်းဖြစ်ချင်ဖြစ်နိုင်သည်။ အချုပ်ဆောင်မှာ တုန်းကလည်း ကိုက်လိုက်သည့်ခြင်တွေ ပျားတုပ်သလားထင်ရ၏။

"ဟင်း" ကနဲ သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

ပြီးတော့မှ ကိုယ်မှုတ်လိုက်သည့် လေပူသည် ဘေးမှာအိပ်ပျော်နေသော မသန်းမြင့်၏ နဖူးမှဆံပင်များကို ရွှေလျားသွားစေတာ မြင်လိုက်ရ၍ အားနာသွားပြန်သည်။ သို့သော် ဘာတတ်နိုင်မည်နည်း။ သက်ပြင်းလေးတစ်ချက်ကိုတော့ သတိလက်လွတ်စွာမှုတ်ထုတ်ခဲ့မိပြီ။ နောက်ထပ်မမှုတ်ထုတ်ဖြစ်အောင်တော့ သတိထားရပေလိမ့်မည်။

သက်ပြင်းလေပူမထုတ်မိအောင် သတိထားနေရသောအချိန်အတွင်း အာခေါင်တွေခြောက်လာပြန်သည်။ ရေသောက်ချင်လိုက်တာ . . . ။

ဪ. . . အိမ်မှာသာဆိုလျှင်. . . အစဉ်အေးမြနေသော သဲအိုးလေးထဲမှ ညဥ့်သိပ်ရေ အေးအေးလေးကို စတီးရေခွက်ကြီးနှင့် အပြည့်အဝအားရပါးရ သောက်နေကျလေ။ အိမ်မှာမဟုတ်ဘဲ တောထဲတောင်ထဲမှာဆိုလျှင်ပင် ရေကြည်ရေအေးတစ်ပေါက်ကိုတော့ လွယ်လင့်တကူရှာဖွေ နိုင်ကောင်းလေရဲ့။ ခုတော့ သည်အကျဉ်းထောင်သည်နာမည်နှင့်လိုက်ပါပေရဲ့။

မျက်လုံးများကို ဖွင့်လိုက်၏။

မရည်ရွယ်ဘဲ ငုတ်တုတ်ထထိုင်လိုက်သည်။

ဪ. . . ခေါင်းရင်းဘက်မှာ အန်တီစိမ်း တစ်ယောက်လည်း အိပ်မပျော်၍ထင်သည်။ ခေါင်းရင်းနံရံ ကိုမှီရင်း မျက်စိပွင့်နေသည်။ သူ့မျက်စိများကိုပွင့်နေ သည်ဟူ၍သာပြော၍ရ၏။ ကြည့်နေကြခြင်းမဟုတ်။ အန်တီစိမ်းဆိုသည်မှာ ဘီ၊ စီ၊ ပီကွန်မြူနစ်အဖြစ် ထောင်အ





ကြိမ်ကြိမ်ကျခဲ့ဖူးပြီ။ ယခုလည်း ထောင်သက်ရှည်လှပြီမို့ ထောင်ထဲမှာဘာကိုများကြည့်စရာ ရှိပါဦးမည်လဲ။ ထို့ကြောင့် သူ့မျက်စိများသည်အဓိပ္ပာယ်ကင်းမဲ့စွာ ပွင့်နေကြခြင်းဖြစ်မည်။

ဆေးလိပ်သောက်ရကောင်းမလား။

ဘယ်ဘဝတုန်းကမှ ဆေးလိပ်မသောက်ခဲ့ဖူးသော မီးမီးသည်ထောင်သက် ၆ လအတွင်း ဆေးလိပ်စွဲခဲ့ပြီ။ ဆေးလိပ်ကို ဖွာနေရလျှင်လက်ထဲမှာကိုင်နေရလျှင် စိတ်ပျံလွင့်တာ နည်းနည်းငြိမ်သွားသလားလို့ပါ။ ဆေးလိပ်ထဲ၌ အာရုံရောက်သွားစဉ်ခဏသည် အခြားဘဝများကို မတွေးမိအောင် ငြိမ်သက်စေသည့် အခါရှိသည်။ တစ်ခါတစ်ခါတော့လည်းဆေးလိပ်သောက်ရင်း တစ်ခုခုကို စဉ်းစားရတာ ပိုပြီးထိရောက်၍အဓိပ္ပာယ်ရှိသလိုပဲ။

ပြီးတော့ ထောင်ထဲမှာ ဆေးလိပ်က လက်တကမ်း မှာရှိသည်။ လူတိုင်းမှာဆေးလိပ်ရှိ၏။ တချို့က ကိုယ်တိုင်သောက်ဖို့။ အများအားဖြင့်ကား ငွေကြေးအဖြစ်၊ ငွေစမကိုင် ရသောထောင်ထဲတွင်၊ ပစ္စည်းအရောင်းအဝယ်ကိစ္စအတွက် ဆေးလိပ်ကိုသုံးခဲ့ကြတာမည်မျှကြာပြီမသိ ဆေးလိပ်ရှိလျှင် ဘာမဆိုရနိုင်သည်။ ငပိကြော်ဝယ်မလား၊ ဆယ်လိပ် ဖိုးဆိုစားပါလေ့၊ ချဉ်ပေါင်ကြော်လည်း ဆယ်လိပ်ဖိုးဆို တစ်နပ်ကောင်းကောင်းစားလောက်၏။ ထမီအင်္ကျီလည်း ဝယ်၍ရသည်။ ပါတိတ် ခပ်လတ်လတ်တစ်ထည် ဆေးလိပ် ၃၀၀။ ဘရာစီယာ ၅၀။ ကိုယ်က ရောင်းချင်လျှင်လည်း လက်ခံဝယ်ယူသူတွေရှိသည်။ ဝယ်ပြီးအိမ်ပြန်ပို့ဆိုလား။ အမယ် . . . ပေါင်လို့တောင်ရသေး။ ကိုယ်မရှိတုန်းပေါင်၊ ဆေးလိပ်ရတော့ပြန်ရွေး။ အတိုးက အရပ်ထဲမှာလိုပဲ၊ ၁၀၀ ကို ၂၀ တိုးတဲ့။ အနှိပ်ခံချင်သေးလား ဆယ်လိပ်ဖိုးနှိပ်လျှင်အကြောစုံသည်။ အဝတ်လျှော် အမလား။ တစ်ခါချင်းလည်း ငှားနိုင်သည်။ လပေးနှင့်လည်း ငှား၍ရသည်။ ပန်းကန်



www.burmeseclassic.com

www.burmeseclassic.com


ဆေးလည်း သည်အတိုင်း ထောင်ထဲမှာ လေဘာကြေးက အလွန်ပေါလေသည်။

ဆေးလိပ်တံဆိပ်ကိုတော့ မျိုးစုံမရ။ ထောင်အဝင် အဝ ဆိုင်မှာရောင်းသော နွားတံဆိပ်တစ်မျိုးပဲရသည်။ သည်နွားတံဆိပ်က "ထောင်သားများ အတွက်သာ" သီးသန့်မှာထားခြင်းဖြစ်၏။ အပြင်က ဝယ်လာ၍မရ။ အကြောင်းကား. . . ဆေးလိပ်ထဲ ဘိန်းထည့်လာမှာ စိုး၍ဟုဆိုသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဆေးလိပ်သည်ထောင်၏ တန်ဆာဖြစ်၏။ မီးမီးသည် အလုပ်မရှိတိုင်း စိတ်ညစ်ညစ် နှင့်ဆေးလိပ်ဖွာခဲ့မိရာက ခုတော့ဆွဲနေပြီ။ ခက်သည်က မီးခြစ်။ မီးခြစ်ရဖို့မလွယ်။ အိမ်က ဂတ်စ်မီးခြစ်လေး မှာထားနိုင်သော်လည်း ဂတ်စ်ကုန်၍ဖြည့်ရန်ထောင် ဝန်ထမ်းများမှ တဆင့်ပေးရခြင်းသည် ဂတ်စ်ဖိုးမက ကုန်တတ်၏။ ထို့ကြောင့် သူများဆေးလိပ်သောက်နေတာမြင်မှ ကမန်းကတမ်းပြေးကာ မီးကူးကြရသည်။ ခုညကြီးမင်းကြီး မည်သူ မှဆေးလိပ်သောက်မနေ။ မီးကူးဖို့လမ်းမရှိ။ ဟော. . . ပြောရင်းဆိုရင်း. . . အန်တီစိမ်း မီးညှိနေပြီ။ မီးကူးမှပဲ၊ သို့သော်မလွယ်။ မီးမီး အိပ်ယာမှနေ၍ အန်တီစိမ်း အိပ်ယာရှိသော အဆောင်ခေါင်းရင်းသို့သွားရန် ကိစ္စမှာမလွယ်ချေ။ တောင်အထပ်ထပ်ကျော်ရသည်ထက်ပင် ခက်လိမ့်မည်။ တောင်တွေကမှ တောင်ကြီးဖဝါးအောက်ဟု ဆိုသည်။ လူတွေက ဖဝါးအောက်မပြောနှင့် ခြေဖျားနှင့်ထိမိလျှင် ထားလိုက်ပေဦး။

ဆံပင်တွေကြားထဲ လက်ဆယ်ချောင်းလုံးထိုးထည့်ပြီး မွှေပစ်လိုက်သည်။ စေးကပ်ကပ် ချွဲပျစ်ပျစ်ချေးများ ဆံပင်တွေမှာ ကပ်နေထင်၏။ နမ်းကြည့်လျှင် နံနေမှာသေချာသည်။ ခေါင်းမလျှော်ဖြစ်သည်မှာ ကြာမှပဲ။ အချို့ချမ်းသာသော အကျဉ်းသူများလို ရှန်ပူခေါင်းလျှော်ရည်ပုလင်းလဲ






မတတ်နိုင်။ တရော်ကင်းပွန်းလည်းမရှိ။ ထောင်က တစ်ပတ်တစ်ခါပေးသော ရွှေဝါဆပ်ပြာလက်တစ်လုံးခန့်ရမှ ခေါင်းလျှော်ရသည်။ ရွှေဝါဆပ်ပြာသည် ဆံပင်မှချေးညှော်ကို ချွတ်နိုင်သလို ဆံပင်ကိုလည်းကျွတ်စေ၏။ မီးမီးဆံပင်တွေလဲ ကြပါးနေပြီ။ အို. . . ပါးပါစေလေ၊ အားလုံးကျွတ်ကုန်လည်းအေးတာပဲ ဘာလုပ်မှာလဲ။ ဘာအတွက်လဲ။ သည်ဆံပင်တွေက ဘာအတွက်လဲ။ သည်ဆံပင်တွေကို ဆော့ကစားပြီးနမ်းမွှေးကြမည့် ယောကျ်ားတစ်ဦးတစ်လေတောင်မှ မီးမီးနားမှာမရှိကြတော့ပဲ။

ခေါင်းကို သွက်သွက်ခါပစ်လိုက်၏။

အိပ်ပျော်ရင် ဘယ်လောက်ကောင်းမလဲ။

ခန်းမကြီးထဲမှာ လူနှစ်ရာကျော်အိပ်မောကျနေကြသည်။ ဘဝထဲမှ လွတ်မြောက်နေကြသည်။ ဘာအကျဉ်းအကြပ်မှမရှိ။ မသိ။ ဒါဟာကောင်းသော ကိစ္စတစ်ရပ်ဖြစ်၏။ အိပ်ကြည့်ဦးမှပဲ။

သည်တစ်ခါ မှောက်ရက်လှဲချလိုက်သည်။ ခါးကြောတွေ စန့်ပြီးတင်းသွား၏။အညောင်းပြေသလို ဖြစ်သွားသား။ ဒါကြောင့်ပင်အကျဉ်းသူအတော်များများ မှောက်လျက်အိပ်ကြတာဖြစ်မည်။ အိမ်မှာသာဆိုလျှင် အမေတို့က မိန်းကလေးတန်မဲ့ မှောက်ရက်ကြီးအိပ်ရလား။ ဒါဟာ မိန်းမပျက်တို့ရဲ့ အိပ်ခြင်းခေါ်သည်စသဖြင့် ပြူးပြူးပြာပြာဖြစ်လိုက်မည့်အမျိုး၊ သည်မှာကတော့ ရိုးနေပြီ။ ကာလဒေသပေါ့ အမေရယ်. . .။

ဩော်. . . အမေ. . .

အမေ့ကိုတွေးလိုက်တော့ ငိုချင်စိတ်ပေါ်လာသည်။

" ငိုခြင်းသည် အရှုံးပေးခြင်း" ဟုကျီပိုကြီးက ပြောဖူးသဖြင့် ဘာတွေ့တွေ့မငိုခဲ့သည်မှာ ကြာပါပြီ။ ဩော်. . .ကျီပိုကြီးကို သတိရလာပြန်ရောလား။


www.burmeseclassic.com

www.burmeseclassic.com

သတိမရချင်ပါ. . . ကျိုပို။

ခုနေ ကျိုပိုကို သတိရလို့ကော ကျိုပိုနဲ့တွေ့နိုင်တာမှ မဟုတ်တာ။ တွေ့နိုင်ဖို့ထား။ မီးထောင်ကျနေတယ်ဆိုတဲ့ သတင်းစကား လေးတောင် ကျိုပို့ဆီ ပါးနိုင်တာမှမဟုတ်တာ။ ကျိုပိုသာ သည်သတင်းကိုကြားလျှင် ဘယ်လိုနေရှာမလဲ။ မီးမငိုနဲ့ဟု အားပေးပြီး သူ့ညာလက်ရုံးကြီးရဲ့ ကြွက်သားတွေကို ထုတ်ပြမှာလေလား။ အားကိုးစမ်းပါ အချစ်ရယ်. . . . လို့ အဓိပ္ပာယ်ရတဲ့ သူတို့ဘာသာစကားနဲ့ တိုးတိုးလေး ပြောမှာလေလား။

ကျိုပိုရယ်. . . ။

ရှိပါစေတော့။ ကျိုပိုကို ကျေးဇူးတင်ပါတယ်။ မီးသားလေး အတွက်. . . သားအကြောင်း သတိရလာသော အခါတိုင်းမှာမူ အသက်ရှူရပ်ချင်သလို ဖြစ်ရသည်။ အခံရခက်လိုက်တာ။ မျက်နှာကို ခေါင်းအုံးသော အဝတ်ထုပ်ထဲနှစ် ထားလိုက်၏။ နှာခေါင်းကိုတော့ အသက်ရှူသာရုံ ဘေးဖယ်လိုက်သည်။ ပါး၊ မျက်လုံး၊ နဖူး၊ အားလုံး အဝတ်ထုပ်ထဲမှာ။ မျက်လုံးကြွက်သားများကို မျက်နှာအလေးချိန်နှင့် ဖိ၍ထားလိုက်သည်။ မျက်တောင်ခတ်၍မရတော့။

မျက်ရည်ကျ၍ မရတော့။ မျက်လုံးများသည် မလှုပ်မယှက် ငြိမ်ကျသွားကြပြီ။ သို့သော် ဦးနှောက်ကား မငြိမ်ချေ။

ဦးနှောက်သည် အဝေးသို့ပြေးနေ၏။

ဦးနှောက်ရယ်မပြေးပါနဲ့။ မသွားနဲ့။ နားစမ်းပါ။ နားလိုက်စမ်း ပါ။ မောလွန်းလို့ပါ။ ဦးနှောက်ကား နာခံဖို့ဝေးစွ။ ကြားပုံပင်မပေါ်ချေ။ အင်းစိန်ထောင်၊ အဆောင် (၈) မှသည်ဥက္ကလာပ မြို့တော်၏ ၁၉၇၀ ပြည့်လွန်နှစ်များဆီသို့ ပြန်ပြေးသွားကြလေသည်။

အမေက မီးမီးကို အိမ်တိုင်မှာလျှော်ကြိုးနှင့် တင်းနေအောင် ချည်ထားသည်။ လျှော်ကြိုးက အသစ်မဟုတ်သဖြင့် အနည်းငယ်အား စိုက်ပြီး ရုန်းလိုက်လျှင် ပြတ်ထွက်သွားလိမ့်မည်ဟု မီးမီးသိ၏။ သို့သော် မီးမီးမရုန်းပေ။ ဘာလို့ရုန်းရမှာလဲ၊ ချည်ထားလိုက်စမ်းပါ။ အမေတောင် ရက်စက်နိုင်သေးတာပဲ။ ကြိုက်သလောက် ချည်ထားလိုက်ပါ။ အမေပေး တဲ့ ကိတ်မုန့်ကိုကြိုက်မှမကြိုက်တာ။ ကိုယ်မကြိုက်လို့ ကြိုက်တဲ့ ရေခဲချောင်းနဲ့လဲစားတယ်။ ဘာဖြစ်သေးလဲ။ မီးမီးသည် ကိုယ့်ကိုယ်ကို ကျေနပ်စွာ ငြိမ်သက်နေလေ၏။

"အတော်ခေါင်းမာတဲ့ ကလေးမ၊ အမေကမရှိမဲ့ရှိမဲ့နဲ့ အမွန် အမြတ် ကိတ်မုန့်လေးဝယ်ပေးတယ် ဒါကို သူများဆီက ဆယ်ပြားတန် ရေခဲချောင်းနဲ့လဲစားတယ်၊ နောက်ကြပ်ကြပ် သတိထား။ တစ်နေကုန်
www.burmeseclassic.com

www.burmeseclassic.com



တိုင်မှာချည်ထားမယ်။"

အမေက ဗျစ်တောက်ဗျစ်တောက်ပြောရင်း၊ ထမင်းအိုးမွှေနေသည်။ မီးမီးကား အမေပြောသော "ခေါင်းမာသည်" ဆိုသည့် စကားကို စဉ်းစားနေ၏။ ကိုယ်မကြိုက်တာကို ကိုယ်မစားတာ ကိုယ်ကြိုက်တာ ကိုယ်ယူတာ ဒါခေါင်းမာ တာတဲ့လား။

အမေ့ကိုမကြည့်ဘဲ ခေါင်းပိုးကိုမော့ကြည့်လိုက်၏။ ဓနိမိုးအရွက်များ ပေါက်ပြဲနေသည်။ ပိုးစားထားသဖြင့် ပိုးဥလေးတွေ ခိုတွဲနေကြ၏။ လေတစ်ချက်ဝှေ့လိုက်တိုင်း ပိုးဥမဲမဲလေးများက အိမ်ထဲသို့ တစ်ပေါက်ပေါက်ကျနေကြ လေသည်။မိုးတွင်းတုန်းကဆိုလျှင်၊ မိုးယို၍ မီးမီးတို့ အိပ်ယာရွှေ့ရွှေ့ပြီး အိပ်ခဲ့ကြရသည်။ စောင်တွေစို၍ ငုတ်တုတ်ထိုင်ခဲ့ရသော ညများလည်းရှိခဲ့ဖူးသေးသည်။ ထိုညမျိုးတွင်တော့ အမေသည် မီးမီးကို ရင်ခွင်ထဲထားပြီး တယုတယဖက်ထားတတ်၏။ ခုတော့လည်း အမေသည် ထမင်းအိုးကို ဆောင့်ကြီးအောင့်ကြီးမွှေရင်း ဒေါသတကြီးဖြစ်နေသည်။

"နင်ဟာ နင့်အဖေလိုပဲ၊ အတော်ခေါင်းမာတယ်၊ ကိုဖိုးဘရေ ရှင့်သမီးကို ရှင်ပဲလာပြီး ဆုံးမလှည့်ဦး. . ."

အမေ့အသံကပြောရင်းတုန်လာသည်။ ပြီးတော့ ထမိအောက်နားစနှင့်နှပ်ညှစ်သည်။ ထမင်းအိုးကို ယောက်မနှင့်ခေါက်သည်။ ထင်းစတွေကိုမီးခဲခြွေသည်။ ယပ်တောင်ကို ယူ၍ မီးဖိုကို တဖျပ်ဖျပ်ယပ်ခတ်သည်။ မီးတွေတောက်နေ လည်း အမေကယပ်ခတ်တုန်း။

မီးမီးသည် အမေပြောသော"ကိုဖိုးဘ" ကိုစဉ်းစား၏။ ဘဘပေါ့။ ဘဘသည် မီးမီးကိုယ်ကိုမြှောက်ချီကာ၊ လေထဲမှာဝဲနေအောင် လုပ်တတ်သည်။ မီးမီးကမငိုဘဲရယ် နေလျှင် အဘသဘောကျလေ့ရှိ၏။ တစ်ခါတစ်ခါမှုးမဲပြောင် နေသော အဘ၏ကျောကုန်းပေါ်မှာ မီးမီးဂုံးစီး





ရ၏။ ဘဘ သည် ကြမ်းပြင်ပေါ်မှာလည်း ဆင်ကြီးလို တွားရင်း၊ ဆင်ကြီးလိုအော်သောအခါ မီးမီးက လက်ခုပ်လက်ဝါးများပင်တီးကာ ရယ်မောရလေသည်။

ယခု. . . ဘဘကိုမမြင်ရသည်မှာ ကြာပြီ။

ဘဘသည် မီးမီးအိပ်နေဆဲ အဝေးကြီးသို့ ထွက်သွား သည်ဟု အမေကပြော၏။ ဘဘပြန်လာတတ်သော ညချမ်းအချိန်များတွင် မီးမီးသည်အိမ်ဝမှမျှော်ခဲ့သည်။ ထိုအခါမျိုးတွင် အမေသည် ပုလင်းထဲ ထန်းလျက်ခဲလေးများကို ယူပေးတတ်၏။ မီးမီးထမင်းစားတော့လေ. . . ဟုပျော့ပျော့ပြောင်း ပြောင်းပြောတတ်၏။ မီးမီးက အိမ်ထဲမဝင်ဘဲလမ်းမသို့ ဆက်မျှော်နေလျှင်တော့ အမေသည် အိမ်ထဲဝင်ကာ တရှုံ့ရှုံ့ငိုတတ်လေသည်။

လသာသောညများဆိုလျှင်တော့ အမေသည် အိမ်ရှေ့ကကွပ်ပျစ်မှာ ထန်းချောဖျာလေးခင်းကာ မီးမီးကို ပုံပြောပြတတ်သည်။ မီးမီးကဖျာပေါ်မှာ သက်သက်သာသာ လှဲရင်း အမေယပ်ခပ်ပေးသည်ကိုခံရင်း မိုးပေါ်ကငွေကြယ် လဲ့လဲ့လေးများကို ရေတွက်ရင်း အမေ့ပုံပြင်များကိုနား ထောင်ရသည်။

"ဟိုးဘက်က ကြယ်လေးတွေတွေ့လား၊ အဲ့ဒါ မောင်ရင်ဆိုင်ထမ်း လို့ခေါ်တယ်၊ ဒီဘက်ကဟာက လေးနဲ့မြား"

ပုံပြောပြရင်း ကြယ်များကိုပြလျှင်လည်း၊ မီးမီးကဘာ မှန်းမသိဘဲ ခေါင်းညိတ်ပြမိ၏။ မီးမီးသိသည်မှာ အမေ၏ ဂရုစိုက်မှုဖြစ်သည်။ အမေဟာခုလိုအမြဲ ဂရုစိုက်နေရင် ဘယ်လောက်ကောင်းမလဲဟု. . . မီးမီးတွေးမိသေးသည်။

"အဲ့ဒါနဲ့. . . ရွှေယုန်နဲ့ ရွှေကျား သက်ကယ်ရိတ် သွားကြ

www.burmeseclassic.com



ရောတဲ့၊"

သက်ကယ်ရိတ်ဆိုသောစကားကို မီးမီးကောင်း ကောင်းသိသည်။ အမေနှင့် အညာကိုလိုက်လည်စဉ်က အမေတို့ရွာကလူများနှင့် သက်ကယ်ရိတ်ရာသို့ ပါခဲ့ဖူးသည်။ သက်ကယ်ပင်ဆိုသည်မှာ အရွက်ရှည်ကြီးများဖြစ်၏။ ရှတတ်သည်။ အမေတို့သည် ထိုရှတတ်သော အရွက်ရှည်ကြီးများကို လက်တဆုပ်မိအောင်ကိုင်ပြီး အရင်းမှနေ၍ တံဇင်ဖြင့် ဖြတ်ယူ၏။ မီးမီးကားတစ်ခါ ရှခံရသဖြင့် သက်ကယ်ပင်များအနီးမကပ်တော့ချေ။ အင်းကြွင်းပင်ရင်းမှာ ထိုင်ရင်းစောင့်နေခဲ့ရ၏။

"သက်ကယ်ရိတ်တော့၊ ရွှေယုန်လေးကိုမရှာဘူး လားဟင်"

မီးမီးမေးတော့ အမေရယ်သည်။ အရယ်အမော နည်းလှသဖြင့် အမေ့ရယ်သံက စီစီလွင်လွင်မရှိချေ။

"ရွှေယုန်လေးမှာက အမွေးတွေရှိတာကို ဘယ်ရှမလဲ မီးမီးရဲ့"

"ကျားကြီးကိုရော ရှလား"

"သူကကော အမွေးရှိလို့လား"

"အေး ဟုတ်တယ်"

အမေက စကားနားပြီးရေနွေးကြမ်းသောက်သည်။ ဇီးထန်းလျက်ခဲလေးများ ယူစားသည်။ မီးမီးကိုလည်း ဇီးထန်း လျက်ခဲဖဲ့ပြီး ခွံ့ကျွေးသည်။ မီးမီးသည် ချိုချဉ်ချဉ်အရသာကို မြုံ့ရင်း ရင်ထဲ၌အေးမြနေတတ်လေသည်။

ကောင်းကင်မှ အမေပြောသော မောင်ရင်ဆိုင်းထမ်း တို့၊ လေးနှင့်မြားတို့သည် တလက်လက်မြူးရင်း မီးမီးကိုငုံ့ ကြည့်နေကြသည်ဟု မီးမီးထင်သည်။

"မမြမေတို့ သားအမိနှစ်ယောက်ထဲလား"



လှည့်မကြည့်ဘဲ မီးမီးသိလိုက်သည်။ လမ်းထိပ်ရှိ ဂြင်းယက်တောင်းယက်သော ဆိုင်မှလူကြီးဖြစ်သည်။ အရပ်ပုပု၊ ဝဝတုတ်တုတ် အသားဖြူဖြူ။ မျက်လုံးများက ပြူးကျယ်ကျယ်နှင့်၊ အမေ့ဆီ မကြာခဏ လာသည်။ လာတိုင်းစား စရာတစ်ခုခုပါတတ်သည်။

"ရော့ အညာကဇည့်သည်တွေရောက်လို့ ပုန်းရည်ကြီး"

လက်ထဲက အထုပ်ကိုဖျာပေါ်မချဘဲ အမေ့လက်ထဲ ထည့်သည်။ သူ့အိမ်မှာ ဧည့်သည်ကလည်းလာပဲလာနိုင်လွန်း၏။ အညာက လာရတာနဲ့၊ မော်လမြိုင်က လာရတာနဲ့ စားစရာတွေက တစ်ခုပြီးတစ်ခု မရိုးနိုင်။

အမေက နောက်ရွှေ့ထိုင်ပြီး လူကြီးကိုနေရာပေး၏။ လူကြီးက မီးမီးကို လှည့်ကြည့်ရင်း ဝင်ထိုင်သည်။ ဘာကြောင့် မှန်းမသိ မီးမီး မျက်လုံးများမှိတ်ထားလိုက်သည်။ လူကြီးကို စကားမပြောချင်။ သူလာလျှင် အမေပုံဆက်ပြောတော့မည်မဟုတ်။

"မမြမေ ဈေးရောင်းကောင်းရဲ့လား"

"ဒီလိုပါပဲ ဦးမိုးသီးရယ်"

"အေးလေ ရာသီစာဆိုတော့လဲ ရာသီအလိုက်ပေါ့၊ အိမ်မှာ တင်ဆိုင်လေးဖွင့်ဖို့ ကျုပ်ဆီက အရင်းအနှီးယူပါဆိုတော့လဲ၊ ခင်ဗျားက ခေါင်းမာတာကိုး"

လာပြန်ပြီ၊ ဒီခေါင်းမာတယ်ဆိုတဲ့ စကား။

"သြော်. . . လူဆိုတာမျက်မွေးတစ်ဆုံးပဲ ကြည့်လို့မ ဖြစ်ဘူးလေ။"

အမေက ဒါပဲပြန်ပြော၏။

ဦးမိုးသီးကြီးက စကားတွေအများကြီးပြောသည်။ သူ့ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းကောင်းကြောင်းတွေလည်းပါသည်။ သူ့မိန်းမဆုံးပြီးကတည်းက သူ့အိမ်မှာဟင်းကောင်း ကောင်းမစားရတာလည်းပါသည်။

"ဒါနဲ့ မမြမေကော မမြမေယောက်ျားပြန်လာဦးမယ် ထင်နေလား"

အမေသက်ပြင်းချသည်။ ချက်ခြင်းစကားမပြန်။ လူကြီးက ပြောသည်။ "ရွှေရှာထွက်တဲ့လူတွေပြန်လာကြတာ မိုးဦးကတည်းကပဲ။ သူလဲရွှေရှာလို့ရရင်ပြန်လာမှာပေါ့၊ ခုတစ်မိုးလုံးပြန်မလာဘူးဆို တော့ ငှက်ပဲမိသလား ဟိုမှာပဲ အိုးသစ်အိမ်သစ်. . ."

"အို ဒါတွေ ရှင့်အပူမဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ်လင်ဟာ ကျုပ်တို့ချမ်းသာဖို့သွားတာ၊ သူသေသေ မသေ သေ စောင့်နေရမှာက ကျုပ်ဝတ္တရားပဲ။ သူပြန်လာမှာပါ။ သူပြန်လာတဲ့နေ့ဟာ ကျုပ်တို့သားအမိသူဌေးဖြစ်တဲ့နေ့ပဲ။"

ဦးမိုးသီးကြီး ပြန်သွားသည်။

အမေသည် မီးမီးကိုလာဖက်၏။

မီးမီးအိပ်ချင်ယောင်ဆောင်နေလိုက်သည်။ မီးမီး မျက်ရည်ကျနေတာကို ဘာလို့ငိုတာလဲမေးရင် မဖြေတတ် မှာစိုးလို့လေ. . .။

"ညီမလေး"

မမက နူးညံ့စွာချော့နေသည်။

မမ အသံသည် အေးနွေ့၍နေ၏။

"လိမ္မာမှပေါ့ ညီမလေးရယ်"

မီးမီး ခေါင်းခါလိုက်သည်။

အမေ့အိမ်မှာ မပျော်တာ မလိမ္မာတာတဲ့လား။

အမေ့အိမ်မှာ မပျော်ဘူး၊ မပျော်ဘူး ဟုအော်ချင်နေ သည်။ ဒါကို မိုက်တယ်တဲ့လား။





မီးမီးသည် မမကိုမော့မကြည့်ဘဲ၊ မမကိုယ်မှ ရှင်မတောင် သနပ်ခါးစစ်၏ လတ်ဆတ်သောရနံ့ကို အားရပါးရရှူနေလိုက်၏။ စိတ်ထဲမှာ အမောပြေသလိုဖြစ်လာသည်။ မမက မီးမီး၏ဂုတ်ဝဲဆံပင်လေးကို ပလပ်စတစ်ဘီးငယ်ဖြင့် အလိုက်သင့်ဖြီးပေးရင်း မီးမီးကို တစ်လုံးချင်း စကားပြောနေသည်။

"အမေက မီမီးကိုချစ်ပါတယ်"

"ဟင့်အင်း"

မီးမီးကချက်ခြင်းတုန့်ပြန်လိုက်သည်။

"ဘဘကမှချစ်တာ"

"ဘယ်ဟုတ်မလဲ ညီမလေးရယ် ဘဘကအလိုလိုက် တာ။ အမေက မီးမီးကို အလိုမလိုက်တာမချစ်လို့မဟုတ်ဘူး မီးမီးလိမ္မာအောင်လို့။ ပြီးတော့ မိဘစကားနားထောင်အောင်လို့"

မမကထိပ်မှာဘီးကုပ်ကလေးကို ဖိစိုက်ပေးနေသည်။ ပြီးမှ. . .

"မမကို ကြည့်ပါလား၊ အမေ့စကားနားထောင်ရတယ်၊ အမေကပေးစားတဲ့ ယောက်ျားယူရတယ်"

"မီးမီးတော့ ဘယ်တော့မှယောက်ျားမယူဘူး"

ဆတ်ခနဲပြန်ပြောသော မီးမီးစကားကြောင့် မမက အားရပါးရရယ်သည်။ မီးမီးနဖူးကို ငုံ့နမ်းသည်။

"အောင်မလေး. . . ဦးဖိုးဘကြီးရယ်"

လာပြန်ပြီ ဒီဦးဖိုးဘ၊ မမလည်းအတူတူပဲ၊ တစ်ခုခု ပြောလျှင် မီးမီးကို ဘဘနဲ့တူတယ်ပဲပြောသည်။ မီးမီးကရင် ကော့လိုက်၏။

"ဘဘနဲ့ တူတယ် ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ပါဘူးတော် ကောင်းပါတယ် ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မမက ရယ်ရယ်မောမောပြောလေသည်။

မမက မီးမီးကိုဘယ်တော့မှ အပြစ်မပြောချေ။ ဆူချင်လျှင် မဆူဘဲချော့တတ်သည်။ မမသည်ညိုညိုသွယ်သွယ် ရယ်ရယ်မောမော နေတတ်၍ အစ်ကိုကြီးကလည်း ချစ်တာဖြစ်ရမည်။အစ်ကိုကြီးက မီးမီးကိုလည်းချစ်ပုံရသည်။ မီးမီးဘယ်လောက် စိတ်ကောက်ကောက် ရယ်နေတတ်၏။ အမေကတော့ သည်လိုမဟုတ်။ တဆိတ်ရှိလူကို တိုင်မှာ ကြိုးနှင့်တုတ်တော့သည်။ ဘဘအိမ်မှာမရှိကတည်းက မီးမီး ကြိုးတုတ်ခံ ရတာ ဘယ်နှစ်ခါလဲမမှတ်မိတော့ပေ။

"ဘဘက ပြန်မှမလာတော့ဘဲ ညီမလေးရယ်၊ တကယ်လို့သာ အမေတားတဲ့ကြားက ထွက်မသွားဘူးဆိုရင်၊ ခုလို တို့တွေအဖေမဲ့တဲ့ ဘဝရောက်မှာမဟုတ်ဘူး။ အမေက အဲသလို ဇွတ်လုပ်တာကိုမကြိုက်တာ "

"ဘဘက ရွှေသွားရှာတာဆို"

"အင်းပေါ့ ဒါပေမဲ့ ရွှေသွားရှာတဲ့လူတွေ ဘယ်နှစ်ယောက်များ ရွှေနဲ့ပြန်လာဖူးလဲ၊ ဟိုမှာငှက်ဖျားမိပြီးသေတာနဲ့ တချို့လဲ ဟိုမှာတင်အိမ် ထောင်ကျ"

"လာပြန်ပြီ အိမ်ထောင်ကျ"

"အမေမှာ အဲဒီသောကတွေရှိတယ် လင်ကပြန်မလာ။ အရပ် က တစ်မျိုးထင်။ စီးပွားကရှာမရ။ ဒီတော့ စိတ်တိုတာပေါ့ ညီမလေးရယ်"

မီးမီး မျက်ရည်သုတ်လိုက်၏။

"မမမှာလဲ ကလေးရတော့မယ်၊ မီးမီးအဖော်ရအောင် မမနဲ့ အိမ်မှာလိုက်နေပါလို့ အမေ့ကိုပြောနေတာကြာပြီ။ အမေက မီးမီးကို မခွဲနိုင်ဘူးတဲ့"

"ခဏ ခဏ ရိုက်ပြီးတော့"

"ရိုက်တာက လိမ္မာစေချင်လို့ပါဆို".





"ဟင့်အင်း"

"ဟုတ်ပါတယ် အမေက ဘဘကို စိတ်မရှည်လို့ပါ၊ မီးမီးကို ချစ်လို့ဂါဝန် လှလှလေးတွေ ဝယ်ပေးတာတွေ့လား"

"အမေက ဟိုလူကြီးနဲ့ယူမှာ"

"ဟိုက် ပေါက်ကရတွေ မပြောကောင်းဘူး"

"အဲဒီလူကြီးလာရင် မီးမီးမပျော်ဘူး"

"ဒါဖြင့် မမအိမ်လိုက်နေမလား"

မီးမီးငြိမ်သွားသည်။

"မမ အမေ့ကိုပြောပေးမယ်နော် အမေလဲပွဲဈေးတွေ လျှောက် ရောင်းရတော့မှာဆိုတော့ မီးမီးကိုထားခဲ့မှာသေချာပါတယ်"

အမေသည် တကယ်ပင် မီးမီးကိုထားခဲ့၏။

မမအိမ်မှာ ပျော်သည်ဖြစ်စေ မပျော်သည်ဖြစ်စေ မီးမီးနေခဲ့ ရသည်။ ဆယ့်နှစ်ပွဲဟု အမေပြောသော ဘုရားပွဲများသို့ အမေဈေးရောင်း သွားသောအခါ မီးမီးလိုက်၍ မရချေ။

"သမီးကြီးရဲ့ တို့မြန်မာစကားပုံမှာ ညဉ့်ဈေးသည်အစ ဇာတ်သမအလယ် xx မှာအဆုံးတဲ့ ညဉ့်ဈေးရောင်းတဲ့လူတွေကို ဒီလို သတ်မှတ်ထားကြတာ။ ဒါကို လွန်တယ်မပြောဘူး။ ညဉ့်မှာ ဈေးရောင်းတဲ့ လူတွေကို ဒီလိုသတ်မှတ်ထားကြတာ။ ဒါကိုလွန်တယ် မပြောဘူး ညဉ့်မှာ ဈေးရောင်းရတဲ့လူ ဆိုတော့ ညဉ့်ဘက်ဈေးဝယ်တဲ့ လူနဲ့ဆက်ဆံရတာပဲ။ အဲသလို ဆက်ဆံတဲ့နေရာမှာ ဝယ်သူဘက်ကတစ်ဘက်သတ် အထင် သေးထားတာရှိတယ်။ ရောင်းသူက တင်းနိုင်မှ တန်ကာကျမယ်၊ ဒီတော့ မိန်းကလေးငယ်ငယ်နဲ့မဖြစ်ဘူး။ အမေကတော့အသက်ကြီးပြီ။ အမေတစ်ယောက်တည်းပဲ ရုန်းတော့မယ်။"

အမေက သည်လိုပြောပြီး အံကိုခဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမက အမေ့ကို ဘာမျှပြန်မပြော။

အမေကြိုက်တတ်သော မြူရွက်သုပ်ကို ကြက်သွန် ဖြူကြော်များ များ၊ ဆီကျက်များများထည့်ပြီး အမေ့အတွက် ထမင်းပွဲပြင်သည်။ ရေနွေးကြမ်းခါးခါးကို ခရားထဲမှာနှပ်သည်။ အမေက ရေနွေးကြမ်းဆို ခါးမှ။ ပြီးတော့ခရားထဲမှာ နှပ်သည်။ ပြီးတော့ခရားထဲမှ ငှဲ့သောက်ရမှ။

မမသည်အမေ ပြန်လာသည့်အခိုက်၊ အမေ့အ ကြိုက်တွေ လျှောက်လုပ်ပေး၏။ မမကိုဒါတွေကြောင့် အမေ့ကချစ်တာဖြစ်မည်။

မီးမီးကား အမေ့ကို ရေနွေးကြမ်းအိုးယူပေးရကောင်းမှန်းလည်း မသိ။ ရေနွေးပန်းကန်ယူပေးရကောင်းမှန်းမသိ။ မီးမီးစိတ်ထဲမှာ တစ်ခုပဲ ရှိသည်။ ညဘက်လသာသည့်အခါ၊ အိမ်ရှေ့ကွပ်ပျစ်မှာလှဲပြီး ပုံပြင်နား ထောင်ချင်သည်။ ကြယ်လေးတွေကိုရေတွက်နေချင်သည်။ လသာသော ညများ၌ အမေအိမ်မှာမရှိသည့်အတွက် မီးမီးငိုချင်သည်။ ဒါပါပဲ။

သို့သော်သည်အကြောင်းကို ဖွံ့ကာနွဲ့ကာ မမလို ပျော့ပျော့ ပျောင်းပျောင်း မပြောတတ်။

“မီးမီး ကိတ်မုန့်နဲ့ ရေခဲချောင်းလဲစာသေးလား”

အမေက မီးမီးကို စနေသည်။

မီးမီးက အမေ့ကိုမော့မကြည့်။ ဂါဝန်အောက်နားစကို ဆွဲလိမ်နေလိုက်သည်။ အမေက မီးမီခြေဖျားလေးများကို အသာ ပွတ်ကြည့်ရင်း. . .

“သမီးကြီးရေ. . . ညည်းညီမက အရပ်ထွက်လာပြီ ထမီလေး ဘာလေးဆင်မှနဲ့တူတယ်။”

“ဟုတ်တယ် အမေ၊ သမီးအမေ့ကိုပြောဖို့မေ့နေတယ် မီးမီး အပျိုဖြစ်ပြီ။”

အိုး. . . ရှက်လိုက်တာ





မမ ဘာတွေလျှောက်ပြောနေတာလဲ။

မီးမီး မျက်နှာဘယ်မှာထားရမှန်းမသိ။

ဒီအပျိုဖြစ်ပြီဆိုတဲ့စကား အပျို. . . ဆိုတဲ့စကား၊ ဖြစ်ပြီ. . . ဆိုတဲ့စကား၊ ဒီစကားတွေနားထဲမှာမကြားရဲ။ မီးမီးအနေရအထိုင် ရခက်လှသည်။ သည်လို သည်လို တွေဖြစ်လာတာကိုလဲမီးမီးမကြိုက် စိတ်ပျက်စရာကောင်း လှချေရဲ့။ ထိုနေ့က ဘာဖြစ်မှန်းမီးမီးမသိ။ မမက မီးမီးဂါဝန်မှာစွန်းပေနေတာ မြင်သွားပြီး မျက်စိမျက်နှာပျက်လို့လေ . . .။

“ဟယ်. . . မီးမီး. . . နင်. . . နင်. . . ဟိုဟာဖြစ် နေလား. . . ”တဲ့။

ဘာဖြစ်တာလဲ။ ဘာဟိုဟာလဲ. . .။

ကိုယ့်ဂါဝန်ကိုယ်လှည့်ပတ်ကြည့်ပြီး မြင်သွားတော့ ဘာတွေမှန်း မသိ။ မမမျက်နှာပျက်နေတာကို ကြည့်ပြီးလန့်သွားသည်။ အပြစ်ကြီး တစ်ခုပြုမိသည့်အလား ခံစားရသည်။ ပြီးတော့ မီးမီးရှက်သည်။ ငိုချင်သည်။

မမက ဘာမှထပ်မပြောတော့။ တော်သေးရဲ့။ အစ်ကိုကြီးက အလုပ်ကပြန်မလာသေးလို့၊ အစ်ကိုကြီးရှေ့မှာ ဆိုရင် ပိုပြီးရှက်စရာ ကောင်းမှာ။

ဒါတွေကို မီးမီးကျောင်းမှာပြောဖြစ်၏။ သူငယ်ချင်း တွေဆို တော့ ဘာမဆို ပြောရဲသည်။ တိုင်ပင်ရဲသည်။ အတန်းထဲမှာ အုန်းအုန်းက အကြီးဆုံးဖြစ်သည်။

ဘာမဆို သူ့ကိုတိုင်ပင်ရသည်။ မီးမီး သည်လိုဖြစ်ပြီ ဆိုတာ သူ့ကိုပြောပြရ၏။ အုန်းအုန်းကို သည်ကိစ္စပြောသော အခါကျ မရှက်ပါ လားဟု ကိုယ်ဘာသာ သတိထားလိုက်မိသေးသည်။

အုန်းအုန်းက သူ့လက်ကိုင်ပါဝါလေးကို စားပွဲပေါ် ခင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အဝတ်စခေါက်ပုံခေါက်နည်းကိုလက်တွေ့ပြသ၏။ ပြီးမှဘယ်ပုံဘယ်နည်း တပ်ဆင်ရမည်ဟု ပြောသည်။ အနားမှာရှိသော စံစံက နားမလည်ပါး မလည်နှင့်နားထောင်နေသည်။ သူကအပျိုမဖြစ်သေး။ သူက မီးမီးထက် ၆လ ငယ်သည်။ အဲ. . . မီးမီးထက် ၃လငယ်သော ခင်စောကတော့ မီးမီးထက်စောပြီး အပျိုဖြစ်သည်။ သူက အပျိုဂိုက်တောင် ဖမ်းနေပြီ။ ဘော်လီနှင့်ဘာနှင့်လေ။

ဘာပဲဖြစ်ဖြစ်. . .။

အခု အမေနှင့် မမတို့သည်အကြောင်းတွေပြော နေသည်ကိုမှု မီးမီးနားမထောင်ရဲပေ။ မီးမီးလိုချင်သည်မှာ ဒါမှမဟုတ်။ အမေဘယ်မှ မသွားပဲနေဖို့၊ ပြီးတော့ မီးမီးကို မဆူဖို့။

"သမီးလေး"

အမေအသံက တစ်မျိုးတစ်ဖုံနူးညံ့၍နေ၏။

မီးမီးကတော့မကြည့်။

"အမေ အကြာကြီးသွားနေလို့ အမေ့ကိုစိတ်ကောက် နေတာလား၊ ငွေရှာရတယ်သမီးရယ်၊ လောကကြီးမှာ ငွေမရှိရင် သိပ်ပြီးမျက်နှာငယ်တာ၊ ပြီး. . . မုဆိုးမ. . . အဲ. . . အဲ. . . လင်မရှိတဲ့ မိန်းမဆိုတာကလဲ ပတ်ဝန်းကျင်က အင်မတန်စော်ကားချင်တာ၊ လူမခွ စကားခွတဲ့။ လူကိုစော်ကားမရတောင်စကားနဲ့တော့ စော်ကားကြတယ်။ ဟော ပိုက်ဆံရှိရင်တော့၊ အဲသလို မစော်ကားပြန်ဘူး၊ မိန်းမတစ်ယောက်ဟာ လင်ရှိရင်ရှိ မဟုတ်ရင် ငွေရှိမှ. . ."

အမေက မီးမီးကို လူကြီးတစ်ယောက်လို ဆွေးနွေးနေသည်။ မမက သက်ပြင်းရှုနေ၏။ ပြီးမှ. . .

"သမီးတို့လဲ အခြေအနေကောင်းတော့မှာပါအမေ၊ သိပ်လဲအားမငယ်ပါနဲ့ ကိုဆွေကလည်း အခုသစ်ဆိုင်မှာလုပ်ရင်း အလုပ်ရှင်က



သဘောကျလို့ ဆိုင်ခွဲဖွင့်ပေးမယ်လို့ ပြောနေသတဲ့။ ကိုဆွေ မန်နေဂျာဖြစ်ရင် အမေ့ကိုသမီး ကောင်းကောင်းထောက်ပံ့နိုင်မှာပါ။"

မမက ဖြည်းဖြည်းချင်းပြောနေသည်။

အမေက မမကိုမျက်လုံးမှေးကြည့်ရင်း

"သမီးကြီး အမေ့အတွက်မပူနဲ့၊ ညီမလေးကိုတာဝန် ယူထားတာပဲ ဝမ်းသာလှပြီ ညီမလေးကိုသာဂရုစိုက်ပါ။ ဒီကလေးမ ခေါင်းမာချင်တာကို အလိုမလိုက်နဲ့။ မောင်ဆွေကိုလဲ လေးစားကြောက်ရွံ့ပါစေ။ လူဆိုတာ အကြောက်အလန့်ရှိဦးမှ"

အမေက မီးမီးကိုချောက်ဖို့ပဲစဉ်းစားနေသည်ထင်ပါရဲ့။

ချော့ဖို့ကျတော့ ဝန်လေးလိုက်တာ။ မမက ထမင်းဝိုင်းကို အကျအနပြင်နေသည်။ အမေ့အကြိုက်မြူရွက်သုပ်၊ ကင်ပွန်းရွက်ချဉ်ဟင်း၊ အညာငြုပ်သီးထောင်းပြီးတော့ အမဲနှပ်က ကိုဆွေအတွက်တဲ့။ မီးမီးကြိုက်သော ငါးဖယ်ဆုပ်ဟင်းများ ချက်ခဲပါဘိခြင်း။ မီးမီးကလည်း မပူဆာပါ။ ငါးဖယ်ဆုပ်ချဉ်ရေကို အုန်းအုန်းတို့ အိမ်က မကြာမကြာချက်တတ်သည်။ အုန်းအုန်းကကျောင်းသို့ ထမင်းဗူးထည့်လာသောအခါ၊ မီးမီးကြိုက်တတ်လို့ဆိုပြီး ပိုထည့်လာတတ် ၏။ မီးမီးက မမအမြဲ လိုလိုကြော်လေ့ရှိသည့် ဘဲဥမွှေကြော်ကို အုန်းအုန်းထမင်းဗူးထဲသို့ အကုန်သွန်ပစ်တတ်လေသည်။

"ငါကြီးလာရင်လေ. . . နေ့တိုင်း ငါးဖယ်ဆုပ်ဟင်း ချက်စားမယ်။"

မီးမီးက တမ်းတမ်းတတပြောလေ့ရှိ၏။ ထိုအခါ စံစံက. . .

"ငါတော့ကြီးလာရင် နို့ဆီဗူးကို အပေါက်ကြီးကြီး ဖော်ပြီး အဝသောက်ပစ်မယ်. . ."ဟုဆိုတတ်သည်။

"သမီးငယ် ရေခဲချောင်းစားဦးမလား"

www.burmeseclassic.com

www.burmeseclassic.com

အမေက ပြုံးစစနှင့်ဆိုလာသည်။ မမကအမေ့ကို မော့ကြည့်၏။ အမေက မမကို မျက်ခုံးတစ်ဖက်မြှင့်ပြသည်။ ဒါလောက်တော့ မီးမီး နားလည်သည်။ အမေ မီးမီးကို အလို လိုက်ပြီဆိုလျှင်. . . အမေသည် အဝေးကြီးကိုအကြာကြီး သွားပေဦးတော့မည်။

မီးမီးက ခေါင်းရမ်းပြလိုက်၏။

"ဒါဖြင့်. . . ဘာလိုချင်လဲ"

မီးမီး ခေါင်းပဲခါပြသည်။ လသာတဲ့ညကျရင် ပုံပြောပြပါလို့ ပြောလို့ကော ထူးမတဲ့လား။

အို. . . အမေမသိဘူးနော်။

လသာတဲ့ညလေး. . .

အုန်းပင်ကြီးတွေရဲ့ အုန်းလက်တွေက ယိမ်းထိုးလို့ ငှက်ပျောပင်တွေရဲ့အရွက်တွေပေါ်မှာ လရောင်က ကခုန်နေတာ ဘယ်လိုကြည့်ကောင်းမှန်းမသိဘူး မောင်ရင်ဆိုင်းထမ်းတို့၊ ခုနှစ်စင်ကြယ်တို့ ရှာရတာလဲ ဘယ်လောက်ပျော်စရာကောင်းလဲ။

ခက်တာက မီးမီးနားမှာ ပုံပြောမည့်အမေမရှိ။

မမလား. . .။

အို မမက သည်လိုညမျိုးဆို သူ့ယောက်ျားနားက ခွာတာမှ မဟုတ်တာ။ သူ့ယောက်ျားက ပက်လက်ကုလားထိုင်ပေါ်ထိုင်လို့၊ မမက အနားကကြမ်းပြင် ပေါ်မှာငုတ်တုတ်ကလေး။ သူ့လင်ကို မော့ကြည့် မော့ကြည့်နဲ့၊ ဘာများရယ်စရာရှိလဲ မသိဘူး၊ ရယ်လိုက် ပြောလိုက်၊ ဘာမှလဲမဟုတ်ဘူး။ မီးမီးဖြင့် အဲသည်အချိန်ဆို မမကို မချစ်ဘူး။ အစ်ကိုကြီးကတော့ အေးပါတယ်၊ မမကိုလဲ မဆူမပူဘူး။ မီးမီးကိုလဲ မအော်မငေါက်ဘူး။ ဒါပေမဲ့ ဘာဘာလို မီးမီးကိုပွေ့လိုက် ရမ်းလိုက် မလုပ်ဘူး။ အေးလေ သူကပဲနဲ့တယ်။ မီးမီးကလဲ ဝလာပြီကို သူဘယ်နိုင်





မလဲနော်။ မီးမီးမှာတစ်ယောက် ထဲပျင်းလို့။ လမ်းထဲက မြချစ်တို့ ထုပ်ဆီးတိုးတဲ့ဆီသွားပါမယ် ဆိုလည်း မပါရဘူးတဲ့။ မီးမီး ကလေးမဟုတ်တော့ဘူးတဲ့။ ခက်လိုက်တာ. . .။

"မီးမီး"

အမေက ခေါ်ပြန်သည်။

"အမေ"

သည်တစ်ခါတော့ ပြန်ထူးလိုက်၏။

"မီးမီး စာကြိုးစား၊ ပညာတတ်မှ ဆရာမကြီးဖြစ်မှာ၊ အမေလို ဈေးသည် မလုပ်ပဲနေနိုင်မှာ"

"အမေကလဲ၊ မီးမီးဈေးရောင်းတတ်သားပဲ"

"ရောင်းတော့ရောင်းတတ်တာပေါ့၊ ဒါပေမဲ့ပင်ပန်းတယ် မီးမီးရဲ့၊ အမေကမီးမီးကို မပင်ပန်းစေချင်လို့"

"ပင်ပန်းလာရင် နားမှာပေါ့ အမေရဲ့"

"ဒီကောင်မလေး ပြောရတယ်ခက်တာကိုး"

"နေပေစေအမေ၊ ညီမလေးကို သမီးကြီးတာဝန်ထား၊ စာမကြိုးစားဘူးနော် အရွယ်ရောက်လာတော့ လုပ်ကျွေးမဲ့လူ ကြည့်ရှုပြီး ပေးစားလိုက်ရုံပေါ့"

"မယူဘူး မယူဘူး"

မီးမီးအော်လိုက်သည်မှာ ဆူညံသွားတော့သည်။

အမေက တဟားဟားရယ်၏။ မမက ပြုံးနေလေသည်။ အမေက သူ့ဆံပင်ရှည်ကြီးကို ဘီးဖြင့်ပြန်လည်ပတ်လိုက်ရင်း. . .

"ငါ့သမီးကတော့ဟော့. . . အာဂပဲ။ ကဲပါအေ ခုပေးစားမယ် ပြောတာလဲ မဟုတ်ဘူး။ စိတ်ချ၊ မပေးစားဘူး၊ ငါ့သမီးလေးကိုလေ အမေကဆရာမကြီး ဖြစ်စေချင်တာ၊ သမီးရဲ့အဖေကလည်း ဆရာမပဲ


www.burmeseclassic.com

www.burmeseclassic.com



လုပ်စေချင်တာ သိလား"

"ဘာဘာကလားဟင်"

"အေးပေါ့၊ သမီးဘာဘာက သမီးလေးကြီးလာရင်တဲ့ ကျောင်းဆရာမကြီးဖြစ်ရမယ်တဲ့၊ အဲတော့ မီးမီးစာကြိုးစားနော်၊ မမပြောတဲ့စကားနားထောင် အစ်ကိုကြီးဆုံးမတာကို လည်းနားထောင်။ သမီးမှာဘာပဲဖြစ်ဖြစ်မမကိုပြော ဟုတ်လား။ အမေပြန်လာရင်လေ. . . မီးမီးအတွက်လုံချည်လှလှ လေးတွေဝယ်လာမယ်၊ ပုလဲပုတီးလှလှလေးတွေလဲဝယ်လာ မယ်၊ ပြီးတော့ ဘီးကုပ်လှလှလေးတွေ. . . ဖဲပြား လှလှလေးတွေ. . ."

အမေကစကားအရှည်ကြီးပြော၏။

မီးမီးက အမေ့ပေါင်ပေါ်မှာ ခေါင်းအုံးလိုက်သည်။ အမေ့သရက်ထည်ထဘီပေါ်ရှိနှင်းဆီပွင့်လေးများကို ငေးကြည့်နေမိသည်။ နှင်းဆီပွင့်လေးများကား မလတ်ဆတ်တော့ချေ။ အရောင်မှေးမှိန်ကာပွင့်လွှာတစ်ချို့က ကြွေလွင့်သွားကြပြီ။ မီးမီးမျက်လုံးများကိုမှိတ်ထားလိုက်၏။ အမေ ပြောသော စကားများကို မျက်လုံးမှိတ်ပြီး နားထောင်ရသည်မှာ အရသာရှိလှသည်။ တဖြည်းဖြည်းနှင့် အမေ့စကားသံများတိုးသွားသည်ဟုထင်သည်။

"အမေပြန်လာရင်လေ. . ." ဆိုသောအသံသည် အိပ်မက်ထဲမှာလား။

ထိုညနေက မိုးအုံ့နေသည်။

တိမ်ညိုတို့သည် အနောက်ဘက်ကောင်းကင်မှသည် အရှေ့ဘက်ဆီသို့ ရွေ့လျားနေကြ၏။ တစ်ချက်တစ်ချက် လေပြင်းဝှေ့လိုက်သောအခါ၊ ဘယ်ဆီက မှန်းမသိသော သစ်ရွက်များက လေထဲတွင်ပါလာသည်။ လေသည်သစ်ရွက်နံ့ မွှေးနေလေသည်။





ငမိုးရိပ်ချောင်းထဲမှာ ရေများကားနောက်ကျိနေသည်။ ရွံ့နစ်ရောသောကြောင့် ညိုပြာပြာမဲနေလေ၏။ ချောင်းနံဘေး မြေလမ်းကလေးကလည်း မချောမွေ့။ မိုးရွာထားသဖြင့် ရေအိုင်များက ဟိုတစ်ကွက်သည်တစ်ကွက်တင်နေသည်။ လမ်းလျှောက်ရင်း ချော်မလဲအောင် သတိထားနေရ၏။ သည်တုန်းမှာပင်. . . . .

"မီး"

ဘယ်တုန်းကစောင့်နေမှန်းမသိသော ဖိုးကျော်။ အိမ်လမ်းသို့ချိုးကာနီး ဓါတ်တိုင်အောက်မှာရပ်နေ၏။ ဓါတ်တိုင်သာဆိုသော်လည်း မီးကမလင်း။ မိုးညနေ မှောင်တရီမှာ ဖိုးကျော်သည် ဖွဲကောင်းကောင်းနှင့်စောင့်နေဟန်တူသည်။ ပြာလွှလွှအရောင် သူ့ပုဆိုးစသည် လေထဲ၌ဖျတ်ဖျတ်လွင့်နေသည်။ လက်ထဲမှာ လက်နှိပ်ဓါတ်မီးကို ကိုင်ထား၏။

"မီးနောက်ကျရင် မှောင်မှာစိုးလို့ ကိုယ်လာစောင့်နေတာ"

ဖိုးကျော်က ခပ်တိုးတိုးပြောသည်။

ဘာကြောင့်မှန်းမသိ။ သူ့အသံက တုန်နေသလိုပင်။

"မလိုပါဘူး၊ မီးပြန်နေကျပဲဟာ"

မီးက ခပ်ဆတ်ဆတ်ပြန်ပြောလိုက်၏။

ဖိုးကျော်က မီးမီးနှင့်ယှဉ်လျှောက်ရင်း. . .

"ဒါပေမဲ့၊ မှောင်နေရင်မကောင်းဘူးပေါ့"

"ဘာလို့ မကောင်းရမှာလဲ ကိုယ့်အိမ်ကိုယ်ပြန် တာပဲဟာ"

"မီးမသိပါဘူး မီးက ကလေးမဟုတ်တော့ဘူး"

"ကလေးမဟုတ်လို့ မကြောက်တာပေါ့"

"ပြောရခက်လိုက်တာ၊ မတော်လို့ပေါ့ မီးရဲ့၊ မမကလဲ ကိုယ့်ကိုကြိုခိုင်းတာ"

မမက. . . ဆိုသောအခါ မီးမီးငြိမ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မမသည် မီးမီးကိုချစ်သည်။ ဂရုစိုက်သည်၊ ဒါကိုတော့ မီးမီးယုံ၏။ မမလုပ်ပေးသမျှသည် မီးမီးအတွက်အကောင်းများသာဖြစ်ကြောင်း မီးမီးသိသည်။ ရှစ်တန်းကိုးတန်း ဆိုသော အရွယ်တွင် မီးမီးသည်မမစေတနာကို နားလည်နေပြီဖြစ်၏။

"မီးကျူရှင်မှာ စာလိုက်နိုင်တယ် ဟုတ်လား"

မီးမီးငြိမ်နေသဖြင့် ဖိုးကျော်က စကားစပြောသည်။

"မလိုက်နိုင်စရာဘာရှိလဲ၊ ဆရာပြောတာနားထောင်ရုံပဲဟာ"

မီးမီးစကား လိုလိုချင်ချင်မဟုတ်သဖြင့် ဖိုးကျော်စိတ် ရှုပ်သွားပုံရသည်။ ခေါင်းကိုကုပ်နေ၏။

"ကိုယ်က ပူလို့မေးတာပါဟာ"

"ဖိုးကျော်က ဘာလို့ပူတာလဲ၊ မမ ပူတယ်ဆိုဟုတ်သေး"

ဖိုးကျော်ရယ်လေသည်။ မီးမီး ပခုံးကိုလှမ်းပုတ်သည်။ မီးမီးက ဖိုးကျော်လက်ကို ခါချလိုက်ပြီးမှ

"ဟုတ်တယ်လေ၊ ဖိုးကျော်က မီးမီးအစ်ကိုလည်းမဟုတ်ဘဲနဲ့။ ဘာလို့ပူရမှာလဲ၊ မမတို့ အစ်ကိုကြီးတို့ အမေတို့ပူရမှာပေါ့"

ဖိုးကျော်ကရယ်ရင်း. . .

"အဲဒါပေါ့ မီးရာ. . . ကိုယ်ဟာ မီးမီးကို မမတို့ချစ် သလိုချစ်နေလို့ပေါ့"

"ဘာ့ရယ်. . ."

"မီးကို ကိုယ်ချစ်တယ်"

ဖိုးကျော်က မီးမီးပခုံးကိုဆွဲယူရပ်တန့်ပစ်လိုက်၏။ မီးမီးက ပခုံးပေါ်ကျလာသော ဖိုးကျော်လက်ကို ခပ်ကြမ်းကြမ်း ဖယ်ရမ်းပစ်လိုက်ပြီး. . .

"မီးကိုမထိနဲ့၊ မကြိုက်ဘူး"





မီးမီးအသံကျယ်သွားသဖြင့်၊ ဖိုးကျော်ပြောရခက်သွားသည်။

"မအော်နဲ့လေမီး"

မီးမီးက ငမိုးရိပ်ချောင်းကိုကြည့်လိုက်၏။

ချောင်းရေတို့သည် တဝေါဝေါစီးနေသည်။ ချောင်းနံဘေး၌ မိုးစွေငှက်တစ်ကောင်ဝဲနေလေ၏။

"မီးကိုကိုယ်ကသိပ်ချစ်တာ အလိုလိုက်ချင်တယ်၊ မီးအတွက် ဘာမဆိုလုပ်ချင်တာအကုန်ပေးချင်တယ်၊ မီးကိုပျော် နေစေချင်တယ်။"

နောက်ထပ် ဖိုးကျော်ဘာတွေဆက်ပြောမှန်းမသိ။မီးမီးသည် ငမိုးရိပ်ချောင်း ကိုသာကြည့်နေမိ၏။ ချောင်းရေကား ဝဲကတော့လေးများ လှည့်ရင်း ဝေ့လည်ဝေ့လည်နှင့် စီးသွားသည်။ ချောင်းကမ်းစပ်ရှိ ခရာဆူးခြုံများကလည်း ရေစီးတိုက် သဖြင့် လှုပ်ရှားယိမ်းတို့နေကြသည်။ မိုးစွေငှက်ကား ဝဲပျံဆဲ။

"မီး ကိုယ့်ကိုပြန်ချစ်မလားဟင်"

"မချစ်ဘူး"

ဖိုးကျော်ခေါင်းကုတ်၏။

"ဘာလို့ပြန်မချစ်တာလဲမီးရာ၊ ကိုယ့်မှာ ဘာမကျေနပ်စရာ ရှိလဲ"

မီးမီး ပြန်မပြောချေ။

ဖိုးကျော်မှာဘာမကျေနပ်စရာရှိလဲ။ ဖိုးကျော်သည် အစ်ကိုကြီး ဘက်မှနှစ်ဝမ်းကွဲလောက်တော်သော ညီဖြစ်၏။ မီးမီးတစ်ယောက် မမအိမ်မှာလာနေကတည်းက ဖိုးကျော်ကို သိခဲ့ရသည်။ မြို့ထဲ ၂၉လမ်း မှာ ပုံနှိပ်တိုက်ထောင်ထားသော ဖိုးကျော်မိဘများသည် တစ်ဦးတည်း သောသားဖိုးကျော်ကို ကျောင်းကောင်းကောင်းထားး၏။ ဖိုးကျော်သည် ကျောင်းပိတ်ရက်များတွင် အစ်ကိုကြီးအိမ်မှာလာနေရင်း စာအုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေတတ်လေသည်။ မီးမီးသည် ဖိုးကျော်ယူလာသော စာအုပ်များကို ဖတ်ခွင့်ရခဲ့၏။ ဖိုးကျော်နှင့်အတူထမင်းစားခဲ့၏။ ဖိုးကျော်ကို မကျေနပ်စရာဟူ၍ ဘာမျှမတွေ့။

"ဘာလို့ မချစ်တာလဲဟင်"

ဖိုးကျော်က အမောတကောထပ်မေးသည်။ မီးမီးက အေးဆေးစွာ ပြန်ဖြေလိုက်၏။

"ဘယ်သိမလဲ"

"ဟာ. . . သိရမှာပေါ့"

"မသိဘူး"

"ခက်လိုက်တာ၊ အေးလေ ခုမချစ်လဲနေပါ၊ နောက်တော့ ချစ်ချင်ချစ်လာမှာပေါ့၊ ကိုယ်ကတော့မီးမီးကို အမြဲချစ်သွားမယ်သိလား"

ဖိုးကျော်က မီးမီးလက်တစ်ဖက်ကို ဆွဲညှစ်ပြီး မီးမီး မရှုန်းမီမှာပင် လွှတ်ပေးလိုက်၏။

မီးမီးဘာမျှမပြောဘဲဆက်လျှောက်သည်။ ဖိုးကျော်လည်း ဘာမျှမပြော။ မီးမီးရှေ့သို့ လက်နှိပ်ဓါတ်မီးထိုးပြပေးရင်း လျှောက်နေသည်။

ဝမိုးရိပ်ချောင်း၏ ရေစီးသံကားမြည်ဆဲ။

"အုန်းအုန်း ရည်းစားထားတာပျော်လားဟင်"

မီးမီးမေးကားကြောင့် အုန်းအုန်းက ရုတ်တရက်လန့်ဖြန့်သွားသည်။

"ဒီကောင်မလေး ဘာတွေလာမေးနေတာလဲ"

"သိချင်လို့ပါ။"

"အုန်းကရည်းစားမထားပါဘူး မီးရယ်၊ အုန်းမိဘတွေက စီးရိမ်လို့စေ့စပ်ထားတာပါ၊ မောင့်နှမလိုပဲနေပါတယ်။"





မီးမီး မကျေနပ်ချေ။ အုန်းအုန်းက ကျောင်းထွက်သွားခဲ့ပြီ။ မကြာမီ စေ့စပ်ပွဲလုပ်သည်။ အုန်းအုန်းနှင့် စေ့စပ်သူသည် နိုင်ငံရပ်ခြားမှာ သွားရောက်အလုပ်လုပ်မည့်သူဟု မီးမီးသိရ၏။ စေ့စပ်ပွဲနေ့က အုန်းအုန်းသည် သူ့အမျိုးသားနှင့် ယှဉ်တွဲကာညှော်ခံနေပုံမှာ၊ လောက အလုံးကို အောင်နိုင်သူဟု ထင်ရ၏။ အုန်းအုန်း ပျော်မှာပါ။

"တို့ကမိန်းကလေးမဟုတ်လား မီးရဲ့ မတော်တာနဲ့ ဖြစ်ပျက်မှာစိုးရတယ်တဲ့"

"ဘယ်သူက ပြောတာလဲ"

"အုန်းမိဘတွေကပေါ့"

"မတော်တာ မဖြစ်အောင် နေလို့မရဘူးလား"

အုန်းအုန်းရယ်နေသည်။ မီးမီးကအုန်းအုန်းထိုးနေသော တစ်ချောင်းထိုးဇာကိုလှမ်းကြည့်နေလိုက်၏။ အုန်းအုန်းအမျိုးသား နိုင်ငံခြားသွားလျှင် အမှတ်တရပေးလိုက်ဖို့ဆိုပြီး ခေါင်းအုံးဇာနားထိုးနေခြင်းဖြစ်သည်။ မီးမီးကတော့ ရည်းစားရယ် ဘာရယ်ဖြစ်လာပြီ ဆိုသော အခါ၊ သူ့အတွက် အပိုအလုပ်တွေပါလာပဲဟုတွေး၏။ အုန်းအုန်းက မီးမီးရှေ့သို့ လက်ဖက်အစ်ကို တိုးပေးရင်း. . .

"ကဲပါ လက်ဖက်စားဦး မီးဘာဖြစ်နေလဲ အုန်းကိုပြောလေ"

"ဟင့်အင်း"

မီးမီးငြင်းလိုက်သည်။ ဘာကြောင့်မှန်းမသိ။ ဖိုးကျော် ရည်းစားစကားပြောထားသည့် အကြောင်းကိုဘယ်သူမှပြော မပြချင်ပေ။ မမကိုလည်း မပြောချင်။ အုန်းအုန်းကိုသော်မှ မတိုင်ပင်ချင်။ မီးမီးသိချင်တာ တစ်ခုပဲရှိသည်။ ရည်းစားထားရင် ပျော်စရာကောင်းသလား။ သည်အကြောင်းကို စိစိတို့ ခင်သောင်းတို့ကို မေး၍တော့ ဘာမျှထူးသည်မဟုတ်။ အုန်းအုန်းကတော့ အသက်လည်းပိုကြီးသည်။ စေ့စပ်၍ပင် ပြီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အုန်းအုန်းကစာဖတ်၏။ အုန်းအုန်းပြောပြသော အရာများသည် စာထဲမှာဖတ်ရတာ. . . ဟုမကြာမကြာ ညွှန်းတတ်သည်။ မီးမီးကမူ စာတွေဘာတွေ ဖတ်ရမှန်းလည်းမသိ။ အိမ်မှာက ကျောင်းစာပဲဖတ်နိုင်းသည်။ အစ်ကိုကြီး ဖတ်နိုင်း သောမဂ္ဂဇင်းများကလည်း စီးပွားရေးတွေ ကြီးပွားရေး တွေမို့ မီးမီးစိတ်မဝင်စားချေ။

"အုန်းအုန်းဖတ်တဲ့ စာတွေထဲမှာ၊ မိန်းကလေးတွေ အားလုံးဟာ တစ်နေ့ကျ ယောက်ျားယူရမှာတဲ့လား"

အုန်းအုန်းသည် ထိုးလက်စဇာနားကို လွှတ်ချလိုက် ၏။ မီးမီးကို စူးစူးရဲရဲ ကြည့်သည်။ အပြစ်ကင်းစွာမော့ကြည့်နေသော မီးမီးကို မြင်ပြန်တော့ အုန်းအုန်း သက်ပြင်းချသည်။

"မီး. . . ယောက်ျားတွေကို စိတ်ဝင်စားနေပြီလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မကြိုက်ဘူး"

ခါးသီးစွာငြင်းပစ်သည်။ အုန်းအုန်းက စဉ်းစားရခက်သလို မျက်မှောင်ကုပ်၏။

"အုန်းကတော့ မကြိုက်ဘူးကြိုက်တယ် မဟုတ်ပါဘူး မီးရယ်၊ ဒီယောက်ျားနဲ့ စိတ်ချတယ်၊ ယူရမယ်ဆို ဟုတ်ကဲ့လို့ ပြောလိုက်တာပါပဲ။"

"အဲဒီအုန်းအစ်ကိုကြီးက၊ အုန်းကို ချစ်တယ်လို့ပြောသလား"

"ဟာ. . မီးမီးမေးခွန်းက လန့်စရာကြီးပါလား၊ အင်း. . ဟုတ်တယ်၊ သူက အုန်းကို ချစ်တယ်လို့ စပြီးမပြောပါဘူး။ ဒါပေမဲ့. . အဲ. . အရှိပေါ့၊ အုန်းနဲ့သူနဲ့. . နောင် လက်ထပ် ကြမှာဆိုတော့၊ ဘာတွေလိုလဲပေါ့၊ ဘာတွေပြင်ဆင် ထားကြမလဲပေါ့၊ အဲဒါတွေ ဆွေးနွေးတယ်"

"ပျင်းစရာကြီး"

အုန်းအုန်းရယ်လေသည်။

"မရယ်နဲ့လေ အုန်းအုန်းရဲ့၊ အုန်းအုန်းပြောတဲ့ အတိုင်း ဆို





ပျင်းစရာကြီးပဲဟာ၊ ဟိုလေ. . မီးမီးသိချင်တာက ရည်းစား ထားတာ၊ လက်ထပ်တာ၊ ဆိုတာတွေဟာ ပျော်စရာကောင်း သလား။ အဲသလို မဟုတ်ဘဲ ကိုယ့်ဟာကိုယ်နေရင်ကော မဖြစ်ဘူးလား၊ အဲဒါသိချင်တာ။"

အုန်းအုန်းက မီးမီးကို နားလည်စွာကြည့်သည်။

"ဖြစ်တာပေါ့မီးရယ်၊ ဘယ်ယောက်ျားနဲ့မှ မပတ်သက်ဘဲ၊ ကိုယ့်ဘာသာ ရပ်တည်လို့လဲရတာပေါ့။ အပျိုကြီးတွေဟာ ဒီလိုပဲ ရပ်တည်ကြတာပဲ၊ ဒါပေမဲ့ အုန်းထင်တယ်၊ အဲဒီလိုရပ်တည်နိုင်ဖို့ဆိုရင်၊ မိဘဖြစ်ဖြစ်၊ မောင်နှမတွေဖြစ်ဖြစ်၊ သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ ပြည့်စုံတဲ့ဘဝတစ်ခုကို တည်ဆောက်ပြီးသား ဖြစ်ရမယ်လို့၊ ဒါမှသာ တခြားသူစိမ်းမပါဘဲ ကိုယ့်ဘာသာနေနိုင်မှာ"

အုန်းအုန်းပြောပုံနှင့်ဆိုတော့၊ မီးမီးမှာ သိုင်းသိုင်းဝိုင်းဝိုင်း စုပေါင်းတည်ဆောက်ပြီးသားဘဝမရှိ။ အမေက ဆယ့်နှစ်ပွဲလိုက်နေသည်။ မမက သူ့အိမ်ထောင်နှင့်သူ။ သည်တော့ကာ မီးမီးသည် အိမ်ထောင်ပြုဖို့ လိုအပ်သူဖြစ် သည်ပေါ့။ မီးမီးခေါင်းခါလိုက်သည်။

လေထဲမှာ ပြန့်လွင့်လာသော ကျွဲကောပန်းပွင့်လေး များ၏ ရနံ့ကို ရှူနေလိုက်သည်။ တပေါင်းလဆန်း၏ အမှတ်အသားအဖြစ်၊ ဥဩလေးတစ်ကောင် မြည်ကြွေးနေသံကို ခပ်ဝေးဝေးမှ ကြားရသည်။ နွေလေသည် ဟိုမှသည်မှ တိုက်လာပြန်၏။ ကျွဲကောပင်သည် အသီး အလို့ငှာ ဖြစ် သည်။ သူ့အပွင့်လေးများရနံ့က မွှေးအီလို့၊ သို့သော် မွှေးအီသောသည်အပွင့်လေးတွေကို မည်သူမျှ ခူးပြီးမပန်ကြ။ အသီး မဖြစ်မှာစိုးလို့လား။ အပင်ဟူသည် အသီးအတွက်သပ်သပ်၊ အပွင့်အတွက်သပ်သပ် ဟု ခွဲခြားထားသလား။

မီးမီးသည်အုန်းအုန်းကို နှုတ်ဆက်ပြီးပြန်လာခဲ့၏။

အပြန်လမ်းမှ၊ မျက်နှာချင်းဆိုင်မှ လျှောက်လာသော စုံတွဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်တွဲကိုမြင်ရ၏။ မိန်းကလေးက မီးမီးထက်အတော် အသက်ကြီးပါလိမ့်မည်။ သို့သော် သူသည်ကန့်ကလျလုပ်လွန်း၏။ လမ်းကို မတ်မတ်မလျှောက်။ သူ့ဘေးမှ လူအပေါ် ဆယ်ဒီဂရီခန့်ယိမ်းပြီး ရွှေ့ရှားနေသည်။ ဟိုလူက သူ့ပခုံးကို သိုင်းဖက်ထားရာ၊ ခြေထောက်လေးချောင်းတို့သည် ဘယ်မှာ လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်ပါတော့မည်လဲ။

"ငါ့နှယ်နော်၊ သူတို့အစား လမ်းလျှောက်ရခက်လိုက်တာ"

မီးမီးကတီးတိုးရေရွတ်ရင်း၊ ရယ်ချင်နေသည်။

ကြည့်၊ ကိုယ့်တစ်ယောက်တည်းဆိုတော့ လမ်းလျှောက်ရတာဘယ်လောက်လွတ်လပ်လဲ။ နှေးချင်သလား။ မြန်ချင်သလား။ ဘယ်သူ့မှ ညှာစရာမလို၊ ဟိုအတွဲကြည့်ရတာဖြင့် ကလေးတွေ ခြေသုံးချောင်းထောက်ပြေးပွဲကျနေတာ ပဲ။

ဘတ်စ်ကားမှတ်တိုင်အနီးတွင် စုံတွဲတစ်တွဲနှင့် ဆုံပြန်သည်။

သူတို့ကကြည်နူးနေကြသူများမဟုတ်။ ရန်ဖြစ်နေ ခြင်းဖြစ်သည်။

ယောကျ်ားလုပ်သူက အံကိုကြိတ်နေသည်။ မိန်းမက တစ်မျက်နှာလုံးနီရဲနေအောင် ငိုထားသည်။ ဆံပင်တွေက ဖရိုဖရဲ။ နှစ်ယောက်စလုံးအဝတ်အစားတွေက ခပ်နွမ်းနွမ်း။ စီးထားသော ဖိနပ်တွေက နောက်မြီးတိုတွေ။ ယောကျ်ားက လွယ်အိတ်တစ်လုံးကို လွယ်ထား၏။ မိန်းမလက်ထဲမှာက ပလပ်စတစ်ဆွဲခြင်း။ မိန်းမမျက်လုံးများက ခက်ထန်နေသည်။ မချင့်မရဲ။ သည်ပွဲမှာ သူရှုံးထားပုံရ၏။ ဩော်. လမ်းလယ်ခေါင်၌ အရှုံးပေါ်သောရန်ပွဲကိုနွှဲရတာ ဘယ်လောက် စိတ်ပျက်စရာကောင်းလိုက်မလဲ။

မီးမီးက အသက်ဝဝရှူပြီး ဆက်လျှောက်ခဲ့သည်။ ကိုယ်တစ်ယောက်တည်းဆိုတော့ ရှုံးစရာလည်းမရှိ။ မြတ်စရာလည်းမလို။





လမ်းလယ်မှာ ငိုရမည်ဆိုလျှင်တော့၊ သည်လမ်းကို မလျှောက်တာပဲ ကောင်းမည်ထင်သည်။

"၈-ဆောင်အပေါ်ထပ်၊ ဘာရာဒေါ်ကြည်၊ လူပေါင်း ၂၃၁ ယောက်၊ အားလုံး ကောင်းပါတယ်ရှင်"

ဒေါ်ကြည်၏ စူးရှရှအသံအကြောင့် မီးမီးသတိ ပြန်ဝင်လာသည်။ မျက်လုံးကို ဖွင့်မကြည့်ဘဲ၊ နှုတ်ခမ်းကို မဲ့လိုက်၏။

"အားလုံးကောင်းပါတယ်ရှင်တဲ့၊ ဘာကောင်းတာလဲ၊ ဟိုးထောင့်မှာ ဒေါ်နုတစ်ယောက်ငှက်ဖျားထနေသည်။ အေးသီတာနှင့် တင်တင်မြက အနာတွေယင်းပြီး ပြည်တည်နေသည်။ အပျိုကြီး ဒေါ်သန်းနွဲ့က ခေါင်းကိုက်လို့ဆိုပြီး မီးမီး မှာ ပါရာတစ်လုံးတောင်းသဖြင့် ညဉ့်ဦးကပေးခဲ့ရသေးသည်။ ဝမ်းလျှောနေသူများ နာမည်ကိုမူ လိုက်မကောက်တတ်။ မြောင်းထဲက မစင်တွေကို ကြည့်လျှင်၊ မကျန်းမာသောလူ ဘယ်လောက်များကြောင်း မှန်းဆနိုင်သည်။ ဒါနဲ့များ အားလုံးကောင်းပါတယ်ရှင်တဲ့။

မီးမီးလှဲနေရာက ထလိုက်သည်။

ဘာရာဒေါ်ကြည် ပုတီးစိပ်နေသည်ကို မြင်ရ၏။

ဩော် အမေကြည်၊ အမေကြည်. . .။ သူ့ခမျာ လျှော့ရက်များများလိုချင်ရှာသဖြင့် ညစောင့်ဘာရာတာဝန်ကို အိပ်ပျက်ခံပြီး ယူနေရှာသည်။ သူအိမ်ပြန်ချင်လှပြီတဲ့။ ဈေးထဲမှာ ကုန်စုံရောင်းရင်း တရားမဝင်ပစ္စည်းရောင်းမိသဖြင့် သုံးနှစ်ကျ ခဲ့သည်။ အခု လွတ်ခါနီးနေပြီ။ သို့သော် အမေကြည်ကို မြင်သူတိုင်း စိတ်မကောင်းဖြစ်ရ၏။ ဖွင့်လည်းမပြောရက်ကြ။ အမေကြည်သည် သီချင်းတအေးအေးနှင့် ပျော်နေသည်။ အိမ်ပြန်ရောက်လျှင် ကိုလှအောင်နှင့် တွေ့ရတော့မည်ဟု ဆိုနေသည်။ ကိုလှအောင်က မည်မျှအေးကြောင်း၊ လူချော လူလှဖြစ်ကြောင်းလည်း ဖွဲ့ကာနွဲ့ကာပြောတတ်သည်။ ကိုလှအောင် ထောင်ဝင်စာလာမတွေ့ တာ



www.burmeseclassic.com

www.burmeseclassic.com



၃ လလောက်ရှိခဲ့ ပြီ။ နေမကောင်း၍ဟု သမီးများက ညာထားကြ၏။ အမှန်က အမေကြည်ယောက်ျားသည် အရိုးပြာမှုန်ဘ၀မှာပင် မရှိတော့ပြီ။ ဖြစ်လက်စ တီဘီရောဂါက အနိုင်ယူသွားခဲ့ပြီ။ အမေကြည်ကာ အိမ်ပြန်ရောက်ရင်ဟု စိတ်ကူးယဉ်ဆဲ။

အမေကြည်ထောင်ဝင်စာ နေ့ရောက်တိုင်း တွေ့လိုသူနေရာ၌ ဦးလှအောင်ဟုများပါလျှင် အမေ့ကို မိတ်ကပ်ဖူးဌားကြနော်. . ဟု ရယ်စရာပြောရှာသည်။ အိမ်ပြန်ရောက်၍ ကိုလှအောင်ကို မတွေ့လျှင် အမေကြည်ဘယ်လိုဖြစ်မလဲ။

"ငယ်ချစ်တွေကိုးဟဲ့"

ဟု အမေကြည်က ပြောသေးသည်။

"လင်မယားဆိုတာ သိပ်သံယောဇဉ်ကြီးတာ၊ တစ်ယောက်မရှိရင်တစ်ယောက် မနေတတ်ဘူး။"

သည်အခါ မီးမီးသည် ဖိုးကျော်ကို တွေးမိ၏။

မီးမီးသည် ဖိုးကျော်ကို လက်ထပ်ပြီးသားတစ်ယောက် ထွန်းကားခဲ့သည့်တိုင်၊ အကြင်လင်မယား သံယောဇဉ်ကို ရေးရေးမျှမတွေ့ခဲ့ချေ။ ဖိုးကျော်ကို ဘာလို့မချစ်ပါလိမ့်၊ နောက်ချစ်လာမယ်ဆိုတာ ဘယ်ဟုတ်လို့လဲ။ ငါးနှစ်ပေါင်း လာရက်နဲ့၊ သံယောဇဉ်ဘာကြောင့်ဖြစ်မလာတာလဲ။

မီးမီးအာရုံထဲတွင် ဖိုးကျော်မျက်နှာက ညှိုးနေလေ၏။

"ကောင်းပြီလေ၊ နင့်ကိုယူမယ်၊ ဒါပေမဲ့ တစ်ခုတော့ ကတိပေး။ ငါ. . . နင်နဲ့ မပေါင်းချင်တော့ဘူးဆိုတဲ့ အချိန်မှာ၊ ဘယ်လို အကြောင်းနဲ့မှ နင်မတားရဘူး။ ကွာပေးရမယ်၊ အဲဒီကတိကပေးရင် နင့်ကိုငါယူမယ်"

ဖိုးကျော်ရယ်နေသည်။





မီးမီးကို သိပ်ဆိုးတဲ့ကောင်မလေးဟု တိုးတိုးပြောကာ နဖူးကို လှမ်းထုသည်။

"ပေးပါတယ်ဗျာ၊ ပေးပါတယ်၊ တော်ကြာကျမှ ကိုကိုကျော့်ကို မခွဲနိုင်တော့ဘူးဖြစ်နေဦးမယ်။"

ဖိုးကျော်ပျော်နေသည်။

မမက ပို၍ပင်ပျော်နေပုံရ၏။

ဖိုးကျော်ကို လက်ထပ်ဖို့ ဆုံးဖြတ်ရခြင်းအကြောင်း ရင်းများထဲတွင် မမစကားနားထောင်ရခြင်းက ထိပ်ဆုံးကဖြစ်၏။

"ညီမလေးရယ်၊ ဖိုးကျော်က လူတော်တစ်ယောက်ပါ။ အစ်ကိုကြီးနဲ့လဲ ဆွေရင်းမျိုးရင်းဆိုတော့ ဖိတ်ချင်းဖိတ်၊ ကိုယ့်အိတ်ထဲ ဖိတ်ဖို့ပါ။ တစ်ဦးတည်းသောသား၊ လုပ်ငန်းပိုင်ရှိတယ်၊ ဘာမှပူစရာ မလိုဘူး၊ ညီမလေးရှေ့ရေးအတွက် မမတို့လဲစိတ်အေးချင်တယ်၊ အမေက လဲ သိတဲ့အတိုင်းပဲလေ၊ ညီမလေးကို မစောင့်ရှောက်နိုင်တော့ဘူး၊ ဒီတော့ မိမိစကား နားထောင်ပါ ညီမလေးရယ်။

မီးမီးသည် အံကိုတစ်ချက်ကျိတ်ရင်း ခေါင်းညိတ် လိုက်လေသည်။

ခုတော့ ဖိုးကျော်ကို ယူခဲ့ရပြီ။

ဩော် မိန်းမဟူ၍ ဖြစ်လာလျှင်၊ သည်လိုပဲ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်ကြရတာပဲလား။ အမေသည် အဖေ့ရင်ခွင်ထဲဝင်ခဲ့သည်။ အဖေဆုံးသွားတော့ ဦးလေးကြီးရင်ခွင်ထဲ ဝင်ပြန်သည်။ မမသည်လည်း အစ်ကိုကြီး ရင်ခွင်ထဲဝင်ပြန်သည်။ အစ်ကိုကြီးဆုံးလျှင်လည်း တစ်ခြားယောကျ်ား တစ်ယောက်ယောက် ရင်ခွင်ထဲဝင်ဦးမှာထင်ရဲ့။

မိန်းမတွေရဲ့ ဘဝဟာ ဒါပဲလား။



www.burmeseclassic.com

www.burmeseclassic.com


မိန်းမတွေရဲ့ အလုပ်အရှားဟာ ဒါအဆုံးအစွန်ပဲတဲ့လား။

"အုန်းအုန်းရာ၊ အုန်းအုန်းကတော့ ပျော်နေတယ်နော်၊ မီးမီးဖြင့် လင်ယူရတာပျော်စရာလို့ကို မထင်ဘူး။"

အုန်းအုန်းအိမ်သွားပြီး ရင်ဖွင့်သည်။ အုန်းအုန်းက အခြေကျနေ၏။ သူက မီးမီးထက်အတော်စောပြီးလက်ထပ်ခဲ့သည်။ ခု . . သူ့မှာ သားလေးလား၊ သမီးလေးလား မသိရသေးသော၊ လူသစ်တစ်ဦးအတွက် ခြေအိတ်ထိုးနေလေသည်။

"မီးမီးကလဲကွာ၊ ကျော်ကျော်က မီးမီးကို သိပ်ချစ်ရှာတာပဲဟာ"

အုန်းအုန်းစကားကို မီးမီးချက်ခြင်းပင် ချေပခဲ့သည်။

"အဲဒါ သူ့ဆန္ဒလေ၊ သူ့အတွက်။ သူက မီးကိုချစ်တယ်။ ရသွားတယ်။ ဒီတော့ သူပျော်တာပေါ့။

"ခက်တာပဲ"

အုန်းက မီးမီးစားဖို့ လက်ဖက်သုပ်သည်။

အုန်းအလုပ်ရှုတ်နေဆဲ မီးမီးတွေးနေ၏။ ငါ . . အုန်းကို ပြောတာတွေဟာ ဘယ်လောက်မှန်သလဲ။ ငါက . . . ဘာလို့ အုန်းလို အိမ်ထောင်ရေးမှာ အံဝင်ခွင်ကျ ဖြစ်မနေတာလဲ။ အဖြေကားမရှိ။

အုန်းက လက်ဖက်ပန်းကန်ကို မီးမီးရှေ့ချပေးရင်း . . .

"ကဲ. . တစ်ခုမေးမယ်၊ အဲလိုကျော်ကျော်က မီးကိုချစ်တော့ နည်းနည်းမှ မကျေနပ်ဘူးလား၊ အဲ. . . ဥပမာ ဆိုပါတော့ ကျော်ကျော်က အိပ်ယာထဲမှာ မီးကိုနမ်းတယ်ဆိုပါစို့၊ အဲဒီအခါ နည်းနည်းစိမ့် မသွားဘူး လား၊ ရင်ထဲနွေး မသွားဘူးလား။

"ဟင့်အင်း၊ နှုတ်ခမ်းမွေးစူးတယ်"

အုန်းအုန်းရယ်လိုက်သည်မှာ အတောမသတ်နိုင်ပေ။

ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ရသည်။





မီးမီးက မရယ်ဖြစ်။

အုန်းအုန်းချထားသော ထိုးလက်စ ခြေအိတ်ကလေးကို ကောက်ယူလိုက်၏။ လက်ထဲမြှောက်ကြည့်၏။ ပြီးတော့ ဘာအဓိပ္ပါယ်ဟု ခြေအိတ်၏ဘဝကို မေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မီးရေ . . . ကိုယ်ပြန်လာပြီ"

ဖိုးကျော်ပြန်လာတိုင်း ပြည့်လျှံင်းလှုပ်ရှားသော အသံကိုကြားရ၏။ အမောတကော အပြေးအလွှားခြေလှမ်း တွေကို မြင်ရ၏။ သည်လို သူ့ဘက်ကအလှုပ်အရှားများနှင့် ထိုက်တန်အောင်၊ ကိုယ့်ဘက်ကလည်း "လေးနာရီ"သီချင်း ထဲကလို "မောင်.. မောသလားလို့. . . သူ့နားဆီ. . . တိုးတိုးလေးနဲ့မေးမည်" ဆိုပြီး ကြိုဆိုဖို့ စဉ်းစားဖူးသည်။ သည်လို ကြိုဆိုသင့်သလားဟု တွေးဖူးသည်။ သို့သော် ခုထိဆုံးဖြတ်ချက်မကျသေး။မောင် . . မောသလားဟု တိုးတိုးမေးရမည့်အရေး နှုတ်တွန့်နေဆဲ။

"မီး တစ်နေ့လုံး တစ်ယောက်ထဲနေရတော့ ပျင်းနေမှာပေါ့"

ဖိုးကျော်က အလုပ်လွယ်အိတ်ကို၊ သူ့ဘာသာတိုင်မှာ သွားချိတ်ရင်းမေးရှာ၏။ မီးမီးပြန်မဖြေမိ။ ဖိုးကျော်က ရှပ်အင်္ကျီကိုချွတ်ကာ





အင်္ကျီချိတ်မှာချိတ်၏။ ဝတ်လာသောပုဆိုးကို အဟောင်းတစ်ထည်နှင့်လဲ၏။ စွပ်ကျယ်ကိုချွေးရွဲမရွဲ၊ လဲသင့်မသင့်သူ့ဘာသာ စမ်းကြည့်၏။ ပြီးမှ မလဲတော့ပါဘူးဆိုပြီး မီးဖိုခန်းထဲဝင်သည်။ မီးမီးက မလွှဲသာသည့်ပုံမျိုးဖြင့် နောက်မှလိုက်သွားသည်။ "အမယ်ဟင်းတွေတောင် နွှေးပြီးနေပါရောလား။ ကိုယ့်မိန်းမက လိမ္မာလိုက်တာ"။

"မမအိမ်မှာတုန်းက ဒီအချိန်နွှေးပေးနေကျပဲ"

ဖိုးကျော်ဘာမှ မပြောတော့။

ဇလုံတစ်ခုမှာ လက်ဆေးသည်။

ပန်းကန်ပြား တစ်ချပ်ယူသည်။

ပြီးမှ အပြင်ပြန်ထွက်ကာ အိတ်ထဲမှ ကျွတ်ကျွတ် အိတ်နှစ်ထပ်ဖြင့် ထုတ်လာသောအထုပ်ကို ပန်းကန်ပြား ထဲဖြန့်ချသည်။

"ဟယ် ဝက်သားတုတ်ထိုးတွေ"

မီးမီးအသံလွင့်၍ ထွက်လာသည်။

မီးမီး မျက်လုံးများ လက်လာသည်။

ဖိုးကျော်က မီးမီးကိုမကြည့်။ ဝက်သားတုတ်ထိုးကို တွေ့ရတာ လင်ပြန်လာတာထက်ပျော်နေသော မိန်းမကို၊ သူ့ဘာမျှ ပြောလိုဟန်မရှိ။ မီးမီးလည်း ဘာတတ်နိုင်မှာလဲ။

ဝက်သားတုတ်ထိုးအတုံးတွေကို၊ တုတ်ကလေးနှင့် ဆွနေသော မီးမီးက အတော်လေးကြာမှ. . .

"အလုပ်ကော အဆင်ပြေရဲ့လား" ဟု မေးဖြစ်လေသည်။

သည်တော့မှ ဖိုးကျော်လည်း အသံထွက်လာသည်။

"အား ဘာပြောကောင်းမလဲ၊ အလုပ်သစ်တွေလာလိုက်ကြတာ ခုအဖေက စက်အသစ်တစ်လုံးထပ်ဝယ်ဖို့တောင် စိတ်ကူးနေပြီ။ နောက်ဆို ကိုယ့်ကိုအလုပ်ခွဲပေးမှာတဲ့ဗျ၊ ဒီတော့ ကိုယ်လဲ ကြိုးစားရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ခုလို ကိုယ့်မိန်းမကို တိုက်ခန်းလေးပဲ ငှားပေးထားရတာ အားမရပါဘူး။ ကိုယ်ပိုင်ဝင်းနဲ့ခြံနဲ့ လုံးချင်းတိုက်ကလေးနဲ့ ထားချင်တာဗျ။ မီးက တိုက်ကို တစ်ထပ်တိုက်ကြိုက်လား၊ နှစ်ထပ်တိုက်တို့ တစ်ထပ်ခွဲတို့ ကြိုက်လား။

မီးမီး ရေနွေးကြမ်းကို ဇိမ်ဆွဲပြီး ငုံ့နေလိုက်၏။ သူပြောသည် စက်အသစ်တို့ တိုက်အိမ်တို့ကို စိတ်ကူးထဲ အပင်ပန်းခံပြီး မထည့်ချင်။ ခုလဲနေလို့ရသည်။ မီး ဘာမှ မမက်။ အမေတို့ မမတို့နှင့် ဝေးဝေးသို့ မသွားချင်။

"မီး"

"အင်း"

"ဟိုလေ"

"အင်း"

"ဟို . . . အုန်းအုန်းက . . အဲဒါ . . ကလေးရှိနေပြီဆို"

"အဲဒါ ဘာဖြစ်လဲ"

"အဲတော့ ကိုယ်တို့လဲ"

"လာမပြောနဲ့"

ဝက်သားတုတ်ထိုးပန်းကန်ကို တွန်းပစ်ပြီး အိမ်ရှေ့ ထွက်လာခဲ့သည်။

ခြင်ထောင် အမိုးကိုသာ စိုက်ကြည့်နေမိ၏။

တစ်ခါက ဖြူဖွေးခဲ့သော တက်ထရွန်ပိတ်သည် ယခုတော့လည်း ဝါညစ်ညစ်။ တစ်ခါက မွေးပျံ့ခဲ့သော ပိတ်အသစ်နံ့သည်၊ ခုတော့ လူနံ့နံနေပြီ။

လူနံ့

ဟုတ်တယ်၊ လူနံ့ဟာ အတော်ရွံစရာကောင်းတာပဲ။

မီးမီးက ပက်လက်အနေအထားမှ ညာဘက်သို့ စောင်းအိပ်လိုက်၏။ လူနံ့သည် ပို၍ပြင်းလာသည်။ ချက်ခြင်းပင် ဘယ်ဘက်သို့ လူးလှိမ့်လိုက်ရသည်။ သူနှင့်အတော် ဝေးသွားအောင် ကုတင်အစွန်းသို့ရွှေ့လိုက်၏။ နောက်တော့ ခေါင်းကို ခြင်ထောင်အပြင်ဘက် ထုတ်ထားလိုက်သည်။

ခုမှပဲ အသက်ရှူရတာ လွတ်လပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အသက်ကို ဝဝရှူသွင်းနေလိုက်၏။

မှန်ရှပ်တာများဖွင့်ထားသဖြင့် အပြင်ဘက်မှ လေအေးများက မျက်နှာဆီပြေးလာကြသည်။ ချွေးစေးများဖြင့် နစ်နေသော မျက်နှာက အေးခနဲဖြစ်၍သွား၏။ သို့သော် လန်းဆန်း၍ကား မလာကြတော့။

ဘာထူးမှာလဲကွယ်၊

ကိုယ်ဟာညစ်ထေးခဲ့ပြီပဲ။

လူတစ်ယောက်နဲ့အတူ၊ တစ်ခြင်ထောင်ထဲမှာ အိပ်ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ မပူမပင်နေရအောင်တဲ့။ လူများမစော်ကားအောင်တဲ့။ နောင်ရေး စိတ်အေးရအောင်တဲ့။ ဒါတွေဒါတွေ အားလုံးအတွက် ညတိုင်းလူတစ်ယောက်နဲ့ အတူအိပ်ပေးနေရတာတဲ့လား။ ကိုယ့်ရဲ့ နေရေးစားရေးအတွက် ဖန်တီးပေးနေတဲ့အတွက် သူ့ရဲ့ ညဉ့်လယ်ဆန္ဒတွေကို ဒီလိုပဲ မငြင်းဆန်ရဘူးတဲ့လား။

မောလိုက်တာအမေရယ်။

အမေရော ဒီလိုပဲလားဟင်။

မမရော ဒီအတိုင်းပဲလား။

ဒါဟာ မိန်းမတွေရဲ့တာဝန်လား။

ဒါဟာ မိန်းမတွေရဲ့ ဘဝလား။

ရေသောက်ချင်စိတ်ပေါက်လာသည်။ အိပ်ယာမှ ထလိုက်ရမှာကိုလည်းလေးလံနေသည်။ ဩော် ကိုယ့်အနေအထားကို မကျေနပ်လိုက်တာ။ အိပ်မောကျနေသူထံမှ အသက်ရှူသံပြင်းပြင်းက နားထဲဝင်လာပြန်သည်။ သူကတော့ ကျေနပ်နေသူကိုး။ သူ့ကို ကန်ကျောက်ပစ်ချင်သလို ဖြစ်လာပြန်သည်။ တွန်းချပစ်ချင်သလို ခံစားရသည်။ ဒါမှမဟုတ် ကိုယ်ပဲ ခုန်ချပြီး ထွက်ပြေးလွတ်မြောက်ချင်သလိုလို။

ခုနေ ထွက်ပြေးလို့ ရပါဦးမည်လား။





ခေါင်းထဲမှာ အသိတစ်ခုဝင်လာသည်။

ဒါနဲ့ ဒါနဲ့ ငါမှာ . . . ။

ကိုယ့်ဘာသာတွက်နေလိုက်သည်။ သေတော့ မသေချာ။ တကယ်လို့များ သေချာသွားရင်၊ ဘုရားရေ တကယ်လို့များ ငါမှာ ကလေးရှိလာပြီဆိုရင် သူငါ့ကို ကွာပေးပါမယ်ဆိုတဲ့ ကတိတည်ပါဦးမလား။

"မမီး အိပ်မပျော်လို့လား"

ခြေရင်းမှ ခင်စန်းရီက ရေထသောက်ရင်း၊ မီးမီးကို သတိပြုမိသွားပုံရသည်။

"နေမကောင်းဘူးလား"

မျက်စိမှိတ်လျက်နှင့် ခေါင်းရမ်းပြလိုက်သည်။ ခေါင်းရမ်းလိုက်ခါမှ မျက်ရည်တစ်ပေါက်သည် ပါးပေါ်သို့လိမ့်ဆင်းလာလေသည်။ ခင်စန်းရီ အနားလာထိုင်၏။

"ကျွန်မ ဘာလုပ်ပေးရမလဲ"

သည်လိုဆိုတော့လဲ အားရှိသလိုဖြစ်လာသည်။ မျက်လုံးများကို အားယူပြီးဖွင့်လိုက်၏။ ခင်စန်းရီကို အားကိုးသလိုဖြစ်သွားသည်။ လောလောဆယ်ကိုယ့်ကို ဂရုစိုက်မည့် လူတစ်ယောက်ရှိနေသေးသည် ဟူသောအသိသည်၊ နှလုံးသွေးများကို ပူနွေးစေလေသည်။

ခင်စန်းရီကား ၇ နှစ် ဆက်ကျနေသူတည်း။ အပြင်ကယောကျ်ားက နောက်မိန်းမယူသွားပြီ။ အဖေက သမီးစိတ်ဖြင့်ဆုံးသည်။ လူမမယ်သားသမီးနှစ်ယောက်ကို အမေကလုပ်ကျွေးနေရ၏။ ခင်စန်းရီကို ထောင်ဝင်စာဘယ်သူမှ လာမပို့နိုင်။ ထောင်ထဲမှာ လုပ်စားရ၏။ အဝတ်အငှားလျှော်သည်။ ပန်းကန်ဆေး ခွက်ဆေး၊ တောက်တိုမယ်ရများအပြင်၊ တံမြက်လှဲအလှည့်များကို အငှားလိုက်သည်။ ဟင်းသင့်ရုံစားရ၏။ ခင်စန်းရီကား ပျော်ပျော်နေတတ်၍ ထင်သည်။ ဝဖြိုးဖြိုးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမီး ဘာဖြစ်လို့လဲ၊ ပြောလေ"

"သားလေးကို လွမ်းလို့"

မီးမီးက မယုတ်မလွန်သာ ဖြေလိုက်သည်။

"ကျွန်မလဲ ကလေးတွေအကြောင်း မတွေးရဲဘူး"

"ခင်စန်းရီဘဝက ကတော်ပါသေးတယ်လေ"

ဟုတ်သည်။ ခင်စန်းရီက ဆေးမှု သူနှင့်ဘဝတူတွေ ပေါသည်။ လောကကြီးသည် မီးမီးအတွက် အမြဲတမ်းပင်၊ မိုးခေါင်နေခဲ့၏။ ပတ်ကြားအက်များ၊ ကျောက်စက်ခဲများ၊ ပြီးတော့ လေပူလေပြင်း၊ သည်လိုကန္တာရမှာမှ ကိုယ့်ဘဝ ဖြစ်လာသည်မှာ ကံဆိုးလွန်းသည်ဟုပဲ ဆိုရမည်။

ခင်စန်းရီက ဆေးလိပ်မီးညှိလိုက်၏။

"အတော်ပဲ၊ ကိုယ်ဆေးလိပ်သောက်ချင်နေတာ"

ခြေရင်းမှာထားသော ကျွတ်ကျွတ်အိတ်ထဲမှာ၊ နွားတစ်လိပ် ထုတ်လိုက်၏။ ထိပ်ဖူးကိုချေပြီး အစီခံကို ကြမ်းပေါ်မှာ နှစ်ချက်သုံးချက် ဆောင့်လိုက်၏။ အတွင်းက ဆေးများအောက်သို့ ကျသွားသဖြင့်၊ ဆေးလိပ်က တောင့်တောင့်လေးဖြစ်လာသည်။ ထိပ်ဖူးထဲမှာမူ ဆေးမရှိတော့။ သည်အခါ ထိပ်ဖူးကို ဆွဲဖြဲလိုက်၏။ ပြီးမှခင်စန်းရီဖွာနေသော ဆေးလိပ်ကိုလှမ်းယူကာကိုယ့်ဆေးလိပ်ထိပ်ဖူးနှင့်တေ့ပြီး ရှူရလေသည်။ မီးကူးပြီး စိတ်ချရပြီဆိုမှ ခင်စန်းရီဆေးလိပ်ကို ပြန်ပေးလိုက်၏။

ခင်စန်းရီက သူ့ဆေးလိပ်ကို ရေငတ်သလို အငမ်းမရ လေးငါးချက်ဆက်ပြီးဖွာနေသည်။ နှစ်ယောက်သား စကားမဆက်မိ။

"ဓ-ဆောင်အပေါ်ထပ်၊ ဘာရာဒေါ်ကြည်၊ လူပေါင်း ၂၃၁ ယောက်၊ အားလုံးကောင်းပါတယ်ရှင့်. . ."

အမေကြည်တရေးနိုးပြီး ထအော်သည်။





ခင်စန်းရီက ခစ်ခနဲရယ်၏။

"အားလုံးကောင်းပါတယ်၊ သိပ်ကောင်း၊ အားကြီးကောင်း"

"ကိုယ်ကလွဲရင်ကောင်း"

မီးမီးက မပြုံးဘဲ ဝင်ပြောလိုက်၏။

"ခင်စန်းရီက လွဲရင်ကောင်း"

ခင်စန်းရီက ပြုံးဖြီးဖြီးဖြင့် ပြောသည်။

ခင်စန်းရီသည် ပြုံးလည်းပြုံးနိုင်ပါပေ၏။

"အဟုတ်ပြောတာ၊ ခုလိုညကြီးမှာ နိုးမနေချင်ဘူး၊ စိတ်တွေက ဟိုရောက်သည်ရောက်"

"ဟုတ်တယ် မမီးရေ၊ ဘာမှလဲထူးမလာဘူး"

"အေးလေ၊ ဒီ အုတ်နံရံကြီးကို ဖောက်ပြီးထွက်သွား နိုင်တာလဲ မဟုတ်ဘူး။

ကျီးကန်းတွေလို ပျံသွားလို့လဲမရ။ ဟိုထောင်ဝင်စာသွားဖို့ ထွက်ရတဲ့အပေါက်ကလေးကိုလဲ မကျေနပ်ပါဘူးဟာ၊ ဘယ်သူမှထွက်မှ ထွက်မပြေးရဲပါဘူး၊ ဒီအပေါက်ကလွတ်တော့ကော၊ မိန်းပေါက်ကျမိမှာပဲ"

"မမီးက ထွက်ပြေးဖို့ ကြိုးစားဖူးလို့လား"

"ဟာ စဉ်းစားတာပေါ့၊ ခဏ ခဏ စဉ်းစားတယ်"

"နည်းလမ်းတွေ့လား"

"နည်းလမ်းတွေကတော့တွေ့တာပဲ၊ အုတ်တံတိုင်း အောက်ခြေကို ဥမင်တူးပြီး ထွက်ဖို့တို့ ဘာတို့ပေါ့၊ ဒါပေမဲ့ စိတ်ကူးယဉ်ပါပဲဟယ်၊ တစ်ထွာလောက်တူးမိရင်ကို မိမှာပါ။

ခင်စန်းရီရယ်သည်။

သူ့ရယ်သံက အနည်းငယ်ကျယ်သွားသဖြင့်၊ ပါးစပ်ကိုလက်ဝါးဖြင့်ပိတ်ပြီး မျက်လုံးပြူးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးလိုးပက်လက်အိပ်နေသူများကမူ ခင်စန်းရီရယ်သံကို မကြားကြချေ။ အမေကြည်ပင် သံတိုင်မှာ မှီပြီးပြန်အိပ်ပျော်သွားပုံရသည်။

"သားလေးကို သတိရတာအဆိုးဆုံးပဲ"

မီးမီးက ဆေးလိပ်ကို တစ်ချက်ရှိုက်ပြီး ပြောသည်။

"ဒါနဲ့မမီးက သားမွေးပြီးပြီးချင်း၊ ယောကျာ်းနဲ့ကွဲတာဆို"

ခင်စန်းရီက အသံကိုနှိမ့်ပြီးမေးသည်။

မီးမီးက တစ်ချက်မဲ့လိုက်ပြီးမှ . .

"ယောကျာ်းနဲ့ကွဲတာ. . .၊ ကွဲတာလို့ပြောတာထက်၊ ကွာခိုင်းတာလို့ပြောမှ မှန်မယ်"

ခင်စန်းရီက ခေါင်းညိတ်၏။

"ကွာခိုင်းတာ၊ လူကြီးတွေကလား"

"ဘယ်ကဟုတ်ရမှာလဲ၊ လူကြီးတွေက သဘောတူပြီးပေးစားခဲ့တာ၊ ကိုယ်က မပေါင်းချင်လို့ ကွာခိုင်းတာ. . "

"ဘာအပြစ်ရှိလို့လဲ"

မီးမီး ရေတစ်ခွက်ငှဲ့သောက်သည်။

ဘာအပြစ်ရှိလို့လဲတဲ့. . ။

ဟုတ်ပါရဲ့။ ဖိုးကျော်မှာ ဘာအပြစ်မှမရှိပါ။ ခက်တာက အပြစ်မရှိတာနဲ့ပဲ လူကိုပေါင်းနေရမှာတဲ့လား။

"မချစ်တာ ခင်စန်းရီရဲ့၊ မချစ်တာ"

"ယူပြီးပြီပဲ မမီးရာ"

"ယူပြီးပေမဲ့. . ပြင်ချင်တယ်လေ၊ ယူတုန်းကတည်းက မလွှဲရှောင်ချင်ကဲ့ အကြောင်းတွေကြောင့် ယူခဲ့တာကိုး။ ဒါပေမဲ့ ကိုယ့်ဟာကိုသိနေတယ်။ မပျော်ရင် ဆက်မပေါင်းချင်ဘူး။ ဒါကြောင့် ကိုယ်က ကွာခိုင်းတဲ့အချိန်မှာ ကွာပေးရမယ်လို့ ကတိတောင်းခဲ့တာ"





"မမီးဟာကလဲ နမိတ်မရှိလိုက်တာ"

"အဲဒါနိမိတ်ပေါ့၊ ကိုယ်သိနေတယ်လေ"

"နည်းနည်းပါးပါး သံယောဇဉ်ကော ရှိမလာဘူးလား"

မီးမီးက ခေါင်းရမ်းလိုက်သည်။

"ကိုယ့်အမှားပါပဲ၊ လူတစ်ယောက်ကို မချစ်ပေမဲ့ လက်ထပ်လို့ရနိုင်တယ်လို့ ကိုယ်ပေါ့တွေးခဲ့တယ်။ သူကလဲ လျှော့တွက်တယ်။ တဖြည်းဖြည်းနဲ့ ကိုယ်သူ့ကို ချစ်လာလိမ့်မယ်လို့ သူထင်တယ်။ အဲဒါမှားတာပဲ။

"ဘာဖြစ်လို့ မချစ်တာလဲ"

"ဟာ ခင်စန်းရီရာ ချစ်တယ်ဆိုတာ ဘာဖြစ်လို့ ချစ်တယ်လို့ အဖြေမရှိဘူး။ အဲသလိုပဲ၊ မချစ်တာမှာလဲ ဘာဖြစ်လို့ မချစ်တာဆိုတဲ့ အဖြေမရှိဘူး"

ခင်စန်းရီခေါင်းကုတ်၏။

"ဆက်စမ်းပါဦး မမီး၊ ကျွန်မဖြင့် တွေးလို့မရဘူး"

"လူတိုင်း ဒီလိုဖြစ်ကြတယ်လို့တော့ ကိုယ်မထင်ပါဘူး။ သူ့ဟာနဲ့သူ အဆင်ပြေနေကြတာပဲ၊ ပြေသွားတာပဲ၊ ပန်းတွေလိုပေါ့ ကွာ. . မိုးကျရင် ပိတောက်ပန်းပွင့်တယ်။ ဆောင်းကျရင် သဇင်ပွင့်တယ်၊ ဒါ. . . သူ့အလိုလိုပဲ။ ကိုယ်ကကျ ဘာလို့လဲ မသိဘူး၊ သူများနည်းတူ အံမဝင်ဘူး၊ ကိုယ့်အမှားပါ။

နှစ်ယောက်သား ငြိမ်သွားကြ၏။

ကိုယ့်အတွေးနှင့်ကိုယ်။

မီးမီးအာရုံထဲမှာ ဖိုးကျော်၏ကြေကွဲမျက်လုံးများကို မမေ့သေး။

"မီးရယ် . . . ကိုယ်မင်းကို မခွဲပါရစေနဲ့"

တောင်းပန်တိုးလျှိုးသံကိုလည်း မမေ့သေး။

www.burmeseclassic.com



ခက်သည်က။ သားလေး။

သားလေးကို မီးမီးမွေးပြီးပြီဆိုသည်နှင့် အထိတ်တလန့်ဖြစ်ခဲ့၏။

သားရပြီ။ သားကို နို့ချိုတိုက်ရင်း မီးမီးတွေးသည်။ သည်သားသည် သူနှင့်ဖိုးကျော်ကို ချည်နှောင်တော့မည်။ ကြာလေကလေးများလေဖြစ်လာမည်။ မပျော်သော ဘဝတွင် သေတပန်သက်တဆုံး နေရတော့မှာလား။

ကွာပေးပါ. . ဟု မပြောခင် အကြိမ်ကြိမ်ကြိုးစားခဲ့ သေးသည်။ ပြီးတော့ ကွာပြီးလျှင် သည်ကလေးကို ကျွေးနိုင်ပါမည်လားဟုလည်း အမျိုးမျိုးစဉ်းစားခဲ့သည်။ ကျွေးနိုင်ရမှာပေါ့။ မုဆိုးမတွေ ဒီလိုပဲ ရုန်းနေကြတာပဲဟု အဖြေထုတ်သည်။

နောက်ဆုံးအနေနှင့် ဆုံးဖြတ်ချက်အတည်ဖြစ်သွားသည်က၊ ဖိုးကျော်၏ အမှား။

"ကဲ . . ဒီလောက်ကွာချင်ရင်မင်းကွာ၊ ကလေးကိုထားခဲ့"

"မရဘူး၊ ကလေးကငယ်တယ်၊ မိခင်အုပ်ထိန်းခွင့်ရှိတယ်"

"မင်းက အုပ်ထိန်းနိုင်လောက်တဲ့ အရည်အချင်းရှိလို့လား"

သွားပြီ။

ဖိုးကျော်၏စကားပြင်မရတော့။

မီးမီးသည် အပြုံးမပျက် သားကို ပိုက်ပြီးဆင်းခဲ့၏။

"အဲဒီတုန်းက လွတ်လပ်သွားလိုက်တာများလေ၊ သားလေးကိုချီပြီး လမ်းပေါ်မှာ လျှောက်လာတော့၊ ငါဟာ . . ဖန်တီးနိုင်တယ်၊ ငါဟာလွတ်လပ်တယ်၊ ငါဟာ ဖြစ်ချင်တာဖြစ်နိုင်တယ်ဆိုတဲ့ စိတ်တွေ လျှံနေတယ်၊ တအားပျော်ခဲ့တယ်"

"မမီးဟာ အတင်းချည်းပဲနော်"





"ဪ . . မချစ်တဲ့လူနဲ့မနေရတော့ဘူးဆိုတဲ့ စိတ်ပေါ့၊ အင်း . . . တကယ်ချစ်တဲ့ လူတွေပြန်တော့လဲ မယူနိုင်ပြန်ဘူးကွယ်"

မီးမီး အသံပျော့သွားသည်။

ခင်စန်းရီ အနားကပ်လာ၏။

"ကိုပိုကြီးဆိုတာလား"

"အင်း. . . ကိုပိုကိုကြွေတယ်ပဲဆိုပါတော့၊ တစ်မျိုးပဲလေ၊ သူ့ကျ အကုန်လုံး အလိုလိုက်ချင်နေတယ်၊ သဒ္ဓါနေတယ်၊ ဒါဟာ အချစ်လို့ပြော ရမယ်ထင်တယ်၊ အဲ. . . ဟုတ်ချင်မှလဲ ဟုတ်မှာပါလေ၊ အချစ်ဆိုတာ ပိုင်ဆိုင်ချင်တဲ့သဘောရှိတယ်၊ မပိုင်ရရင်ပူလောင်တယ်၊ သဒ္ဓါတာကျ တော့ ကိုယ်ကအစစ ဖြည့်ပေးချင်နေတာ သူ့ဆီကဘာမှ မလိုချင်ဘူး၊ အဲသလို"

ခင်စန်းရီက ဆေးလိပ်အသစ်ညှိသည်။ နှစ်ယောက် သားမီးခိုးတွေ အပြိုင်ထုတ်လွှတ်နေကြ၏။

"ရွှေဖူးစာမှင်ရည်ကြဲတယ်ဆိုတာ ဒါမျိုးဖြစ်မှာပဲ၊ အတိတ်ကံပေါ့လေ၊ သူကလဲချစ်တယ်၊ ကိုယ်ကလဲချစ်တယ်၊ ဒါပေမဲ့ မှင်ရည်ကကြဲတော့ စာရေးလို့မထင်ဘူး၊ ဖူးစာမပါဘူးလေ. .။"

ကြေကွဲသော အသံက အက်နေ၏။

"ပန်းခင်းကြီးပြင်ပြီး မျိုးစေ့ကြဲပေမဲ့၊ ပေါက်ချင်မှပေါက်တာ၊ ပေါက်ပြန်တော့ ပွင့်ချင်မှပွင့်တာ၊ ဟော . . . ပတ်ကြား အက်ထဲကျတဲ့ မျိုးစေ့ကထပေါက်တော့၊ ဘယ်မလဲ မြေသြဇာ. ."

"မမီးက ကဗျာဆန်သားပဲ"

"ဘဝအတွေ့အကြုံပြီးတော့ စာဖတ်တာပါ၊ ကိုယ်က ကျောင်းစာကို ဆုံးအောင်မသင်ခဲ့ရပေမဲ့၊ ပုံနှိပ်တိုက်နဲ့ ပတ်သက်ခဲ့တာ ရယ်၊ ပြီးတော့ တစ်ယောက်တည်းနေရတဲ့ အချိန်များတာရယ်ကြောင့်၊



www.burmeseclassic.com

www.burmeseclassic.com


စာတော့ အတော်ဖတ်ဖြစ်ခဲ့တယ်၊ ပြီးတော့ အစ်ကိုကြီးကလဲ ဖတ်ဖို့စာကို ရွေးပေးတတ်တယ်"

"နေပါဦး၊ မမီးတို့ကွဲမယ်ဆိုတော့ မမနဲ့အစ်ကိုကြီးက ဇွတ်မတားဘူးလား"

"သိပ်တားတာပေါ့၊ ဒါပေမဲ့ ကိုယ်ခေါင်းမာတာကို သိပြီးသားလေ၊ မယူခင် ကတည်းကလဲ ကွာချင်တဲ့ အချိန်ကွာ ပေးပါ့မယ်ဆိုတဲ့ ကတိရှိတာကိုး၊ တကယ်ဆို သူတို့က ယောကျ်ားပဲကွာ၊ တို့တွေမှာသာ အပျိုရည်ပျက်ပြီး ကွဲရတာပါ။ နစ်နာပါတယ်။

"ဒါထက်၊ ကျီပိုကြီးကိုကျ ဘယ်လိုချစ်သွားတာလဲ"

"အဲဒီအကြောင်းပြောရင် မိုးလင်းသွားလိမ့်မယ်"

"အလဲ့. . . သူ့အဆက်ကြီးကျ လျှို့ထားပြန်ပြီ၊ ရှင့်လူကြီးကို ခင်စန်းရီက မလုပါဘူးတော် . . ."

"၈-ဆောင်အပေါ်ထပ်၊ ဘာရာဒေါ်ကြည်၊ လူပေါင်း ၂၃၁ ယောက်၊ အားလုံးကောင်းပါတယ်ရှင်၊" အမေကြည့်အသံပေါ် လာပြန်ပြီ။

"သိပ်ကောင်း၊ အလွန်ကောင်း"

"ခင်စန်းရီက လွဲရင်ကောင်း"

နှစ်ယောက်သားအိပ်ယာထဲပြန်ဝင်လိုက်ကြ၏။

မီးမီးသည် အနန္တငါးပါးကို အာရုံပြုလိုက်သည်။ သည်အခါ အမေ့မျက်နှာကို ဥ်းငယ်စွာ မြင်လာပြန်သည်။ မီးမီးသည် အမေ့ကို ဒုက္ခပေးနေရဆဲပါ်ား။

. . . ခရီးထွက်မှဖြစ်တော့မယ် အမေ"

"ညည်းဟာ အတော်ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ မိန်းကလေးပဲ"

"အမေရယ် မီးကိုဆူချင်ဆူပါ။ အမေ့မြေးလေးကိုတော့. ."

"အေး. . . ညည်းလုပ်လိုက်ရင်၊ ဘယ်သူမှ အအား မနေရ





ဘူး"

ထုံးစံအတိုင်း အမေဆူသည်။

မီးမီးအဖို့ အမေဆူတာ အရေးမကြီးတော့ပါ။

ခုချိန်မှာ အမေ့တစ်မျက်နှာပဲရှိတော့သည်။ မမက မီးကိုမခေါ်။ သူပေးစားထားသူကို ကွာရှင်းပြီဆိုကတည်းက မမလက်မခံတော့။ သားသမီးမထွန်းကားသော မမတို့ အိမ်ထောင်မှာ တစ်ခုလတ်ကို မမ ဘယ်ခေါ်ရပ့်ါမလဲ။ မမ အလွန်မဟုတ်။

မီးမီးက ကိုယ့်မာနနှင့်ကိုယ်ပါ။

အိမ်ခန်းလေးတစ်ခန်းငှားမည်။ ဈေးရောင်းမည်။ ကလေးတစ်ယောက်ကို ဘယ်လိုဖြစ်ဖြစ်ကျွေးနိုင်မည်။ စိတ်ကူးထဲမှာတော့ အတော်အဆင်ပြေ၏။ သားဝက်သက်ပေါက်တာလည်းမပါ။ အိမ်ရှင်က နှင်တာလဲမပါ။ ယောကျ်ားတကာက ချိတ်တိတ်တိတ်ပြောတာ လည်းမပါ။

သားလေးရေ. . . ဟုခေါ်ရတာ၊ ကိုယ့်အသံကိုယ် ပြန်မေးရတာကိုပင် ကြည်နူး၏။ တခစ်ခစ်ရယ်ပြတတ်သော သားလေးကို မြင်နေရလျှင်၊ မီးမီး ဘာကိုမှ မလိုချင်တော့ချေ။

မေမေဟု ခေါ်တတ်စပြုသောအချိန်မှာမူ၊ မီးမီး စဉ်းစားရပြီ။ သားကို နို့တိုက်ရုံနှင့် မပြီးတော့ပေ။ သားက ဂျောက်ဂျက်လေး လဲလိုချင်သည်။ ဘော့လုံးလေးလဲ လိုချင်သည်။ မြင်းရုပ်ကြီးလည်းလိုချင်သည်။ ပြီးတော့ ကိတ်မုန့်လည်းကြိုက်သည်။ ဝေဖာလည်း ကြိုက်သည်။ ကြက်သားကြော်လည်း ကြိုက်သည်။

"သူများတွေကို စပေါ်နဲ့ထားတာ၊ ညည်းကိုတော့ သနားလို့ ခုလို ၄-၅ လ ကြွေးတင်နေတော့၊ သနားပေမဲ့ မထားနိုင်တော့ဘူး၊ ငါ့မလဲဒါနဲ့ စားနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်အဒေါ်ကြီး၏စကားသည်၊ နှိုတိုက်နေသော မီးမီး၏ နို့တွေ စီးဆင်းမှုကိုရပ်သွားစေ၏။ သားသည် နို့ကို စုပ်၍မရသဖြင့် ရှုန်းကန်အော်ဟစ်လေသည်။

မီးမီးဘာလုပ်ရမလဲ။

စဉ်းစားချိန်ကား များများမရှိ။

လူမောင်တို့လင်မယား။

ငယ်ပေါင်းတွေပဲလေ။

ခုတလော လူမောင်မိန်းမခင်ခင်ဝင်းက ရွှေလက်ကောက်တချွင်ချွင်နဲ့၊ လူမောင့်လည်ပင်းမှာလည်း ယိုးဒယားဘတ်ကြိုးနဲ့။

"မီးမီးရာ နင့်ကိုတော့ သနားလို့ပါ။ တို့က လူများများလဲ တာဝန်မယူနိုင်ဘူးဟ၊ ဟိုမှာက စားစရိတ်ကြီးတယ်၊ အလုပ်မဖြစ်ခင်တို့က ကျွေးထားရမှာ၊ နင်တစ်ယောက်ထဲ တော်ပြီ"

ဒါက လူမောင့်စကား။

"သူငယ်ချင်းရဲ့ ဟိုရောက်တော့ နင်ပျော်သွားမှာပါ။ ပိုက်ဆံက မလိုချင်ဘူး ပြောလဲမနေဘူး။ ဒီမှာ နေလို့တော့ ကျည်ပွေ့အတက်ပေါက်မှာမဟုတ်ဘူးလေ၊ တစ်ခေါက်လောက်လိုက်ပြီးရင်၊ နင်သဘောပေါက်သွားပါလိမ့်မယ်"

လူမောင့် မိန်းမ ခင်ခင်ဝင်းစကား။

မီးမီး စဉ်းစားသည်။

သားလေးရဲ့ရှေ့ရေးပါပဲ။ တစ်လလောက် သားလေးကို ခွဲထားခဲ့ပြီး ငွေတွေအများကြီးရမယ်ဆိုတာ သေချာရင်. . .။

နောက်တစ်ခေါက်၊ နောက်တစ်ခေါက်၊ လွန်ရောကျွံရော သုံးခေါက်ပေါ့။ လက်ထဲမှာ သောင်းဂဏန်းလောက် စုမိပြီဆိုရင် မြောက်ဥက္ကလာဈေးထဲမှာ အထည်ဆိုင်သေးသေးလေးဖြစ်ဖြစ်၊





အဟောင်းဆိုင်လေးပဲဖြစ်ဖြစ်၊ အခြေတည်နိုင်မည်။ နေရိပ်လာမှာကို နေပူက စောင့်ရမည်ပေါ့။

"အရင်းအနှီးလိုတယ်အမေ၊ အရင်းအနှီးရဖို့က စွန့်စားရမယ်"

"ညည်းဟာကအော၊ ကလေးဒုက္ခဖြစ်ဦးမယ်"

"ဘယ့်နှယ်လုပ်မလဲအမေ၊ အခု ဈေးရောင်းနေတာက နေ့ဖို့ညစာပဲရတယ်။ မငတ်ရုံပဲ။ သမီးက အမေ့မြေးလေးကို ပြည့်စုံအောင်ထားချင်တယ်။ ကျောင်းကောင်းကောင်းထားချင်တယ်၊ ပညာတတ်ကြီးဖြစ်စေချင်တယ်၊ ဒါတွေ ပေးနိုင်ဖို့ သမီးတစ်ယောက်တည်းအား နဲ့ရှာရမှာဆိုတော့၊ စွန့်ရမှာပဲ"

"ငါက ကလေးသနားလို့ပါ"

"သမီး ၁၀ ရက်လောက်ပဲကြာမှာပါအမေ၊ ကလေးကိုခေါ်သွားရင် ဒုက္ခပေးသလိုဖြစ်မှာမို့၊ အမေ ခဏကြည့်ပေးဖို့. . ."

"အမေက ကြည့်ပေးနိုင်ပါတယ်၊ ကလေးက အမေနဲ့ မခွဲဖူးတော့ သနားလို့ပါ၊ ပြီးတော့ ညည်းဟာ တာချီလိတ်ဆိုတော့ ဝေးလိုက်တာအေ. .၊ ကိုယ်လဲ တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး"။

"ခင်ခင်ဝင်းတို့ လင်မယားနဲ့ပဲ အမေရာ. . ."

"အေးပါ၊ သူတို့အဆင်ပြေပုံရသား၊ လင်မယားနှစ် ယောက်ဆိုတော့လဲ ဟန်ကျတာပေါ့"

မီးမီးက အမေ့စကားကျကို တွေးသည်။

လင်မယားနှစ်ယောက်ဆိုတော့လဲ ဟန်ကျတာပေါ့တဲ့။ တစ်ယောက်တည်းကျ ဟန်မကျဘူးလား၊ မိန်းကလေး၊ ပြီးတော့ တစ်ခုလတ်၊ ဒါဟာ စီးပွားရှာဖို့ ဟန်မလှဘူးတဲ့ လား။

"သမီးက အရွယ်ရှိသေးတယ်လေ"

အမေက ပူစရာမဟုတ်ပူရန်ကော။ မီးမီးဆိုတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမှဂရုမစိုက်တဲ့လူ။ ယူပြီးသားလူကိုတောင် ခွာချပစ်ခဲ့တာ တွေ့တယ်ဟုတ်လား၊ ယောက်ျားတွေကိုများ အရေးအရာလုပ်လို့။

"ကဲပါ အမေရယ်. . . မီးမသွားရဘူးလား. . ပြော"

သည်လို အကြပ်ကိုင်လို့ကတော့ အမေဘယ်တားတော့မလဲ။

အမေ့ခမျာ ဟိုလူကြီးကိုယူပြီးကတည်းက သမီးတွေကို ပြန်ချော့နေရှာသည်။ သမီးတွေ မချစ်တော့မှာပူရှာသည်။ ဆယ့်နှစ်ပွဲ မလိုက်ရဘဲ ဟိုလူကြီး၏ဖျာ၊ တောင်း၊ အိုး၊ ဆိုင်မှာ အိန္ဒြေမပျက်ထိုင်ရကတည်းက၊ အမေ သဘောကောင်းနေသည်။ မီးမီးကလည်း မလွဲသာ လွန်း၍သာ သားလေးကို အမေ့လက်ထဲအပ်ရမှာပါ။ သားလေးကို တစ်ရက်တောင်မခွဲရက်။ မီးမီးကို စိတ်နာပြီး နောက်ထပ်အိမ်ထောင်ပြုလိုက်သည့် သားအဖေကလည်း၊ အဝေးမှပင် လာကြည့်သည်မဟုတ်။ သည်တော့ မီးမီးတို့ သားအမိမှာ အမေ့တစ်မျက်နှာတည်းပါ။

"အမေ ကြိုးစားမယ် သားလေးရယ်၊ ခဏလေးနော်၊ ခဏလေး၊ ဘွားဘွား ကြီးချိုချိုနဲ့ နေခဲ့ဦးနော်၊ အမေပြန်လာတော့ ကိတ်မုန့်တွေအများကြီးဝယ်လာမယ်၊ ဘောင်းဘီလှလှလေးတွေ၊ စက်ရုပ်ကားလေးတွေ၊ ပြီးတော့ သားကြိုက်တဲ့ မော်တော်ဆိုင်ကယ် အရုပ်လေးတွေ၊ သံပတ်နဲ့ပြေးတဲ့ဟာလေ၊ အဲဒါလဲ ဝယ်လာမယ်၊ အများကြီးကို ဝယ်လာမှာ၊ ဘွားဘွားကြီး ချိုချိုနဲ့ နေခဲ့ဦးနော်. . "



တာချီလိတ်

ကြားဖူးတာတော့ကြာပြီ။ ကိုယ်တိုင်ရောက်ရလိမ့် မည်ဟု မတွေးမိခဲ့။ ခုတော့ ခင်ခင်ဝင်းတို့လင်မယား ကျေးဇူးကြောင့် တာချီလိတ်ဆိုသော မြေပေါ်သို့ ခြေနင်းနိုင်ခဲ့ပြီ။

"ဒါ မြန်မာပြည်ပဲနော်"

လူရှုပ်လူလတ်တွေကို ယောက်ျားမိန်းမခွဲမရ။ ဘောင်းဘီတွေ၊ ဂျာကင်တွေ၊ စပို့ရှပ်တွေ၊ တီရှပ်တွေ၊ ဆံပင်တိုတွေနှင့်။ ပြီးတော့ ဆိုင်းဘုတ်စာတန်းများ။

"မော်တာ်ဆိုင်ကယ်တွေကလဲ ပေါလိုက်တာ"

မီးမီးသည် ကိုယ့်ဆံပင်ကို လက်ဖြင့်စမ်းလိုက်၏။ ဒါကြောင့်ကိုးဟု ခင်ခင်ဝင်းကို ကျေးဇူးတင်သွားသည်။

"မမီး. . ဟိုကျသိပ်ပြီးဂနိုင်ဆန်တယ် အဖြစ်ခံလို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုမလယ်မဝယ်လို့ထင်ရင် ဆက်ဆံရေးမှာ အထင်သေးနိုင်တယ်။ ဆံပင်တော့ဖြတ်လိုက်" ဆိုပြီး သွားခါနီး ဆံပင်ကောက်ဆိုင်မှာ ညှပ်ပေးသည်။ ဝတ်နေကျ ဘလောက်စ် အင်္ကျီနေရာမှာ ဗိုက်ဖုံးအင်္ကျီလို ရှည်ရှည်ပွပွ ကြီးဝတ်ခိုင်းသည်။ အားလုံးကြားမှာ မီးမီးသည် တောကျီးကန်း တစ်ကောင်မဟုတ်တော့။

ထမိကိုတော့ ဘောင်းဘီနှင့် လဲမဝတ်ရဲချေ။ ခင်ခင်ဝင်းတို့ လင်မယားနှစ်ယောက်လုံးက၊ ရွှေညောင်ဘူတာက ဆင်းကတည်းက ဘောင်းဘီကိုယ်စီနှင့်။ နေကာမျက်မှန်ကြီး တွေတပ်လို့။

နေကာမျက်မှန်ချွတ်ထားသောအခါ မြင်ရသည့် ခင်ခင်ဝင်း မျက်လုံးတို့ကလည်း၊ အရင်လိုမဟုတ်။ ဟိုရွှေ့လိုက် သည်ရွှေ့လိုက်။ အမူအယာတွေက အေးအေးဆေးဆေးမရှိ။ ဒီအလုပ်မှာ သူက ကျွမ်းနေဟန်တူသည်။ မျက်နှာရိပ်မျက်နှာကဲကိုက. . လျှင်မြန်ဖြတ်လတ် နေလေသည်။

လူမောင်ကတော့ အထူးတည်ငြိမ်၏။ သူ့ခါးပတ် ပိုက်ဆံအိတ်ကြီးထဲမှ စီးကရက်ကို ထုတ်ယူကာ၊ တစ်လိပ်ပြီး တစ်လိပ်သောက်ရင်း စဉ်းစားနေတတ်သည်။ မီးမီးသည် မမြင်ဖူးမတွေ့ဖူးတာတွေ သိချင်၍ မအောင့်နိုင်လွန်းသော အခါ၊ ခင်ခင်ဝင်းကို လက်တို့မေးရ၏။

"ဘယ်အထိသွားရမှာလဲဟင်"

"ဟိုဘက်ပေါ့"

"ဟိုဘက်"

"ဟိုဘက်မှာတို့မိတ်ဆွေတွေက ကုမ္ပဏီကြီးနှစ်ခု တောင်ရှိတာ။ ဒီလိုလူမျိုးနဲ့ ဆက်မိဖို့ဆိုတာ ဘယ်လွယ်မလဲ၊ ဟိုကျ ညည်းတွေ့ ပါလိမ့်မယ်၊ ငွေတွေဆိုတာ ပီနံအိတ်တွေနဲ့ ထည့်ထားရတာ"

"ဒီလောက်တောင်"





"အေးပေါ့၊ ဒီမှာက အကြီးစားစီးပွားရေးသမားတွေချည်းပဲ၊ တို့ကလိုချင်တဲ့ ပစ္စည်းဝယ်ပြီး လက်မှတ်ထိုးထားခဲ့ရုံဘဲ၊ ပြီးတော့ ဒီဘက်က သူတို့မှာတဲ့ဟာ ပြန်သယ်ပေးရုံပေါ့လေ၊ ကိုယ့်အတွက် မကျန်ဘူးဆို သောင်းဂဏန်းတော့ ကျန်တယ်"

ခင်ခင်ဝင်းစကားများကို နားထောင်ရင်း အားတက်လာရ၏။

တည်းခိုခန်းငယ်တစ်ခုမှာ တည်းကြသည်။ မခမ်းနား သော်လည်း သပ်သပ်ယပ်ယပ်ရှိ၏။လူမောင်တို့လင်မယားက တစ်ခန်း၊ မီးမီးအတွက် တစ်ခန်း။

"ဒီမှာ တို့တစ်ညနားမယ်၊ မနက်ကျ စောစောထပြီး ဟိုဘက်ကူးမယ်"

လူမောင်က ဒါပဲပြောပြီး ဘီယာသွားသောက်သည်။

ခင်ခင်ဝင်းနှင့်မီးမီးက အခန်းထဲမှာပဲ ခေါက်ဆွဲပြုတ်မှာ သောက်ကြသည်။ ခရီးပန်းသဖြင့် များများမစားနိုင်။ ခင်ခင်ဝင်းက အိပ်ချင်ပြီဆိုပြီး၊ သူ့အခန်းသို့ ပြန်သည်။ မီးမီးလည်း အိပ်ယာပေါ် လှဲလိုက်ရ၏။

တစ်ညလုံး အိပ်မပျော်။

အိမ်က ထွက်လာတာ ၃ ရက်ရှိပြီ။ သားလေးနေမှ နေရဲ့လားမသိ။ ခင်ခင်ဝင်း တို့နှင့် ကုန်ကူးသွားဖို့ဆိုပြီး အပြောကောင်းလွန်း၍ ဤငါးရာကို ချေးပေးခဲ့ခြင်းဖြစ်သည်။ မုန့်လင်မယား အရင်းအတွက်ဆိုလျှင်၊ နှစ်ရာသုံးရာထက် ဘယ်တော့မှပိုမရခဲ့။

ဈေးထဲမှာ အထည်ဆိုင်လေးဖြစ်ဖြစ်၊ တိုလီမိုလီဆိုလေးဖြစ်ဖြစ်၊ ကုန္နေ့ရရ ဝင်ငွေမှန်မှန်လေးရလျှင် တော်ပါပြီ။

သားလေး နေရေးအတွက်၊

သည်ဘက်မှာ အလုပ်ကောင်းရင်တော့ ကောင်းသလို



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာတုန်းရေခံရမှာပဲ။အမေ့လက်ထဲငွေများများထည့်၊ သားလေးကို မုန့်ကြိုပို့။

ခင်ခင်ဝင်းတို့လင်မယားကို အားကျ၏။ သူတို့သည် ဘက်ညီ၏။ ကလေးမယူကြပဲ ဒိုးတူဘောင်ဘက်လုပ်စားခဲ့ကြသည်။ ရန်ကုန်မှာ အလုပ်အကိုင်အဆင်မပြေလို့ဆိုပြီး ခရီးထွက်သွားကြတာ လေးငါးခြောက် လပဲရှိဦးမည်၊ ပြန်လာတော့ ရွှေတွဲလဲ၊ ငွေတွဲလဲ။ လူမောင်ကလည်း စီးကရက်ခဲလို့။ ခင်ခင်ဝင်းကလည်း ရုပ်တွေဘာ တွေပြောင်းလို့။

အိပ်မပျော်ဘူးသာ ပြောရသည်။ အိပ်မက်တွေ မက်လိုက်တာ စုံလို့။ အိပ်မက်ထဲမှာ သားလေးပြေးလွှား နေတာလဲပါသည်။ အမေ ထမင်းချက်နေတာလဲပါသည်။ ပြီးတော့ ဘယ်ရောက်နေတာလဲ မသိ။ လူတွေက ခုန်နေကြသည်။ မီးမီးလဲ ခင်ခင်ဝင်းနှင့်အတူ ဝင်လာနေသည်။ မီး ရောင်စုံနှင့် လူရောင်စုံတွေကြားမှာ ရယ်သံတွေက ညံနေ၏။ ပြီးတော့ အနံ့တစ်မျိုး။ စူးစူးရှရှ။ သည်အနံ့ကို ရှုရင်းမူးလာသည်။ မျက်စိတွေဖွင့် မရ။

တံခါးခေါက်သံကြားရသည်။

“မမီး. . . မိုးလင်းတော့မယ်၊ ထ၊ ထ ”

ခင်ခင်ဝင်းလာခေါ်နေပြီ။ လူးလဲထရ၏။ အခန်းထဲက မျက်နှာ သစ်ခွက်မှာ ကမန်းကတမ်း မျက်နှာသစ်ရ၏။ အဝတ်လဲပြီး ထွက်လာ သောအခါ သူတို့လင်မယားက အဆင်သင့်ဖြစ်နေလေပြီ။

“အားနာလိုက်တာ”

“ရတယ်၊ ကဲ ပစ္စည်းပါပြင်ပြီး တစ်ခါတည်းလိုက်ခဲ့ကြ၊ ကိုယ်လ္ဘက်ရည်စားပွဲက စောင့်မယ်၊ ကားခေါ်ထားမယ်”

လူမောင်က ပြောရင်း ခြေလှမ်း၏။

“ဘယ်က ကားလဲ”





မီးမီး မေးလိုက်သည်။ လူမောင်က ထွက်သွားပြီး။ ခင်ခင်ဝင်းက မျက်လုံးမှေးစင်းပြပြီး. . .

“ကုမ္ပဏီက ကားပေါ့၊ ညက ဖုန်းဆက်ပေးတာ”

“တယ်ဟုတ်ပါလား”

လ္ဘက်ရည်စားပွဲသို့ မီးမီးတို့ ရောက်သောအခါ လူမောင်သည် မုန့်နှင့်လ္ဘက်ရည်ကို အားရပါးရသောက်နေလေပြီ။ စားပွဲပေါ်မှာ မီးမီးတို့အတွက် လ္ဘက်ရည်နှစ်ခွက် အငွေ့တထောင်းထောင်းနှင့်။

“မိန်းမ. . . ဒီဘက်လာ”

လူမောင်က သူ့မိန်းမကို သူ့အနားက ကုလားထိုင်မှာထိုင်ဖို့ ခေါ်၏။ ပြီးတော့ မီးမီးသောက်ဖို့ လက်ဖက်ရည်ပန်းကန်ကို၊ မီးမီးရှေ့သို့ တိုးပေးလေသည်။

“မြန်မြန်သောက် မမီး၊ ကားရောက်နေပြီ”။

လူမောင့်စကားကြောင့် ခင်ခင်ဝင်းရော မီးမီးပါ လက်ဖက်ရည် ပူပူကို၊ ခပ်မြန်မြန်သောက်ကြရ၏။ ဒီက အစားအစာတွေကလဲ ထူးခြား တာပဲဟု မီးမီး တွေးလိုက်သေးသည်။

စားသောက်ပြီးလက်ဆွဲအိတ်ကို ကိုင်လိုက်သော အချိန်တွင်၊ ခင်ခင်ဝင်းက မီးမီးလက်ကိုဆွဲ၏။

“လာ သူငယ်ချင်း ကားလှလှကြီးစီးရမယ်”

မှောင်နေဆဲမို့ လူမောင်တံခါးဖွင့်ပေးသောကားသည် ဘယ် လောက်လှမှန်း မီးမီးမမြင်ရချေ။ ထူးခြားသည်မှာ ကားက အရှည်ကြီး ဖြစ်၏။ မှန်လုံဖြစ်၏။ အထဲမှာအိပ်၍ ရနိုင်လောက်အောင်ကျယ်သည်။ ဆိုဖာကြီးက အိနေသည်။ ပြီးတော့ မွှေးအီနေသောအနံ့။ ဘာနံ့မှန်းမသိ။ ရှု၍ကောင်းသည်။ မီးမီးက ရှုကောင်းကောင်းနှင့် အားရပါးရ ရှုလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက လွတ်လွတ်လပ်လပ်နောက်ခန်းထိုင်၊ တို့က ကုမ္ပဏီက လူနဲ့စကား ပြောရင်းလိုက်ခဲ့မယ်"

ခင်ခင်ဝင်းက မီးမီးနားနားကပ်ပြီး စကားတိုးတိုးပြောသည်။ ကားမောင်းမည့်လူကို ကြည့်လိုက်၏။ ကားမီးရောင် ထဲဝယ် ဖြူစပ်စပ် အသားနှင့်လူကိုမြင်ရသည်။ သူက စကားတစ်ခွန်းမျှမပြော။

နောက်ဆုံး ဆိုဖာပေါ်ထိုင်ချလိုက်သောအခါ ကိုယ်တစ်ပိုင်းသည် ဆိုဖာထဲနစ်ဝင်သွား၏။ ကားစထွက်၍ ခပ်ပြင်းပြင်းကွေ့လိုက်သောအခါ၊ ကိုယ်သည် ယိုင်သွားလေသည်။

ကားမှန်ထဲမှ အပြင်သို့ လှမ်းကြည့်လိုက်၏။ အဆောက်အဦး မြင့်မြင့်ကြီးများကို ရိပ်ခနဲရိပ်ခနဲမြင်ရသည်။ ကားက အရှိန်ပြင်း၍ လားမသိ။ အပြင်ဘက် လှမ်းကြည့်ရသည်မှာ မူးချင်သလို ဖြစ်လာသည်။ မွှေးအီအီအနံ့ကလည်း မျက်လုံးမှိတ်ပြီး ယစ်မူးချင်စရာကောင်း၏။ မရောက်ဖူးသော အရပ်မို့ ရှုခင်းတွေကြည့်ဦးမည်ဟု စိတ်ကူးသေးသည်။ သို့သော် မျက်ခွံတွေလေးလံလာသည်။ ညက အိပ်ရေးပျက်ထားလို့ထင်ပါရဲ့။ ခေါင်းကို နောက်မှီထားလိုက်သော အခါ၊ မျက်လုံးတွေက ဖွင့်မရတော့။ ဘာမှမသိတော့။ ဘာဆိုတာမျှပင် မသိတော့။



"အဲဒီတုန်းက အိပ်ဆေးခတ်ထားမှန်း မသိဘူးလား"

ခင်စန်းရီသည် တောင်ယာထဲက ရေမြောင်းဘေးမှာ အေးအေးဆေးဆေး ထိုင်နေသော မီးမီးဆီလာထိုင်ကာ၊ မနေ့ညက ဇာတ်လမ်းကို ဆက်နိုင်းနေလေသည်။ မီးမီးက တောင်ယာရေလောင်း တာဝန်ကျ၏။ ညက အိပ်ပျက်ပြီး ခေါင်းမူးနေသဖြင့် ဘုတ်ကိုင် ဒေါ်ကျီးကန်းထံခွင့်တောင်းထားရသည်။ ခင်စန်းရီက တံပြက်လှဲတာဝန်ပြီးခဲ့ပြီ။ မီးမီး ဘေးထိုင်ကာ ဆေးလိပ်သောက်နေသည်။ မီးမီးက ညို့မှိုင်းတက်လာသော မိုးတိမ်များကို ငေးကြည့်နေလေသည်။

"ချစ်ဦးရေ . . . သောကဟူသမျှတူတကွ. . . မျှခံစားဝေ. ."

မြက်ပင်များကို ဆွဲနုတ်နေသော အကျဉ်းသူတစ်ဦး ၏အောသံဖြစ်၏။ သူက. . "ထောင်ဆိုတာနေတတ်ရင်အဆောင်ပဲ" ဟူသော စကားဆိုကို လိုက်နာဟန်တူသည်။ တကယ်တော့ ငိုနေလည်း သည်အချိန်



www.burmeseclassic.com

www.burmeseclassic.com



က ကုန်သွားသည်မဟုတ်။ သည်တော့ သီချင်းဆိုပြီး အချိန်ကုန်စေခြင်းသည် သက်သာစေမည်ပေါ့။ သို့သော် မီးမီးကား တစ်ခါမျှ သီချင်းဆိုဖို့ မကြိုးစားပေ။ စဉ်းစားသည်။ ဘဝ၏ အကွေ့အကောက်၊ အဖုအချိုင့်များကို ရေတွက်သည်။ ဖြောင့်ဖြူးသောလမ်းဘယ်မှာလဲ။

"ကျီပိုကြီးရေ. . . သောကဟူသမျှတူတကွ. . . မျှခံစားဝေ"

ခင်စန်းရီနောက်နေပေမယ့်၊ မီးမီးလိုက်မရယ်ချေ။

"ကျီပိုကို သောကတွေမျှဝေမပေးချင်ပါဘူး၊ သူက သူတော်ကောင်းကြီးပဲ၊ သူအေးချမ်းပါစေ၊ ကိုယ်ဒီမှာ ဒုက္ခဖြစ်နေတယ်ဆိုတဲ့ သတင်းတောင်သူ့ကို မသိစေချင်ဘူး၊ ကိုယ့်ဘဝနဲ့ကိုယ်ရှိပါစေတော့။

တောင်ယာတောကို ဖြတ်လာသောလေက၊ ခဝဲပန်း နံ့လေးများကို ယူလာသည်။ တောင်လထဲတွင် စပါးလင်ခင်းသည် ယိမ်းက၍နေ၏။ ကသစ်ပင်က အရွက်တွေတုံးနေသည်။ တို့စရာ ခူးကြလွန်းသဖြင့် ကသစ်ပင်သည် အရွက်မနုနိုင်ရှာ။ အုတ်တံတိုင်းဘက်ကပ်လျက်မှာတော့ မဥ္ဇူပန်းများ ဖွေးဖွေးလှုပ်ပွင့်နေကြသည်။ ညနေဆိုလျှင် ဒေါ်မြင့်တို့ တသိုက် မဥ္ဇူပန်းများခူးကာ-ပန်းခိုင်လုပ်ပြီးဘုရား ကပ်လေ့ရှိ၏။ မနက် ၅ နာရီနှင့် ည ၇ နာရီစုပေါင်းဘုရားရှိခိုးသောအခါ၊ အဆောင်ဘုရားစင်မှာ မဥ္ဇူပန်းများ ဝေနေသည်ကို မြင်ရမည်။

"ဒါနဲ့ . . . မမီးရောက်သွားတဲ့မြို့. . . ဘာမြို့"

"ဘန်ကောက်နဲ့နီးတယ်၊ မြို့ကခပ်ငယ်ငယ်ပါ။ ကိုယ်လည်းတစ်မြို့လုံး လျှောက်သွားဖူးတာမှ မဟုတ်တာ။ တစ်လတစ်ခါ ဈေးဝယ်ထွက်ရလို့၊ ဈေးပဲသိတယ်။"

"ကိုယ်ပိုင်ဂေဟာပေါ့နော်"

"ကိုယ်သိသလောက်တော့ ဘာအနှောင့်အယှက် မှမရှိဘူး၊ ညှော့သည်တွေ ကသိပ်များတာ၊ ခြံထဲမှာ ဆိုင်ကယ်အပြည့်ပဲ၊ ဆိုင်ကယ်နဲ့





လာကြတာ"

ခင်စန်းရီတစ်ချက်ရယ်သည်။

"ဘာရယ်တာလဲ"

"ဆိုင်ကယ်နဲ့ လာကြတယ်ဆိုလို့"

"နင်က. . ဘာနဲ့လာတယ်ထင်လို့လဲ"

"သိဘူးလေ"

"သေချာတာကတော့ ငွေဖြုန်းနိုင်တဲ့လူတွေပဲ"

"ထိုင်းတွေပေါ့"

"လူမျိုးစုံပါပဲ"

"မမီးကို သနားလိုက်တာ"

ခင်စန်းရီက မီးမီးကို လှမ်းဖက်ရင်း ပြောသည်။ မီးမီးကိုယ်လုံးသည်၃-၄လအတွင်း အနေအစားဆင်းရဲသွားပါ လျက်၊ တင်းတင်း ရင်းရင်းရှိနေသေးသည်။

မီးမီးကတော့ ကိုယ့်ကိုယ်ကိုရွံ၏။

ဘာနှင့်ဆေး၍ စင်ကြယ်ပါတော့မည်လဲ။

ဆေးကြော၍ ရနိုင်ကောင်းသည် မဟုတ်သဖြင့် မီးမီးကာကွယ်ခဲ့၏။ လွယ်လွယ်နှင့် သည်ဘဝအရောက်ခံ ခဲ့သူမဟုတ်။ မီးမီးဆိုတာ လုပ်ချင်တာကို ဖြစ်အောင်လုပ်တတ်ပြီး မလုပ်ချင်တာကိုမလုပ်ဘဲ နေခဲ့သူပဲ။

"အဲဒီတုန်းက အိပ်ယာကနိုးမှသိတာပေါ့နော်။ လမ်းမှာ တစ်ခါမှ မနိုးဘူးလား။"

ခင်စန်းရီက သောက်လက်စဆေးလိပ်ကို မီးမီးလက် ထဲထည့်ရင်းမေးသည်။ မီးမီးက ဆေးလိပ်ကို အေးအေးဆေးဆေး ဖွာနေလိုက်၏။ ရေမြောင်းထဲသို့ ခိုကလေးတစ်ကောင် ရေလာသောက်သည်ကို ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ခိုကလေးသည် ခြေထောက်ပန်းရောင်လေးနှင့်ကိုယ်က မီးခိုးရောင်။ ခြေထောက်ပန်းရောင်လေးကို ရေထဲချပြီး နှုတ်သီးနှင့် ရေသောက်လိုက်၊ ခေါင်းခါလိုက်လုပ်နေသည်။ ခဏကြာတော့မှ ခိုကလေးသည် တောင်ပံများကို ဖြန့်ကားပြီး၊ သူ့အိမ်ဖြစ်သော (၇)ဆောင် ခေါင်မိုးဆီ ပျံသွားလေသည်။

"အင်း. . . လမ်းမှာ နိုးချင်လဲနိုးမှာပေါ့လေ၊ အိပ်ပျော်သွားတာက အဲဒီမနက်ကနေ တစ်နေ့လုံး၊ ပြီးတော့ တစ်ညလုံး၊ ပြီးနောက် တစ်နေ့လုံး၊ နောက် နေ့ညနေ ၆ နာရီမှ ကောင်းကောင်းနိုးတာ။ ဒီတော့ ဒါလောက် တောက်လျှောက် အိပ်ပျော်တာလား။ ကြားထဲမှာ ဆေးတွေ ဘာတွေ ထပ်တိုးတာဖြစ်ချင်လဲဖြစ်မှာပေါ့။ ဘာမှမသိတာ တော့အမှန်ပဲ၊ ကောင်းကောင်းနိုးတဲ့အချိန်မှာ အခန်းတစ်ခုထဲမှာ အိပ်ယာပေါ်ရောက်နေပြီ။ ကားထဲမှာမဟုတ်တော့ဘူး၊ အခန်းထဲမှာလဲ ဘယ်သူမှမရှိဘူး။"

"မမီး ကြောက်သွားမှာပေါ့"

"ကြောက်တာ မဟုတ်ဘူး၊ ကြောင်နေတာ"

"အင်း. . . ဟုတ်မှာပေါ့"

"ငါ. . . ဘယ်ရောက်နေပါလိမ့်. . . လို့ ကြောင်နေတယ်၊ အခန်းကို ကြည့်တော့လဲ နားမလည်ဘူး၊ အခန်းထဲကနေ အပြင်ကို မမြင်ရဘူး၊ အခန်းကျဉ်းပေမဲ့ အကောင်းစားပစ္စည်းတွေချည်းပဲ၊ မွေ့ယာ ကောင်းကောင်း၊ ခေါင်းအုံးလှလှ၊ အိပ်ယာခင်းလှလှ၊ မှန်တင်ခုံနဲ့ အဝတ်ထည့်တဲ့ဘီရိုနဲ့၊ အပေါ့အပါးသွားတဲ့ အိုးတောင်ရှိတယ်။အနံ့တစ်မျိုးကလဲ မွှေးလို့၊ တယ်ဇိမ်ကျပါလားလို့တောင် တွေးမိသေးတယ်။ လူမောင်တို့ အလုပ်လုပ်တဲ့ ကုမ္ပဏီက ဧည့်သည်ကို အကောင်းစားဧည့်ခံတာကို့.လို့လဲ အတွေးပေါက်ခဲ့သေးတယ်၊ တကယ်ကို တာချီလိတ် ဟိုဘက်ကမ်းက မြို့လို့အောက်မေ့နေတာ. . ."





မီးမီးက ပါးစပ်ကိုမဲ့ပြီး ရယ်လိုက်သည်။

"ဘာတွေ ဆီမန်းမန်းနေတာလဲ"

ထောင်ယာ၊ ဘုတ်ကိုင် ဒေါ်ကျီးကန်းရောက်လာသည်။ ခင်စန်းရီက အလိုက်သိစွာ ဆေးလိပ်တစ်လိပ်ပေးလိုက်၏။ ဆေးလိပ်သည် ထောင်ထဲမှာ တန်ခိုးအရှိဆုံးပစ္စည်း။ ဒေါ်ကျီးကန်းက ဆေးလိပ်ယူပြီး ထွက်သွားသည်။

"မီးမီး နေမကောင်းလို့တဲ့၊ ကြည့်လိုက်ပါဦး" ဟု ခင်စန်းရီကို လှမ်းပြောသွားသေးသည်။

"ဒေါ်ကျီးကန်းလို့ သူ့ကိုနာမည်ပေးတဲ့ လူကို ချီးကျူးပါတယ်။ တကယ့်ကို ဘယ်မှာ အစာရမလဲဆိုတဲ့ ကျီးကန်းမျက်လုံးကြီးနဲ့. . ."

ခင်စန်းရီက ပွစိ ပွစိ ပြောနေ၏။

မီးမီးကမူ၊ အုတ်တံတိုင်း ဟိုဘက်မှာ လှမ်းမြင်နေရသော ထောင်ဆေးရုံကြီး၏ ခေါင်မိုးပေါ်မှာ ခိုကလေးများကို ငေးနေသည်။

"နောက် ဘယ်လိုလုပ်သိလာလဲ"

"အဲ. . ဘယ်လိုလုပ်သိလာလဲဆိုတော့။ ရုတ်တရက်တော့ မသိသေးဘူး၊ ဧည့်ခံနေတာလို့ပဲ မှတ်နေသေးတယ်၊ တစ်ခုထူးခြားတာက လူမောင်နဲ့ ခင်ခင်ဝင်းကို မတွေ့ရတာပဲ"

"အေးလေ. . . အတူလာကြာတာပဲဟာ"

"အခန်းထဲကို မိန်းမတစ်ယောက်ပဲလာတယ်၊ သူက ထိုင်းလိုလို၊ တရုတ်လိုလို၊ မြန်မာစကား နည်းနည်းပြောတတ်တယ်၊ သူကကိုယ့်ကို လာကြည့်ပြီး ခေါက်ဆွဲပြုတ်တစ်ပန်းကန်တိုက်တယ်၊ ကိုယ်လဲဆာဆာနဲ့ စားပစ်တာပေါ့၊ နောက် အိပ်ချင်လာတာနဲ့ အိပ်လိုက်တယ်။

"အဲဒီ ခေါက်ဆွဲပြုတ်ထဲကော အိပ်ဆေးပါသေးလား"

"မပြောတတ်ဘူးလေ၊ အိပ်လို့ကောင်းနေတာတော့ အမှန်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်လောက်ကျမှ ရေတွေဘာတွေချိုးဖို့ အဲဒီမိန်းမလာခေါ်တယ်၊ သူက အနားကမခွာဘူး၊ အဲသလို ရေချိုးခန်းသွားဖို့ အပြင်ကို ထွက်တော့မှ ကိုယ့်လိုအခန်းတွေ အများကြီးတန်းစီနေတာတွေ့ရတယ်။ ခန်းဆီးလှလှကြီးတွေ နဲ့ပေါ့။ စိတ်ထဲမှာ ကုမ္ပဏီက တည်းခိုခန်းတွေ အများကြီး လုပ် ထားပေးတာကိုးလို့ ထင်နေတယ်။"

"မမီးက အတော်ရိုးတာကိုး"

"ဘယ်လိုလုပ်ဒီလိုကြီးတွေးမိပါ့မလဲ"

"ကဲ ဆက်ပါဦး၊ ဘယ်တော့မှ ဟိုကိစ္စလုပ်ခိုင်းတာ လဲ"

မီးမီးက သက်ပြင်း မှုတ်ထုတ်လိုက်ပြီးမှ. .

"အဲဒီတုန်းက. . . ကိုယ်တအားငြင်းဆန်ခဲ့တာပေါ့. . ."



"ငါ့ကို . . ဒါလုပ်ဖို့ ခေါ်လာတာ"

သည်အသိကို ရလိုက်သည့်ခဏတွင်း မီးမီးသည် ဒေါသဖြင့် တက်မတတ်ပင် ဖြစ်သွားရ၏။

"ငါ့ကို. . . ဒီအလုပ်လုပ်ခိုင်းမလို့. . ဟုတ်လား"

ကိုယ့်ဘာသာပြန်မေးမိ၏။

"ငါ. . . နားကြားလွဲတာထင်တယ်၊ မဖြစ်နိုင်ဘူး"

ဦးနှောက်သည် အကြောက်အကန်ငြင်းဆန်လေသည်။ ကိုယ်နားကို ကိုယ်မယုံ။ ကိုယ့်အဖြစ်ကို ကိုယ်မယုံ၊ မဖြစ်နိုင်ဘူး။ ဒါဟာ လုံးဝမဟုတ်နိုင်ဘူး။

လူသည် မျက်ကလူးဆန်ပြာ။

နုတ်က မဟုတ်ဘူး၊ မဟုတ်ဘူးဟု အော်သည်၊

မြန်မာလို အနည်းငယ်တတ်သော အမျိုးသမီးက ညှာတာမှုပါ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်လုံးများဖြင့်ကြည့်၏။

"နင် သဘောတူလို့ လိုက်လာတာ မဟုတ်ဘူးလား"

မပီသပေမဲ့၊ သူ့စကားကိုနားလည်၏။ မီးမီးက ခါးခါးသီးသီး ပြောပစ်လိုက်သည်။

"ဒီမျက်နှာကိုကြည့်၊ ငါ့ကို ဘာမှတ်လဲ၊ ငါဘာလို့ အလုပ်ကို သဘောတူပြီးလိုက်လာရမှာလဲ၊ နေပါဦး၊ ခင်ခင်ဝင်းဘယ်မလဲ၊ လူမောင်ကော"

မီးမီး အော်ဟစ်သံကြောင့် မျက်နှာကျက်မှ မီးအိမ်လေးပင် တုန်ခါသွားပုံရ၏။ ဝတ်ဆင်ထားသော အင်္ကျီလက်ရှည်ကို၊ လက်မောင်းအထိ ခေါက်တင်လိုက်သည်။ ပြန့်ကြဲဝဲကျနေသော ဆံယဉ်တချို့ကို လက်နှစ်ဖက်ဖြင့် သပ်တင်လိုက်သည်။ ထမီကိုအတို ဆုံးဖြစ်အောင် ပြင်ဝတ်လိုက်၏။ နှုတ်ခမ်းကိုစေ့ကာ၊ အံကို တင်းတင်းကြိတ်ပြီး၊ ထိုမိန်းမ မျက်လုံးများကို စေ့စေ့ကြည့်လိုက်သည်။ ထိုမိန်းမကား အလွန်အမင်း အံ့ဩပုံမရချေ။ သူ့အနေနှင့် အတွေ့အကြုံများခဲ့ပြီး ဖြစ်ပေလိမ့်မည်။

"နင် မကျေနပ်ရင်၊ အိပ်~^ကိုပြောပြလိုက်မယ်"

သူက စဉ်းစားပြီးမှ ပြောသည်။

"မကျေနပ်ဖူး၊ နည်းနည်းမှမကျေနပ်ဖူး၊ ခေါ်ခဲ့နင့်အိမ်ရှင်ကို"

ထိုမိန်းမ ထွက်သွားသည်။

တံခါးကို အပြင်က သော့ခတ်ထားသည်။

မီးမီးသည အင်္ကျီကို ဆွဲချွတ်ပစ်လိုက်၏။ လက်ပြတ် အင်္ကျီ ~^ ;လဲလိုက်သည်။အခန်းကို လှည့်ပတ်စစ်ဆေးသည်။ အုတ်နံရံများပိတ်ကာထား၏။ အပြင်သို့ ထွက်သော တံခါးပေါက်တစ်ခုပဲရှိသည်၊ မျက်နှာကြပ်မှာ ဖြူဖွေးနေ၏။ မျက်နှာကျက်နှင့် အုတ်နံရံအစပ်မှာ သေတ္တာပုံသဏ္ဌာန်ပြတင်းပေါက်တစ်ခုရှိသည်။ လေအေးစက်ဖြစ်ပေလိမ့်မည်။





ဖွင့်၍ရသောပြတင်းပေါက်တစ်ခုမှမရှိ။ အမိုးကို ဖွင့်ထွက်လျှင်တော့ ရနိုင်ကောင်းသည်။ မျက်နှာကျက်သည် သုံးထပ်သားဖြစ်လျှင်ပေါ့။

နံရံမှာနံရံကပ်အဝတ်ဘီရိုရှိ၏။ မီးမီးအဝတ်အစား များသည် ဘီရိုထဲမှာ စီကာစဉ်ကာ ရှိနေပြီဖြစ်၏။ ဟိုမိန်းမ ထည့်ထားပေးတာ ဖြစ်မည်။ ကုတင်က မကျဉ်းမကျယ်။ နှစ်ယောက်အိပ်ဟုလည်း မပြောသာ။ တစ်ယောက်အိပ် ထက်လည်းကျယ်သည်။

"တောက်"

မီးမီးက ခပ်ပြင်းပြင်းတောက်တစ်ချက်ခေါက်လိုက်၏။ ပြီး မှန်တင်ခုံဘက် လှည့်ကြည့်လိုက်သည်။

ဇာဖြူပါးပါးအုပ်ထားသော မှန်သားမှာ မြတ်နိုးဖွယ်ဖြစ်၏။ မှန်တင်ခုံ ဘေးနံရံမှာ နိုင်လွန်ခန်းဆီးအတွန့်အတွန့်နှင့် ရှိသည်။ တစ်ဘက်နံရံမှာ မိန်းမနှင့်ယောကျ်ား ဖက်တွယ်နမ်းရှိုက်နေပုံ ဓါတ်ပုံကားချပ်ကို မြင်ရသည်။ ရောက်စကတည်းက သည်ပုံကိုမြင်သား၊ ရှိုးရှိုးပဲ ထင်ခဲ့၏။ ယခုမှ သဘောပေါက်လာသည်။ တဆတ်ဆတ်တုန်လာအောင် ဒေါသဖြစ်၏။

အိမ်ရှင်ရောက်လာလျှင် ဘာပြောမလဲ။

ပယ်ပယ်နယ်နယ်ပြောပစ်ရမည်။ မီးမီးဆိုသည်မှာ သည်အလုပ်မျိုးလုပ်ဖို့မပြောနဲ့၊ အပြောခံရရုံနှင့် ပါးရိုက်ပစ်ချင်သည်။ ငါ့မှာ မျိုးရိုးလဲ မရှိဘူး၊ ငါဟာ မိကောင်းဖခင် သားသမီး၊ တစ်ပြားမှ မရချင်နေ၊ လျှာမှာ မြက်ပေါက်လိုက်ဦး ဘယ်တော့မှ ဒီယုတ်ညံ့တဲ့အလုပ်နဲ့ အသက်မမွေးဘူး၊ မှတ်ထား. . ။

ခု. . ငါပြန်မယ်"

ခေါင်းထဲမှာ စကားလုံးတွေကို စီထားသည်။

ဘီရိုထဲက ကိုယ့်အဝတ်အစားတွေကိုလည်း အဆင်သင့်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ထားမှပဲ။

ပြောပြီးတာနဲ့ ချက်ခြင်းပြန်ရမည်။ ခင်ခင်ဝင်းတို့နှင့် မတွေ့လည်း ကုလီထမ်းပြီးဖြစ်ဖြစ်၊ စားရိတ်ရှာပြီးပြန်မည်။

မှန်တင်ခုံပေါ်မှာ ရေပုလင်းရှိ၏။ ရေတဝသောက် လိုက်မည်စိတ်ကူးပြီးမှ ပြန်ချထားလိုက်သည်။ သည်အခန်းထဲကရေကို မသတီချေ။

လှဲအိပ်နေရကောင်းမလား။

ဘယ်ဖြစ်ပါ့မလဲ။ ဒီအိပ်ယာကြီးပေါ်မှာ။ အိပ်ယာကို ကြည့်ပြီး ရွံလာသည်။ အိပ်ယာခင်းက ဖြူဖွေးသန့်ပြန့်သော်လည်း သည်အိပ်ယာသည် ဘုံအိပ်ယာကြီးပဲ။ ရွံ့တယ်။ မီးမီးရွံလိုက်တာ။ ကိုယ့်ယောကျ်ားကိုတောင် မသာယာနိုင်ခဲ့တဲ့လူလေ။ သူစိမ်းတရံစာများနှင့်သည် အိပ်ယာမှာ အတူနေဖို့ဆိုတာ. . . အသက်သာ အသေခံလိုက်မယ်။

အသက်ကို ပြင်းပြင်းရှူလိုက်၏။

ရင်ထဲက တင်းကြပ်မှုကလျော့မသွား။ တစ်ကိုယ်လုံး ပူလာသည်။ ကြာလျှင် မီးဟုန်းဟုန်းများထတောက်မလား။ အခန်းထဲက ပန္နည်းတွေ တစ်ခုပြီးတစ်ခုပေါက်ခွဲပစ်ချင်နေသည်။

ဒါနဲ့ ခင်ခင်ဝင်းတို့ ဘယ်ရောက်နေလဲ။ သူတို့က ဘာလို့လာမခေါ်ကြတာလဲ။ လမ်းမှာ ပြန်ပေးဆွဲခံခဲ့ရတာလား။ သူတို့ကော အန္တရာယ်ကင်းရဲ့လား. . .။ လောလောဆယ်တော့ ကိုယ်လွတ်ရုန်းရမည်။ မိမိကိုမိမိ ကယ်တင်ရမည်။

အားလုံးကို ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်၏။



ဘာဖြစ်တယ်။

ကိုယ့်နားကို ကိုယ်မယုံချေ။

ဘာသာပြန်ပေးသော မိန်းမက မတုန်မလှုပ်။ မီးမီးကားတစ်ကိုယ်လုံးနတ် ကျသလိုတုန်လာသည်။ အိမ်ရှင်ဆိုသူ အမျိုးသမီးကလည်း ထူးခြားသော ကိစ္စမဟုတ်သည့်အတိုင်း၊ သူ့အနေနှင့်တော့ ငါးဖားဝယ်သလို၊ အင်္ကျီတစ်ထည် ထမီတစ်ထည်ဝယ်သလိုလောက်ပဲ သဘောထားလေသလားမသိ။ စီးကရက်ကို ဟန်မပျက်ဖွာရင်း၊ မထူးဆန်းသော သတ္တဝါတစ်ကောင်လို ကြည့်နေသည်။ အသားအရေဖြူဖွေးပြီး မျက်ခုံးထူထူ၊ နှုတ်ခမ်းထူထူနှင့် သူ့ပုံပန်းသည်၊ သည်အလုပ်ကို ဦးစီး လုပ်ကိုင်နေသူဟု ထင်နိုင်စရာမရှိ။ ပကတိ အေးဆေးတည်ငြိမ်သော သူ့ဟန်ပန်သည်၊ ရုပ်ရှင်ထဲတွင် မြင်ဖူးသော မင်းကတော်၊ စိုးကတော်ကြီးများ၏ ပုံမျိုး။ ရက်စက်ခြင်း၊ မာကျောခြင်း၊ ခက်ထန်ခြင်း အမူအရာများကို



www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းမမှာ အလျင်းရှာဖွေ၍ မရချေ။

"ပြန်ပြောစမ်းပါ၊ ပြန်ပြောစမ်းပါ"

မီးမီးက အသံကို မြှင့်၍အော်သည်။

ဘာသာပြန်ပေးသည့် မိန်းမက စိတ်ပျက်စွာခေါင်းကုတ်လိုက်၏။ အိမ်ရှင်မိန်းမကို လှည့်ကြည့်လိုက်၏။ အိမ်ရှင်မိန်းမက မီးမီးနားမလည်သော စကားများဖြင့် ပြန်ပြောသည်။ သူ့စကားများအဓိပ္ပါယ်ကို နားမလည်သော်လည်း၊ သူ့စကား များတွင် ဒေါသမပါတာတော့ သေချာသည်။ ကိုယ့်ဘက်က သည်မျှပြင်းထန်ပေါက်ကွဲနေပါလျက်၊ ဘာ့ကြောင့်များ သူတို့ က အေးစက်စက်တုန့်ပြန်ကြပါလိမ့်။

ခဏကြာမှ ဘာသာပြန်မိန်းမက ခပ်ပြတ်ပြတ်ပြော သည်။

"နင်ဘယ်လိုမှ ငြင်းလို့မရတော့ဘူး၊ နင့်လူတွေက နင့်ကို ရောင်းထားခဲ့တာ နင်အိမ်ပြန်ဖို့အတွက် ဒီမှာ အလုပ်လုပ်ရမယ်၊ သူတို့က ဘတ်တစ်သောင်းနဲ့ရောင်းခဲ့တာဆိုတော့၊ နင်က ဘတ်နှစ်သောင်းဖိုးအလုပ်လုပ်ပေးရမယ်၊ အဲဒါကြေ ရင်ပြန်လွှတ်ပေးမယ် ဒါပဲ"

နေ့းနေ့းမှန်မှန်ကြားနေရသော စကားများက၊ မီးမီး တစ်ကိုယ်လုံးကို လောင်မီးကျစေသည်။ တစ်ကိုယ်လုံးအရည်ပျော်တော့မည်ထင်ရ၏။ လူသည် ခြေထောက်ပေါ်မှာ ရပ်၍မရတော့။ ဒူးဆစ်များပြုတ်ကျကုန်ပြီထင်သည်။ အေးချမ်းစွာ လှည့်ထွက်သွားကြသော မိန်းမနှစ်ယောက်ကို ကြည့်ရင်း၊ ကြမ်းပေါ်ခွေကျသွားလေသည်။ မျက်လုံးထဲမှာ ဘာမျှ မမြင်ရတော့။ ခေါင်းထဲမှာလည်း ဘာမျှ စဉ်းစား၍မရတော့။ နီနီ၊ ပြာပြာ၊ ဝါဝါ၊ ခရမ်း၊ အရောင်တွေ ရှုတ်ရှက်ခတ်နေတာကိုပဲ မြင်နေသည်။ နားထဲမှာ ဝီခနဲ အသံတစ်ခုကြားလိုက်ရပြီး နောက် ဘာမှမသိတော့။



မောလိုက်တာ

သတိရလာတော့ မောနေသည်။

ခရီးမည်မျှနှင်ခဲ့ရသည်မသိ။

ခုတော့ မောနေတာပဲသိသည်။ အာခေါင်တွေ ခြောက်နေသည်။

ရေသောက်ချင်လိုက်တာ။

ရေသောက်ချင်တယ်။မှန်တင်ခုံပေါ်မှာ ရေပုလင်းရှိတာကို သတိရ၏။ ထယူဖို့ဝန်လေးနေသည်။ ရင်ထဲမှာပူလာ၏။ လူက ထ၍မရ။ ကြမ်းပေါ်မှာ လူးလိမ့်ပြီး မှန်တင်ခုံဘက်ရွေ့ရသည်။ လက်နှစ်ဖက်စလုံးဖြင့် မှန်တင်ခုံအစွန်းကို အားယူပြီးမှ ရေပုလင်းကို ဆွဲယူလိုက်နိုင်သည်။ ပုလင်းအဖုံးကို တော်တော်နှင့်ဖွင့်၍မရ၊ ရမည့်ရတော့ ကြမ်းပေါ်ဖိတ်ကျလာသည်။ ရေများကို အငမ်းမရမော့ချ၏။ တစ်ပုလင်းလုံးကုန်မှ အသက်ရှူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ပုလင်းကို ကြမ်းပေါ်လွှင့်ပစ်ရင်း သတိတစ်ခု ဝင်လာသည်။ ငါ. . ကြမ်းပေါ်မှာ လဲနေတာပဲ။

ငါ. . လဲကျသွားခဲ့ပြီး။ ငါ. . ကျဆုံးသွားပြီလား။ ငါ. . . ရှုံးသွားပြီလား။ ဒါဟာ ငါ့ရဲ့အရှုံးနိဂုံးလား။ မဖြစ်နိုင်။ သတိဝင်နေသေးသမျှအရှုံးပေး၍မဖြစ်။ အသက်ရှူနေသေးသမျှ အရှုံးမပေးနိုင်။ သည်တော့ ဘာလုပ်ရမည်လဲ။

ရုန်းထွက်ရမည်။ အသက်နှင့်လဲပြီး ရုန်းထွက်ရမည်။ တွေ့သမျှအတားအဆီး၊ အကာအရံဆိုသည်မှာ လူတွေ လုပ်ထားတာပဲ။ တစ်နည်းမရတစ်နည်းဖြင့် ထွက်မြောက်နိုင်ရမည်။ မျှော်လင့်ချက်ဆိုသည်မှာ ဆုံးပြီမရှိ။ အသက်ရှင်နေပါလျှက် အရှုံးပေးလိုက်လျှင်၊ သည်ဘဝမှာ နစ်မွန်းတော့မည်။ နစ်မွန်းခံ၍ ဘယ်နည်းနဲ့မှမဖြစ်။ ခွန်အားရှိသမျှ ရုန်းရမည်။

ခွန်အား . . . ဟု သတိရမှ အားရှိအောင် အစာစားဖို့ သတိရလာသည်။ လူးလဲထပြီး မှန်တင်ခုံပေါ်ကြည့်လိုက်၏။ ကြက်ဥပြုတ်များ၊ ဘီစကွပ်မုန့်ထုပ်၊ ပြီးတော့ အချိုရည်ဗူးများ။

အားလုံးကို တစ်ထိုင်တည်းစားပစ်လိုက်သည်။



"အေး. . . အဲသလို လိမ္မာမှပေါ့"

စား၍ပြီးခါနီးမှာပင်၊ ဟိုမိန်းမဝင်လာသည်။

"နင် အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

သူက လိုရင်းကပဲ မေးနေသည်။

မီးမီးက ပြုံးပြလိုက်၏။ သူက ပြန်မပြုံးချေ။ မီးမီးကို ယုံကြည်မရ။ မီးမီးက သူ့လက်ကို ဆွဲလိုက်သည်။

"ဒီမှာ. . . . အစ်မ"

"ပြောစရာရှိပြော"

"သိချင်သေးတယ်"

"ဘာကိုလဲ"

"ဒီမှာ လူဘယ်နှစ်ယောက်ရှိလဲ"

"မိန်းမတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မလိုမျိုးပေါ့"

"အများကြီး"

"ဟင် အများကြီးဟုတ်လား"

"နင် အလုပ်လုပ်ရင် တွေ့မှာပေါ့"

"နေပါဦး၊ အလုပ်က ဘယ်တော့စမှာလဲ"

"နင်လက်ခံပြီဆိုရင် ပထမနင့်ကို ဆေးခန်းပြမယ်၊ လိုအပ်တဲ့ အဝတ်အစား၊ အလှပြင်ပစ္စည်းတွေ ဝယ်ရမယ်၊ အားလုံးအဆင်သင့် ဖြစ်ပြီဆိုရင် စနိုင်ပြီ။"

"ဈေးဝယ်ရမယ်ဟုတ်လား၊ ကျွန်မလိုက်ရမှာပေါ့"

"ဘယ်လိုက်ခွင့်ပြုမလဲ၊ အဲ ဒါပေမဲ့ နောက်တစ်လလောက် ဆိုရင်တော့၊ ဈေးဝယ်လိုက်နိုင်မယ်၊ လောလောဆယ်တော့၊ ဒီခြံထဲက ဘယ်မှသွားခွင့်မရှိဘူး။ မီးမီး ခဏနားပြီး အသက်ရှူသည်။

ထိုမိန်းမက ဘာမှမပြောတော့ဘဲ၊ အခန်းရှင်းပေးနေသည်။ သူဟိုဘက်လှည့်နေဆဲ တံခါးပေါက်က လှစ်ခနဲပြေးရန် ကြံလိုက်သေးသည်။ သို့သော် မီးမီး နောက်ကျနေသည်။ မိန်းမက တံခါးသော့ကို ခါးမှာချိတ်ထား၏။ လုယူရ ကောင်းမလား။ သူ့ကိုယ်လုံးနှင့် ကိုယ့်အား မတိမ်းမယိမ်းမို့၊ အနိုင်ရကောင်းရနိုင်သည်။ သို့သော်မသေချာ။ ရှန်းရင်းဆန်ခတ်ဖြစ်ခဲ့သော်၊ ယခုထက်ကြပ်တည်းသွားနိုင်သည်။ လောလောဆယ် သူ့ကိုအသာတကြည်ပေါင်းပြီး သူနှင့်တစ်ပါတည်း ထွက်ခြင်းက၊ ပို၍ အခွင့်သာနိုင်သည်။

"ဒီမှာ အစ်မ"

"ပြော"

"အစ်မ အခန်းပြင်ထွက်ရင်၊ ကျွန်မလိုက်လို့ရမလား"

သူက မျက်ခုံးမွေးသေးသေးလေးကို မြှင့်လိုက်ပြီး





"နင် အလုပ်လက်မခံသေးရင်၊ လုံးဝထွက်ခွင့်မရှိဘူး"

ဒါပဲ ပြောပြီး အပြင်ထွက်ရန်ပြင်သည်။

"နေပါဦး"

သူ့လက်ကို ဆွဲရပြန်သည်။ သူက သိပ်စိတ်ရှည်ဟန်မတူ။ မီးမီးကို ခပ်တင်းတင်းစောင်းကြည့်သည်။

"ကျွန်မ ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ"

"သုံးညနဲ့ လေးရက်"

"ဒီလောင်တောင်"

"နင့်ကို သဘောပေါက်အောင်ပြောပြီးပြီ၊ မြန်မြန် အိမ်ပြန်ချင်ရင်၊ မြန်မြန်အလုပ်လက်ခံ၊ ငွေကြေတော့ ပြန်နိုင်တယ်"

သူက အပြင်ထွက်ဖို့ ခြေလှမ်းပြန်သည်။

"နေဦးလေ၊ အစ်မကလဲ"

"ကျွန်မမှာ အလုပ်ရှိသေးတယ်"

"ဟိုဒင်းပါ။ ငွေကြေဖို့ဆိုတာ ဘယ်လောက်ကြာမလဲ"

သူက မျက်ခုံးမွေးသေးသေးကို မြှင့်လိုက်ပြန်သည်။

"ရှင်းရှင်းလေးပဲ နင်ဧည့်သည်များများရရင်၊ မြန်မြန်ကြေမှာ ပေါ့"

ဧည့်သည် . . .

မီးမီးက ပါးစပ်မှ ရေရွတ်ရင်း၊ ရွံရှာသွားသည်။ ဧည့်သည်တဲ့ လား။ အဲဒါတွေကို ဧည့်သည်လို့ ခေါ်သတဲ့လား။

"ဧည့်သည်များများရဖို့က၊ ဧည့်သည်ကြိုက်အောင် လုပ်ရမှာ ပေါ့၊ ဒါတွေ နင်လုပ်ရင်းတတ်သွားမှာပါ"

"လုပ်ရင်း တတ်သွားမှာ"

မီးမီးက သံယောင်လိုက်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ချက်ပြုံးရင်း. . .

"နင် ကံကောင်းပါတယ်၊ နင့်ကိုတွေ့ချင်လို့ စောင့်နေတဲ့လူတွေအများကြီး"

"ရှင် ကျွန်မကိုတွေ့ချင်လို့"

သူ အသံထွက်ရက်လိုက်၏။

"မင်း ဒီမှာရောက်နေပြီဆိုတာ၊ အိမ်ရှင်က ကြေညာထားပြီ"

"ဘယ်လို"

"မင်းသဘောမပေါက်ဘူးထင်တယ်၊ မင်းဒီမှာ ရှိတယ်ဆိုတာ ကြော်ငြာထားတယ်၊ မင်းကမြန်မာမဟုတ်လား၊ မြန်မာစစ်စစ်ရနိုင်တယ်လို့ ကြော်ငြာတာပေါ့၊ ဒီမှာ မြန်မာရှားတယ်၊ အဲဒါ မင်းကံကောင်းတာပေါ့"

မီးမီးတစ်လုံးမှ ပြန်မပြောနိုင်ခင်၊ သူထွက်သွားသည်။ ကလင်-ဟုမြည်သွားသော တံခါးသော့ကျသံသည် မီးမီး နှလုံးသားကို ထုနှက်သွားလေသည်။

အမယ်လေး. . . မြန်မာစစ်စစ်တဲ့လား။



မြန်မာစစ်စစ်တဲ့။

နင်. . . ကံကောင်းတယ်တဲ့။

မြန်မြန်လက်ခံရင် မြန်မြန်ကြေမှာပေါ့တဲ့။

နားထဲမှာပဲ့တင်ထပ်နေကြသည်။ လောလောဆယ် ဘာမျှစဉ်းစား၍မရ။ သည်လိုနှင့် နောက်ထပ်တစ်ရက်ကူးသွားသည်။ စဉ်းစား၍မရတိုင်း၊ လွတ်လမ်းကိုရှာ၏။ အခန်းက ထွက်ပေါက်မရှိ။ သော့အမြဲခတ်သည်။ ပရိယာယ်သုံးပြီး အပြင်ထွက်ခွင့်ရအောင် လုပ်ခြင်းနည်းလမ်းတစ်ခုကိုသာ တွေးမိ၏။ အလုပ်လက်ခံပါမည်ဟု ပြောပြီး၊ အပြင်ထွက်ရတော့မှ နောက်ထပ်တစ်နည်းရှာနိုင်မည် ထင်သည်။

သည်မှာ ကြာနေခြင်းသည်၊ သားလေးနှင့် ပြန်တွေ့မည့်ရက်များကို ဖြုန်းတီးရာကျနေမည်။ ကိုယ့်အသက် အသေခံသွားပြီးမှ သားလေးကို အမိမဲ့သားအဖြစ်ထားခဲ့၍ တရားမည်လား၊ အပြင်ထွက်ခွင့်၊



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲသွားခွင့်တွေရလာဦးမည်ပဲ။ သည်တော့ ထိုအခွင့်အလမ်းများအတွက်၊ ယာယီအားဖြင့် "အလုပ်လုပ်ပါမည်" ဟုပြောရန် တစ်လမ်းပဲရှိသည်။

"နေပါဦး၊ အလုပ်လုပ်မယ်ဆိုရင် အလုပ်ကရတဲ့ငွေကို ဘယ်သူသိမ်းမှာလဲ" ထိုမိန်းမကိုပင် မေးရ၏။

"ငွေက နင်တို့လက်ထဲမထည့်ဘူး။ ပိုင်ရှင်မှာ တိုကင်ဝယ်ရတယ်။"

"တိုကင်"

"အခန်းထဲ ဝင်ဖို့ လက်မှတ်ပေါ့"

"အင်း. . ပြောပြစမ်းပါဦး"

"ပထမတော့ မှန်ခန်းကြီးထဲမှာ တန်းစီပြရတယ်။လှေခါးထစ်တွေနဲ့ ရှိုးပြတဲ့ စင်မြင့်ဆိုပါတော့၊ အပြင်ကနေ ဧည့်သည်တွေက ကြည့်ပြီးရွေးတယ်"

"အင်း. . . နားလည်ပြီ"

"ရွေးပြီးတော့ ကြိုက်တဲ့လူကို တိုကင်ဝယ်တာပေါ့"

"မကြိုက်တဲ့လူကော ရှိလို့လား"

"တစ်ညလုံး ဈေးဦးမပေါက်တဲ့လူလဲ ရှိတာပဲ"

ကြဲကြဲဖန်ဖန်ဒါကိုများ "ဈေးဦး" တဲ့။

"နို့. . . ကြိုက်တဲ့လူများနေရင်ကော"

"ရတယ်လေ၊ တိုကင်ဆယ်ခု၊ ဆယ့်နှစ်ခုထိရောင်း နိုင်တယ်။ အလှည့်ကျဝင်ပေါ့။ တိုကင်တစ်ခုဝယ်ရင် - ၁၅ မိနစ် အချိန်ပေးတယ်"

"၁၅ မိနစ်"

"ဟုတ်တယ်၊ အဲဒီ ၁၅ မိနစ်ထက် ထပ်နေချင်သေးတယ် ဆိုရင်၊ နောက် ထပ်တိုကင်တစ်ခုထပ်ဝယ်လို့လဲရတယ်၊ နှစ်ချိန်ထက်ဝယ်ထားလို့လဲရတယ်၊ များများရတော့ စာရင်းမှာ ငွေများများဝင်တာပေါ့။"

"၁၅ မိနစ်ပြည့်တာကို ဘယ်လိုလုပ်သိမလဲ"

"ဘဲလ်မြည်တယ်လေ၊ အဲဒါဧည့်သည်က သိပါတယ်၊ ချက်ခြင်းလည်း နှင်မပစ်နဲ့ပေါ့၊ နောက်မလာချင်အောင်မလုပ်နဲ့၊ လာချင်အောင်လုပ်၊ ဒါမှ ကြေးမြန်မြန်ကြေမှာ"

ကြွေး. . .။ ကြွေးဆပ်ရတော့မည်၊ မြန်မြန်ကြေမှ သားဆီမြန်မြန်ပြန်ရမည်။ သို့သော် မီးမီးအားလုံးလျှော့လိုက် ခြင်းကားမဟုတ်။ ရှေ့တစ်လှမ်းတိုးရန် နောက်တစ်လှမ်း ဆုတ်ရခြင်းသာ။ အပြင်ဘက်ရောက်မှ လွတ်လမ်းကိုရှာနိုင်မှာမို့ ပြုံးချင်ဟန်ဆောင်ပြီး ပြောလိုက်သည်။

"ကျွန်မ အလုပ်လုပ်မယ်"

မိန်းမက ခေါင်းညိတ်ပြီးထွက်သွား၏။ လိုအပ်တာတွေသူစီစဉ်တော့မည်။ မီးမီးကား အပြင်ရောက်သည်နှင့် ထွက်ပြေးရန် အခွင့်အလမ်းရှာဖို့ ဆုံးဖြတ်ထားပြီးပြီ။ သြော် . . . သည်လို အခွင့်အလမ်းရှာလို့ပေါ့၊ ကျီပိုကြီးနဲ့တွေ့ခဲ့ရတာလေ။

www.burmeseclassic.com

www.burmeseclassic.com

ရာသီဥတုက မှုန်မှိုင်းနေ၏။

ဆီးနှင်းလား၊ မြူမှုန်လားခွဲခြားရန်ခက်သော ရေစက်ရေငွေ့တို့သည် တစ်ခြံလုံးကို လွှမ်းခြုံထားသည်။ ပင်စည်တုတ်ခိုင်သလောက် အခက်အလက်ဝေဆာသော သစ်ရိပ်များကလည်းခြံကြီးကို အကာအကွယ်ပြုပေးထားသည်။ ခြံစည်းရိုးများမှာတော့ ထီးရိုးဝါးများကို စိပ်စိပ်စိုက်ထားသဖြင့် ဝါးရုံတောလေးဖြစ်နေလေသည်။

ကွန်ကရစ်ခင်းထားသော ကွင်းပြင်သည်၊ ညနေကျလျှင်တော့ ဆိုင်ကယ်တွေနှင့်ပြည့်နေမည်ဖြစ်၏။ ယခုနေ့ခင်းမှာတော့ ပကတိ လူသူကင်းရှင်းနေသည်။ ညဥ့်လူများဖြစ်၍ နေ့ခင်းသည် အိပ်ချိန်တည်း။

မီးမီးသည် ရေချိုးခန်းထဲမှနေပြီး ခြံကြီးကို အကဲခတ်နေ၏။ ခြံဝင်းအုတ်တံတိုင်းကား လူတစ်ရပ်မကမြင့်သည်။ ထိပ်ပိုင်းတွင် သံချွန်များ စိုက်ထားသည်။ အုတ်နံရံကို ခိုတက်ရန်မှာ မဖြစ်နိုင်ချေ။ ထွက်ပေါက်





အနေနှင့် ကားဝင်ပေါက်ကြီးရှိသည်။ ထူထဲသော သံကိုယ်ထည်တံခါးကြီးက အမြဲလိုပိတ်ထားသည်။ တံခါးပေါက်ကြီးဘေးမှာတော့ လူတစ်ကိုယ်ဝင်နိုင်သော လူဝင်ပေါက်ရှိ၏။ ထိုလူ ဝင်ပေါက်ကိုလည်း သော့ခတ်ထားပုံရ၏။ မနီးမဝေးတွင် မီးခိုးရောင်ဝတ်စုံနှင့် လူတစ်ယောက်သည် လူဝင်ပေါက်ကို အဖွင့်အပိတ် လုပ်ပေးနေသည်။

မီးမီးက လူဝင်ပေါက်ကို ကြည့်ရင်းစဉ်းစား၏။ မီးခိုးရောင်ဝတ်စုံနှင့် လူကိုလည်းလေ့လာ၏။ သည်လူကို စည်းရုံး၍ရနိုင်မည်လား။

သူ့မျက်နှာကား ကျောက်ရုပ်ကဲ့သို့ရှိသည်။ ပြူးကျယ်သော မျက်လုံးများ၊ ခိုင်ခန့်သောမေးရိုးများ၊ ထူထဲသော မျက်ခုံးများ၊ ပြီးတော့ သန်မာသော လက်မောင်းများ။

နောက်တစ်ရက်ကုန်သွားသည်။

မီးမီးသည် ရေချိုးခန်းမှနေ၍ ထွက်ပေါက်ကို လေ့လာရဆဲဖြစ်၏။ လူအဝင်အထွက်ကား နည်းပါးလွန်းလှ၏။ ဂေဟာက ညလုပ်ငန်းမို့ နေ့ခင်းသည် အလုပ်ပိတ်ချိန်ဖြစ်နေသည်။ တစ်ခါတစ်ခါမှ ကားအဝင်အထွက်ရှိသည်။ ကားအဝင်အထွက်တွင် ဂိတ်တံခါးကြီးကို ဖွင့်လိုက်သော အခါပြင်ပ၌ လွတ်လပ်ရှင်းလင်းသော လမ်းမကြီးကို မြင်ရ၏။ ယာဉ်အသွားအလာကား မတွေ့ရ။ ဤနေရာသည် မြို့စွန်နယ်များ ဖြစ်ပေလိမ့်မည်။

ဟော. . လူဝင်ပေါက်ဘေးအုတ်နံရံတွင် အပေါက်ကြီး တစ်ခုပါလား။ သစ်ပင်လေးတစ်ပင်ကပ်ပေါက်နေသည်ကို တူးပစ်ရင်း တစ်ပေခန့် ပေါက်သွားခြင်းဖြစ်မည်။ အပေါက်သည် လမ်းမကြီးဘက် မဟုတ်ဘဲ ဘေးတိုက်ဖြစ်သဖြင့် ဘေးချင်းကပ်လျက်မှ ခြံဝင်းကို တစ်ချို့ဝင်ဖြင့်ရ၏။ အိမ်ရှင်သည် သည်အပေါက်ကို ဘာကြောင့်များ မျက်ခြင်းပြန် မဖာသလဲမသိ။ မီးမီးသည် ရသမျှ အခွင့်အရေးဖြင့် ဆေးခြံ၏ လှုပ်ရှားမှု

www.burmeseclassic.com



ကို စောင့်ကြည့်သည်။

လူသူလှုပ်ရှားတာကို မမြင်ရချေ။ သစ်သားချောင်းများ သယ်ယူပြောင်းရွှေ့နေတာမြင်ရ၏။ တစ်ချက်တစ်ချက်တွင် လက်တစ်စုံ၊ ခြေသလုံးတစ်စုံကို မြင်ရသည်။ ထိုခြေသလုံးပိုင်ရှင်သည် တစ်ခါတရံ၌ လွှတစ်စင်းကို ကိုင်တတ်ပြီး တစ်ခါတရံ၌မူ ရွှေဘော်ရှည်ကြီးကို ကိုင်တတ်၏။ အိမ်သုံးပစ္စည်းများ ပြုလုပ်သော လက်သမားကြီးဖြစ်နိုင်လေသည်။

မီးခိုးရောင်ဝတ်စုံနှင့် လူသည် ယနေ့အိပ်ငိုက်နေပုံရ၏။ အဝင်အထွက်တံခါးသို့ လမ်းလျှောက်ပုံမှာ သွက်လက်ခြင်းမရှိ။ ပြီးတော့ သူသည် သစ်ပင်ခြေရင်းမှာ သွားမှီနေသည်။ မျက်လုံးများကို မှိတ်ထားသည်။

မီးမီးဆုံးဖြတ်လိုက်ပြီ။

စွန့်စားရမယ်။

ရေချိုးခန်းတံခါးမှ နောက်ဖက်အဝတ်လှန်းသော ကွက်လပ်သို့ ထွက်၍ရသည်။ သည်ကွက်လပ်နှင့် ခြံဝင်းကြီးကို သစ်သားနံရံနှင့် ကာ၍ထားလေ၏။ သည်နံရံလောက်တော့ မီးမီးမမှုချေ။ ငယ်ငယ်က သစ်ပင်တက်တမ်းကစားလာခဲ့သော ကျေးဇူးဖြင့် လွယ်လွယ်နှင့်ပင် သစ်သားနံရံကို ကျော်လိုက်နိုင်သည်။

ဟင်

ဟိုဘက်ခြံကလူ

ရွှေဘော်ကို ကိုင်ထားသောလူ။

သူသည် မျက်လုံးနှစ်လုံးကို အုတ်နံရံအပေါ်မှာ ကပ်ပြီး စိုက်ကြည့်နေလေသည်။ စူးရှသော မျက်လုံးကြီးများက မီးမီးကို အလွတ်မပေးဘဲ၊ စောင့်ကြည့်နေကြ၏။

သူ မြင်သွားပြီ။





သူက ဘာလဲ၊ အိမ်ရှင်ကို ပြန်တိုင်မှာလား။

ကြာကြာစဉ်းစားချိန်မရ။ သစ်ပင်အောက်က မီးခိုးရောင်ဝတ်စုံနှင့်လူမျက်လုံးဖွင့်မလာမီ၊ မီးမီးလှုဝင်ပေါက်ကို ဖွင့်နိုင်ရမည်။

လှစ်ခနဲပြေးနိုင်ခဲ့၏။

လှုဝင်ပေါက်သို့ ရောက်၏။

သို့သော် သော့ခလောက်ကြီးက ဆီး၍ လျှောင်နေလေသည်။

သော့. . . သော့ ဘယ်မှာလဲ။

မီးခိုးရောင်ဝတ်စုံနှင့် လူမှာပဲရှိမည်။ သူ့အိတ်ကပ်ထဲဖြစ်ဖြစ် ထည့်ထားနိုင်သည်။ သော့ကို သူမနိုးအောင် ယူ၍ လွတ်ပါ့မလား။

မီးမီး ချွေးစေးများ ပြန်လာ၏။

ကြောက်ရင်လွှဲ၊ ရဲရင်မင်းဖြစ်။

ခြံကြီးကို တစ်ချက်ဝေ့ကြည့်လိုက်၏။ လူသူအရိပ်အယောင်မမြင်ရ။ မတတ်နိုင်။ မီးခိုးရောင်ဝတ်စုံနှင့်လူကိုပဲ လုရတော့မည်။ ပထမတော့ အသာအယာသော့ကို နှိုက်မည်။ နိုးသွားတော့လည်း အကြမ်းပေါ့။

မီးခိုးရောင်ဝတ်စုံနှင့် လူသည် အိပ်မက်နေသလားမသိ။ မီးမီးက သူ့အင်္ကျီအိတ်ကပ်ထဲမှ သော့ကို နှိုက်နေစဉ်၊ အင်း. . အဲနှင့် ညည်းနေ၏။ မီးမီးက သော့ကိုအရအမိ ယူလိုက်နိုင်လေသည်။

သို့သော် မီးမီးကံဆိုးသည်။ ခပ်လှမ်းလှမ်းမှ တဲကလေးထဲတွင် မီးခိုးရောင်ဝတ်စုံတစ်ယောက် ရှိနေသေးသည်။ ထိုလူက အသံမပေးဘဲ ပြေးလာကာ၊ မီးမီးကို ရိုက်ချလိုက်၏။ မီးမီးသည် သစ်ပင်ခြေရင်းတွင် ပုံလျက်လဲသွားလေသည်။ နောက်နှစ်ချက်ဆင့်ပြီး မေးရိုးများကို လက်သီးနှင့် ထိုးလိုက်သောအခါ မီးမီးသည် လက်ထဲမှသော့ကို သတိကြီးစွာ ဆုပ်ကိုင်ထားရင်း၊ အရာအားလုံးကို မေ့သွားလေသည်။

အာရုံထဲတွင် မြောက်ဥက္ကလာမှ သားလေးထံရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားက အမေတွေ့ရသဖြင့် မြူးထူးနေသည်။ မီးမီးက သားကိုဖက်ထား၏။ သားရယ် မေ့မေ့သားရယ် . . ။

သတိလည်လာသောအခါ မီးမီးဖက်ထားသော အရာမှာ အစောင့်မိန်းမ၏ ခြေသလုံးဖြစ်နေလေသည်။ ခြေသလုံးမှန်းသိလျှင် သိခြင်း ဆောင့်တွန်းပစ်လိုက်သည်။ ထိုမိန်းမက ဘာမှပြန်မလုပ်ချေ။ အသာအယာတံခါးပေါက်မှ ထွက်သွားသည်။ ကလစ်ဟု မြည်သွားသော သော့ကျသံက မီးမီးကို လှောင်ပြောင်သွားလေ၏။

အခန်းထဲပြန်ရောက်နေမှန်းသိရသောအခါ၊ အင်အားတွေ ပြိုဆင်းသွားသည်။ အခန်းထဲ၌ မီးအဖြူရောင် ထွန်းထားသဖြင့် ညမရောက်သေးမှန်းသိရသည်။ ညအလုပ်ချိန်ရောက်လျှင်မီးရောင်သည် အဖြူမဟုတ်။ ပြာလဲ့နေသော၊ ဝါလဲ့နေသော၊ တစ်ခါတရံမှု ခရမ်းနုနု။

မီးမီးသည်လဲနေရာမှ ထမည်ပြု၏။

မရချေ။ ဒူးဆစ်တွေခဲနေသည်။ ဘယ်ဘက်ပါးက ယောင်ရမ်းနေသည်။ ပါးစပ်ကို ဟကြည့်တော့ တင်းပြီးနာနေသည်။

တံခါးဖွင့်သံနှင့်အတူ အစောင့်မိန်းမပြန်ဝင်လာ၏။ သူနှင့်ကပ်လျက် အိမ်ရှင်အမျိုးသမီးပါလာသည်။ အိမ်ရှင်က စကားရှည်ရှည်ပြောနေ၏။ ဒေါသသံကား မဟုတ်။ သူသည် အလုပ်တွင်းပြဿနာကို ကြုံဖူးနေကျဖြစ်မည်။ အစောင့် မိန်းမက မြန်မာလိုပြန်ပြောကြ၏။

"နင်. . . ထွက်ပြေးဖို့ ကြိုးစားတဲ့အတွက်၊ နင်လုပ်ခဲ့ ပြီးတဲ့ရက်တွေအတွက် လုပ်ခတွေအားလုံး စာရင်းကဖျက်လိုက်ပြီ။ အလုပ်ပြန်စမှ စာရင်းပြန်ဝင်မယ်၊ နောက်တစ်ခါ ထွက်ပြေးရင်လဲ၊ ရပြီးတဲ့ လုပ်ခတွေကို အကုန်ဖျက်ရလိမ့်မယ်၊ ဒီတော့ ငွေမြန်မြန်ကြေချင်ရင်၊ အလုပ်ကောင်းကောင်း လုပ်ပါ။"

ဒါပဲပြောပြီး ပြန်ထွက်သွားကြသည်။





မီးမီးသည် အားကုန်ပြီး ကျန်ရစ်၏။

စာရင်းပယ်ဖျက်ခံရသော ငွေများအတွက်၊ မီးမီးမနှမြောချေ။ ငွဲခံရတာနှင့်စာသော်၊ စွန့်စား၍ ဆုံးရှုံးခြင်းကို ကျေနပ်သည်။ သည်နည်းဖြင့် မအောင်မြင်လျှင်၊ နောက်တစ်နည်းရှာကြံရဦးမည်ဟု ခံယူ၏။ လောလောဆယ်မူ ကိုယ်တွေမလှုပ်နိုင်။ ဒဏ်ရာကြောင့် သုံးရက်တိတိ နားရလေသည်။

ဆရာဝန်လိုလို နားကြပ်ကိုင် အမျိုးသမီးတစ်ယောက်က နေ့စဉ် ဆေးလာထည့်ပေးသည်။ ဆေးထိုးရသည်။ မီးမီး အသာတကြည်ပင် ဆေးကုခံခဲ့၏။ ဆရာဝန်က မြန်မာစကား မတတ်သဖြင့် ဘာမျှမေး၍မရ။ ကိစ္စမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ပြန်လက်ခံသောည။

ပထမဆုံးဝင်လာသော ဧည့်သည်ကို မီးမီးက တာဝန် အရ ပြုံးရွှင်စွာကြိုသည်။ နို့နှင့် ကြက်ဥမကျက်တကျက် ခေါက်ပြီး တိုက်သည်။ တစ်လုံးစနှစ်လုံးစ သင်ထားသော သူတို့ဘာသာစကားဖြင့် လောကွတ်ပျူငှာပြောရသည်။ ပြီးတော့ သူ့ရှပ်အင်္ကျီကြယ်သီးများကို ဖြုတ်ပေးရသည်။ ကြယ်သီးများဖြုတ်၍ မပြီးခင်မှာပင် သူသည် သူ့လက်ကြမ်းကြီးများဖြင့် မီးမီးလက်နှစ်ဖက်ကို ဖမ်းကိုင်လိုက်၏။ ပြီးတော့ သူငြိမ်နေ၏။

မီးမီးက သူ့ကိုမော့ကြည့်လိုက်၏။

သူ့မျက်လုံးထဲတွင် အခြားယောကျ်ားများမှာတွေ့ ရသည့် ရမ္မက်ကို မမြင်ရချေ။ အညိုရောင် မျက်လုံးများသည် မှိုင်းမှုန်၍နေသည်။ သည်မှိုင်းရိပ်များက ကြင်နာမှုကို ပြောပြကြလေသည်။





မီးမီးက သူ့မျက်လုံးများကို ကြာကြာမကြည့်အားပေ။

အလုပ်တာဝန်သည် အလုပ်တာဝန်သာဖြစ်၏။

၁၅ မိနစ်အတွင်း ပြုဖွယ်ကိစ္စအဝဝပြီးဖို့လိုသည်။ ဧည့်သည် မငြိုငြင်ဖို့ အရေးကြီးသည်။ တခြားဘာကိုမျှ မတွေးအားချေ။

သူက သက်ပြင်းချသည်။ ပြီးတော့ မီးမီးနဖူးကို အသာမွှေးလေသည်။ ပြီးမှ မီးမီးကို သူဖက်ထားသည်။ ပူနွေးသော သူ့ရင်ခွင်မှာ တဒိတ်ဒိတ်ခုန်နေ၏။ သန်မာသော သူ့ လက်မောင်းများက မီးမီးကျောကိုရစ်ပတ်ကာ၊ သူ့မေးစေ့ကို မီးမီးခေါင်းပေါ်မှာ တင်ထားသည်။ တဖြည်းဖြည်းတင်းကြပ်လာသော သူ့အပွေ့အဖက်ကြားတွင်၊ မီးမီးသည် ရှုန်းရခက်နေ၏။ သူ့ထံမှ သက်ပြင်းချသံပေါ်လာသောအခါ၊ အလိုက်တသိပင် အိပ်ယာပေါ်လှဲချလိုက်ရ၏။

သို့သော် . . . .

သူခေါင်းရမ်းသည်။ မီးမီးကို ပြန်ထူသည်။ အိပ်ယာပေါ်မှာ ထိုင်စေသည်။ သူတစ်ခုခုပြောရန်ပြင်သည်။ သို့သော် မပြောတော့။ အင်္ကျီအိတ်မှ ဘောလ်ပင်ကို ဖြုတ်လိုက်ပြီး၊ စာရွက်ရှာသည်။ အခန်းထဲမှာက ဘာစာရွက်မှမရှိ။ ဤတွင် သူသည် ဝတ်လာသော ရှပ်အင်္ကျီကို ချွတ်လိုက်၏။ ပြီးမှ ရှပ်အင်္ကျီနောက်ကျောတွင် ဘောလ်ပင်နှင့်ရေးခြစ်လေသည်။

မီးမီးက နားမလည်စွာ သူ့ကို ထိုင်ကြည့်နေရ၏။ သူရေးခြစ်နေသောအရာများမှာ စာလုံးများမဟုတ်ချေ။ အနည်းငယ်ပုံပေါ်လာသောအခါ၊ ခြံဝင်းတစ်ခုဟု နားလည်ရ၏။ ဟုတ်သည်၊ ကားဝင်ပေါက်ကြီး မြင်ရသည်။ လူဝင်ပေါက်ကို မြင်ရသည်။ ဟိုဘက်မှာ ခြံဝင်းတစ်ခု။

မီးမီးခေါင်းညိတ်ပြလိုက်၏။ နားလည်ပြီ။

မီးမီးထွက်ပြေးဖို့ ကြိုးစားစဉ်၊ တစ်ဘက်ခြံမှ စောင့်ကြည့်နေခဲ့

www.burmeseclassic.com



သော မျက်လုံးကြီးများ၏ ပိုင်ရှင်ပေပဲ။

သူက ခြေဟန်လက်ဟန်နှင့် ပြောနေသည်။ ကြိုးစားပြီး နားလည်အောင်လုပ်ရ၏။ သူ့အလုပ်မှာ လက်သမားဆိုပဲ၊ မီးမီး ထွက်ပြေးဖို့ ကြိုးစားတာကို သူမြင်သည်။ အရိုက်ခံရတာကိုမြင်သည်။ သူလွန်စွာ စိတ်မကောင်းဖြစ်သည်တဲ့။

သည့်ထက် အဓိပ္ပါယ်ဖော်တတ်မည်ဆိုလျှင်တော့. . .

"မိန်းကလေးရယ်၊ မင်းဟာ ဒီအလုပ်လုပ်ဖို့လာတာ မဟုတ်ဘူး ဆိုတာ ၊ ကိုယ်နားလည်တယ်၊ တစ်စုံတရာသော အကြောင်းကြောင့် မင်းအတင်းအကြပ် အခိုင်းခံရတယ်လို့ ကိုယ်သဘောပေါက်တယ်။ မင်း ဟာ သတ္တိကောင်းတယ်။ ယောကျ်ားတစ်ယောက်ကို အံတုပြီး တိုက်ခိုက် ရဲတယ်၊ မင်းရဲ့ အကျဉ်းအကြပ်ကို မင်းတော်လှန်ရဲတယ်၊ အင်အားချင်း မမျှလို့ မင်းလဲကျခဲ့ရပေမဲ့၊ မင်းတော်ရုံနဲ့ လက်မလျှော့ဘူးဆိုတာ ကိုယ်သိ နေတယ်၊ မင်းကိုလေးစားတယ်၊ ပြီးတော့ ကြင်နာတယ်၊ မင်းကို ကူညီချင် စမ်းပါရဲ့ မိန်းကလေးရယ်" စသဖြင့် စကားလုံးတွေကို ရနိုင်မည်ထင် သည်။

မီးမီးသည် သူ့ကိုမည်သို့ ပြန်ပြောရမှန်းမသိချေ။ သူနဲ့ ဘာသာစကားတူ သည့်တိုင်အောင်၊ သူ့နားလည်မှုကို တုန့်ပြန်သော စကားများမီးမီးပြောတတ်မည်မဟုတ်။ လူသူ မနီးသည့်တောကြီး မျက်မဲတွင်း ကူးဆန်းသော သတ္တဝါတစ်ဦးကို တွေ့လိုက်ရသလို သူ့ကို မျက်တောင်မခတ် ကြည့်နေမိ၏။ နီညိုသောမျက်နှာ၊ မူလက ဖြူနိုင်သော အသားအရည်မှာ၊ နေလောင်ထားပုံရ၏။ နီညိုပြီးကြမ်းတမ်း နေသည်။ ကျယ်ပြန့်သော နဖူးပေါ်မှာ မဖြီးမသင်ဆီမလူးသော ဆံပင်များက ခပ်ရိုင်းရိုင်းဝဲကျနေကြသည်။ အနည်းငယ်အထက်သို့ ထောင်တက်သွား သော မျက်ခုံးမွေးများက ထူထဲနေပြီး သူ့ဆံပင်အရောင်လိုပင် နီကျံကျံဖြစ်





သည်။ မျက်လုံးများက ညိုမောင်းနေကြ၏။ သည်ညိုမောင်းသော မျက်လုံးများက အထူးခြားဆုံးဖြစ်သည်။ ရမ္မက်ကင်းသော ကြင်နာမှုအရိပ် များကို အနီးကပ်မြင်နေရသည်။ လက်မောင်းကြွက်သားများက ဖုထစ်နေ ပြီး၊ လက်ဝါးကြီးများက ကြမ်းရှ၏။ ရင်ပတ်မှ နီကျံကျံအမွေးရှည်ကြီးများ သည် ဟိုဘက်သည်ဘက်မှ အလည်ဗဟိုသို့ ယိုင်လာကြကာ၊ အလယ် တွင် စုပေါင်းပြီး တောက်လျှောက်အောက်ဖက်သို့ စုန်ဆင်းသွားကြသည်။ သူရင်ပတ်မွေးနှင့် ကိုယ့်ပါးထိမိတိုင်း၊ သွေးထဲတွင် စီးဆင်းမှုတစ်ခုကို သတိထားမိ၏။

ဘဲလ်မြည်သံကြားရပြီ။

မီးမီးက သူ့ရင်ပတ်မှ ခွာလိုက်၏။

သူ့ကိုမော့ကြည့်လိုက်သောအခါ၊ မျက်လုံးညိုကြီးများက ဝမ်းနည်းကြောင်းပြောပြကြလေသည်။ သူသည် မီးမီးကို တင်းတင်းဖက် ထားရာက အသာအယာခွာသည်။နောက်တစ်ခါလာပါဦးမည်ဟု အဓိပ္ပါယ်ပေါက်အောင် လက်ဟန်ပြသည်။ ထွက်တော့မည်အပြု မီးမီးနဖူး ကို ခပ်ကြာကြာနမ်းလေသည်။ ကျေးဇူးတင်ကြောင်း ပြလိုက်ပြီးမှ မီးမီးသည် တစ်စုံတစ်ခုကို သတိရလာ၏။ခြေရင်းနံရံက စက္ကူဗူးထဲတွင် အထပ်လိုက်ရှိနေသော ပစ္စည်းတစ်ခုကို ယူကာ၊ ပလပ်စတစ်စများကိုခွာ ပြီး သူ့လက်ထဲသို့ ထည့်လိုက်သည်။ ဘာသာစကားချင်းသာ တူကြည် မည်ဆိုလျှင်

"အင်ကိုရယ် ဒါလေးကို အခန်းဝက ပုံးထဲထည့်ထားခဲ့ပါ။ ဒီအိတ်စွပ်လေး [illegible] န်းစောင့်က ရေတွက်တယ်လေ၊ ဝင်လာတဲ့ လူနဲ့ ဒီသား[illegible]တ်စွပ် မှန်ထားကဲ့ပုံးထဲမှာ တွေ့ရတဲ့အရေအတွက်နဲ့ ကိုက်ရတယ်။ ဝင်လာတဲ့လူတိုင်းဟာ သူသုံးခဲ့တဲ့ ဒီအိတ်စွပ်ကို အခန်းဝက ပုံးကလေးထဲမှာ စွန့်ထားခဲ့ရတယ်၊ အစ်ကိုလဲ အသုံးမပြုပေမဲ့ ဒါလေးကို

www.burmeseclassic.com



ထည့်ခဲ့မှကျွန်မအပြစ်လွတ်မှာမို့ပါ။ ကျေးဇူးတင်ပါတယ်နော်”

ဟု စီကာပတ်ကုံးရှင်းပြနိုင်ပါလိမ့်မည်။

ခုတော့ မီးမီးက သူ့ကို အရှိအသေပြုသော လက်ဟန်ဖြင့်သာ နှုတ်ဆက်လိုက်ရတော့ သူနားလည်ပါသည်။ အိတ်ကလေးကို ခေတ္တမျှ စိုက်ကြည့်ကာ၊ မီးမီးကို တစ်ချက်သာ လှည့်ကြည့်ပြီး ထွက်သွားသည်။ နောက်ဧည့်သည်အတွက် ပြင်ဆင်ချိန်ပေးရဦးမည်ဆိုသည်ကို၊ သူ သတိရှိပုံရပါသည်။

ဩော် . . ရုတ်တရက်တွေ့လိုက်ရတဲ့ ကြယ်ပွင့်လိုပဲ၊ လင်းကနဲ လက်ပြီး ကောင်းကင်အမှောင်ထဲပြေးထွက်ကွယ် ပျောက်သွားတော့တယ်၊ အဲဒါဟာ . . ကျိုပိုကို စတွေ့ခဲ့ရတဲ့ညပေါ့။

ပြာလဲ့လဲ့မီးရောင်အောက်တွင် မီးမီးမျက်နှာဝင်း လက်နေပြီ။ မီးမီးက မှန်ထဲမှာမြင်ရသော မျက်နှာကို စက်ဆုတ်စွာကြည့်လိုက်၏။ မိတ်ကပ်က အတန်ငယ်ထူနေသည်။ မထူ၍လည်းမဖြစ်။ ဧည့်သည်တစ်ယောက်လက်ခံပြီးသည်နှင့်၊ ခြယ်ထားသမျှ ပြယ်ကုန်၍မဖြစ်သေး။ ဧည့်သည်နောက်တစ်ယောက်ဝင်မလာခင်၊ ထပ်လိမ်းရခြယ်ရတာမျိုးလည်း မလုပ်ချင်။ တတ်နိုင်သမျှ နားချင်သည်လေ။

နှုတ်ခမ်းနီကိုလည်း ရဲရဲဆိုးထားရ၏။ အဆီပါသော ခရင်ကို အပေါ်က ထပ်ထပ်ပြီးလူးရသည်။ နှုတ်ခမ်းထူထူ၊ အရောင်တောက်တောက်၊ အဆီလက်လက်တို့သည် ရမ္မက်ကြွယ်ပြီးသားလူများကို အမြန်ဆုံးခရီးဆုံးအောင် ကူညီသည်ဆို၏။ မီးမီးကတော့မှန်ထဲမှာ မြင်ရသော နှုတ်ခမ်းသားထူထူရဲရဲများကို အရုပ်ဆိုးစွာ မဲ့ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအမွှမ်းအမံထက်ပို၍ ဂရုစိုက်ရသည်က ခန္ဓာကိုယ် သန့်ရှင်းရေးဖြစ်၏။ မွှေးပျံ့အေးမြသော မွှေးအေးပဝါလေးများဖြင့် တစ်ကိုယ်လုံးကို ရေပတ်တိုက်သလိုတိုက်ရသည်။ နေရာအနံ့ မွှေးနေပြီ ဆိုတော့မှ ရေမွှေးအီအီကိုဖျန်းရ၏။ ဆံဖျားမှ ခြေဖျားအထိ မွှေးအီမူးမေ့ နေစေရမည်။ သည်လို ခန္ဓာကိုယ်သန့်ရှင်းရေးပြီးသောအခါ အဝတ်အစား အတွက်ကား ခေါင်းရှုတ်ခံစရာ မလိုချေ။

ငါးကိုက်အရှည်ရှိသော ရောင်စုံရေခဲစောင်၊ နိုင်လွန်သား ပါဝါ ရှည်များကို အိမ်ရှင်က ထုတ်ပေးထားသည်။ ကြိုက်ရာကို ယူပြီးကိုယ်ပေါ် မှာ ပတ်ထားရုံဖြစ်၏။ အတွင်းခံ ဆို၍ဘာဆိုဘာမှ ဝတ်ရန်မလိုချေ။ သည်လောက်ကောင်းသော စိတ်ကူးကို ဘယ်ကရထားကြ လေသလဲ မသိ။

မှန်ကို ဇာဖြူဖြင့် ဆွဲဖုံးလိုက်ပြီးမှ မတ်တပ်ရပ်လျက် မှန်ထဲကြည့် မိသည်။ ဝါးတားတားမြင်ရသောပုံကို၊ ကိုယ့် ဘာသာပင် မမှတ်မိတော့။ မှန်မှမျက်နှာလွှဲပြီး နံရံကို ကြည့်လိုက်သောအခါ၊ ပြက္ခဒိန်မှာ မှတ်ထား သော ရက်စွဲများကို မြင်ရသည်။ ရက်စွဲတစ်ကွက်ကို ကြက်ခြေခတ်၍ ခြစ်ရတိုင်း၊ နှလုံးသားသည် အော်ဟစ်ငိုကြွေး တတ်လေသည်။ တစ်ရက် ကုန်ဖို့အရေးကျော်ဖြတ်ရသော တောင်စဉ်တောင်တန်းတို့သည် ကြမ်းတမ်းခက်ထရော်စွတကား။ မှန်တင်ခုံစားပွဲပေါ်ကို ကြည့်လိုက်သော အခါ ကြက်ဥများက တဟားဟားရယ်ကာ လှောင်ပြောင်နေကြလေ သည်။ ရေပုလင်းကို တစ်ဝက်ကုန်အောင် မော့ချလိုက်၏။ ခြေရင်းဘက် နံရံအမြင့် တွင် ရေတံခွန်ရေပန်းများရှုခင်း ဖြင့်ပုံဖော်ထားသော နာရီကြီး က စက္ကန့်တန်သည် မရပ်မနားပြေးလွှားနေသည်။ နာရီလက်တန်များကို လက်ဖြင့်ဖိထားလိုက်ချင်၏။ နာရီကလည်း ကိုယ့်ကိုမညှာတာကြဘူးနော်။

ဘာမျှမကြာလိုက်ခင်မှာပင်၊ ဘဲလ်တီးသံကြားရ၏။ ကျောင်း





တက်ခေါင်းလောင်းသံနှင့်မတူချေ။ ငရဲပြည်သို့ အခေါက်ခေါက်သွားမည့် မီးရထားဥသြသံကြီးပေါ့။ သည် ဥသြသံကြီးမှဝေးရာကို ထွက်နိုင်ဖို့ နည်းလမ်းတွေရှာရဦးမည်။ လောလောဆယ်မှာတော့ မိမိကို မိမိသတိ အနေအထားမှာ ပြင်ဆင်လိုက်ရ၏။

သော့ဖွင့်သံနှင့်အတူ၊ တံခါးပွင့်သွားပြီ။ ခန္ဓာကိုယ်တစ်ခုသည် အခန်းထဲသို့ ကသောကမျော့ဝင်လာလေသည်။ ယိုင်ထိုးလာသော ထိုခန္ဓာအတ္တဘောကြီးနှင့်အတူ၊ ခပ်ပြင်းပြင်းအရက်နံ့လည်း ပါလာသည်။ သည်အရက်နံ့ကြီးထဲတွင် အသက်ရှုရဦးတော့မည်။ နှာခေါင်းရှုံ့ချင်စိတ် ကို မျိုသိပ်ရဦးမည်။ မပြုံးချင်ပါပဲနှင့်၊ သူ့ကို ဆီးကြိုလိုက်ရ၏။

"ရှင့်ကို ကြိုဆိုပါတယ်"

အခန်းစောင့်မိန်းမက လိုအပ်သောစကားများကို သင်ထား၏။ သူတို့ ဘာသာစကား၊ သူတို့လေ့ဖြင့် နွေးထွေးစွာ ကြိုဆိုရမည်ဟု အမိန့် ထုတ်ထားသည်။ ဧည့်သည်ကို မငြိုငြင်စေရ။ မနှစ်သက်တာမရှိစေရ။ အလိုမကျမှု မဖြစ်စေရ။

ရိုသေလှပစွာ ဆီးကြိုခြင်းကို၊ မီးမီးတတ်မြောက်ခဲ့ပြီးပြီ။ ထိုပုဂ္ဂိုလ်က ဘာမှပြန်မပြောပေ။ မီးမီးကို ရီဝေသော မျက်လုံးများ ဖြင့်ကြည့်နေသည်။ တစ်ကိုယ်လုံးကို စုန်ဆန်စစ် ဆေးနေလေသည်။

ငြိမ်နေသော သူ့ကို မီးမီးကပင်ဆွဲယူပြီး အိပ်ယာပေါ် တွင်ထိုင် စေရ၏။ မျက်နှာကိုတစ်ချက်နမ်းပြီး မှန်တင်ခုံစားပွဲပေါ်မှာ အသင့်ပြင် ထားသည့် ကြည်ဥမကျက်တကျက်ကို ဖောက်တိုက်သည်။ ပြီးတော့ သူ့ရှပ်အင်္ကျီကြယ်သီးများကို ဖြုတ်ပေးသည်။ အပေါ်ပိုင်းဗလာဖြစ်သွား သော ထိုခန္ဓာကိုယ်ကြီးတွင် အမွှေးများထူထပ်စွာ ပေါက်နေသည်။ ကြမ်း တမ်းသောအမွှေးများကိုကြည့်ပြီး မီးမီး ကြက်သီးထသွားသည်။

သူက မီးမီးကို စူးစူးရဲရဲကြည့်ပြီး လက်ညှိုးတစ်ချောင်း ထောင်



www.burmeseclassic.com

www.burmeseclassic.com



ကာ-“ငါ နံပါတ်တစ်နေဘ်” ဟု သူတို့ဘာသာဖြင့် ပြောသည်။

“ဟုတ်ပါတယ် ရှင် နံပါတ်တစ်ပါ။ ရှင်ကံကောင်းပါတယ်”

မီးမီးက စိတ်ပေါက်ပေါက်နှင့် ကိုယ့်ဘာသာစကားဖြင့် ရေရွတ်လိုက်သည်။ သူကဘယ်လိုနားလည်သွားသလဲမသိ။ တဟားဟားရယ်ပြီး မီးမီးကို ချီမြှောက်ကာ၊ အိပ်ယာပေါ် ပစ်တင်လိုက်သည်။ စပရင်မွေ့ရာထဲသို့ မီးမီး ကိုယ်တစ်ဝက်နစ်ဝင်သွားလေ၏။

“နံပါတ်တစ်၊ နံပါတ်တစ်”

သူက တတွတ်တွတ်ရွတ်ရင်း၊ သူ့လက်မောင်းကြီးက မီးမီး တစ်ကိုယ်လုံးပေါ် တွင် ရွေ့လျားနေသည်။ ကြမ်းတမ်းသော အမွေးများက မီးမီးအရေပြားများကို ပွန်းပဲ့မတတ်ကျီစယ်ကြ၏။ စူးရှသော အရက်နံ့သည် ရမ္မက်ဇောဖြင့် ဟထားသော သူ့ပါးစပ်ထဲမှ တဟောင်ဟောင်ထွက်နေသည်။ သူအသက်ရှူထုတ်လိုက်သော လေထဲမှာလည်း အရက်နံ့သည် ပူလောင်စွာပါလာသည်။ သူ့မျက်လုံးများကို မီးမီး မကြည့်တော့။ ကြည့်မိလျှင် သားကောင်ကိုဖမ်းမိသော ကျားတစ်ကောင်၏ မျက်လုံးများလို နီရဲပူလောင်နေမှာ သေချာသည်။

မီးမီးသည် အသက်မဲ့ခန္ဓာတစ်ခုပမာ လျှော့ထားလိုက်၏။ အသိကို အဝေးကြီးကို ပို့လိုက်သည်။ ရုပ်နှင့်စိတ်ကို ခွဲလိုက်သည်။ ရုပ်သည် မိမိနှင့်မဆိုင်။ လုံးဝဥပေက္ခာ။

သို့တိုင်အောင် ကြမ်းရှသော အမွေးများဒဏ်က သတိပေးနေသည်။ ပါးလွှာသော အဝတ်စကြီးဖြင့်ပတ်ထားသော မီးမီးကိုယ်ပေါ် မှာ သူ့အမွေးများသည် ပျော်ရွှင်စွာခုန်ပေါက်နေကြလေသည်။

မကြာခင်မှာပင် အဝတ်စကြီးတစ်ခုလုံး ကုတင်အောက်သို့ လျှောကျသွားသည်။ ငရဲပြည်သွားသော ရထားသည် မီးခိုးငွေ့ တထောင်းထောင်း စက်သံတရှဲရှဲဖြင့် လျင်မြန်စွာခုတ်မောင်းနေလေ





သည်။ မီးရထားခရီးသည်ကား မျက်စိမှိတ်ပြီး အသက်အောင့်ထားရလေ၏။

www.burmeseclassic.com

နံပါတ် (၇) အလှည့်၌ဝင်လာသူကား

မီးမီးက သူ့ကိုမော့မကြည့်ဘဲ၊ သူမှန်းသိနေသည်။

သူ့ထံမှ သက်ပြင်းချသံက၊ မြောက်များစွာသော စကားလုံးများကို ကိုယ်စားပြုကြလေသည်။

တစ်ကိုယ်လုံး အရိုက်အနှက်ခံတားရသူလို၊ နာကျင်နေရာမှ၊ မီးမီးအားယူပြီးထလိုက်၏။ ညဥ့်ဦးကလို လန်းလန်းဆန်းဆန်းမရှိတော့သည့်တိုင်၊ အင်အားတစ်ခုရလာသလို ခံစားရသည်။ ရုတ်တရက် အထလိုက်မှာ၊ မိုက်ခနဲဖြစ်သလိုမို့၊ ကိုယ်ကိုထိန်းလိုက်ရသည်။ သူက ကမန်းကတမ်းပင် မီးမီးကိုထိုင်ခိုင်းသည်။ စပရင်မွေ့ရာက ခြောက်လက်မခန့်နိမ့်ဆင်းသွား၏။ အဝတ်စပတ်ထားသော မီးမီးကိုယ်တစ်ပိုင်းသည် မွေ့ရာထဲတစ်ဝက်မျှနစ်သွားသည်။ နွမ်းဟိုက်နေသော မီးမီး မျက်နှာကားကြိုးစားပြုံးထားစေကာမူ လျှော့ရဲရဲဖြစ်နေသည်ကို သူကသတိရပုံရ





သည်။ ချွေးစများဖြင့်ဖရိုဖရဲဖြစ်နေသော မီးမီးနဖူးထက်မှ ဆံယဥ်နုများကို သူ့လက်ဖဝါးကြီးဖြင့် ပင့်တင်ပေး၏။

မီးမီးသည် အမေ့ကိုသတိရ၏။ အမေသည်လည်း မီးမီးပြေးဆော့ရှိသည်လေ။ သည်လိုအခါမျိုးတွင် မီးမီးသည် မျက်စိကိုမှေးကာ၊ အလိုက်သင့်အမောပြေခဲ့ဖူး၏။ ယခုလဲ ခဏအမောပြေချင်နေသည်။ သို့သော် ဘယ်မှာနားချိန်ရှိပါ့မလဲ၊ သူ့ကို ကျေးဇူးတင်ကြောင်းသူတို့ဘာသာစကားဖြင့် ပြောလိုက်ရသည်။

သူက အပြုံးတစ်ခုကို ဖန်တီး၏။ ထိုအပြုံးထဲတွင် ကြင်နာရိပ်များအပြည့်အဝပါ၏။ နှစ်သိမ့်ခြင်း၊ အားပေးခြင်း၊ ချစ်ခင်ခြင်းများကလည်း အချိုးညီညီပါဝင်ကြလေသည်။

ပြီးတော့ သူသည် မီးမီးဘေးမှာဝင်ထိုင်၏။ သူ့ခန္ဓာ ကိုယ်ကတုတ်ခိုင်ကြီးမားလွန်းသဖြင့် မီးမီးက ခြင်္သေ့ဘေးမှ ကြောင်ငယ်လေးတစ်ကောင်လို ခံစားလိုက်ရသည်။ သူ့ညာလက်မောင်းက မီးမီးတစ်ကိုယ်လုံးကို ပွေ့ယူလိုက်သောအခါ၊ ဆင်နှာမောင်း၌ ပါသွားသော ကြံချောင်းလေးလို ဖြစ်သွားသည်။

သူက မီးမီးတစ်ကိုယ်လုံးကို အကြာကြီးဖက်ထားသည်။ ဦးခေါင်းကို သူ့မေးစေ့နှင့်လည်ပင်းကြားညှပ်ထားသည်။ အသက်ရှူသံများက ပြင်းပြင်း၊ နှလုံးခုန်သံများက ပြင်းပြင်း။ အကြာကြီးငြိမ်နေခဲ့သည်။

နောက်တော့ သူသည် မီးမီးမျက်နှာလေးကို သူ့လက်ဖဝါးနှစ်ဖက်ကြားမှာ မ,ထားပြီးမီးမီးကို စကားတွေ အများကြီးပြောလေသည်။ သူပြောသမျှ စကားတွေထဲမှာ မီးမီးနားလည်သော စကားများက-

"မင်းကိုချစ်တယ်၊ ဒီအခန်းထဲက ခေါ်သွားချင်တယ်" ဟူ၍သာဖြစ်၏။

မီးမီးက ပြန်မပြောတတ်သမျှ၊ ခေါင်းကိုသာငွင်တွင် ညိတ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်အခန်းထဲဝင်လာသော ဘယ်ယောက်ျားမျှ မပြောဖူးသော စကားဖြစ်သည်။ အားလုံးသော ယောက်ျားတို့သည် သူတို့ ပိုင်ဆိုင်သော ၁၅ မိနစ်ကို၊ ကုန်ရ ကျိုးနပ်အောင် အသုံးချသွားကြ သူချည်းဖြစ်၏။ အချိန်ကုန် ခံပြီး ချစ်စကားတွေ ဖွဲ့နွဲ့မနေကြချေ။ သူကတော့ ခုထိသူ့ရှပ် အကျီကို ချွတ်လိုက်ဖို့မစဉ်းစားသေး။

မီးမီးသည် သူ့ရင်ခွင်မှာခဏနားနေလိုက်၏။

နားချင်လိုက်တာ. . .။

သူက ဘာမျှမပြောတော့ဘဲ ငြိမ်ငြိမ်လေးဖက်ထား သည်။ မီးမီးက မျက်လုံးများကို မှိတ်ပြီး စိတ်ကိုလျှော့ချထား လိုက်သည်။

ဘဲလ်မြည်သံကြားရပြီ။

မီးမီးက အိပ်မက်ထဲမှာ လူးလဲထရ၏။ သူ့လက် မောင်းပေါ်မှာ အိပ်ပျော်ခဲ့မိကြောင်းသတိရတော့၊ အားနာလိုက်သည့် ဖြစ်ခြင်း။ အားနာစွာသူ့ကို မော့ကြည့်တော့ သူက အသာအယာ ပြုံးပြသည်၊ မီးမီးကို အိပ်ယာပေါ်ပြန်ချပြီး၊ သူ ထွက်မည်ဟု ခြေဟန်လက်ဟန်ဖြင့် ပြောသည်။

အားနာလိုက်တာရှင်ရယ်. . . ရှင်က ကျွန်မကို ဒီနေရာက လွတ်မြောက်အောင် တကယ်ပဲလုပ်ပေးချင်တယ်လား၊ လောလောဆယ် မှာတော့ ရှင်အနားမှာ ရှိတုန်းကျွန်မ အမောဖြေချင်တယ်။

သူနားလည်မည်ဆိုလျှင်၊ သည်လိုဖွဲ့နွဲ့ပြောပြချင်စမ်းသည်။

“ကျွန်မကို တစ်ပါတည်းခေါ်သွားပါနော်။ ကျွန်မလေ. . ရှင့်အိမ်မှာ ရှင်ခိုင်းတာလုပ်ပါ့မယ်၊ ခိုင်းချင်တာခိုင်းပါ။ ထားချင်သလို ထားပါ၊ နေဆိုသလောက်နေပါ့မယ်၊ ဟောဒီအခန်းကျဉ်းကျဉ်းလေးထဲက အပြီးလွတ်အောင်သာကူညီပါ၊ ကျွန်မမောလွန်းလို့ပါ၊ ယောက်ျားတွေအများကြီးနဲ့ ကျွန်မ မပတ်သက်ပါရစေနဲ့တော့။ ကျွန်မရွံ့တယ်၊ ကျွန်မ





ထွက်ပြေးဖို့တွဲခေါ်ပါအစ်ကိုရယ်. . .။

သူပြန်ဝင်လာသည်။

မျက်နှာမှာဝင်းလက်လာ၏။

ဘာမှမပြောတော့ဘဲ မီးမီးကို ခပ်ကြမ်းကြမ်းပွေ့ဖက်သည်။ ပြီးတော့ မီးမီး နှုတ်ခမ်းများကို အကြာကြီး မလွှတ်ဘဲ ပိုင်ဆိုင်ရယူထား လေသည်။

မင်းကို ချစ်တယ်. . ဆိုသော စကားလုံးပေါင်းများစွာကိုလည်း ရေရွတ်သည်။ နားထဲမှာ မသဲမကွဲကြားရသော အသံများကို မီးမီးနား ထောင်မနေတော့ဘဲ၊ ခေါင်းသာညိတ်ပြနေရ၏။ မျက်နှာလေးကို လက်ခုပ်ထဲထည့်ကာသူ ပြောချင်တာတွေ ပြောနေသည်၊ မီးမီးက သူ့မျက်လုံးညိုညို ကြီးများကို အားကိုးတကြီးကြည့်မိသည်။ ကြံ့ခိုင်သော မေးရိုးကြီးများကို လက်ဖြင့်သပ်ကစားမိသည်။

သည်တစ်ခေါက်စီးရသော ရထားသည် “ငရဲပြည်သို့” ဟု စာတမ်းထိုးထားသည်ကားမှန်၏။ သို့သော် ကြားဘူတာများ၌ “သာယာကုန်း” ဟူသော ဆိုင်းဘုတ်ကို ဖြတ်ခနဲမြင်လိုက်မိကြောင်း၊ မီးမီးသည် မရေမရာမှတ်မိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

“ကျီပိုကြီးကျတော့ မမီးချစ်သွားတယ်နော်၊ ထူးဆန်း သား”

ခင်စန်းရီက မီးမီးလက်ဖဝါးကို လှမ်းယူရင်းပြော သည်။ ပြီးတော့လက်ဖဝါးကို ဖြန့်ကြည့်နေသည်။

“ခင်စန်းရီက လက္ခဏာကြည့်တတ်လို့လား”

ခင်စန်းရီရယ်သည်။

“မကြည့်တတ်ပါဘူး”။

“ဒါနဲ့များ ဘာကြည့်တာလဲ”

“ဘာမတူသလဲလို့ပါ”

“အဲဒါတွေကိုယ်နားမလည်ဘူး။ ကိုယ့်ဘဝမှာ ကိုယ် မဖြစ်ချင်တာတွေချည်း ဖြစ်ခဲ့ရတယ်ဆိုတာရယ်၊ ဘဝဟာမဖြူးဖြောင့်ဘူး၊ တစ်ဆစ်ချိုးပြောင်းတတ်တယ် ဆိုတာရယ်ကိုတော့ သတိထားမိတယ်”

“အိမ်ထောင်ရေးကော”



“ကြည့်စရာလိုသေးလား ခင်စန်းရီရယ်၊ မချစ်တဲ့လူနဲ့ ယူခဲ့ရတယ်၊ ချစ်သူတွေပြန်တော့ ယူလို့မရဘူး၊ ဘယ်လောက် ခွကျသလဲလို့”

“အိုး. . . ကျီပိုကြီးနဲ့ မတွေ့တော့ဘူးလို့ ဘယ်ပြောနိုင်မလဲ၊ မမီးထောင်က လွတ်တော့ပြန်သွားပြီး. . . .”

“အမလေး. . . တော်ပါတော့ ခင်စန်းရီရယ်. . အိပ်မက်တောင် မမက်ရဲပါဘူး”

“မမီးအသက်ငယ်ငယ်လေးရှိသေးတာပဲဟာ၊ ဟို ထောင်ကတောင် လွတ်အောင်လုပ်နိုင်ခဲ့သေးတာပဲ၊ ဒီက လွတ်ရင်လဲ မျှော်လင့်ချက်တွေအများကြီး ရှိပါသေးတယ်. .”

“အော်. . . မျှော်လင့်ချက်ဆိုတာ ကိုယ့်မှာ ဘာမှ မရှိတော့ပါဘူး။ ဟိုထောင်က လွတ်အောင်လုပ်ခဲ့နိုင်တယ် ဆိုတာ၊ ကိုယ့်ကြိုးစားမှုရယ်. . ပြီးတော့. . ကျီပိုကြီးရဲ့အကူအညီတွေ. . .”

ကျီပိုကြီးရဲ့အကူအညီတွေလေ. . .

www.burmeseclassic.com

www.burmeseclassic.com

"အို . . . အားနာလိုက်တာ၊ ဟင့်အင်း . . မယူချင်ဘူး"

ငွေစက္ကူအထပ်လိုက်ကို ကြည့်ပြီး အလန့်တကြားပြောမိသည်။ သူက ပြုံးလျှက်၊ ယူပါ . . . ယူထား . . ဟု ပြောနေသည်။ မီးမီးက ခေါင်းကိုသာတွင်တွင်ခါ၏။ သူနှင့်သာ စကားအလုံးစုံ သဘောပေါက်အောင် ပြော၍ရလျှင် . .

"ကျွန်မဘာသာအားထုတ်လို့ရတဲ့ ငွေကိုလိုချင်တယ်၊ တခြားလုပ်အားနဲ့ ကြိုးစားချင်တယ်၊ ဒီဘဝက လွတ်မြောက်ဖို့ ကျွန်မကျွန်ခံနိုင်တယ်၊ ကူလီထမ်းနိုင်တယ်၊ ဘာလုပ်ရလုပ်ရ စွန့်စားဖို့ဆိုလဲ ကျွန်မစွန့်စားချင်တယ်၊ ဒီအမိုးကိုဖေါက်ကြမလား၊ ဒီတံတိုင်းကို ဖြိုကြမလား၊ ရှင်ခေါ်ရာကျွန်မလိုက်ချင်တယ်၊ သူတို့မတရားခေါင်းပုံဖြတ် ယူထားတဲ့ကြွေးတွေကျေအောင်ရှင်ပင်ပင်ပန်းပန်း လက်သမားလုပ်လို့ရတဲ့ငွေတွေကိုတော့ ကျွန်မမယူရက်ပါဘူး ရှင်ရယ် . . ."





ပြောချင်တိုင်းပြော၍မရသဖြင့်၊ မျက်ရည်ဖြိုင်ဖြိုင်ကျလာသည်။ သူ့ရင်ခွင် ကျယ်ကျယ်ထဲမှာ ဦးခေါင်းကိုနှစ်ထားလိုက်ပြီး၊ ကြုံကြုံပါအောင်ငိုမိသည်။ ဝမ်းနည်းလိုက်တာ ကိုယ့်ကိုချစ်ခင်မြတ်နိုး ကြင်နာမည့် လူသားတစ်ဦးကို ရေခြား မြေခြားမှာ တွေ့ရလိမ့်မည်ဟု မထင်ခဲ့။ တွေ့မည့်တွေ့ရတော့လည်း ၁၅ မိနစ်ထဲရယ်။

သူက မီးမီးကျောကို ကလေးငယ်တစ်ယောက်အား ချော့သလို ပွတ်သပ်နေသည်။ သိမ့်သိမ့်ခါနေသော ကိုယ်လုံးကို သိမ်းယူပွေ့ဖက်ထားသည်။ ဖရိုဖရဲပြိုလဲတော့မည့်မီးမီး ကိုယ်သည် သူ့လက်ထဲဝယ်ပျော့ခွေနေလေသည်။

ဘဲလ်မြည်သံပေါ်လာ၏။

ပျော့ခွေနေသော မီးမီးက ကျင်စက်နှင့်ကိုခံလိုက်ရသူ ပမာ ဆက်ခနဲထလိုက်သည်။ သူကပြန်ဖက်ထားရင်းက၊ လက်ကာပြသည်။ မီးမီးကနားမလည်စွာ ပြန်မော့ကြည့်တော့ သူပြုံးရင်းလက်နှစ်ချောင်းထောင်ပြလေသည်။ အော နားလည်ပြီ။ နှစ်ဂျူတီစာ တစ်ခါတည်းဝယ်ထားတာ။

စိတ်တွေလျှော့ချလိုက်သဖြင့်၊ ခန္ဓာကိုယ်သည် ပျော့ခွေသွားပြန်သည်။ သူက မီးမီးကို ဆွဲထူ၏။ မျက်နှာကိုမော့စေ၏။ ပြီးတော့ မီးမီးနားလည်နိုင်အောင် တစ်လုံးချင်းပြောလေသည်။

"ချစ်ကယ် . . . ကူညီမယ်"

မီးမီး[illegible]ပင်တွေထောင်သွားသည်။

သူပြောလိုက်သည့်စကားကို မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

မီးမီးတို့ဘာသာစကားကို သူဘယ်လိုသင်ခဲ့ပါလိမ့်။

"ချစ်တယ် . . . ကူညီမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးပြီးထပ်ပြောပြန်သည်။

မီးမီးသည် သူ့ကို တင်းတင်းကြီးပြန်ဖက်မိ၏။ ပြီးတော့ "ချစ်တယ်၊ ချစ်တယ်" ဟု ပြန်ပြောနေမိလေသည်။

လုံလောက်ပြီပေါ့နော်၊ လောကကြီးမှာ ချစ်ဖို့ အရေးအကြီးဆုံးဟု မီးမီးထင်သည်။ အချစ်ကင်းမဲ့သောအခါ အရာရာသည် သွေ့ခြောက်ခဲ့သည်ပဲ။ အချစ်ဆိုတာ သူက ချစ်တာကိုခံယူရုံနဲ့ မပြည့်စုံဘူး။ ကိုယ်ကလဲပြန်ချစ်ချင်သေးတာကိုးဟု မီးမီးနားလည်လာသည်။ ဟုတ်တယ်၊ ကိုယ်က ပြန်ချစ်မှ ဒါဟာအချစ်။ သူများချစ်တာကိုပဲ တစ်ဖက်သတ်စံနေရခြင်းကား၊ စက်ရုပ်နှင့်တူသည်။ အသက်ကင်းခဲ့သည်။

ကိုယ်ကပြန်ချစ်မိပြီဟု သိလိုက်သောခဏတွင်၊ မီးမီး သည် သူ့ကို မလွှတ်တမ်းဖက်ထားမိ၏။ လွတ်ထွက်သွားမှာ စိုးနေသည်။ သူ့ရင်ခွင်ထဲမှာ နေရခြင်းသည်၊ အရာရာ ကိုပြီးပြည့်စုံစေသည်ဟု ထင်နေသည်။ သူဘာလဲ၊ သူ့ကို ဘာကြောင့် ချစ်သွားတာလဲ၊ အဖြေကိုမစဉ်းစား။ စင်စစ် အချစ်ဆိုသည်မှာ အကြောင်းရင်းမရှိ။ ဘာ့ကြောင့်ချစ်သည်ဟု အကြောင်းရင်းခံတစ်ခုရှာတွေ့မည်ဆိုလျှင်၊ ထိုအချစ်သည် အစစ်အမှန်မဟုတ်နိုင်။ အဘယ့်ကြောင့်ဆိုသော် ထို အကြောင်းရင်းခံပျက်ပြယ်သွားလျှင် ထိုအချစ်သည်လည်း ပြိုလဲသွားမည်သေချာသောကြောင့်ဖြစ်၏။

ယခု သူ့ကို ချစ်သွားပြီဆိုခြင်း၌ အကြောင်းရင်းကို မီးမီးရှာမတွေ့။ ရှာလည်းမရှာချင်။ တစ်ခုပဲ သိနေသည်။ သူ့ကို မခွဲခွာချင်။ သူနှင့် အမြဲနေရလျှင် မည်မျှပျော်မွေ့လိုက်မည်လဲ။

အချစ်ဆိုသည်မှာ ဤမျှသာဆိုလျှင်လည်း မမှန်နိုင်သေး။ သူ့ကို ချစ်သည့်အတွက်၊ သူနှင့်မခွဲလိုခြင်းသည် မှန်ပါ့မလား။

မီးမီးသည် သူ့ရင်ခွင်မှ ရုန်းထလိုက်၏။





သူ့မျက်နှာကို စေ့စေ့ကြည့်သည်။ နေလောင်ဒဏ်ကြောင့် သူ့အသားများ နီမောင်းနေကြ၏။ နဖူးအကြောကြီးများ စုန်းထနေသည်။ ထူထဲသော မျက်ခုံးအောက်မှ မျက်လုံးညိုညိုကြီးများသာ မကယ်လျှင်၊ သူသည် အရုပ်ဆိုးသွားနိုင်သည်။ ယခုမူ လေးနက်သော မျက်လုံးညိုကြီးများက မျက်နှာ၏ ဂုဏ်သရေကို ထိန်းနိုင်ခဲ့လေသည်။

"မဟုတ်ဘူး၊ ဒီငွေတွေမယူဘူး"

သူ့မျက်လုံးများကို ရင်ဆိုင်ရင်း ငွေစက္ကူများကို ပြန်ပေးလိုက်သည်။ မီးမီး သူ့ကိုချစ်သည်ဆို၍ပင်၊ သည်ငွေများကို လက်ခံ၍မဖြစ်တော့ခြင်းဖြစ်သည်။ အချစ်ကို ငွေနှင့်ရောထွေးမပစ်နိုင်။ ပြီးတော့ ငွေတွေရဖို့သူဘယ်မျှ နေဒဏ်ခံခဲ့ရသလဲ။ လက်ဖဝါးတွေကြမ်းရှအောင် လုပ်ခဲ့ရသလဲ။ သည်လို ခက်ခက်ခဲခဲရှာခဲ့ရသောငွေကို မီးမီးမယူရက်ပါ။ တကယ်ချစ်ပြီဆိုတော့ ကိုယ်ကသာ ပေးချင်သည်။

သို့သော် သူက ရှင်းပြတတ်၏။

သည်အိမ်က လွတ်ရာလွတ်ကြောင်းဆိုသည်မှာ၊ သူထမ်းပိုးချီပွေ့သွား၍မရနိုင်။ ငွေနှင့်သာလျှော်ရမည်မို့၊ မီးမီးငွေတွေရထား။ များများရလေမြန်မြန်လွတ်လေပေါ့တဲ့။

ခြေဟန်လက်ဟန်နှင့် သူပြောသမျှ ခေါင်းညိတ်ရတော့သည်။

သူ့ငွေစက္ကူအသစ်ကလေးတွေကို မှန်တင်ခုံအံဆွဲထဲသို့ ထည့်လိုက်ရသည်။ သည်အခါ သူ့မျက်နှာသည်ဝင်းလက်၍ သွေးရောင်လွှမ်းလာသည်။ သူ့လက်မောင်း ကြွက်သားကြီးများကို ထုတ်ပြသေးသည်။ သူကြိုးစားမည်။ အားမငယ်နဲ့နော်ဟု ပြောချင်ရှာပုံရသည်။ မီးမီးကိုယ်ကို ချီမြှောက်ကာ၊ လေထဲတွင် ဝဲပျံနေအောင် မြှောက်ထား လိုက်သည်။ သူပျော်နေတာမြင်တော့ မီးမီးပင် ခေတ္တခဏမျှ သောက တွေမေ့သွားသည်။ ထိုနေ့ညကပင်ဖြစ်၏။ အစ်ကိုကြီးလို အားကိုးလို့

www.burmeseclassic.com



"ကျီပို" လို့ ခေါ်မယ်နော်ဟု ပြောဖြစ်လေသည်။ အစ်ကိုကြီးကို ဘယ်လိုခေါ်ရမလဲဟု အခန်းစောင့်မိန်းမမှာ သင်ခဲ့ရကျိုးနပ်ပါ၏။ ကျီပိုသည် သူ့ရင်ပတ်ကြီးကို ပုတ်ကာပုတ်ကာဖြင့် "ကျီပို" "ကျီပို" ဟု အော်နေခဲ့ရှာသည်။ ခုနေချိန်မှာ နှစ်ယောက်လုံး ဘဲလ်မြည်သံကို မေ့ထားနိုင်ခဲ့သည်လေ။

ငွေများများစုမိလေ၊ မြန်မြန်လွတ်လေ။

ညဥ့်အလုပ်က ကြိုးစားတိုးချဲ့၍ရကောင်းသည်မဟုတ်။ ဧည့်သည်တစ်ဒါဇင်ခန့် လက်ခံလိုက်လျှင်၊ မီးမီးသေလိမ့်မည်။

သည်တော့. . .

ခြံဝင်းထဲမှာ တခြားဝင်ငွေရတဲ့အလုပ်ဘာရှိမလဲ။

ကျီပိုပေးခဲ့သော ငွေစက္ကူလေးများကို ရေတွက်ရင်း မီးမီး စဉ်းစားသည်။ ခြံကျယ်ကြီးနှင့် သစ်သားဝင်းခြားထားသော သည် ဂေဟာထဲမှာ ဘာစီးပွားရေးလုပ်ငန်းရှိမှာတဲ့တုန်း။

သို့သော် ရအောင်တော့ကြံနိုင်ခဲ့၏။

အဝတ်လျှော်ဖို့။

ဂေဟာမှာပေါ့ပေါ့နေပေါ့ပေါ့စားနေသူတွေ တစ်ပုံ ကြီးရှိသည်။ မီးမီးကသာ အိမ်ပြန်ချင်နေပေမင့်၊ သည်မှာ ပျော်နေသူတွေအများကြီး။

www.burmeseclassic.com



သူတို့ကငွေစုဖို့မလို။ မြို့ထဲထွက်ခွင့်ရသောအခါ၊ သုံးဖြုန်းကြသည်။ ခြံထဲက တောက်တိုမယ်ရနိုင်သော ကောင်လေးနှင့်အပြင်က မုန့်တွေ ဝယ်စားကြသည်။

သည်တော့ မီးမီးက စိတ်ကူးကိုအကောင်အထည်ဖော်ရ၏။

"မင်းတို့အဝတ်အစားတွေ ငါလျှော်ပေးမယ်လေ၊ လခပေး"

"ဘယ်လောက်ပေးရမှာလဲ"

"အင်း. . . တစ်လကို ဘတ်၂၀၀ဆိုရင်တော်ပါပြီ"

ချက်ခြင်းပင် အလုပ်ခိုင်းမည်သူလေးငါးဦးရသည်။ ဘတ် ၂၀၀ သည် သူတို့အဖို့အသေးအဖွဲ။ မီးမီးကား ငါးယောက်ဆို ဘတ် ၁၀၀၀ နည်းလား။

လက်တွေ့မှာမူ မလွယ်လှ။

ညဥ့်က အိပ်ရေးပျက်၊ အားကုန်ပင်ပန်း။

နေ့ခင်းအိပ်ချိန်မှာ ရေချိုးခန်းထဲ တဝုန်းဝုန်းနှင့် အဝတ်လျှော်နေရပြီ။ ရေစည်ထဲတွင် ဆပ်ပြာစိမ်ထားသည့် အခိုက်။ မီးမီးနားရင်း စဉ်းစားသည်။ ဒီလိုလုပ်တာကော မှန်ပါ့မလား။ ရက် ၃၀ လုံးလုံး လျှော်ပေးမှ ဘတ် ၂၀၀။ ဒီကြားထဲ အအေးမိပြီးလဲသွားလျှင်၊ အလုပ်ပျက်မည်။ အလုပ်ပျက်တော့ စာရင်းမှာ ငွေမတက်။ ဆေးခန်းပြခိုင်းဦးမှာ သေချာသည်။ ဆရာဝန်က နားခိုင်းလျှင် ဆက်ပြီးအလုပ်ပျက်ဦးမည်။

သည်တော့ရမှာနှင့်။ နစ်နာမှာကို စဉ်းစားရ၏။

သို့သော် သည်အလုပ်ကလွဲပြီးလည်း ဘာမှလုပ်စရာမရှိ။

အအေးမမိအောင် ရေနွေးသောက်ပြီး အဝတ်လျှော်မပျက် အောင်လုပ်ရ၏။

"မမီး"





ရေချိုးခန်းထဲသို့ လီလီဝင်လာသည်။

ခြေလက်ဆေးပြီး ပြန်ထွက်မည်ပြုပြီးမှ. .

"မမီးအဝတ်တွေများလှချည်လား" ဟု ခြေဟန်လက်ဟန်နှင့် မေးသည်။ မီးမီးက သူများအဝတ်တွေအငှားလျှော်ကြောင်း၊ တစ်လ ဘတ် ၂၀၀ ရကြောင်း ရှင်းပြရ၏။ လီလီက အံ့ဩသော မျက်လုံးများဖြင့် ကြည့်သည်။

"ဒီမှာနေရတာ မပျော်လို့လား" ဟု မေးသည်။

သည်တုန်းမှာပင်၊ တေးဆိုသံနှင့် အတူမိန်းကလေး တစ်ယောက်ဝင်လာသည်။လီလီက ဘာပြောလိုက်သည်မသိ၊ ထို မိန်းကလေးက ခိုးခိုးခစ်ခစ်ရယ်သည်။ ပြီးတော့ သီချင်းကို ခပ်ကျယ်ကျယ် ဆက်ဆိုလေသည်။

သူတို့စိတ်မညစ်ကြဘူးလား။

မီးမီးသည် ချည်စကပ်တစ်ထည်ကို မနိုင့်တနိုင် ရေညှစ်ရင်း စဉ်းစား၏။ မြန်မာကပြားကောင်မလေးတစ်ယောက်ကိုပဲ၊ ငိုင်တိုင်တိုင် မြင်ဖူးသည်။အများအားဖြင့်တော့ ပေါ့ပေါ့ပါးပါး။ မြန်မာကပြား ကောင်မလေးနာမည်က "ချစ်သဲ" ဟု ပေးထားသည်။ သူကတော့ မီးမီးနှင့် ခံစားချက်တူသည်။

"လွတ်ချင်လှပြီ မမီးရယ်"

မကြာခဏပင် ညည်းရှာ၏။

"ချစ်သဲက ဘယ်လောက်လုပ်ပေးရမှာလဲ"

"ကိုးသောင်း"

"ဟုတ်လား၊ ကိုယ်ကတော့ ရှစ်သောင်းလို့ပြောတာပဲ၊ ဒါပေမဲ့ ရောက်စက အလုပ်မလုပ်တော့ ခုဘယ်လောက်မှ မရသေးဘူး။ အစားစရိတ်၊ ဆေးဖိုးနှုတ်တာနဲ့ ဘာရှိမှာလဲ" ပြောရင်းဆိုရင်းပင်၊ ချစ်သဲဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးလက်ထဲမှ ရေစိုအဝတ်ကို လှမ်းကိုင်သည်။

"ကျွန်မ ဝိုင်းကူမယ်လေ"

"မလုပ်ပါနဲ့၊ ကိုယ်နိုင်ပါတယ်"

"ရပါတယ် ကုသိုလ်ရတာပေါ့"

သည်လိုဆိုတော့လည်းအားရှိစရာပဲဟု တွေးသည်။ ကိုယ်က အရင်လွတ်မည့်လူ၊ သူက ကျန်ခဲ့ဦးမှာဆိုပြီး စိတ်မကောင်း။

လီလီနှင့် ဟိုကောင်မလေးကား၊ ဘာတွေပြောကြ မှန်းမသိ။ ပြောလိုက်ကြ၊ ရယ်လိုက်ကြနှင့်။ ညဥ့်က အတွေ့အကြုံတွေများ ဖလှယ်နေကြသလားမသိ။ ခြေဟန်လက်ဟန်ပြပုံတွေက သိပ်မဟုတ်။ အေးလေ. . သူ့ဘဝသူပဲ ပျော်ပေါ့။

ချစ်သဲက မီးမီးရေညှစ်ပြီးသားအဝတ်များကို ချိတ်ဖြင့် ချိတ်ပြီး ကြိုးတန်းပေါ်မှာလှမ်းပေးသည်။ လီလီတို့နှစ်ယောက် အပြင်ထွက်သွားမှ မီးမီးနားထိုးကာ စကားတိုးတိုးဆိုလေသည်။

"ဒါနဲ့ မမီး ဟိုဘက်ခြံက လက်သမားကြီးက မမီးကို သဘောကျလို့ဆို"

လက်ထဲမှ ညှစ်လက်စအဝတ်လွတ်ကျသွား၏။

ချစ်သဲကို အကဲခတ်တော့၊ ဘာမျှထူးထူးခြားခြားမရှိ။ ရက်ဘယ် လောက်မှ မကြာသေးဘဲနှင့်၊ သတင်းပြန့်နှံ့မှုမြန်လှချည်လား။ သို့သော် ကိုယ့်ဘက်ကမူ ဖုံးထားရဦးမည်။

"ဘယ်ကလက်သမားလဲ"

"အမယ်. . လုပ်မနေနဲ့၊ ရှော့တီကပြောပြီးသား"

ရှော့တီဆိုသည်မှာ မီးမီးတို့တောက်တိုမယ်ရခိုင်းသော ကောင်လေး။ သကြားလုံးလေး၊ အချဉ်ထုပ်လေးကစ သူ့ကို ဝယ်ခိုင်းရ သည်။ သူကအပြင်ထွက်နေကျ။ ဒီကောင်လေးဘယ်လိုလုပ် သိနေပါ





လိမ့်။

"ရှော့တီကပြောတာဟုတ်လား"

"ဟုတ်ပ့ါ၊ ရှော့တီက ငလယ်ပဲမမီးရဲ့"

"သူက ဘယ်လိုလုပ်ပြောနိုင်တာလဲ"

"ညဥ့်စဥ်ချည့်စာရင်းကို သူပဲအပေါ်ထပ်ပို့တာဟုတ်လား၊ အဲဒီမှာ သူစပ်စုပြီးကြည့်မှာပေါ့၊ မမီးစာရင်းထဲမှာ ဟိုဘက်ခြံက လူကြီး ညတိုင်းရှိသတဲ့။

ခုမှပဲ တိုးတိုးရယ်ဖြစ်သည်။

တိတိကျကျမဟုတ်တော့ပေ။ ဒီကောင်လေးထင်ကြေးမျှသာမို့ ကိစ္စမရှိ။

"ဒါနဲ့ချစ်သဲ"

"ပြောလေ"

"ဒီဂေဟာမှာ ရည်းစားထားလို့ရလား"

"ဘုရားရေ"

ချစ်သဲက အမိုးပေါ်မော့ကြည့်ပြီး အော်လိုက်၏။

"ဘာကြည့်တာလဲ ချစ်သဲရဲ့"

"မိုးပေါ်က ဘာများကျလာသလဲလို့"

"နောက်ပြီ သူက၊ ဒီကအကောင်းမေးတာ"

"မမီးရည်းစားထားတော့မလို့လား"

သူမေးကာမှ ကိုယ့်ဘာသာ ပြန်တွေးမိသည်။

မိမိရည်းစားထားနေပြီလား။

ရည်းစားဆိုတာဘာလဲ။

ကျောင်းမှာတုန်းက ကြုံကြုံဖန်ဖန်ပြောကြတာ ကတော့၊ ရည်းစားဆိုတာ "ရည်းစားထားတဲ့လူ"ဆိုပဲ။ ကျီပိုဟာ ရည်စူးထားတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလေ။ ဒါဖြင့် ကျီပိုက ရည်းစားမဟုတ်ဘူးပေါ့။

"မမီးငြိမ်သွားပြီ၊ ပေါ်တော့မယ်"

နှစ်သဲက ကြိုးတန်းကို လှမ်းကိုင်ရင်းဆိုသည်။

မီးမီးက နဖူးကြောများ တွန့်လာအောင် တွေးပြီးမှ

"မဟုတ်ပါဘူး ချစ်သဲရယ်၊ ကိုယ်ရည်းစားမထားပါဘူး။ ထားရင် အရေး ယူသလားသိချင်လို့ မေးတာပါ"

"ဘာလို့ အရေးယူရမှာလဲ၊ သူတို့ ပိုတောင်သဘောကျဦးမယ်။ ပုံမှန်ဖောက်သည်ရတာပေါ့"

ပုံမှန်ဖောက်သည်ဆိုပဲ။

ကျီပိုက ရည်းစားမဟုတ်သော ပုံမှန်ဖေါက်သည်ပေါ့။

ကျီပို့ကို "ဖောက်သည်"ဟု ခေါ်ဖို့တော့ မီးမီး သဘောမကျချေ"

ကျီပိုသည် ဖေါက်သယ်မဟုတ်။ ဘာ့ကြောင့်ဆို မီးမီးက ကိုယ့်ခန္ဓာကိုယ်ကို ကျီပို့အား ရောင်းမစားခဲ့၍ ဖြစ်သည်။ ရောင်းစားခြင်း မဟုတ်။ အပ်နှင်းခြင်းပါ။ ချစ်ခင်မြတ်နိုးစွာအပ်နှင်းခဲ့ခြင်း၊ သို့မဟုတ် ခိုဝင်ခဲ့ခြင်း။

သို့သော် ဤအပ်နှင်းခြင်း၊ သို့မဟုတ် ခိုဝင်ခြင်းသည် ထာဝရမ ဖြစ်နိုင်ကြောင်း နှစ်ဦးလုံးနားလည်ကြသည်။ ကျီပို့ကို ချစ်ခြင်းသည် ရယူပိုင်ဆိုင်ရေး မဟုတ်ချေ။ ကျီပို့ အနေနှင့်ကကော၊ သူဘာမှမပြော။ မီးမီးကို ချစ်သည်ဆိုတာပဲ ထပ်ကာထပ်ကာ ပြောရှာသည်။ နောင် သည့်ထက် ပြောနိုင်အောင် စကားသင်ဦးမည်ဟုလည်းဆိုသည်။ ဘယ် လောက်ကြာအောင် သူသင်နိုင်မည်လဲ။

"ဆာတယ် မမီးရာ၊ ရှော့တီကို ခေါက်ဆွဲပြုတ် ဝယ်ခိုင်းရအောင် လာပါ။ မမီး မကုန်ရပါဘူး။ ကျွန်မ ကျွေးပါ့မယ်"

ချစ်သဲဆွဲခေါ်သဖြင့် ရေချိုးခန်းမှ ထွက်ခဲ့ရ၏။





ရှော့တီ၊ ရှော့တီက မီးမီးကို လက်သမားဆရာကြီး သဘောကျ နေသည်။ ပြောနေသည်တဲ့။

ကားသည် ခပ်ပြင်းပြင်းမောင်းနေလေသည်။

ရာသီဥတုက ရှိန်းရှိန်းမြမြရှိ၏။

လေတိုက်ပုံက ညင်သာသည်။ လမ်းဘေးမှ ကိုင်းပင်လေးတွေ အုပ်ရုံ။ ကတ္တရာလမ်းကြီးက ဖြူးလှချည့်။ ကားတွေ အများကြီး သွားလာ ခြင်းလည်းမရှိ။ အိမ်ခြေယာခြေလည်း သိပ်မမြင်ရ။ တောင်ကုန်းလေး တွေပေါ်မှာ ဘိုတဲလိုဝရံတာပတ်လည်နှင့် တစ်ထပ်တိုက်လေးများကိုသာ မြင်ရသည်။

တဖြည်းဖြည်းနှင့် အိမ်တွေတွေ့လာရ၏။

သစ်ပင်ပေါ်မှာ ကျီးကန်းတစ်ကောင် နားနေတာမြင်ရသည်။

ဂျိုးငှက်ကလေး ကူသံကိုလည်း ကြားရ၏။ ဂျိုးငှက်ကူသံသည် နားထဲဝယ် ငြိမ်းငြိမ်းချမ်းချမ်း ရှိပါဘိ။

လီလီက အမြဲပျော်နေတာနော် "

မီးမီးက ဘေးမှာကပ်ထိုင်နေသော ချစ်သဲကို ပြောသည်။

"သူပျော်တာ စိတ်မညစ်လို့ပေါ့"

"ဟင်း၊ နင့်စကားကလဲ၊ ပျော်ပါတယ်ဆို စိတ်မညစ် တာပဲပေါ့"

"ဟုတ်တယ်မမီးရဲ့၊ သူက ဒီမှာအလုပ်လုပ်ရတာကို စိတ်ညစ် စရာလို့ မထင်ဘူး၊ ဒီတော့ သူပျော်တာပေါ့"

မီးမီးက လေလွင့်၍ ဝဲပျံ့နေသောဆံပင်ကို ကလစ်နှင့် ပြန်ဖိ လိုက်ပြီးမှ

"ဒီအလုပ်ကို စိတ်ညစ်စရာလို့ မထင်ဘူး ဟုတ်လား "

ချစ်သဲက ခေါင်းညိတ်သည်။

"လီလီ့ဘဝက မိဘမဲ့။ တောသူ။ တောမှာ စပါးရိတ်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အစေခံ လုပ်ခဲ့ရတယ်၊ ပိုက်ဆံကျတော့ ထမင်းဝအောင်မရဘူး။ ဒါနဲ့ သူဟာသူ ဒီဂေဟာကို ဝင်လာတာ။ ငွေရလွယ်တယ်။ စားနိုင်သုံးနိုင်တယ်။ ပြန်စရာ အိမ်မရှိဘူးဆိုတော့ သူဟာသူပြီးတာပဲ ဟုတ်လား။

" ဒါပေမဲ့ကွယ်၊ တစ်ဘဝလုံး ဒီမှာနေဖို့ဆိုတာ"

"မပူပါနဲ့ မမီးရာ ၊ တစ်ဘဝလုံး မနေရပါဘူး။ ရွတ်တွကြီးဖြစ်လာတဲ့တစ်နေ့"

"ဂေဟာက ဘယ်ထားပါ့မလဲ။ ရွတ်တွမပြောနဲ့ အသက်ကြီးလာတာမျိုး ၊ ညှိုးသည်အလာကြွသွားတာမျိုးတောင် မထားဘူး။

"မထားတော့ဘူး ဟုတ်လား"

"ဘယ်ထားမလဲ၊ မမီးစဉ်းစားကြည့်ပေါ့၊ မမြတ်တဲ့ကုန်ကို ဘယ်သူတင်ထားမလဲ"

ကားက မြို့ထဲသို့လာပြီ။

မီးမီးသည် ရေးလာသော စာရင်းကို ကြည့်လိုက်၏။

"အောက်ခံအလှဆီ၊ နှုတ်ခမ်းနီအဆီ၊ မိတ်ကပ်အရည်၊ ရေမွှေး
"

အားလုံးအဖိုးတန်တွေချည်းဖြစ်သည်။ မဝယ်ဘဲနေ ရလျှင် ဘယ်လောက်ကောင်းမလဲဟု စဉ်းစားသည်။ ငွေတွေအများကြီး ပြန်ထွက်လာမည်။ အိမ်ရှင့်စာရင်းထဲအပြင် ကိုယ့်ဘာသာထုတ်ယူငွေမှ စုထားတာလေးတွေ တိုးလာမည်။

သို့သော် မဖြစ်သေး။

အခန်းစောင့်မိန်းမက အလှပြင်ပစ္စည်းတွေ စစ်လေ့ရှိသည်။ အပေါ်စားမဝတ်ရဟု စည်းကမ်းသတ်မှတ်ထားသည်။ သူတို့ဂေဟာ၏ စံချန်အတိုင်း ဝတ်ရမည်ဆိုပါလား။

ရှော့တီက ကားရှေ့ခန်းမှ လက်ပြ၏။ သူတို့ပစ္စည်း ဝယ်မည့်





ဆိုင်ရောက်ပြီထင်သည်။ အားလုံးကားပေါ်မှ ဆင်းရ၏။ မမီးကို ချစ်သဲက လက်တွဲထားသည်။ သူပဲဦးဆောင်ပြီး ဆိုင်ကြီးထဲခေါ်သွားသည်။ အခန်းစောင့်မိန်းမက နောက်ဆုံးမှလိုက်သည်။

ဆိုင်ကြီးကား မီးမီး မြင်ဖူးသမျှထဲမှာ၊ အလှပဆုံးဖြစ်၏။ သူ့နေရာနှင့်သူ အကန့်အသတ်နှင့်။ ဝတ်ချင်တာယူသွား၊ အပေါက်ဝမှငွေချေရသည်။ အလှပြင် ပစ္စည်းရောင်းသော ကောင်တာမှာ သူတို့တိုးဝှေ့ရွေးချယ်ကြ၏။ အသင့်ဝတ်၍ရသော ဂါဝန်တွေကလည်း စိတ်ဝင်စားစရာကောင်းသည်။ လီလီနှင့်တွဲသော ကောင်မလေးက ဂါဝန်ဝယ်သည်။ လီလီက ဖိနပ်ဝယ်သည်။

"မမီး အကျီ်ဝယ်ဦးမလား. . . "

ချစ်သဲအမေးကို မီးမီးက ပါးစပ်မဲ့ပြပြီး ခေါင်းရမ်းပြလိုက်၏။

"အကျီ်. . ဘယ်မှာဝတ်ဖို့လဲ"ဟု မေးလိုက်ချင်သည်။ အလုပ်ထဲမှာ ဝတ်ဖို့မလိုမှတော့၊ ဘယ်နေရာသွား ဝတ်ရမှာလဲ။ သူတို့ကတော့ အလုပ်ချိန်အပ၊ အိမ်ထဲနေရင်း လှချင်ကြသူများကိုး။ ကိုယ်ကတော့ ဒါတွေမလို။ ငွေကုန်မှာကို စိုးနေသည်။ တစ်ရက်ဆိုတစ်ရက် စာရင်းတက်အောင် လုပ်နေရသူမို့။ ဖိနပ်တောင်ဝယ်မစီးချင်။

နောက်တစ်ထပ်ကို တက်ကြရ၏။

ထိုအထပ်မှာ လက်ကိုင်အိတ်များကို ခင်းပြထားလေ သည်။ လက်ကိုင်အိတ် လှလှလေးတစ်လုံးတော့လိုချင်သား။ သို့သော် ဒါအရေးမကြီးတော့ချေ။ ကောင်မလေးတွေက ဘယ်သူမှ လက်ကိုင်အိတ်မဝယ်ကြပေ။ ကျောပိုးအိတ်စင်သို့ ရောက်သောအခါ၊ ကျောပိုးအိတ်များကိုကိုင်ကြည့်ကြ၏။ ဈေးကြီးလှသည်။ ဘယ်သူမှ မဝယ်ဖြစ်ချေ။

နောက်တစ်ထပ်အတက်မှာတော့ လက်ဝတ်ရတနာများကို ခင်းကျင်းထားတာမြင်ရလေသည်။ ဝင်းလက်နေသော ရတနာများက



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုကို လှောင်ပြောင်နေကြ၏။ အပျင်းပြေ မျက်စိအရသာခံရုံပါပဲ။

ပြန်ဆင်းကြသည်။ လျှောစီးစက်လှေခါးကို မီးမီး သဘောကျ၏။ ပေါ်ကာစကဆိုလျှင် ဆင်းလိုက်တက်လိုက်နှင့်ဆော့ဖူးသည်။ ယခုလည်း စက်လှေခါးမစီးရတာ ကြာ၍ဆိုပြီး ပျော်နေမိသည်။

"ဟင် ဟိုမှာ "

အတက်လှေခါးပေါ်မှာ။

မမှားနိုင်၊ လုံးဝ မမှားနိုင်။

နေကာ မျက်မှန်ကြီးတပ်ထားပေမဲ့ ဒီမျက်နှာကိုမေ့နိုင်ပါ့မလား။ အင်္ကျီအပွင့်ရောင်စုံ၊ ဂျင်းဘောင်းဘီ၊ ပြီးတော့ သူပတ်နေကျ ပိုက်ဆံအိတ်ပါသော ခါးပတ်။

စက်လှေခါးကို ပြောင်းစီးလိုက်ချင်သည်။ အတက်ဖက်ကို ခုန်ကူးလိုက်ချင်သည်။ ရအောင်ပြန်လိုက်ရမယ်။ လှူမောင်ရယ်၊ နင့်ကိုငါ ဘယ်ကျေမလဲ။ စက်လှေခါးကြမ်းပေါ် ကျကျခြင်း အတက်ဖက်သို့ မီးမီးပြေးသည်။ အတက်လှေခါးထစ်များပေါ် ခုန်တက်လိုက်သည်။

ရုတ်တရက်မို့ သူတို့ကြောင်သွားပုံရ၏။ ပထမဆုံး ပြေးလိုက်သူမှာ ရှော့ကီ။ ပြီးတော့ အခန်းစောင့်မိန်းမ။

"မပြေးနဲ့ ၊ မပြေးနဲ့ "

ချစ်သဲ၏ အသံ။

"မမီးမပြေးနဲ့၊ မလွတ်နိုင်ဘူး"

ချစ်သဲ အော်နေသည်။

မီးမီး ဘာမျှ ပြန်မပြောအားချေ။ တက်နေသော စက်လှေခါးထစ်များကို ခုန်ကျော်ပြေးတက်ခဲ့သည်။ လှူမောင် နင်းလှူပါးဝတယ်၊ နင့်အကြံ ဒါအကုန်ပဲလား။ ခု - ငါ နင့်ကို သတ်ပြီးမှ ထောင်ကျခံမယ်။





ထောင်ကျတာကမှ အခု ထောင်ထက်ကောင်းဦးမယ်. . . ။

အပေါ်ထပ်ရောက်တော့ လက်ဝတ်ရတနာတန်းမှာ လူရှင်းနေသည်။ သည်လိုရှင်းနေပါလျက်၊ လှူမောင်ကို မမြင်ရ တော့ပေ။ ဘယ်မှာဘာနဲ့များကွယ်နေပါလိမ့်ဟု ပြေးလှား ကြည့်သည်။ မတွေ့။ ခုလေးတင်တက်လာတာ၊ တွေ့ကိုတွေ့ရမယ်၊ မတွေ့လို့မဖြစ်ဘူး။ ငါ့ကို စော်ကားခဲ့တဲ့ကောင်၊ တွေ့ကိုတွေ့ရမယ်။ လှူမောင်နင် ပုန်းချင် သလောက်ပုန်း တွေ့တာနဲ့အသတ်ပဲ။ လှူကောင်ကား မြင်ကွင်းမှာ မရှိတော့။

ရုတ်တရက် ပူသွားသော ငယ်ထိပ်။

ဘာဖြစ်ပါလိမ့်ဟု စဉ်းစားချိန်မရမီ၊ မီးမီးခွေကျသွားသည်။ လက်ဖြင့် စမ်းလိုက်သောအခါလက်ထဲမှာ ပူနွေးသော သွေးတွေပါလာသည်။ မျက်လုံးများဝေလာ၏။ ခေါင်းထဲမှာ ဘာမျှ စဉ်းစား၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုပြောလို့လွတ်ရင် ဒီဂေဟာဘယ်ရှိပါ့မလဲ”

ဆေးခန်းထဲမှာ သတိပြန်လည်ခဲ့၏။

ဆရာဝန်က ဘာမျှမပြော။

အခန်းစောင့်မိန်းမနှင့် အခြားယောကျ်ားနှစ်ယောက်က ဘယ်ညာညှပ်ပြီးရပ်နေကြသည်။ ဆေးထည့်၊ ဆေးထိုးပြီး အခန်းထဲ ပြန်သယ်လာပြီးမှ အခန်းစောင့်မိန်းမက အထက်ပါအတိုင်း၊ ပြတ်သားစွာပြောလေသည်။

“ပြေးတာဟုတ်လား” မီးမီးက ပြန်မေးလိုက်၏။

“နင်ပြေးဖို့ကြိုးစားတာလေ၊ ခုမှပထမဆုံး မြို့ထဲထွက်ခွင့်ရတာ၊ နင်အတော်သတ္တိကောင်းသားပဲ ၊ ဒါပေမဲ့ ငါကလဲ ခါးပတ်ဆောင်ထားတဲ့လူ၊ ငါ့ရဲ့ “စတီးခါးပတ်က သုံးလေးပေလောက်က လူကို တစ်ချက်တည်း လဲကျအောင်ရိုက်တတ်ဖို့၊ ငါအကြာကြီး လေ့ကျင့်ခဲ့ရတာလေ။





နင်ပါနဲ့ဆို သုံးယောက် ရှိပြီ ရိုက်ရတာ၊ နင်သိထားဖို့က အဲလိုနင်လုပ်တိုင်း၊ နင့်ပိုက်ဆံ အဖြတ်ခံရတယ်။ ငါက ဆုကြေးထုတ်ရမယ်” နောက်ထပ် လုပ်ဦးပေါ့”

သူထွက်သွားပြီ။

မီးမီးသည် သူ့ကို ရှင်းပြဖို့ မကြိုးစားချေ။

ဘာလို့ ရှင်းပြနေမှာလဲ။

ထင်ကြစမ်း၊ ကြိုက်သလိုထင်ကြ။

ငါ မကျေနပ်တာတစ်ခုပဲရှိတယ်။ လူမောင့်ကို နီးနီးလေး မြင်လိုက်လျှက်နဲ့ ရှာလို့မရခဲ့တာကိုပဲ။ မခံချင်ဘူး၊ ငါ့ကို စော်ကားခဲ့တဲ့ကောင်ကို ငါသတ်ကိုသတ်ပစ်ရမယ်။ ငါ့ဘဝကို ချေဖျက်ခဲ့သူကို ငါအလွတ်မပေးနိုင်ဘူး။

မီးမီးသည် ခေါင်းကဒဏ်ရာကြောင့်မဟုတ်ဘဲ၊ မူးမေ့ချင်နေသည်။ အိပ်ယာပေါ်မှာ မျက်နှာကို မှောက်ထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

“မမီးရယ်”

ချစ်သဲက အနားမှာ ထိုင်ချလိုက်ရင်း ညည်းသည်။

မီးမီး နဖူးကို သူ့လက်ဖမိုးနှင့် တင်ပြီးစမ်းသည်။

“ကိုယ်တွေလဲ ပူနေတယ်၊ ရေခဲတင်ပေးရမလား”

“မလိုဘူး”

“ခက်တာပဲ၊ ကျွန်မပြောသားပဲ မမီးရယ်။ မလွတ်နိုင်ဘူးလို့၊ ခုကျတော့အလုပ်ပျက်တာရယ်၊ ရပြီးသားစာရင်း ထဲကဖြုတ်ခံရတာရယ်၊ ပြီးတော့ ဒဏ်ရာရ”

မီးမီးက အံကို ခဲထား၏။

ချစ်သဲကိုလည်း ရှင်းမပြချင်တော့။

သည်လိုပဲထင်ခံရတာ ပီပီပြင်ပြင်ရှိသည်။ သဘာဝ ကျလေသည်။ တိုက်ကို ရောင်းစားခဲ့သည့်လူကို စတိုးဆိုင်စက်လှေခါးမှာ





မြင်လိုက်လို့ဟုဆိုလျှင် ယုံဖို့ခက်ကြလိမ့်မည်။ အကြောင်းပြခြင်းဟု ထင်ကြလိမ့်မည်။ သည်တော့ဘာမှ ရှင်းမပြချင်။

“ဒီက လွတ်ဖို့ဆိုတာ ချွေတာစားတာရယ်၊ ညှိသည်များများ ရဖို့ရယ်၊ ဒါပဲရှိတယ်၊ စိတ်လျှော့လိုက်ပါ မမီးရယ်၊ ပေါ့ပေါ့ပါးပါးပဲ တွေးစမ်းပါ။ ဘာထူးတော့မှာလဲ။

“သိပ်ထူးတာပေါ့ ”

မီးမီးက ခပ်မာမာ ပြောလိုက်သည်။

“တစ်ရက်ဆိုလဲထူးတာပဲ၊ ၁၅ မိနစ်ဟာလဲ ထူးတာပဲ”

“အေးလေ၊ ဟုတ်ပါတယ် ”

ချစ်သဲက ဘာမျှမပြောတော့။ ရေပုလင်းကို ကိုင်လိုက်ရင်း ဆေးသောက်တော့မလားဟု မေးသည်။ မီးမီး ခေါင်းညိတ်ပြလိုက်၏။ တစ်ခါသောက် အထုပ်ကလေးများ လုပ်ထားသော ဆေးထုပ်ကို ချစ်သဲကဖြေသည်။ ဆေးတွေက ရောင်စုံ။

“ဆရာဝန် ဘာပြောလဲ”

မီးမီး ခေါင်းခါပြလိုက်၏။

“လီလီနဲ့ တွဲတဲ့ကောင်မလေးလေ၊ အဲဒီကောင်မလေး ပိုးတွေ့လို့နားခိုင်းထားပြီ”

“ပိုးတွေ့လို့ နားခိုင်းထားပြီး”

သံယောင်လိုက်ပြောရင်း၊ ခေါင်းထဲမှာဝေသွားသည်။

ဘုရားရေ ၊ ငါ့မှာလဲပိုးတွေ့နိုင်တာပေါ့။ ပိုးတွေ့ရင် နားရမှာထက် ဒီရောဂါကြီးနဲ့ ဘယ်နှယ်အိမ်ပြန်မလဲ။

မီးမီးသည် ချစ်သဲလက်ကို ကိုင်ထားမိ၏။

တို့ဟာ တကယ့်ချောက်ကမ်းပါးမှာ ကြိုးတန်းလျှောက်နေရတာ. . . ဟုတွေးမိသောအခါ စက်လှေခါးပေါ်မှာ မြင်လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



နေကာမျက်မှန်နှင့် လူမောင်ကို သတိချင်လာပြန်သည်။

"ကျွန်မလဲ ရောဂါရမှာကြောက်တယ်"

ချစ်သဲက မီးမီးလက်ကို ပြန်ဆုပ်နယ်ရင်း ပြောသည်။

"ဘယ်သူမှ ရောဂါမရချင်ကြပါဘူး"

မီးမီးက တိုးတိုးပြန်ပြော၏။

"ဒါနဲ့ ဟိုကောင်မလေးရောဂါတွေ့တာဘယ်လို သိလဲ၊ သူ့ဟာသူကောသိလား"

"မသိရှာဘူး၊ တစ်ပတ်တစ်ခါဆေးစစ်ရင်းက ပေါ်တာ"

"ဒုက္ခပဲ"

နှစ်ယောက်သား စကားမပြောဖြစ်တော့။

မီးမီးက ဆေးရောင်စုံများကို ရေနှင့်မျောသောက်နေသည်။

ချစ်သဲက ငိုင်နေလေ၏။

"ကုလို့ကော ရဦးမှာလား"

မီးမီးပြောတော့၊ ချစ်သဲဖျတ်ခနဲလှည့်ကြည့်သည်။

"ဒီရောဂါရရင် ဆေးမရှိဘူးလို့ ကြားဖူးတာပဲ၊ အရေးကြီးတာက. . . ဟိုဟာလေးတွေ သုံးဖို့မမေ့နဲ့နော်၊ သူတို့အတွက်လည်း အရေးကြီးတယ်၊ ကိုယ့်အတွက်လည်း အရေးကြီးတယ်၊ စိတ်ညစ်လိုက်တာ၊ မြန်မြန်အိမ်ပြန်ချင်ပြီ"

မီးမီးက သက်ပြင်းရှူ၏။

ခေါင်းအုံးအောက်လက်နှိုက်ပြီး၊ ရှူဆေးကိုရှူရသည်။ ခုတလော အသက်ရှူ၍မကောင်း။ ရောဂါများစနေပြီလား။

မြန်မြန်အိမ်ပြန်ရဖို့က နေကောင်းအောင်ကြိုးစားရမှာပေါ့။ ခုတောင် အလုပ်ပျက်ရက် သုံးရက်ရှိသွားပြီ။ ဩော်. . . ကျီပိုကြီးများ စိတ်ပူနေရှာမလား။





"ဟော. . . ရှော့တီ၊ ဘာပြောချင်လို့လဲ "

အခန်းအပြင်ဘက်လူသွားလမ်းမှာ ရှော့တီရပ်စောင့်နေသည်။ မီးမီးကို လက်နှင့်တားသည်။ သည်ကောင်လေးက စကားမပြောဘဲ နားလည်အောင် ခြေဟန်လက်ဟန်နှင့်ပြောရာ၌ ကျွမ်းကျင်သည်။

"ဟိုဘက်က လူ . . ."

ရှော့တီက တစ်ဘက်ခြံကြီးသို့ လှမ်းပြ၏။ အရပ်မြင့်မြင့်ဟု သရုပ်ဖော်၏။ မီးမီးဆီ အမြဲလာတဲ့ဟုလည်း သူနားလည်အောင်ပြောသည်။ မီးမီးက ခေါင်းညိတ်ပြရ၏။ ရှော့တီက လက်သုံးချောင်းထောင်ပြသည်။ ၃-ရက်ရှိပြီဟု ဆိုလိုပုံရ၏။

"ဒီနေ့အလုပ်ပြန်ဆင်းပြီနော် လာဖြစ်အောင်လာခဲ့ပါ"ဟု ရှော့တီနားလည်အောင် မီးမီးမပြောတတ်ချေ။ ရှော့တီကို ပြုံး၍သာပြရ၏။ မည်သို့ဖြစ်စေ မီးမီးနေကောင်း ပြီးသွားလာလုပ်ရှားနေကြောင်း လောက်တော့၊ သူသတင်းပို့ နိုင်လိမ့်မည်ထင်သည်။ အခန်းထဲပြန်ဝင်ပြီး ရှော့တီအတွက် မုန့်ဖိုးလေးယူပေးလိုက်၏။ ရှော့တီသည် ဝမ်းသာအားရ ပြေးထွက်သွား၏။ သူအခွင့်သာသည်နှင့် ကျီပို့ကို သွားပြောမှာ သေချာသည်။ ကျီပို စိတ်မပူပါစေနဲ့။

အခန်းထဲပြန်ရောက်တော့ အဝတ်ဗီရို အံဆွဲကို ဆွဲဖွင့်မိ၏။ အံဆွဲထဲမှာ စာအိတ်အညိုကြီးဖြင့် စုထားခဲ့သော ငွေစက္ကူများ၊ ကျီပို့ငွေများ၊ တစ်ရွက်ချင်း ရေကြည့်ရင်း ကျီပို့ လက်မောင်းကြီးများကို မြင်ယောင်နေသည်။ သည်လက်မောင်း ကြီးများဖြင့် ချွေးစို့ရွှဲအောင်လုပ်ကိုင်ပြီးမှ ရသော ငွေစက္ကူတွေ. .

"ကျီပိုရယ်. . ."

ငွေစက္ကူများကို မျက်နှာအပ်ရင်း ၊ ခိုက်မိ၏။

"ဒီကလွတ်ရင်"

www.burmeseclassic.com



ကျိုပိုက မီးမီးကို လွတ်မြောက်စေချင်သည်။ လွတ်မြောက်၍ မီးမီးက သားလေးဆီပြန်မယ်ဆို၊ ကျိုပိုကျေနပ်ပါ့မလား။

ကျိုပိုသည် မီးမီးကို ရယူလို၍ သည်ငွေတွေပေးနေတာလား။

သည်မေးခွန်းကို ကျိုပိုဖြေခဲ့ပြီး၏။ မီးမီးထွက်ပြေးဖို့ ကြိုးစားစဉ် အရိုက်ခံခဲ့ရသည့်နေ့ကို သူမမေ့နိုင်တဲ့။ မီးမီးဒီ အလုပ်ကို မလုပ်ချင်မှန်း သိသည်တဲ့ သည်တော့သည်အလုပ်က မီးမီးလွတ်သွားလျှင်တော်ပြီ။ မီးမီး သွားချင်ရာသွားတာကို သူကျေနပ်ပါမည်တဲ့။ သူကြေကွဲစွာ ပြောပြခဲ့ဖူး သည်။ သူသည် မီးမီးကို ရယူပိုင်ဆိုင်လို၍ သည်ငွေလာပေးနေခြင်း မဟုတ်။

တံခါးခေါက်သံပေါ်လာသည်။

ငွေစက္ကူများလို ခေါင်းအုံးအောက်ထည့်လိုက်ပြီးမှ တံခါးကိုဖွင့် လိုက်၏။

"အော် . . . ချစ်သဲ . . . လာလေ '

ချစ်သဲက ကုတင်ပေါ်ဝင်ထိုင်သည်။

"အိပ်ပြီးပြီလား၊ ချစ်သဲမျက်နှာချောင်နေသေးတယ် "

"ဟုတ်တယ် မမီး၊ ကျွန်မ ဒီနေ့ခင်းအိပ်မပျော်ဘူး"

"နေ့ခင်းအိပ်ရေးမဝရင်၊ ညကျမလန်းဆန်းဘဲနေတတ်တယ်"

"ကိစ္စမရှိပါဘူး၊ မမီးရယ်၊ ကျွန်မက တစ်ခါတစ်လေ ညှော်သည် တစ်ယောက်မှတောင် ရတာမှမဟုတ်ပဲ"

ချစ်သဲက ပါးစပ်ကို မဲ့လိုက်သည်။

"အဲ့ဒါ သက်သာတာပေါ့"

မီးမီးက အားပေးလိုက်ခြင်းသာဖြစ်၏။ သို့သော် ချစ်သဲ မျက်ရည်ဝိုင်းသွားသည်။

"ဒါပေမဲ့ ဒီမှာကြာမယ်လေ"





"အဲဒါတော့ ဟုတ်ပါတယ်"

နှစ်ယောက်သား ငိုင်နေကြသည်။

"တို့ တစ်ခုခုလုပ်ကြရင်ကောင်းမလား"

မီးမီးက စဉ်းစဉ်းစားစား ပြောသည်။

"ဘာလုပ်ရမှာလဲ"

"အေးလေ၊ ဝင်ငွေရမယ့် တခြားတစ်ခုခုပေါ့"

ချစ်သဲရယ်လေသည်။ ရယ်သံကမူ ခပ်ခြောက်ခြောက်။

"မီးမီးရယ် ဈေးထွက်ရောင်းဖို့ပဲရှိတယ်၊"

"အေးဟယ်၊ ဟိုဘက်ခြံမှာ လက်သမားဆရာကြီးဆီ၊ အကူ အညီပေးဖို့လား" မီးမီးငြိမ်သွားသည်။

ဟုတ်ပါရဲ့ ဒီအချိန်ဆို ကျိုပို့ခမျာ ချွေးတွေနစ်နေအောင် အလုပ် လုပ်နေရရှာမှာ။ သူလုပ်နေကျအချိန်ထက် ပိုလုပ်နေရှာမှာ။

"မမီး"

"ပြောလေ"

"ကျွန်မလဲ၊ ရည်းစားလိုချင်တယ်"

"ဘုရားရေ၊ ဘာတွေစိတ်ရှူးပေါက်လာတာလဲ"

"ရှူးတယ်ပြောလဲပြောပေါ့၊ ရွာမှာတုန်းက ရည်းစားရှိခဲ့ တာ "

"ဟုတ်လား"

မီးမီးသည် ချစ်သဲကို တစ်ခါမျှ မစပ်စုခဲ့ဖူး။ ကိုယ့်အပူ နှင့်ကိုယ်ဖို့၊ ကိုယ့်အကြောင်းလဲပြောမပြခဲ့ဖူးလေ။

"ရည်းစားရှိတာ စိတ်လက်ပေါ့ပါးတယ်။ မမီးရဲ့၊ သူ့ အကြောင်း တွေးနေရတာ၊ သူ့အတွက် တစ်ခုခုလုပ်ပေးဖို့ပြင်ဆင်နေရတာဟာ၊ ကြည်နူးစရာပဲ"

"ဆက်စမ်းပါဦး၊ ကိုယ်က ရည်းစားမထားဖူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့"

"အဟုတ်ပြောတာ၊ ရည်းစားထားရင်ပျော်စရာကောင်းသလား၊ အဲဒါ ငယ်ငယ်ကတည်းက သိချင်တဲ့ကိစ္စ၊ ကိုယ်က ရည်းစားမရှိဘဲနဲ့ ယောက်ျားယူခဲ့ရတာကိုး"

"ဟုတ်လား၊ မမီးအိမ်ထောင်ရှိတယ်ပေါ့"

မီးမီးက ခေါင်းကိုသွက်သွက်ခါပြလိုက်သည်။

"ကွဲသွားပြီ"

"ဘာဖြစ်လို့လဲ"

"မချစ်လို့"

"ဟင်၊ မချစ်ဘဲ ယူခဲ့တာလား"

"ဟုတ်တယ်၊ အဲဒါကြောင့်ပြောတာ၊ ရည်းစားထားရင် ပျော်စရာကောင်းသလားလို့" ချစ်သဲက ကုတင်ပေါ်ထိုင် နေရာက လှဲချလိုက်သည်။

မျက်နှာကျက်ဖြူဖြူကို ငေးကြည့်နေသည်။

"ဘယ်လိုလဲ၊ ဆွေးသွားပြီလား"

"ဟုတ်တယ်၊ သိပ်ဆွေးဖို့ကောင်းတာ၊ ကျွန်မ ရည်းစားနဲ့ ကွဲရတာက၊ မချစ်လို့မဟုတ်ဘူး၊ ချစ်လွန်းလို့. ."

"ပြောပါဦး"

"သူနဲ့က တစ်ရွာတည်းသားတွေပါ။ တောမှာယာ ထွန်၊ ပဲကောက်အတူတူပေါ့၊ ညနေဆို ကျွန်မတို့အပျိုတစ်သင်းက ရေခပ်ဆင်းကြတယ်။ ရေခပ်တယ်ဆိုတာ ဒီမှာလို ဘုံဘိုင်ဖွင့်ရုံမဟုတ်ဘူးလေ၊ သဲတွင်းတူးရတာ။ သဲတွင်းထဲ ကရေထွက်ပြီဆိုမှ ရေမှုတ်လေးနဲ့ ခပ်ယူရတာ၊ အကြာကြီးပဲ၊ ဟို. . . ဗေဒါရီလိုပေါ့"

"ဟင်း အင်း နားလည်ပြီ"

"အဲသလို ရေအကြာကြီးခပ်တုန်း၊ အချင်းချင်းစကြ၊ နောက်ကြ၊ သီချင်းဆိုကြနဲ့ ကိုယ့်တောဓလေ့ပျော်တာပါပဲ မမီးရယ်၊ နှမ်းသိမ်းတဲ့ အချိန်တို့၊ ပဲကောက်တဲ့အချိန်တွေဆို လဲပျော်မှပျော်။ စားရတဲ့ထမင်းက ဘယ်လောက်ညံ့ပေမဲ့ ဒီထက်ကောင်းတဲ့ထမင်း ရှိသေးတယ်ဆိုတာနား မလည်ဘူးလေ"

"ဟုတ်တာပေါ့"

"သူနဲ့အတူ ရွာခရိုင်မှာထိုင်ပြီး ရှေ့ရေးတိုင်ပင်ကြတာလဲ ကြည်နူးစရာပဲ။ သူက သားတွေ သမီးတွေမွေးပြီး အလှူလုပ်တဲ့အထိ စဉ်းစားတာ။ အဖိုးကြီးအမယ်ကြီးဖြစ်ရင် ဆိုတဲ့အထိ တွေးတာ။ နှစ်ယောက်သား လ ထွက်လာတာကို ကြည့်ပြီးမှ ရွာဘက်ပြန်၊ အမေတို့ ကိုတော့ ဟိုဘက်ရွာမှာ ကြွေးသွားတောင်းတာ မရခဲ့ဘူး၊ ပြောတာပေါ့။ အမေတို့က စုံစီနဖါလေးတွေလဲ ရောင်းတယ်လေ"

"အဲဒါနဲ့"

"အဲဒါနဲ့ တစ်ရက်တော့ ဟိုဘက်ရွာက အပြန်ပါပဲ၊ ကျွန်မက ဟိုဘက်ရွာကပေးလိုက်တဲ့ နှမ်းတွေအိတ်နဲ့ထည့်ပြီး တောင်းနဲ့ရွက် လာတာ။ သူကလဲ လွယ်အိတ်နဲ့ တစ်အိတ်။ သဲချောင်းကို ဖြတ်ကူး တာ၊ သဲချောင်းဆိုတာ အကျယ်ကြီး။ မြန်းဆို မြောက်ဖက်မှာ မိုးရွာပြီး ရေတွေ ကျလာတာ။ လူချည်းပဲဆိုလွတ်တယ်။ ခုတော့ ကျွန်မက နှမျောပြီး ခေါင်းပေါ်က နှမ်းတောင်းလွှင့်မပစ်မိဘူး မမီးရယ်၊ ခုတော့ ပစ္စည်း မက်တာနဲ့ပဲ ဖြစ်ရတာ။ သူကဆွဲ၊ ရေကတိုး၊ နောက်တော့ ခေါင်းပေါ်က တောင်းကလိမ့်ကျတာ၊ အဲဒါကို ငါ့တောင်း ဆယ်ပါဦးလို့ ပြောမိတယ်။ သူ့ခမျာ ကျွန်မကိုအလိုလိုက်ချင်လွန်းလို့ ရေစီးထဲပါသွားတဲ့တောင်းကို ဆယ်တာလေ။ မျက်စိအောက်တင်ပဲ လူရောတောင်းရော မြုပ်ပါသွား တာ။ ကျွန်မတို့ တောသူတောင်သား ရေကူးတတ်ပုံကနဲ့ပါသွားတာ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလဲ သူ့ကိုလှည့်မကြည့်နိုင်ဘူး။ ထွက်ပြေးရတယ်။ ကမ်းရောက်မှ စောင့်မယ်စိတ်ကူးနဲ့လေ။ ဒါပေမဲ့ ကမ်းရောက်ပြီး သူ့ကိုစောင့်တော့၊ ရေတွေတဝေါဝေါဆင်းနေ တဲ့ချောင်းပဲရှိတယ်။ သူကတော့ ပြန်တက်မလာတော့ဘူး"

"ဖြစ်မှဖြစ်ရလေ ချစ်သဲရယ်"

"အဲဒီကတည်းက ကျွန်မ ရွာကိုစိတ်နာတယ်။ ချောင်းကိုမကြည့်ချင်ဘူး၊ ရှမ်းပြည် သူများတွေ လက်ဖက်ခူးထွက် တော့လိုက်ခဲ့တယ်။ အဲဒီကတည်းက ရွာမပြန်ဖြစ်တာပါပဲ"

"တို့ ဒီကိုရောက်တာကရော. . . သူများပို့ခဲ့တာလား"

မီးမီးက မယုတ်မလွန်မေးရ၏။ ငါ့လိုပဲ ရောင်းစားခံရတာလား ဟု မမေးရဲ။ "ပထမတော့ ဒီအလုပ်လုပ်ဖို့ မဟုတ်ပါဘူး၊ အိမ်ဖော်ဆိုလို့ လိုက်ခဲ့တာ"

"အိမ်ဖော်လုပ်ဖို့၊ လုပ်ကောလုပ်ဖြစ်လား"

"စကားပဲ၊ အိမ်ဖော်ဆိုပြီးခေါ်တဲ့ အိမ်မှာ ခဏပဲနေရတယ်။ သူတို့က လခနည်းနည်းလေးပဲပေးတယ်။ များများလိုချင်ရင် ဒီလို အိမ်မှာ လုပ်နိုင်တယ်လို့ ဖွင့်ပြောတယ်။ ကျွန်မဘယ်လုပ်ရဲမလဲ။ ဒါပေမဲ့ အိမ်ကို ငွေတွေအများကြီး ပို့နိုင်မယ်လို့လဲပြောတယ်။ အိမ်ဖော်ဆိုတာကလဲ နောက်တော့ အိမ်ရှင်ယောကျ်ားကို နှိပ်နယ်ပေးရတဲ့ အလုပ်ပဲလုပ်နိုင်းတော့တယ်"

"ဟင်း. . . အဲလိုလား. . ."

"ပြောရရင်တော့ တဖြည်းဖြည်းသိမ်းသွင်းတာပါပဲ၊ ဒီကိစ္စဟာ ဘာမှအရေးထားစရာ မဟုတ်ဘူးလို့ ထင်လာအောင်လုပ်တာ။ အမှန်အတိုင်း ဝန်ခံရရင် ကျွန်မလဲ အဲဒီယောကျ်ားနဲ့နေရထိုင်ရတာကို ကျေနပ်ခဲ့တယ်"





"ကျေနပ်တယ်ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မက အိမ်ထောင်မကျဖူးတဲ့အပျိုစစ်စစ်ပါ။ ရည်းစားနဲ့ သန့်သန့်ရှင်းရှင်းနေခဲ့တာပါ။ အဲဒီအိမ် ကလူနဲ့ကျတော့ ချစ်တာလဲမဟုတ်ဘဲနဲ့၊ အဲလိုနေရတာကို ကြိုက်နေခဲ့တယ်။ တစ်ခုတော့ ရှိတယ်။ ဆေးစားရတယ် မမီးရဲ့"

"ဆေး၊ ဘာဆေးလဲ"

"မသိဘူးလေ၊ အဲဒီဆေးစားပြီးရင် လူဟာငြိမ်သွားတယ်၊ ပြီးတော့အိမ်မက်နေသလိုပဲ၊ ပျော်နေတယ်။ အဲဒီအခါ အိမ်ရှင်ယောကျ်ားနဲ့နေရတာကိုလဲ ပျော်တယ်"

"တစ်ခါမှမကြားဖူးပါဘူး"

"နောက်ပိုင်းတော့ ဒီအိမ်မှာထက်ပိုပြီး ပျော်စရာကောင်းတဲ့နေရာ ပို့ပေးမယ်၊ ပိုက်ဆံအများကြီးရမယ်၊ အိမ်ကို ပို့ပေးလို့ရတယ်ဆိုတာနဲ့၊ အမေတို့ဆီငွေပို့နိုင်အောင် လက်ခံခဲ့တာပါပဲ။ သူတို့က တဆင့်ဆိုတော့ အမေနဲ့လဲ ဆက်သွယ်လို့ရတာပေါ့လေ။ ဒါပေမဲ့ ကျွန်မအိမ်ဖော်လုပ်နေတယ်လို့ပဲ ပြောထားတယ်"

မီးမီးသည် ချစ်သဲကို ဖက်ထားလိုက်၏။

သနားစရာ ညီမလေးတစ်ယောက်ဟု စိတ်ထဲမှာ ကြေကွဲနေသည်။ သည်မြေမှာ သည်လိုသနားစရာညီမလေးတွေ ဘယ်လောက်ရှိပြီလဲဟုတွေးသည်။ လွတ်မြောက်ထွက် ပြေးနိုင်ခြင်းမရှိဘဲ၊ သည်ဘဝမှာ နစ်နေသူတွေ ဘယ်မျှရှိနေခဲ့ပြီလဲ၊ ရုန်းထွက်နိုင်သောအင်အားကို ဘယ်က ရမည်လဲ။

ဩော်. . . ဒါကြောင့် ချစ်သဲပြောတာထင်သည်။ အားအိုးရသော ရည်းစားတစ်ယောက်လောက်လိုချင်တယ်ဟု၊ ချစ်သဲရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လဲ မကူညီနိုင်ဘူး။

မီးမီးသည် ချစ်သဲကိုဖက်ရင်း အိပ်ပျော်သွားခဲ့၏။



"ဟုတ်ရဲ့လား၊ သေချာရဲ့လား"

ကိုယ့်နားကို ကိုယ်မယုံချေ။

အိပ်မက်တစ်ခုကို မက်လိုက်ရသလားထင်သည်။

လုံးဝမဖြစ်နိုင်သော ကိစ္စကြီးပဲ။

သို့သော် တကယ်ပင်ဖြစ်သွားခဲ့ပြီးပြီ။

လီလီက မီးမီးနားလည်နိုင်လောက်သောစကားဖြင့် ပြောပြနေသည်။ မီးမီးက မယုံနိုင်သေး။

"လုံးဝမဖြစ်နိုင်ဘူး၊ ချစ်သဲ ပျောက်သွားတယ်ထား၊ ရှော့တီနဲ့ လိုက်ပြေးတယ်ဆိုတာတော့ လုံးဝကိုမဖြစ်နိုင်ဘူး"

"အိမ်ရှင်ကိုယ်တိုင် လိုက်ရှာနေပြီ၊ ပျောက်တာက နှစ်ယောက်၊ တွေ့ခဲ့တဲ့လူက ပြန်ပြောတာ"

"ဘယ်လိုလုပ်ဒီအိမ်က ထွက်တာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းလေ၊ ပြရက်မဟုတ်ဘဲ ချစ်သဲက နေမကောင်းဖြစ်တယ်ဆိုတော့ ရှော့တီနဲ့ ဒရိုင်ဘာနဲ့ ထည့်လွှတ်လိုက်တာ။ ရှော့တီက သူတို့လူဆိုပြီး ယုံတာ"

ချစ်သဲတော့ အကြံပိုင်သွားခဲ့ပြီ။

ရှော့တီကို သူဘယ်တုန်းက စည်းရုံးခဲ့ပါလိမ့်။

သူတို့တကယ်ကော လွတ်သွားရဲ့လား။

ရှော့တီကို ချစ်သဲ လက်ထပ်ရမှာလား။

မေးခွန်းတွေ တစ်သီကြီးပေါ်နေသည်။

ရှော့တီကို ချစ်သဲက ငွေပေးပြီးလွတ်အောင်လုပ်သည်ဟု ပြောရအောင် ချစ်သဲမှာငွေများများ မရှိတာကို မီးမီးသိသည်။ ချစ်သဲသည် သူ့အိမ်အတွက်ငွေကို ကိုယ်တိုင်ယူခဲ့သူမို့၊ ရှော့တီကိုပေးရန်ငွေမရှိ။ စုသည်ပဲထား၊ ဘယ်လောက်မှမရနိုင်။ သည်လိုဆိုလျှင် ရှော့တီက ချစ်သဲကို မေတ္တာဖြင့် လွတ်အောင်လုပ်ချင်တာလား။

အဖြေမရခင်မှာပင်၊ နောက်မေးခွန်းတစ်ခုပေါ်လာရာ၊ မီးမီး မျက်လုံးပြူးသွားသည်။

ရှော့တီက ချစ်သဲကို ခိုးထုတ်ပြီး၊ တစ်ခြားဂေဟာတစ်ခုမှာ သွားရောင်းစားတာရော မဖြစ်နိုင်ဘူးလား။

အဲဒါမျိုးတော့ မဖြစ်ပါစေနဲ့၊

နောက်ဆုံးလွတ်ချင်ဇောနှင့် ရှော့တီကို ချစ်သဲ ယူလိုက်တာပဲ ဖြစ်ပါစေ။ ယူလိုက်တော့ကောတဲ့။ ဒီဂေဟာ ကတော့ လွတ်တာပေါ့လေ။ ဒါပေမဲ့ ချစ်သဲ အိမ်ပြန်လို့ရပါ့မလား။

မီးမီးသည် ချစ်သဲကို တွေးမိတိုင်း မချင့်မရဲဖြစ်ရ၏။

ချစ်သဲရယ် ပွင့်ပွင့်လင်းလင်း ပြောလို့ရတဲ့ လူချင်းပဲဟာ၊ မမီးကို တိုင်ပင်ရောပေါ့။ အေးလေ၊ ဒီကိစ္စက ထိပ်တန်း လျှို့ဝှက်ရမယ့်ဟာကိုး၊





သူငါ့ကို မတိုင်ပင်တာ သူမှန်ပါတယ်။ ဟိုကောင် ရှော့တီကလဲ လုံးဝ အသွားအလာမပျက်။ အကြံပိုင်ကြပါပေ့။ ဩော် ငါ့မှာသာ. . .။

မီးမီးသည် အဝတ်လျှော်ရင်း လက်တွေနာလာတော့လည်း ချစ်သဲကို သတိရ၏။ ချစ်သဲက မီးမီးကို အဝတ်ကူလှန်းပေးနေကျ။ သူက အဝတ်လျှော်ပြီး ငွေရှာဖို့ စိတ်မကူးခဲ့သော်လည်း လက်တွေ့ကျကျလွတ်သွားခဲ့ပြီ။

ရှော့တီကို ထည့်မတွက်ထားသော အိမ်ရှင်လင်မယားသည်၊ သည်တစ်ချီခံလိုက်ရပြီပေါ့။ သို့သော်သူတို့ မှုပုံမရ။ ချစ်သဲသည် ဂေဟာ၏ ဆည်းလည်းမဟုတ်။ ညှေ့သည်နည်းသူ၊ ချစ်သဲကလည်း သည်အချက်ကြောင့်ပင် ရှော့တီကို ချဉ်းကပ်သွားတာဖြစ်နိုင်သည်၊ ချစ်သဲကလည်း နည်းသဖြင့် ကြာရှည်နေဦးမည့်အဖြစ်ကို သူစွန့်စားခြင်းဖြင့် အဆုံးသတ်သွားတာဖြစ်မည်။

ဘာပဲဖြစ်ဖြစ် ချစ်သဲကို ချီးကျူး၏။

ရှော့တီကိုလည်း ကျေးဇူးတင်ရသည်။

အပြင်မှာ သူတို့ဘယ်လို ရုန်းကန်ကြကြောင်း မသိရပေမဲ့၊ လောလောဆယ်တော့ ချစ်သဲအားကိုးရသွားပြီ။

အခန်းစောင့်မိန်းမကို သည်အကြောင်းမေးဖြစ်သည်။

သူက ခါတိုင်းထက် မျက်နှာကြောတင်းနေလေသည်။

ပြီးတော့ စတိုးဆိုင်မှာတုန်းက ၊ မီးမီးကို မေ့လဲအောင်ရိုက်ခဲ့သော စတီးခါးပတ်ကို အမြဲပတ်ထား၏။ အချိန်မရွေးဆုံးမပစ်မည်ဟု ဆိုလိုပုံရပေသည်။

"အစ်မ. . . ချစ်သဲထွက်ပြေးတယ်ဆိုတာ အဟုတ်လား"

ထိုမိန်းမက "အင်း"ဟု တစ်ခွန်းပဲဖြေသည်။

"ရှော့တီနဲ့ဆို"



www.burmeseclassic.com

www.burmeseclassic.com



သူက . . တစ်ခွန်းဆဲသည်။ မေးသူက လွန်သည်ဟု ယူဆပုံရ၏။

သို့သော် မီးမီးမနေနိုင်။ ချစ်သဲအတွက် စိတ်ပူသည်။ ရှော့တီနှင့် တကယ်ချစ်ကြိုက်ပြီး ပြေးရင်တော်ပါရဲ့၊ ရှော့တီခိုးထုတ်ရောင်းစားသည် ဆိုလျှင်

"ကျွန်မက စိတ်ပူလို့ပါအစ်မ။ သူရှော့တီနဲ့ယူတာဆို တော်သေးရဲ့"

သူလှည့်လာသည်။

"နင်က ဘယ်လိုထင်လို့လဲ"

"တခြားဂေဟာမှာ ရောင်းစားမလားလို့"

သူတစ်ချက်မဲ့ ပြုံးပြုံးလေသည်။

"သူ့လို ရောဂါရနေတဲ့လူကို ၊ ဘယ်ဂေဟာကဝယ်မှာလဲ"

"ရှင်. . ချစ်သဲရောဂါရနေပြီး ဟုတ်လား"

သူက ဘာမျှမဖြစ်သလို အခန်းကိုလှည့်ပတ်စစ်ဆေးနေသည်။

သူ့အသားညိုညို၊ အရပ်မြင့်မြင့်သည် သွေးသားနှင့်တည် ဆောက်ထားခြင်းမှ ဟုတ်ပါရဲ့လားမသိ။

"ကျွန်မ မေးတာဖြေပါဦး"

"ဘာကိုလဲ"

"ချစ်သဲရောဂါရနေတာ ဟုတ်လား"

သူ ခပ်အေးအေးခေါင်းညိတ်သည်။

ရောဂါရမှာ သိပ်ကြောက်ရှာသောချစ်သဲ။

"သူ့ကိုယ်သူရောသိလား"

ထိုမိန်းမက ခေါင်းရမ်းပြ၏။

"အင်း တော်ပါသေးတယ်။ ချစ်သဲမသိတာကောင်းတယ်၊



ဒါထက် ရှော့တီကရော ချစ်သဲရောဂါရတာ သိသွားသေးလား"

"အဲဒါ ငါတို့ မသိလိုက်တဲ့အပိုင်းပဲ။ သေချာတာက ရှော့တီလဲ အလုပ်ထွက်စာတင်ခဲ့တယ်၊ နှစ်ဦးသဘောတူ ထွက်ပြေးတာသေချာ တယ်။ ရှော့တီသစ္စာဖေါက်တာကတော့ ထူးဆန်းတယ်၊ ရှော့တီဒီမှာ ငယ်ငယ်ကလေးကတည်းကနေတာ။ အေးလေ၊ နောက်ထွက်ပြေးချင်တဲ့ လူ အစောင့်ကြီးကို ကပ်ကြပေါ့"

သူပြောမှ သတိရ၏။

မနက် မုတ်ဆိတ်မွေးပရပျစ်နှင့်လူကြီးတစ်ယောက် ဝင်းဝမှာ ထိုင်နေတာလှမ်းမြင်ခဲ့သည်။ ရှော့တီနေရာမှာတောင် လူစားခန့်လိုက်ပြီ။ သို့ဆိုလျှင် ကြားရသော သတင်းသည် သေချာပြီပေါ့။

လူသည် ချက်ခြင်းပင် အားကုန်သွားသည်။

တိုးတိုးတိုင်ပင်ရမည့်လူလဲ မရှိတော့ပါလား။

ငါ. . . ကော. . . ဘာလုပ်ရမလဲ။

ထပ်ပြီး စွန့်စားရဦးမလား။

ဒီလိုပဲ လွတ်ရက်ကိုလက်ချိုးရေတွက်နေရမှာတဲ့လား။

ကျီပိုကြီးရေ ကျွန်မကိုခေါ်ထုတ်သွားပါနော်။

www.burmeseclassic.com

www.burmeseclassic.com

“ကျိုပိုရယ် ကျွန်မလွတ်ချင်ပြီ”

မီးမီးက တတ်ထားသမျှ သူတို့ဘာသာစကားဖြင့် ပြောလိုက်သည်။ ကျိုပို့ ရင်ခွင်မှာအပ်ရင်း တရှိုက်ရှိုက်ငိုမိ၏။ ချစ်သဲလွတ်မြောက်သွားပြီဖြစ်ကြောင်း ရှော့တီကခေါ်ထုတ်သွားကြောင်း ကျိုပိုနားလည်အောင်ပြောရသည်။ ပထမတော့ သူအံ့သြနေသေးသည်။ ရှော့တီကို သူပင်ဆက်သွယ်ခဲ့သေးသည်ပဲ။ ရှော့တီလူရည်လည်မှန်းသူသိသည်။ သို့သော် သည်လောက်လူလည်ကျသွားလိမ့်မည်ဟု မထင်ခဲ့ကြောင်း ပြောလေသည်။

မီးမီးက ကျွန်မကိုလည်းခေါ်သွားပါဟု ပြောသောအခါ ကျိုပိုသည် မီးမီးကို သူ့ရင်ပတ်ကြီးဖြင့် ဆွဲကပ်ထားလိုက်ပြီးအကြာကြီး ငြိမ်နေသည်။ သူ့ခံစားချက်ကို စကားအသွယ်သွယ်ဖြင့် ပြောမရတိုင်း၊ သူ့နှလုံးသားများက တဆတ်ဆတ်တုန်ခါကြ၏။



သူသည် မီးမီးမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး၊ နေရာအနှံ့ပင်၊ မောလောက်အောင်နမ်းသည်။ ပြီးတော့မျက်ရည်ဝိုင်းသော မျက်လုံးကြီးများဖြင့် မီးမီးကိုကြည့်ရင်း၊ စကားမဆိုပဲနေလေသည်။

ကျိုပိုက ရှော့တီနဲ့မှ မတူပဲလေ။

ရှော့တီလို ကြံ့ရာကျဘမ်းလုပ်တတ်သူမဟုတ်။ သူက သူ့လက်သမားအလုပ်ကိုသာ၊ တစိုက်မတ်မတ်လုပ်နေသူကိုး။ တည်ငြိမ်မှုကို သူနှစ်သက်ပုံရသည်။ ပြီးတော့ သူအမျိုးမျိုး စဉ်းစားပါလိမ့်မည်။ ရှော့တီနှင့် ချစ်သဲက အတူတွဲပြီးအပြင်ထွက်၍ရသည်။ ကျိုပိုနှင့် မီးမီးက ဘယ်လိုဆုံကြမလဲ။ ဈေးဝယ်သွားသည့်နေ့တွင် တစ်နေရာက စောင့်ခေါ်ဖို့ဆို တာကတော့၊ အစောင့်မိန်းမ၏ စတီးခါးပတ်ကြောင့် မဖြစ်နိုင်။ ခြံကိုကျော်ထွက်ဖို့ကကော၊ ခြံစောင့်တွေက လူအလစ် ဘယ်တော့မှမခံ။ ပြီးတော့ ကျိုပိုကပြောသည်။ သူငွေပိုရအောင်ပဲရှာမယ်တဲ့။ သူ့လက်မောင်းကြွက်သားကြီးများကို ထုတ်ပြကာ၊ သူအလုပ်လုပ်နိုင်သည် ဟု ပြောရှာသည်။

“မီးမီးကိုချစ်တယ်၊ ငွေစုမယ်”

သူက မီးမီးနားလည်သောစကားဖြင့် အထပ်ထပ်ပြောနေသည်။

မီးမီးက သူ့ကို ဧည့်သည်လို ပြုစုဖို့ပင်မေ့နေ၏။ သည်ဘက်ပိုင်းတွင်ကျိုပိုသည် တိုကင်ကို နှစ်ချိန်တွဲဝယ်နေခဲ့သဖြင့်၊ အတူနေရဖို့ အချိန်တိုးလာပေသည်။ ရသမျှအချိန်တွင် ကျိုပိုက သူစုလာသော ငွေစက္ကူများကို အရင်ထုတ်ပေးတတ်၏။ မီးမီးကလည်း သူစုထားပြီး ရနေသော ငွေစက္ကူများကို ဘီရိုထဲမှထုတ်ပြစမြဲ။ ငွေစက္ကူများကို ပေါင်းလိုက်ပြီး တစ်ယောက်နှင့်တစ်ယောက် မလွှတ်တမ်းဖက်ထား လိုက်ကြစမြဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျိုပို့မျက်နှာပိုပြီး ချောင်ကျသွားတာကို မီးမီးသတိပြုမိ၍ မေးတော့ အရေးမကြီးပါဘူးဟု ဖြေသည်။

"ညဘက်အလုပ်ဆင်းသလား"

ဆိုတော့မှ သူခေါင်းညိတ်ပြ၏။

ဖြစ်ရလေ ကျိုပိုရယ်။ မီးမီးကို ရွေးဖို့သူမအိပ်မနေ ငွေရှာနေပြီ။ ငွေစု၍ပြည့်သောရက်ကို မျှော်မှန်းနေပြီ။ ထိုရက်တွင် အတူနေရမလား၊ ခွဲပြီးပြန်သွားမလား ဆိုတာကိုမူ သူတစ်ခါမှ မဆွေးနွေးပေ။

"ကျိုပို"

"မီး"

"လွတ်ရင်လေ"

"အင်း"

"အတူတူနေမှာနော်"

သူခေါင်းညိတ်ပြီး ပျော်သွား၏။

"ပြီးရင်လေ"

"အင်း"

"ဟိုးအဝေးကြီးကို အတူတူသွားမယ်နော်"

သူစဉ်းစားသည်။ ဟိုးအဝေးကြီးဆိုတာကို သူမေးသည်။

"ဘယ်အထိလဲ"

"အဝေးကြီးပေါ့"

သူ မီးမီးကို အကြာကြီး စိုက်ကြည့်နေသည်။

ကျိုပိုဘာတွေ စဉ်းစားပါလိမ့်။ မီးမီးဘဝကို မယုံတာလား၊ မီးမီးနဲ့အတူပေါင်းဖို့မဖြစ်နိုင်လို့လား။ ကျိုပို့နောက်ဖက်မှာ ဘယ်သူတွေများ ရှိသေးလဲ။ သူ့အသိုင်းအဝိုင်းက သူ့ရုန်းထွက်နိုင်မှာလား။

အို ဘာမှ မစဉ်းစားပါနဲ့တော့ ကျိုပိုရယ်။





အရေးအကြီးဆုံးက မီးမီး ကျိုပို့ကိုချစ်တယ်။ ကျိုပို ကလဲချစ်တယ်။ လောကကြီးမှာလေ တစ်ယောက်ကို တစ်ယောက် ချစ်ဖို့ဆိုတာ သိပ်ခဲယဉ်းတာပါ။ တစ်ယောက်က ချစ်ပေမဲ့ အဲ့ဒီတစ်ယောက်က ပြန်ချစ်ချင်မှချစ်တာ။ မီးကလေဘယ်သူ့မှ မချစ်ဖူးဘူး။ ဒီလူကြီးကိုတော့ချစ်မိပြီ၊ ဘယ်လိုအတားအဆီးတွေကိုပဲ ကျော်လွှားရပါစေ။ ကျိုပို့နောက်မီးလိုက်မယ်။ ပြီးတော့မှ ဟိုးအဝေးကြီးမှာရှိတဲ့ သားလေးဆီသွားကြရအောင်။ မီးမီးရဲ့သားလေးကိုတော့ သဒ္ဓါပါနော်။

နှစ်ယောက်သားဖက်ပြီး အိပ်ပျော်သွားကြသဖြင့် ဘဲလ်မြည်သံကို ဘယ်သူမှ မကြားလိုက်ချေ။ တံခါးက တဒုံးဒုံးမြည်သည်။ မနိုးကြ။ အိပ်မက်ထဲမှာ နှစ်ယောက်ပျောက်ဆုံးနေခဲ့ကြသည်။

နောက်ဆုံး အပြင်ဘက်မှာ အခန်းစောင့်က သော့ဖွင့်ပြီး ဝင်လာလေသည်။ အိပ်ယာထဲမှာ နှစ်ယောက်စလုံး အိပ်ပျော်နေသည်ကို မြင်တော့၊ အတော်စိတ်တိုသွားပုံရ၏။

"ကိုယ့်အိမ်ကိုယ့်ယာကျနေတာပဲ"ဟု ဆောင့်ဆွဲရင်း ဆိုသည်။

"ဘယ်လိုဖြစ်နေကြတာလဲ၊ နောက်တိုကင်သမားတွေ စိတ်ဆိုးပြီးပြန်ကုန်တော့မယ်၊ ဘဲလ်မြည်တာ မကြားကြဘူးလား။

"အိပ်ပျော်သွားတယ် အစ်မရယ်"

မီးမီးက တောင်းပန်လိုက်သည်။

ကျိုပိုက သူ့ကိုယ်သူပုတ်ပြပြီး သူတို့ဘာသာစကားဖြင့် တီးတိုးပြောသည်။ သူ့အပြစ်ပါဟု ဝန်ခံနေသည်ထင်ရဲ့။ အခန်းစောင့်တံခါးမှ စတီးခါးပတ်ကိုကြည့်ရင်း၊ မီးမီးက ထပ်ပြီးတောင်းပန်သည်။

"ညှိုသည် အပြစ်မဟုတ်ဘူး၊ ကျွန်မအပြစ်"

"ကဲ. . . သည်းမနေကြနဲ့"

ပြောပြီးမှ ညှိုသည်ကို ကျေးဇူးတင်ကြောင်းပြောပြီး တံခါးဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဦးဆောင်ထွက်သွားသည်။ ကျိုပိုက မီးမီးကို တစ်ချက်လှည့်ကြည့်၏။ သူ့မျက်နှာမှာ ညို့မှိုင်းနေသည်။ မျက်လုံးညို့များက တောင်းပန်နေဆဲ၊ မျက်ရည်ဝဲနေသော မီးမီးကို၊ ကြေကွဲစွာကြည့်သွား ကြလေသည်။

"ဘာမှ မတတ်နိုင်ဘူးနော်၊ ခုချိန်မှာ သူတို့လက်ခုပ်ထဲမှာပဲ"

မီးမီးက မျက်ရည်စဖြင့် ပြုံးပြရင်း တိုးတိုးညည်းညူ လိုက်မိသည်။

တံခါးပိတ်သွား၏။ မကြာမီ နောက်လူဝင်လာဦးတော့မည်။ ကိုယ့်ဘဝကို စက်ဆုတ်ရွံရှာစွာ အံခဲလိုက်သည်။

အေးလေ လူများများဝင်လေ လွတ်ရက်မြန်မြန်နီးလေပေါ့။

မိုးဖွဲဖြိုင်ဖြိုင်ရွာလာပြီ။

မမည်းဘဲနှင့်သည်းသည်းရွာနေသည်။

သည်နေရာသည် ပင်လယ်နှင့် နီးသလားမသိ။ မိုးတိမ်တို့ သည် ဖွဲ့ချီသိုင်းဝိုင်းမနေဘဲ၊ ဖြုန်းခနဲရွာချတတ်၏။ ရန်ကုန်မိုးနှင့်ပင်တူသေးတော့။ ခြံထဲမှသစ်ပင်အုပ်ကြီးများသည် မိုးရေထဲမှာ ယိမ်းယိုင်ကာမိုးဒဏ်ကိုငုံ့ပြီး ခံနေကြ၏။ အုန်းထန်းပင်များကတော့ တောထဲမှာ ယိမ်းကနေကြလေသည်။ ကွန်ကရစ်ခင်းထားသော မြေပြင်ပေါ်မှာ ဖြူဖွေးသော မိုးရေတို့က လှိုင်းဘောင်ဘင်ခတ်နေသေးသည်။

ဟိုဘက်ခြံကို မမြင်ရ။

လှုပ်လှုပ်ရှားရှားလည်းမရှိ။

ကျိုပိုကြီးလည်းမိုးရွာထဲမှာပဲ အလုပ်လုပ်နေရှာရော့လား။ အမိုးအကာအောက်ပြောင်းပြီး လုပ်သလား။ သူနားမနေမှာတော့ သေချာသည်။ ခုမိုးလယ်ရောက်ပြီဆိုတော့ မီးမီးအိမ်ကထွက်ခဲ့တာ ၆ လကျော်ပြီပေါ့။ အမေတို့ဆီ စိတ်မပူဖို့၊ သည်ဘက်မှာ ကောင်းစွာအလုပ်လုပ်နေကြောင်း စာထည့်ခွင့်နှစ်ခါရခဲ့သည်။ သည်မှာနေသည့်လိပ်စာထည့်ခွင့်





မရသဖြင့်၊ ပြန်စာကိုမူမမျှော်လင့်နိုင်ပေ။ အမေ တို့စိတ်မပူရလျှင်တော်ပါပြီ။ သားလေးနေကောင်းမကောင်း သတင်းကြားချင်လှပေမယ့်၊ ဘာတတ်နိုင်မှာလဲ။

ဩော် သည်အချိန် ရန်ကုန်မှာလည်း မိုးတွေရွာနေရော့မယ်။ ငယ်ငယ်က မိုးရေစီးကြောင်းထဲ ဖိနပ်မျှောချပြီး ဖိနပ်မျှောရာ လျှောက်ပြေးလိုက်ခဲ့ရသည်ကို သတိရသည်။ အိမ်နောက်ဖေးရေမြောင်းထဲက ဖားကြီးတွေအော်တော့ အမေ့ကို တအားဖက်ထားပြီး နားကိုအမေ့ရင်ပတ်နှင့်ကပ်ထားခဲ့သည်ကို သတိရသည်။ တစ်ခါတရံ အိမ်ဝင်းထဲသို့ ငါးပြေမကြီးတွေ လမ်းမှားပြီးဝင်လာတတ်၏။ ထိုအခါ မျိုးဆိုလျှင်၊ ဘဘက မိုးရေထဲဆင်းကာ၊ ငါးပြေမတွေကို တုတ်နှင့်လိုက်ရိုက်ဖမ်းတတ်သည်။ ငါးပြေမတွေကို မန်ကျည်းသီးစိမ်းနှင့်ရေကြိုချက်၊ ငြုပ်သီးစိမ်းထောင်း၊ ရေနွေးကြမ်းတစ်အိုးနှင့် မိသားစုထမင်းမြိန်ခဲ့ဖူးသည်။

ခုတော့ အမေအဆင်မှပြေပါ့မလား။ သားကို နို့ခွဲထားခဲ့စဉ် နို့ဆီဖျော်တိုက်မည်၊ စကားလေးပဲဟု ပေါ့ပေါ့တွေးခဲ့သည်။ ခုလောက်ကြာပြီဆိုတော့ အမေ့မှာ နို့ဆီဝယ်ဖို့မှ ပိုက်ဆံလောက်ပါ့မလား။

လူသည်ရူးချင်သလိုလို ဖြစ်ရ၏။

ခုန်ပေါက်ပြေးသွားချင်စိတ်ကို မနည်းသတိထားပြီး ထိန်းနေရလေသည်။

"အော်. . . အစ်မ"

ကော်ရစ်တာမှာ အိမ်ရှင်အမျိုးသမီးလမ်းလျှောက်လာတာမြင်ရ၏။ မိုးစက်များကိုငေးနေသော မီးမီးက မချစ်သော်လည်း အောင့်ကာ နမ်းဆိုသလို အိမ်ရှင်ကို အရေးတယူ နှုတ်ဆက်ရသည်။

"မိုးတွေ ရွာလိုက်တာနော်"

သူတို့စကားဖြင့် မီးမီးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို လွမ်းနေလား"

အိမ်ရှင့်နှုတ်မှ သည်လိုစကားကြားရသဖြင့် မီးမီး အံ့ဩသွားသည်။

"ဟုတ်တယ်၊ ကျွန်မသားလေးကို လွမ်းတယ်"

သူက ခေါင်းညိတ်ပြသည်။

"အဝတ်လျှော်တာသတိထား၊ အအေးမိမယ်"

မီးမီးအဝတ်လျှော်ပြီး ငွေစုတာကို သူသိသည်။ သတိပေးဖော်ရသဖြင့် ဝမ်းမသာနိုင်ပါ။ စိုက်ထားသည့်ငွေကို နှစ်ဆရမှ ပြန်လွှတ်သည့်မှုကို နည်းနည်းမှ မလျှော့သောလူများ။ လူသားအချင်းချင်း စာနာမှုကင်းသူများ သူတို့ကိုမုန်းရမည်။

တစ်ဘက်ခန်းမှ လီလီထွက်လာသည်။

မီးမီးက အရှေ့နားရောက်သွားပြီဖြစ်သော အိမ်ရှင်အမျိုးသမီးကို မေးငေါ့ပြလိုက်၏။ လီလီက မိုးကိုဖွဲ့ထားသော တေးသွားတစ်ခုကို အော်ဆိုလေသည်။ လီလီကား အမြဲပျော်နိုင်သူတည်း

"မင်းက ပျော်တတ်တတ်နော်"

"ကောင်းပါတယ်"

"ဧည့်သည်တွေကလဲ ပျော်တာကြိုက်တယ်"

"အင်း ဟုတ်မှာပေါ့"

"ငါက-ဧည့်သည်ကို သီချင်းဆိုပြတာ၊ တချို့က မဆိုနဲ့အချိန်ကုန်တယ်တဲ့။ လီလီသည် အားရပါးရရယ်နေ၏။

"ဟုတ်သားပဲ၊ သီချင်းနားထောင်ချင်ရင်"

"အေးလေ၊ ဟုတ်တာပဲ"

"လီလီ အသံကောင်းတယ်၊ အဆိုလဲကောင်းတယ်"

"ဒါပေမဲ့ စတိတ်ပေါ်မှာ အဆိုတော် မဖြစ်နိုင်ပါဘူး၊ ဖြစ်လဲမဖြစ်ချင်ဘူး ငါဒီအလုပ်ပဲကြိုက်တယ်၊ ပိုက်ဆံများများရတယ်၊ ပြီးပြီပေါ့"





လီလီက စီးကရက်ထုတ်သောက်သည်။

"ဒါဆို . . . နင်ဒီမှာဆက်လုပ်နေမှာပေါ့ ၊ ဟုတ်လား"

"သူတို့ မနှင်မချင်းပေါ့"

"ဟင်း သူတို့က နှင်တတ်လို့လား"

လီလီအသံထွက်ရယ်သည်။

"နင်ရူးနေလား၊ နင်ပိုက်ဆံမရှာနိုင်ရင် သူတို့ကတင် ကျွေးထားရအောင် နင်က သူတို့ညီမလား"

"ရှိ . . . ပထမယူထားတဲ့ ပိုက်ဆံကျေရင် ပြန်လွှတ်မှာဆို"

"ပြန်ချင်တဲ့လူပေါ့ ငါတို့ကတော့ နောက်တစ်ရစ်ထပ် ယူလိုက်တယ်၊ ဒီလိုလေ ငါတခြားမှာမလုပ်ချင်ဘူး၊ ဒီမှာက စိတ်ချရတယ်၊ အိမ်ရှင်က အားလုံးတာဝန်ယူထားတာ၊ ဘာပူစရာရှိလဲ၊ နင်လမ်းပေါ်မှာ ဧည့်သည်ရှာရင်း ပိုက်ဆံတောင် ပေးချင်မှပေးမယ်၊ စုတ်ပြတ်သွားနိုင်တယ်။ ဒီတော့ ဒီမှာ ကောင်းတာပေါ့။

မီးမီးသည် လီလီ့ကို ငေးကြည့်နေမိ၏။

နီကြန့်ကြန့်သွားဆံပင်သည်၊ မိုးသက်လေထဲ၌ ဝဲပျံနေသည်။ ဖြူဝါဝါအသားက မိတ်ကပ်တင်ရဖန်များသဖြင့် ပြာနှမ်းနှမ်းဖြစ်နေသည်။ ဝက်ခြံအဖုများကပါးမှာ နှစ်ခုသုံးခု။ နှုတ်ခမ်းကိုတော့ သူက အမြဲပင်ရဲနေအောင် ဆိုးထားတတ်၏။

"ဒါနဲ့ လီလီအသက်ဘယ်လောက်ရှိပြီလဲ"

"၂၂ . ."

"ငယ်သေးတာပဲ"

"ကြီးပြီ၊ တချို့က မကြိုက်တော့ဘူး"

ပြောရင်း လီလီအော်ရယ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းက ဒီအလုပ်စလုပ်တာလဲ"

လီလီက မျက်လုံးလေးမှေးစင်းကာ စဉ်းစားလိုက်ပြီးမှ

"အင်း ၁၅ နှစ်၊ ဖြစ်မယ်ထင်တယ်"

"နေပါဦး၊ သူတို့က အသက်ဘယ်လောက်ထိကျရင် နှင်တတ်သလဲ"

လီလီက မျက်နှာကိုရှုံ့မဲ့လိုက်၏။

မီးမီးကို သနားသလိုကြည့်၏။ ပြီးမှ စီးကရက်တိုကို ခြေဖြင့်ချနင်းရင်း

"အဲဒါ အသက်နဲ့ မဆိုင်ဘူးလေ"

"ဒါဖြင့် ဘာနဲ့ဆိုင်လဲ"

"ဟိုဟာ . . . ဟိုဟာ . . ."

လီလီက မျက်လုံးပြူးပြသည်။

ရောဂါကိုတော့ လီလီလည်းကြောက်၏။

"ရောဂါကိုရရင်ပေါ့၊ အခုငါနဲ့တွဲတဲ့ ကောင်မလေးသိတယ်ဟုတ်။ နားထားတာကြာပြီလေ ခုနက အိမ်ရှင်မိန်းမ အဲဒါလာကြည့်တာ။ မရမတော့ဘူး။ ဒါကြောင့် နက်ဖြန်ဆို သူ့ကိုနှင်တော့မယ်"

"နက်ဖြန်"

"အင်း၊ ခုပဲပြောသွားတာ"

"နို့ သူဘယ်ပြန်မှာတဲ့လဲ"

"ပြန်စရာမရှိဘူး၊ အိမ်လဲမရှိဘူး"

"ဟင် ဒါဖြင့် "

"လမ်းမပေါ်ပေါ့၊ ကြုံရာပေါ့"

"အလုပ်ကကော"

"ဒီအလုပ်ပဲပေါ့၊ တခြားလွယ်လွယ်ပိုက်ဆံရတာ ဘာရှိလို့လဲ"



"ဒုက္ခပါပဲ"

မိုးသည် ကြမ်း၍လာ၏။

လေက ရောပါလာသည်။

သည်မိုးသည်လေထဲမှာ အိမ်ခြေယာခြေမဲ့သော မိန်းကလေး၊ နက်ဖြန်လမ်းမပေါ် ရောက်တော့မည်။

မိုးသည် ပို၍ပင်သည်းလာ၏။

မုန်တိုင်းများရှိနေပြီထင်သည်။

မုန်တိုင်းကြောင့် ရွာသော မိုးသည် ဒေါသကြီးတတ်လေသည်။

မီးမီးသည် မည်သူ့ကို ဒေါသဖြစ်ရမှန်းမသိ။

နက်ဖြန်သည်ဂေဟာမှ ထွက်ရတော့မည့်မိန်းကလေးအတွက်၊ တစ်ခုခုလုပ်ပေးချင်သောစိတ်သည် မိုးမုန်တိုင်းထဲတွင် ကွယ်ပျောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခေါက်ဈေးဝယ်ထွက်သည်ကို မပေါ့မပါးဖြစ်နေသည်။ စင်စစ်ဈေးဝယ်စရာ ဆို၍လည်းဘာမျှရှိလှသည်မဟုတ်၊ Ready Made စားစရာများလောက်ပဲရှိမည်။ ညဘက်အလုပ်သိမ်းလျှင် ခေါက်ဆွဲပြုတ်တစ်ထုပ်သောက် ဖြစ်သည်။ ကော်ဖီကိုတော့ ဖြတ်ထားသည်မှာကြာပြီ။ ချိုချိုချဉ်ချဉ်အထုပ်ကလေးများပင် မဝယ်တော့။ တစ်ဘတ်-ဟူသောငွေစက္ကူတစ်ရွက်သည် တစ်ဘဝတန်ချင်တန်သွားနိုင်သည်။ သည်မှာတစ်ရက်ပိုကြာသွားလျှင်၊ ထိုတစ်ရက်သည်လည်း ဘဝတစ်ခုကိုပြောင်းပြန်ပြုနိုင်ကောင်းသည်။ သည်တော့တစ်ဘတ်သည်လည်းအရေးကြီးလေသည်။

ကားထဲမှာ ကောင်မလေးတွေကတော့ ဆူညံနေကြ၏။ ပိုက်ဆံလေးတွေတွက်ပြီး၊ အကျီဝတ်ချင်သူနှင့်၊ စကတ်ဝတ်ချင်သူနှင့်၊ ဖိနပ်ဝယ်ချင်သူနှင့်၊ ဒါတွေဝယ်နေရခြင်းသည်၊ သူတို့အတွက် ဘဝပဲထင်သည်။





"ညတုန်းက နင့်လူကြီးလာသေးလား"

တစ်ယောက်က မေး၏။

"လာတာပေါ့၊ သူဘယ်မလာပဲနေမလဲ"

"တစ်ယောက်က ဂုဏ်ယူဝင့်ကြွားလျက်"

"နင်ဘယ်လိုလုပ်ထားလဲ၊ တို့လဲနည်းလမ်းပေးပါဦး"

တစ်ယောက်ကအသံမထွက်ပဲ၊ ခြေဟန်လက်ဟန်ဖြင့် ဘာလုပ်ပြလိုက်သည်မသိ။ တစ်ကားလုံး အုန်းအုန်းထ အောင်ရယ်ကြလေသည်။

နှုတ်ခမ်းနီကို နှုတ်ခမ်းသားထက်ကျော်ပြီးဆိုးထားသောကောင်မလေးက၊ သူ့နှုတ်ခမ်းကိုစူပွပွလုပ်နေသည်။ ဆံပင်နီနီနှင့်ကောင်မလေးက သူ့နှုတ်ခမ်းစူစူကို လက်ညှိုးနှင့်ကလိ၏။ ကောင်မလေးက အပေါ်ပိုင်းကို တွန့်လိမ်လိုက်သောအခါ၊ အောက်ခံဘရာစီယာမပါသော ရှင်မီးအကျီ လက်ကိုင်းများကလျှော့ကျသွားရာ၊ ပျော့တွဲနေသောရင်သားများက လောကကြီးကို ခေါင်းပြူကြည့်ကြလေသည်။ ဒူးခေါင်းအထက်ပိုင်း ဖော်ထားသော စကတ်ကခြေသလုံးပိန်ပိန်များကို အရုပ်ဆိုးစွာလှစ်ပြထားစဉ်၊ ကြဲလှီသော ခြေချောင်းလေးများက ဖြူဖတ်ဖြူလျော်နှင့်အင်အားချိနဲ့စွာကြိုး သိုင်းဖိနပ်ထဲ တိုးဝင်နေကြရှာ၏။

မီးမီးသည် သူ့ခြေဖမိုးများကိုငုံ့ကြည့်လိုက်သည်။

ခြေခုံလေးတွေ ဖောင်းဖောင်းအိအိမရှိတော့။ ဘာဆေးတွေပဲစားစား၊ ဘယ်လိုအစားကောင်းတွေပဲစားစား၊ သွေးသားယုတ်လျော့မှု၏အမှတ်အသားသည် ခြေဖျားလက်ဖျားမှာပေါ်နေသည်။ ခြေဖနောင့်တွေနီရဲနုအိမနေကြတော့ပြီ။ လက်ဖဝါးလေးတွေအိဖောင်းမနေကြတော့ပြီ။ လက်ဖမိုးများတွင် အကြောတွန့်တွန့်ကြီးများက မိုးတွင်းလမ်း မပေါ်က တီကောင်များနှယ်ကောက်ကွေးနေကြ၏။ နောက်ဆုံး တစ်ကိုယ်လုံးပိန်လှီပြီးအရသာကင်းမဲ့သည့် ပစ္စည်းဖြစ်သွားသောအခါ၊ အိမ်ရှင်သည်မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



အား လမ်းမပေါ်ကန်ချလေတော့မည်။

ထို့ကြောင့်မီးမီးသည် အိပ်ခါနီးတွင် ခေါက်ဆွဲပြုတ်တစ်ခွက်ကိုတော့ မကုန်ကုန်အောင်သောက်သည်။ ဘာပဲဖြစ်ဖြစ်၊ အားရှိနေဖို့တော့ လိုသည်ဟု မီးမီးနားလည်ထားသည်။

စတိုးဆိုင်ရှေ့ရောက်ပြီ။

ကားရပ်သည်နှင့်၊ အသီးသီးဆင်းပြေးကြ၏။

ရှော့တီနေရာမှာရောက်လာသော မုတ်ဆိတ်ကြီးနှင့် လူသည်၊ ခြေလှမ်းကြဲများဖြင့် နောက်ကလိုက်သွားသည်။ အခန်းစောင့်မိန်းမက၊ စတီးခါးပတ်ကိုလက်ထဲမှာဆုပ်ရင်း၊ မျက်လုံးက ကျီးကန်းနှယ်ကြည့်ပြီး၊ ဘေးကလိုက်လေသည်။

မီးမီးသည် ဘာကိုမျှအာရုံမစိုက်ချေ။ လူမောင်ကိုတွေ့ဦးမလားဟုပင် မစဉ်းစားတော့။ တွေ့လျှင်လည်းဘာမျှထူးခြားမည် မဟုတ်။ ငွေစုခြင်းသည်သာ တစ်ခုတည်းသော လွတ်လမ်းဖြစ်၍ အများတကာလို မြင်မြင်ရာမဝယ်ချင်ပေ။

'အဲ'

ဖိနပ်ကောင်တာမှာ အမျိုးသမီးတစ်ယောက်။

အဝေးကမြင်ရုံနှင့် မြန်မာအမျိုးသမီးမှန်းသိ၏။ သူကပါတိတ်လုံချည်၊ ပါတိတ်အင်္ကျီဝတ်ထားသည်။ ပြီးတော့ကတ္တီပါကြိုးသေးလျှော်ချင်းဖိနပ်ကိုစီးထားသည်။ မြန်မာပါပဲ။ သူ့နဘေးမှာတော့ ဂျင်းဘောင်းဘီနှင့်တီရှပ်အပြာရောင်နဲ့ လူငယ်တစ်ဦးပါသည်။ သူကတော့ ဘာလူမျိုးဟုပြောရမှာခက် သည်။ အရှေ့တိုင်းသားတို့၏ မျက်နှာပေါက်များကများစွာ ခြားနားခြင်းမရှိချေ။

ရုတ်တရက်တော့ ပြေးသွားပြီးနှုတ်ဆက်ချင်၏။

"အစ်မက ဗမာလားဟင် ဘယ်တော့မြန်မာ့လဲဟင်၊ ဘာလာ





လုပ်တာလဲဟင်၊ ဘယ်မှာတည်းလဲ၊ ကျွန်မလဲ ပြန်လိုက်ချင်လိုက်တာ"

မေးခွန်းတို့သည် လည်ချောင်းဝမှာဆို့နေကြ၏။

သူကတော့ ကိုယ့်ကိုသတိထားမိပုံမရ။ စကတ်ဖားဖားကြီးနှင့်၊ အင်္ကျီဖားဖား၊ ပြီးတော့ဆံပင်အတို လိမ်လိမ် ကောက်ကောက်တို့သည် မြန်မာအမျိုးသမီးတစ်ဦး၏ ဟန်ပန်သွင်ပြင်မှ မဟုတ်ပဲလေ။ သူက မိမိနားမှပင်ဖြတ်ပြီး ဖိနပ်များကို တစ်ခုပြီးတစ်ခုကြည့်သွားသည်။

"ဆန်းဖို့မလိုပါဘူး၊ ကြာရှည်ခံတာမျိုးကြိုက်တာ"

"ကြာရှည်ခံဖို့ မလိုပါဘူးကွာ၊ ရန်ကုန်မှာမရနိုင်တဲ့ ဒီဇိုင်းဖြစ်ရမှာ"

လူသည် လေထဲမှာယိုင်သွား၏။

ရုတ်တရက်သတိလစ်ချင်သလို ဖြစ်သွားသည်။

သူတစ်ပါးရေမြေမှာ ကိုယ့်လူမျိုးချင်းတွေ့လိုက်ရသော အရသာသည် ဘာနှင့်မျှသရုပ်ပေါ်အောင်ပြောမပြတတ်ပေ။ ထို့ထက်ခက်သည်က . . နှုတ်ဆက်လိုက် ချင်ပါလျက်နှင့်၊ ကိုယ့်နှုတ်ကိုချုပ်ထားရသော အဖြစ်။

ကြည့်ပါဦး။ သူတို့ကတော့ လွတ်လွတ်လပ်လပ်၊ နှစ်ယောက်သားငြင်းလို့ခုန်လို့၊ ဘာအချုပ်အနှောင်မျှမရှိ။

မီးမီးသည် မသိမသာ သူတို့နောက်နားကပ်သွားလိုက်၏။ ကိုယ့်ဘာသာစကားပြောနေကြသည်ကို ကြားရ ခြင်းသည်။ အင်အားတစ်မျိုးရလိုက်သလားလို့။

"ကလေးဖိနပ်က ပိုဈေးကြီးနေတယ်နော်"

"ကုမ္ပဏီကွာမှာပေါ့ကွာ"

"ကလေးဖိနပ်ကိုတော့ ကြီးတာပဲဝယ်မှ၊ မောင့်သားကအကြာသွားမြန်တာ"

သူတို့သည် ကလေးဖိနပ်တွေကို စိတ်ရှည်လက်ရှည် ရွေးနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဟော့. . ဟိုမှာခေါ်နေပြီ”

ကောင်မလေးတစ်ယောက်က လက်ဖြင့်လှမ်းပုတ်ပြီး ပြောလိုက်မှ၊ မီးမီးသတိရလာသည်။ အားလုံးဈေးဝယ်ပြီးကြပြီ။ ပြန်ကြဖို့ အချက်ပေးနေပြီ၊ မီးမီးကားဘာဆိုဘာတစ်ခုမှ မဝယ်ရသေး။ ကိစ္စမရှိ။ ဘာမှလည်းမဝယ်ချင်။ ဖြစ်နိုင်မယ်ဆိုလျှင် ကလေးဖိနပ်လေး တွေဝယ်ချင်စမ်းလှသည်။ ဖိနပ်ကတော့မတော်သားလေးခြေထောက်နှင့် ဝတ်ပေးစမ်းချင်သည်။ သားသည် ယခုလောက်ဆို . . လမ်းစလျှောက်ပေရော့မည်။

မျက်ရည်များက မျက်ဝန်းထဲ စုဝေးလာကြ၏။

နေကြစမ်းပါလေ၊ မငိုသေးပါဘူး။ မကြာတော့ဘူး။ မကြာတော့ဘူး။

ဒီနေ့ဆို. . မနေ့ကထက်ပိုနီးလာပြီ။

မီးမီးကားဆီရောက်သောအခါ၊ ကားစက်နိုးထားပြီးဖြစ်သည်။

❦ ❦ ❦ ❦ ❦ ❦

❦❦❦❦❦❦

သည်ညတစ်ခုခုဖြစ်လိမ့်မည်ဟု ကြိုတင်သိခဲ့လျှင်၊ မီးမီးခွင့်ယူခဲ့မိမှာသေချာသည်။ သို့သော် . . သည်လောကတွင် ဘာဖြစ်မည်ဆိုသည်ကို၊ ဘယ်သူကကော သိနိုင်ပါသလဲ။

ထိုညက. . ကျိုပိုနှင့်ပင်တွေ့ခွင့်မရခဲ့ချေ။

နောက်ပိုင်းတိုကင်တွေအားလုံး ငွေပြန်အန်းလိုက်ရသည်တဲ့။

မီးမီးမှာဝင်ငွေနစ်နာသွားရခြင်းထက်၊ သည်အဖြစ်ဆိုးကြီးက မီးမီးကို အိပ်မက်ဆိုးကြီးသဖွယ် အမြဲခြောက်လှန့်နေပေတော့မည်။

“နံပါတ်တစ်နော်၊ နံပါတ်တစ်နော်”

လာနေကျလူကြီးပင်ဖြစ်သည်။

သူ့အသက်က မရှိဘူးဆို ၆၀တော့ကျော်ရော့မည်။ သို့သော် ဆံပင်တိုတိုညှပ်ပြီး မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ ရိတ်ထားသဖြင့်၊ ပျို့ရွှယ်နေသည်။ ပြီးတော့ သူကအသန့်ကြိုက်၏။ သူ့မှာပါလာလေ့ရှိ

www.burmeseclassic.com



သောရေမွှေးပုလင်းလေးနှင့် မီးမီးကိုဖျန်းသည်။ ခေါင်းအုံးအိပ်ယာတွေကိုလည်း ဖျန်းသေးသည်။ မီးမီးတိုက်သော ကြက်ဥပြုတ်မကျက်တကျက်စားအပြီးတွင် သူ့အိတ်ကပ်ထဲမှဆေးလုံးလေးတွေကို ထုတ်သောက်သည်။ မှန်ထဲတွင် သူ့ကိုယ်သူပြန်ကြည့်သည်။

ပြီးတော့မှ သူသည်မီးမီးကို ပြုစုခိုင်းတတ်၏။

တစ်ခါတစ်ခါတော့လည်း၊ မီးမီးစိတ်မရှည်ချေ။ နွေးကွေးလွန်းသော သူ့အဖြစ်ကို၊ သနားရမှာလား၊ စိတ်ပျက်ရမှာလားမပြောတတ်။ သေချာသည်ကမူ - နှစ်ဂျူတီစာကို သူ့အေးအေးဆေးဆေးနေတတ်သဖြင့်၊ ပင်ပန်းသက်သာလေသည်။

သည်ညတော့ သူအတော်မြူးတူးရွှင်ပျနေသည်။ မီးမီးကိုလည်း စကားတွေအများကြီးပြောသေးသည်။ မီးမီးနားမလည်လိုက်တာကများ၏။ နားလည်သမျှထဲမှာတော့ . . "ငါ . . မအိုသေးပါဘူးဟုတ်လား" ဟုဆိုလိုကြောင်း ရိပ်ဖမ်းသံဖမ်းပဲနားလည်သည်။ မီးမီးက သူ့ကိုအလိုက်သင့်ပင် အားပေးရ၏။

ငရဲပြည်သွား မီးရထားသည် စက်ကုန်မောင်းနေခဲ့သည်။

ရုတ်တရက် ရထားရပ်သွားသောအခါ၊ မီးမီးက ဘာမှမဖြစ်သလိုသူ့ကို အားပေးခဲ့သေးသည်။

သို့သော် . . သူငြိမ်နေ၏။

ငြိမ်နေလဲပြီးတာပါပဲ။

အတော်ကြီးကြာသွားသည်။

မီးမီးသည် မျက်စိများကို မှိတ်ရင်း၊ လောက အပြင်ဘက်ကိုပြေးလွှားနေခဲ့၏။ အပြင်ဘက်လောကသည် လွတ်လပ်လေစွ၊ မိုးတွင်းလယ်မို့ မိုးစွေငှက်တို့သည် လေထဲ၌ ပျံဝဲကာ၊ မိုးကြိုးတေးကို ဆိုနေကြပေလိမ့်မည်။



မိုးမှန်တိုင်းသည် လျှပ်စီးလက်တံတို့ကို ပစ်လွှတ်ရင်း၊ အာဏာပြနေကြပေလိမ့်မည်။ ထိုအခါ သစ်ပင်ကြီးငယ်တို့သည် မိုးရေသောက်ရင်းက ခုန်နေကြမှာ သေချာလေသည်။

ဘဲလ်မြည်ပြီ။

သူငြိမ်နေ၏။

ဘဲလ်ကအဆက်မပြတ်မြည်နေသည်။

သူမလှုပ်သေး။

မီးမီးထထိုင်လိုက်၏။ သူ့မျက်နှာကို ငုံ့ကြည့်လိုက် သည်။

"ဘုရား . . ဘုရား . . ဘာဖြစ်တာလဲ"

သူ့မျက်လုံးတွေ၊

သူ့မျက်တွင်းအိမ်ထဲမှာ သူ့မျက်လုံးနက်နက်တွေ မရှိတော့ပါလား . . ။

"ဘုရား . . ဘုရား . . . ဘာဖြစ်တာလဲ"

သူ့မျက်လုံးတွေ။

သူ့မျက်တွင်းအိမ်ထဲမှာ သူ့မျက်လုံးနက်နက်တွေ မရှိတော့ပါလား။

"ဘုရားရေ . . ဒါ . . ဘာဖြစ်တာလဲ"

သူ့ကို မကိုင်ရဲတော့ပေ။

ဝုန်းဆို ကုတင်ပေါ်မှ ခုန်ချလိုက်၏။

သူ့ကို လှည့်မကြည့်ရဲတော့။ အခန်းပြင်ကို ထွက်ဖို့ပြင်သည်။ တံခါးဖွင့်ခါနီးမှ သတိရပြီး၊ အခန်းထဲပြန်ဝင်ကာ၊ ညအိပ်အင်္ကျီရှည်ကို ဘိုသီဘတ်သီဝတ်လိုက်၏။ ပြီးတော့ ကြိုးချည်မနေတော့ဘဲ၊ အခန်းပြင်ပြေးထွက်သည်။ အပြင်မှာ အခန်းစောင့်ကိုမတွေ့။ ချက်ခြင်းပင် အရှေ့စုံစမ်းရေးကောင်တာသို့ ကော်ရစ်ဒါမှ ဖုန်းဖြင့်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"မသိဘူး"

"ဘာပြောချင်တာလဲ"

"အမြန်လာကြည့်ပါ၊ ဧည့်သည်သေနေပြီ"

ဒါပဲပြောပြီး ဖုန်းကိုချလိုက်၏။

ဒုက္ခပဲ။ ငါ့ကို ဖမ်းကြတော့မယ်ထင်တယ်၊ ငါလဲသူ့ကို မသတ်ခဲ့ပါဘူး။

ငါဘာလို့ သတ်ရမှာလဲ၊ ငါနဲ့မဆိုင်ဘူး၊ ငါဘာမှ အမှားမလုပ်ဘူး။ ဒါပေမဲ့ ငါ့ကိုအရေးယူကြမှာပဲနဲ့တူတယ်၊ ငါ . . ဘယ်ကိုပြေးမလဲ"

စုံစမ်းရေးက လူများရောက်လာသောအခါ၊ မီးမီးတုန်နေပြီ။ မိမိတတ်သမျှနှင့် ရှင်းပြသည်။ မိမိမှာ အပြစ်မရှိဟု အများဆုံးပြောမိသည်။ ချက်ခြင်းပင် အိမ်ရှင်အမျိုးသားရောက်လာသည်။ ဧည့်သည်၏ အဝတ်အစားများကို စစ်သည်။ သူ့အိတ်ထဲမှ မစားရသေးသော ဆေးလုံးများ၊ ပြီးတော့သူစားပြီးချထားခဲ့သော ဆေးလုံးကဒ်အခွံများကိုသိမ်းသည်။

"မီး . . ဘာမှမကြောက်နဲ့၊ မင်းအပြစ်မရှိဘူး၊ ဒီဆေးတွေကြောင့်ဖြစ်တာ၊ ငါတို့ အားလုံးရှင်းလိုက်မယ်"

အိမ်ရှင်ယောက်ျားက အေးဆေးစွာပင်ပြောသည်။

မီးမီးသည် ကြောက်လွန်း၍ ခေါင်းပင်ညိတ်မပြမိ။

သူတို့က အသက်မရှိတော့သော ဧည့်သည်ကို၊ မ,ထုတ်သွားကြသည်။

ဟင် . . . ကျွန်မဒီအခန်းထဲမှာ မနေရဲဘူး။

မီးမီးသည် ကော်ရစ်ဒါသို့ထွက်ပြေး၏။

ကျွန်မအခန်းထဲမနေရဲဘူးဟု အော်ပြောသည်။

အခန်းစောင့်မိန်းမက မီးမီးကိုလာဖက်ထား၏။ သည်တစ်ခါပဲ



သူ့ထံမှ အကြင်နာကို ရဖူးသည်။

"ကျွန်မကို . . အခန်းထဲပြန်မပို့ပါနဲ့"

မီးမီးမျက်ရည်တွေနှင့်ပြောသည်။

အခန်းစောင့်မိန်းမက၊ မီးမီးကိုတွဲပြီး အပေါ်ထပ်ခေါ်သွားသည်။

အပေါ်ထပ်မှာ အိမ်ရှင်အမျိုးသမီးသည် ညဝတ်အင်္ကျီရှည်ကြီးနှင့်၊ သူလည်း ယခုမှ အိပ်ယာက ကမန်းကတမ်းထလာပုံရသည်။

"သူ - သိပ်ကြောက်နေတယ်"

"ဟင်း - နောက်ဧည့်သည်တွေကော"

"မီးမီးနေမကောင်းဖြစ်သွားလို့ဆိုပြီး ငွေပြန်အမ်းလိုက်ပြီ"

"သူ့ကို စိတ်ငြိမ်ဆေးတိုက်လိုက်"

"သူက အခန်းထဲမဝင်ရဲဘူး"

အိမ်ရှင်အမျိုးသမီးက၊ ခဏစဉ်းစားနေသည်။

ဖြူဖွေးနုညံ့သော သူ့မျက်နှာမှာ၊ ညမီးရောင်ထဲတွင် ဝင်းနေ၏။ သေးသွယ်ပြီး ရှည်လျားသော မျက်လုံးများသာမဟုတ်လျှင်၊ သူသည် လှပစင်ကြယ်၍ ခင်မင်ဖွယ်အမျိုးသမီး ဖြစ်နိုင်သည်။

"အေးလေ၊ အခန်းလွတ်ရှိတယ်ဟုတ်လား"

"သုံးခန်းရှိတယ်"

"ကောင်းပြီ၊ အခန်းပြောင်းပေးလိုက်"

ဒါပဲပြောပြီ၊ သူက သူ့အိပ်ခန်းဘက်ပြန်ဝင်သွားသည်။

သည်ညဖြစ်သောအရေးကိစ္စသည်၊ သူ့အဖို့တော့ အိပ်ရေးပျက်စရာကိစ္စဟုပင်၊ ထင်မှတ်ပုံမရ။

မီးမီးသည် အစောင့်မိန်းမ၏ လက်မောင်းကိုကိုင်ရင်းပြန်လာရ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်သိပ်ကြောက်နေတာ ငါသိပါတယ်၊ ကြောက်စရာပဲပေါ့၊ ဒါပေမဲ့ဒါဟာ နင်လုပ်တာမှမဟုတ်ပဲ၊ နင့်ကို ဘယ်သူမှ အပြစ်မယူဘူး၊ ဒါမျိုးက ဒီတစ်ခါပဲဖြစ်တာလဲမ ဟုတ်ဘူး၊ တစ်ကြိမ်နှစ်ကြိမ် ကြုံဖူးတယ်။ ယောက်ျားတွေက အဲသလိုဖြစ်တာကောင်းတယ်၊ အသက်ကြီးပြီဆိုတာကို၊ တွေ့ကရာဆေးနဲ့ ငါ. . မပြောချင်ဘူး"

အစောင့်မိန်းမသည် တစ်လမ်းလုံးဗျစ်တောက် ဗျစ်တောက် လုပ်လာသည်။ သည်တစ်ခါ သူစကားအများဆုံး ပြောခြင်းဖြစ်သည်။ မီးမီးကား တစ်လုံးမှပြန်မပြော။ မိမိအိပ်ယာပေါ်တွင် မျက်လုံးအနက်တွေမရှိတော့သော ထိုလူကြီးဘယ်အချိန်က သေသွားမှန်းမသိဘဲနှင့်၊ အကြာကြီး ပူးကပ်နေခဲ့မိသည်ကို၊ ပြန်တွေးတိုင်း ကြက်သီးဖျန်းဖျန်းထသည်။

သည်ညတော့ အိပ်ပျော်တော့မည်မဟုတ်။

မျက်လုံးအနက်များ မရှိတော့သောမျက်နှာကြီး။

သည်မျက်နှာကြီးသည် တစ်ညလုံးခြောက်လှန့် နေပေတော့မည်။



"အဲဒီတုန်းက မီးမီးတအား ကြောက်သွားတာပေါ့ ဟုတ်လား"

နေရောင်ကျလာသဖြင့်၊ သစ်ပင်ရိပ်ဘက်ရွှေ့ထိုင်ကြယင်း၊ ခင်စန်းရီက ဆိုသည်။

"ဘာပြောကောင်းမလဲ၊ ကိုယ်ပါလိုက်သေသွားမှာတောင်ပူမိတယ်"

မီးမီးကကျောချမ်းဟန်ပြရင်းပြောတော့၊ ခင်စန်းရီခေါင်း တဆတ်ဆတ်လုပ်၏။

"အံ့ဩစရာကြီးပဲနော်"

"အမှန်ကတော့ အံ့ဩစရာမဟုတ်ပါဘူး၊ သူ့သဘာဝကို လွန်အောင်လုပ်လိုက်တော့ မခံနိုင်ဘဲပြတ်ထွက်သွားတဲ့ သဘောပါပဲ။ သူက နဂိုကအားနည်းတယ်၊ ဒါကို ဆေးနဲ့ အတင်းမောင်းလိုက်တော့ ဦးနှောက်ကို သွေးတက်ဆောင့်တာ ဖြစ်ချင်ဖြစ်မယ်၊ နှလုံးမှာ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကောင်းဖြစ်မယ်၊ ဆေးက အဆိပ်ဖြစ်တာတော့မဟုတ်ဘူး။ "

"အဲဒီဆေးကို သက်ဆိုင်ရာက မတားဘူးလား"

"ဒါမျိုးတွေ လူသိသွားရင်တော့ တားမှာပေါ့လေ၊ အဲဒါကိုယ်မသိဘူး၊ ကိုယ်သိနေတာက ကိုယ့်အခန်းထဲ၊ ကိုယ့်အိပ်ယာထဲမှာ၊ ရုတ်တရက်အသက်ထွက်သွားတာ။ ပြန်တွေးမိတိုင်း လိပ်ပြာကလန့်ချင်သေးတယ်"

"ဟော. . ရေနွေးလာပြီ"

ခင်စန်းရီနေရာမှ ထလိုက်၏။

စည်ပိုင်းပြတ်ကြီးဖြင့် ရေနွေးကြမ်းကို "ဖိုကြီး"မှ လူများက၊ အမျိုးသမီးအဆောင်အဝထိ ထမ်းပို့ကြသည်။ ရေနွေးကိုတော့ တိုးဝှေ့စရာမလိုပေ၊ သည်ရေနွေးဖြင့် ကော်ဖီဖျော်သောက်နိုင်သူက နည်းနည်းပဲရှိသည်။ ရေနွေးကြမ်းအဖြစ်သောက်ရန်၊ ပလပ်စတစ်ဘူးများဖြင့် ထည့်ယူထားကြသူပဲများသည်။ ခင်စန်းရီသည် ရေချိုးသောခွက်ကြီးဖြင့် ရေနွေးကြမ်းများကို ခံလာသည်။ မီးမီးမှာ မြေပဲဆန်လှော်များရှိ၏။ ဟင်းပြတ်သောအခါ ထမင်းနှင့်စားရန်အရံထားရခြင်းဖြစ်သည်။ သည်နေ့တော့ မြေပဲလှော်နှင့်ရေနွေးကြမ်းကို မချွေတာပဲ မြည်းလိုက်မည် စိတ်ကူးသည်။

ဆားနိုင်နိုင်ဖြင့် အမေကိုယ်တိုင်လှော်ပေးခဲ့ခြင်းဖြစ်သည်။

အားလည်းဖြစ်၊ လေလည်းနိုင်တာပေါ့ဟု ထောင်ဝင် စာလာစဉ်က အမေပြောသွားခဲ့၏။ အမေ့မြေပဲလှော်ကို မစားရက်ပေမယ့်၊ အားရှိအောင်စားရဦးမည်။

"အဲဒီကိစ္စ ကျီပိုကြီးကို ပြောပြလိုက်လား"

ခင်စန်းရီက ရေနွေးကြမ်းကို ပလပ်စတစ်ခွက်ထဲငှဲ့ ထည့်ရင်း ဇာတ်လမ်းကိုဆက်နေသည်။ မီးမီးက ရေမြောင်းမှာရေလာသောက်ကြသော ခိုကလေးများကို ငေးကြည့်နေပြီးမှ . . .





"မပြောပဲနေပါ့မလား၊ ကျီပိုက ကောင်းတိုင်ပင် ဆိုးတိုင်ပင်ပဲလေ"

"စကားကော ပြောလို့အတော်ပေါက်နေပြီလား"

"ဟုတ်တယ်၊ ကိုယ်ကလဲ သူတို့စကားကို အတော်သိနေပြီ၊ သူကလဲ ကိုယ်တို့စကားကို လေ့လာလို့အတော်ရနေပြီ၊ ဒီတော့ဟိုလှည့်ပြော၊ ဒီလှည့်ပြောနဲ့၊ သဘောတော့ပေါက်နေကြပြီပေါ့"

"သူဘာပြောလဲ"

"ကိုယ့်ကိုသိပ်သနားတယ်တဲ့"

"ဟော. . မိစုနဲ့ သီတာဆွေသတ်နေကြပြီ"

ခင်စန်းရီကြည့်ရာသို့ လှမ်းကြည့်ရ၏။

မိစုနဲ့သီတာဆွေ. . ။

ဟိုးဘက်က သရက်ပင်အောက်မှာ မိန်းမနှစ်ယောက်လုံးထွေးနေကြသည်။ ထောင်ထဲမှာလုံးကြသတ်ကြ၊ ဆဲကြဆိုကြသည်မှာ အဆန်းမဟုတ်သော်လည်း၊ ကြည့်စရာဘာမျှမရှိ၍လားမသိ၊ သူတို့ ရန်ပွဲသို့ ဝိုင်းကြည့်မည့်လူတွေ ချက်ခြင်းရောက်လာကြလေသည်။ မိစုအသံသည် ကောင်းကင်သို့ လျှံထွက်လာ၏။

"ငါလိုမိန်းမက၊ နင့်လိုအောက်တန်းစားကို မတန်လို့ကြည့်နေတာ"

လူချင်းကွဲသွားအောင် တစ်ဖက်စီဝိုင်းဆွဲထားကြ၏။ ဆွဲထားသူများလက်ထဲမှရုန်းရင်း၊ ပါးစပ်သေနတ်ဖြင့် တရစပ်ဆဲကြလေသည်။

"ဟဲ့. . မိစု၊ ငါက. . xxx ချင်းတူပေမဲ့၊ နင့်လို အလုံအမှိုက်ပုံက မဟုတ်ဘူး၊ ငါတို့ကသန့်သန့်လေး၊ ပန်းဆိုးတန်းနားလည်လား. . "

ခင်စန်းရီ ဝါးခနဲရယ်ချလိုက်သည်။

"အောင်မလေး . . မဟုတ်တာလုပ်စားတဲ့လူချင်း တောင်၊



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ခွဲနေသေး"

သူ့စကားကြောင့် မီးမီး မျက်နှာပျက်သည်။

"မဟုတ်တာလုပ်စားတဲ့လူ . ."

မခံချင်စရာဘာရှိတုန်း။ ဒါဟာ. . အယဉ်ကျေးဆုံး သုံးလိုက်တဲ့စကားပဲ

ရှေးတုန်းကတော့ ဘာကြောင်းမှန်းမသိ၊ ဒီအလုပ် လုပ်စားတဲ့လူကို "ပြည့်တန်ဆာ"တဲ့ တိုင်းပြည်၏တန်ဆာဆိုတာ ဘာအဓိပ္ပါယ်ပါလိမ့်။ ဒီလောက်နိမ့်ကျသည့်အလုပ်၊ သည်လောက်ရွံ့ရှာဖွယ်အလုပ်၊ စက်ဆုပ်ဖွယ်အလုပ်၊

ဝန်ထမ်းဝါတာများရောက်လာသဖြင့်၊ မိစုတို့ ရန်ပွဲရုံးခန်းရောက်သွားပြီး။

ထောင်ထဲမြင်ကွင်းသည်၊ ခါတိုင်းနှယ်ပင် ဖျင်းရိခြောက်ကပ်ဖွယ်ပြန်ဖြစ်သွား၏။ လေပူတစ်ချက်ဝှေ့သဖြင့် ယာတောမှ စပါးလင်ပင်တန်းသည်၊ အိပ်ချင်မူးတူးဟန်ဖြင့် ယိမ်းယိုင်သွားကြလေသည်။ မိလ္လာမြောင်းဘက်အရိပ်ထဲမှာ သန်းရှာနေကြသော မိန်းမနှစ်ယောက်မှလွဲလျှင်၊ ထိုင်နေသူဟူ၍ မီးမီးနှင့်ခင်စန်းရီပဲရှိသည်။ ယခုအချိန်ကား လောကကြီးကို ခေတ္တနှုတ်ဆက်ပြီး မေ့ထားကြသည်။ နေ့လည်အိပ်ချိန်။

ခင်စန်းရီက တစ်ချက်သမ်းလိုက်၏။

"အိပ်ချင်သွားအိပ်လေ"

"မမီးကော"

"ကိုယ်တော့ ဒီနေ့မအိပ်ချင်ဘူး"

"ညကလဲအိပ်ရေးပျက်ထားတာ၊ အိပ်ပါလား"

"အိပ်ပျော်ရင်ကောင်းတာပေါ့လေ၊ မပျော်ရင် အလကားခေါင်းကိုက်ဦးမယ်"





"ကဲပါဒါဆို ကျွန်မလဲသွားမအိပ်ပါဘူး၊ တော်ကြာ နေရချိုးခေါ်တော့အိပ်ရင်းတန်းလန်းဖြစ်နေလဲ အလကားပဲ။ နေဦး၊ ကျွန်မဆီးထုပ်သွားဝယ်လိုက်မယ်"

ပြောပြောဆိုဆိုပင် ကလေးအမေဆောင်သို့ ခင်စန်းရီထွက်သွား၏။ ကလေးအမေဆောင်တွင်၊ မခင်ကြိုင် ရှိ၏။ မခင်ကြိုင်ကဆီးထုပ်လေးအစ၊ ပဲလှော်၊ ထန်းလျက်လေးအဆုံး ရောင်းသည်။ ဆေးလိပ် ၅ လိပ်ဖိုးဆိုလျှင် ငါးကျပ်တန်ဆီးထုပ်တစ်ထုပ်ရ၏။ ခင်စန်းရီသည် ဆီးထုပ်နှစ်ထုပ်ဝယ်လာသည်။ အပြင်မှာ ဆီးထုပ် ဘာတံဆိပ်တွေခေတ်စားနေလဲမသိ။ ခင်စန်းရီယူလာသော ဆီးထုပ်ကား "ရှမ်းမ"တံဆိပ်။

နှစ်ယောက်သား မြေကြီးပေါ် ခြေဆင်းထိုင်ရင်း ဆီးထုပ်စားကြသည်။ ဆီးစေ့များကို ရုတ်တရက်ထွေးမပစ်ရက်ချေ။ ရှားရှားပါးပါးမို့ဆီးသီးစေ့များကို ငုံထားရလေသည်။

"ပြန်ထွက်ရင် ဘာလုပ်မယ်စိတ်ကူးထားလဲ"

ခင်စန်းရီက ဆီးစေ့ကို ငုံ့ရင်းပြော၏။

"ဘာမှ စိတ်မကူးနိုင်သေးပါဘူး၊ လွတ်ဖို့အဝေးကြီး လိုသေးတာ"

"ကျွန်မလဲအဲလိုပဲ၊ တစ်ခါတစ်ခါ ငှက်ဖြစ်ပြီးပျံတက်ချင်တယ်"

"ကိုယ်က ပိုဆိုးတာပေါ့ ခင်စန်းရီရယ်၊ ဟိုမှာတုန်းကလဲအချုပ်ကျ။ တစ်ခါ ဒီရောက်ပြန်တော့ အချုပ်ထဲနေရ။ ဘဝမှာ ဘယ်တော့များမှ ကိုယ့်စိတ်ကိုယ့်သဘောနဲ့ နေရပါ့မလဲမသိဘူး။"

"ဒါနဲ့ မမီး ဟိုက လွတ်လာတော့ တအားပျော်မှာပေါ့နော်"

"အဲလိုလဲ မဟုတ်ဘူး၊ တစ်မျိုးကြီးပဲ"

"ဒီကလွတ်ရင် ဘာလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခုနောက်ပိုင်း ကျိုပိုနှင့်တွေ့တိုင်း၊ သည်စကားပြော ဖြစ်သည်။

မီးမီးက မှန်တင်ခုံမှာထိုင်ရင်း၊ ကျိုပိုက ကုတင်ပေါ်မှာ အေးအေးဆေးဆေးလှဲရင်း၊ သည်အကြောင်းဆွေးနွေးနေပုံမှာ၊ "ဧည့်သည်အဖျော်ဖြေခံ"အဖြစ်ကို မေ့ပျောက်စေတတ်သည်။ ကိုယ့်အိမ်ကိုယ့်ယာမှာ လင်မယားနှစ်ယောက် အေးအေးသက်သာစကား စမြည်ပြောနေကြသည် နှင့်ပင်တူတော့သည်။

ကျိုပိုသည် ခေါင်းအုံးကို ရင်ပတ်ပေါ်တင်ပြီးနားနေ၏။ မီးမီးက ရေပုလင်းထဲမှ သောက်ရေသန့်ကို တစ်ခွက်ပြီးတစ်ခွက်သောက်သည်။

"လွတ်မယ့်ရက် နီးလာလေ၊ ရင်တွေခုန်လေပဲ"

မီးမီးက ကျိုပိုနားလည်နိုင်သော စကားဖြင့်ပြော၏။

ကျိုပိုက မီးမီးကို ကလေးတစ်ယောက်လို နဖူးကို လက်ညှိုးဖြင့် လှမ်းတောက်လိုက်ပြီးမှ

"ဒီကလွတ်ရင်"

"အင်းလေ"

"မီးသဘောပေါ့"

"ကျိုပို့ သဘောကရော"

"ချစ်တယ်ဆိုတာ အတူတူနေချင်တာပဲ"

"ဟုတ်တယ်လေ၊ ဒါကြောင့်ပြောတာ၊ မီးလွတ်ရင် ကျိုပိုနဲ့ တူတူနေချင်တယ်၊ ပြီးတော့ အိမ်လဲပြန်ချင်တယ်"

ကျိုပိုက မျက်လုံးကိုမှိတ်ကာ နဖူးကြောကြီးများ ထောင်လာအောင်၊ စဉ်းစားပြီးမှ သက်ပြင်းတစ်ချက်ရှိုက်ပြီးဆိုသည်။

"ချစ်တယ်ဆိုရင် အတူနေချင်တယ်၊ နေမှလဲပျော်မယ်"

မီးမီးကခေါင်းကို အသာအယာညိတ်၏။

ပြီးတော့ ထိုင်ခုံကို ကုတင်နားတိုးလိုက်ပြီး ကျိုပို့နားတိုးလိုက်





သည်။ ရှပ်အင်္ကျီကို ကြယ်သီးများဖြုတ်ထားသဖြင့် ကျိုပို့ရင်ခွင်တွင် ရင်ပတ်မွေးတို့ ကွေ့လိမ်နေကြသည်ကို မြင်ရ၏။ မီးမီးက ရင်ပတ်မွေးလိမ်ကွေးကွေးလေးများကို ဖြောင့်သွားအောင် လက်ညှိုးလက်မဖြင့် ဆွဲဆန့်နေလိုက်၏။ ကျိုပိုက မီးမီး၏ ကျန်လက်တစ်ဖက်ကို အပေါ်မှ အသာ အယာအုပ်လိုက်ပြီး

"မီး နားထောင်မလား"

"နားထောင်မှာပေါ့"

ကျိုပိုက နံရံမှနာရီကို လှမ်းကြည့်၏။

သည်တော့မှပဲ၊ ကိုယ့်အိမ်ကိုယ့်ယာ မဟုတ်ပါပဲဟု၊ သတိရပြီး ဝမ်းနည်းရသည်။ နှစ်ဂျူတီပေါင်း မိနစ်သုံးဆယ်သည် ဘာမှမကြာချေ။ ကျိုပိုကလှဲနေရာမှ ဘေးစောင်းအနေအထားသို့ ပြောင်းလိုက်ရင်း

"ခပ်တိုတိုပြောပါ့မယ်၊ ဟိုး . . ၃ရာစုကုန်းကတဲ့"

၃-ရာစုဆိုသည်ကို မီးမီးနားမလည်သော်လည်း၊ အချိန်ကြာနေမည်စိုး၍ မမေးဖြစ်တော့။

"အဲဒီတုန်းက ရောမပြည်ကြီးမှာ၊ ကလောဒီးယပ်စ်ဆိုတဲ့ ဘုရင်ကြီးရှိတယ်"

"အင်း . . နားလည်ပြီ"

"ဒါက . . တကယ်မဟုတ်ဘူး၊ ပုံပြောတာ၊ ဒဏ္ဍာရီပါ။"

သူ့စကားကို အပြည့်အစုံနားမလည်ချေ။ သို့သော် မီးမီး ခေါင်းညိတ်လိုက်၏။

"အဲဒီဘုရင်ကလောဒီးယပ်စ်က၊ အင်ပါယာနယ်ချဲ့တယ်၊ စစ်လုပ်လားတယ်၊ ဒီအခါသူက စစ်နိုင်အောင်စဉ်းစားသတဲ့၊ ယောက်ျားတွေဟာ အိမ်ထောင်ပြုပြီးရင်၊ စစ်တိုက်ချင်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် အိမ်ထောင်မပြုမှကောင်းမယ် ဆိုပြီး၊ အိမ်ထောင်ပြုခွင့်၊ လက်ထပ်ပွဲတွေ

www.burmeseclassic.com



ကို ပိတ်လိုက်သတဲ့"

"အားလုံးကိုပိတ်လိုက်တာဟုတ်လား"

"အင်းပေါ့၊ တစ်ပြည်လုံးမှာပေါ့"

"ဟယ်၊ ရက်စက်တယ်နော်"

"ဒါပေမဲ့ ၊ ကြင်နာတဲ့လူရှိတယ်၊ အဲဒီလူက "ဗယ်လင်တိုး" ဆိုတဲ့သူတော်စင်ဘုန်းတော်ကြီးတစ်ပါးပဲ။ သူက ဘုရင့်အမိန့်ကို ဆန့်ကျင်ပြီး၊ သူ့ဘုရားကျောင်းမှာ တိတ်တိတ်လက်ထပ်ပေးသတဲ့"

"တော်လိုက်တာနော်"

"သတ္တိလဲကောင်းလို့ပေါ့၊ လူတွေအပေါ်မှာလဲ အကြင်နာတရားရှိလို့ပေါ့၊ ဘုရင့်အမိန့်ကို ဆန့်ကျင်ရတာ ဘယ်လွယ်မလဲ။ အဲသလို ချစ်သူစုံတွဲတွေကို သူ့ဘုရားရှိခိုးကျောင်းမှာ တိတ်တိတ်လက်ထပ်ပေးနေခဲ့တာကို နောက်ကျတော့ ဘုရင်ကသိသွားတာပေါ့"

"သိသွားတော့၊ အရေးယူမှာပေါ့နော်"

"ဖမ်းပြီးထောင်ချလိုက်တယ်၊ ပြီးတော့ ခေါင်းဖြတ် သတ်လိုက်တယ်"

"အို ရက်စက်လိုက်တာ"

"သူက အာဏာရှင်ကိုး၊ အဲသလို ဘုန်းတော်ကြီး ဗယ်လင်တိုးကို ခေါင်းဖြတ်သတ်တဲ့နေ့က ဖေဖော်ဝါရီ(၁၄) ရက်တဲ့။ ဒါနဲ့ လူတွေဟာ ဗယ်လင်တိုးကို ဂုဏ်ပြုတဲ့အနေနဲ့ နှစ်တိုင်း ဖေဖော်ဝါရီ(၁၄)ရက်ရောက်တိုင်း၊ အခမ်းအနား တွေကျင်းပကြတယ်တဲ့။ သူဟာ အချစ်တွေအတွက်၊ အသက်စွန့်သွားသူဆိုပြီး မမေ့နိုင်ကြဘူး၊ အဲဒီလိုအခမ်းအနားတွေလုပ်တဲ့အပြင်၊ အဲဒီနေ့မှာ လက်ဆောင်တွေ ပေးကြတယ်။ အချစ်ကဗျာတွေ၊ လက်မှုပစ္စည်းလေးတွေ ပေးကြတယ်။ အထူးသဖြင့် ချစ်သူအချင်းချင်း လက်ဆောင်လဲလှယ်ကြတယ်၊ အချစ်ကို ပိုပြီး အလေး





အနက်ဖြစ်စေခဲ့တယ်။ အဲဒီနေ့ကို "ဗယ်လင်တိုးဒေး" ချစ်သူများနေ့လို့ခေါ်သတဲ့"

မီးမီးက နာရီကို မသိမသာမော့ကြည့်ပြီးမှ . .

"စိတ်ဝင်စားစရာပဲနော်"

"စိတ်ဝင်စားစရာဆိုတာထက်၊ သဘာဝကျလို့ သဘောကျစရာကောင်းတယ်၊ ချစ်သူတွေဟာ လက်ထပ်ရ မှာပေါ့၊ ပေါင်းကြရမှာပေါ့။ ချစ်သူတွေကို ဘယ်အင်ပါယာ အာဏာရှင်မှ မတားနိုင်ဘူးလေ"

ပြောပြောဆိုဆို ကျော်ပိုက မီးမီးကိုယ်လုံးလေးကို ဆွဲယူပွေ့ချီလိုက်၏။

ဘာလိုမည်လာလေသည်။

နှစ်ချိန်ပြည့်သော သတိပေးသံ။

ကျော်ပိုက မျက်ခုံးကို မြှင့်လိုက်ပြီး. . .

"ဟဲဟဲ အာဏာရှင်က မတားပေမဲ့၊ လောလောဆယ် ဘဲလ်က တားနေပြီ" ဆိုပြီး လှူးလဲထတိုင်သည်။

မီးမီးက စိတ်မကောင်းစွာဖြင့် သူ့ကိုအကြိုကြယ်သီး ပြန်တပ်ပေး၏။ ကျော်ပိုက မီးမီးနဖူးကို တစ်ချက်မွှေးလိုက်သည်။

"ကဲ နောက်နေ့မှပဲ"

သူလှည့်ထွက်သည်။

မီးမီးက အကာအကွယ်ပစ္စည်းလေးကို မမေ့မလျော့ သူ့လက်ထဲထည့်ရ၏။ သူက အခန်းဝရှိသေတ္တာလေးထဲ ပစ်ထည့်လိုက်ရင်း၊ မီးမီးကို ပြုံးပြသွားသည်။

"နက်ဖြန်"ဟု တိုးတိုးပြောသွားသည်။

ဩော် နက်ဖြန်တွေဘယ်လောက်ကြာဦးမလဲ။

ဆောင်းတွင်းဝင်ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာ တိမ်မြူရှင်းနေ၏။

ကြည်လဲ့ပြာစင်နေသော ကောင်းကင်ကိုမြင်ရသည်မှာ စိတ်လက်ပေါ့ပါးစေလေသည်။ လေသည် ဖြည်းဖြည်းညင်းညင်းသာတိုက်နေ၏။ ခြံဝင်းထဲက ပကတိက္ကန္ဒြေကြီးမှုများဖြင့် ငြိမ်သက်ကာ တရားဘာဝနာရှုမှတ်နေကြပုံရပေသည်။ မနက်စောစောဆိုလျှင် ပုရစ်မြည်သံစူးစူးကိုကြား ရ၏။ မြေတွင်းမှပုရစ်များ ထွက်လာပြီဆိုတော့ ဒါဆောင်းဦးပေါ့။

ထိုဆောင်းဦး၏ နေ့လည်ခင်းအားလပ်ချိန်တွင်၊ လီလီသည် မီးမီးထံ မိန်းကလေးတစ်ယောက်ကို ခေါ်လာခဲ့သည်။

"သူက အစ်မနဲ့ ဘာသာစကားတူတယ်"

"ဟုတ်လား"

ပြော၍သာ ဟုတ်လား လိုက်ရသည်။ သူ့အပြင်အဆင်က လီလီတို့လိုပင်ဖြစ်သည်။ အရပ်ခပ်ပြတ်ပြတ်၊ ပါးပါးလှပ်လှပ်၊ မျက်နှာဝိုင်းဝိုင်းနှင့်။ အသားအရေကတော့ ဝါဖတ်ဖတ်။ လိမ်းခြယ်မထားသဖြင့် သူ့မျက်ကွင်းများ ညိုနေခြင်းကို အထင်းသားမြင်ရ၏။ လည်ပင်းသားများက လျော့ကျနေလျက် ညှပ်ရိုးတစ်စုံက ငေါ်ထွက်နေလေသည်။

"ဘယ်တုန်းကရောက်လာတာလဲ"

မီးမီးက ကိုယ့်ဘာသာစကားဖြင့် မေးလိုက်သည်။

"သုံးရက်ရှိပြီ"

"အော်"

အော်ဆိုရုံကလွဲပြီး ဘာမျှမပြောဖြစ်ပေ။ ကိုယ့်တုန်းကဆိုလျှင် သုံးရက်ဆိုသောအချိန်များမှာ သောင်းကျန်း၍ကောင်းတုန်း၊ ငြင်းဆန်၍ကောင်းတုန်း။ သည်မိန်းကလေးကမူ အရာရာကိုအသားကျနေသလို ထင်ရလေသည်။





"မမီးနာမည်ကြားရတယ်၊ နာမည်ကြီးပဲ"

"တော်ပါတော့"

သည်ကိစ္စနဲ့များ နာမည်ကြီးမဖြစ်ချင်။

ဒါဟာ ဂုဏ်ယူစရာမှ မဟုတ်ပဲ။

"မမီးက ဘယ်လိုလဲလို့ သိချင်လို့၊ သူ့ကိုပိုခိုင်းရတာ"

မမီးက ဘယ်လိုလဲ၊ ဘယ်လိုမှ မလဲပါဘူး။ အိမ်ပြန်ဖို့ ကြိုးစားနေတာ အဝတ်လျှော်နေတာ။ အငတ်ခံနေတာ။ ရောဂါမရအောင် သတိထားနေတာ။ ပြီးတော့ အချစ်နဲ့အင်အား ဖြစ်နေတာ။

စိတ်ထဲရှိသမျှ ဖွင့်ပြောပြချင်စိတ်မရှိ။ သူ့ကို စိတ်မပါ့တပါနှင့်ပဲ ပြုံးပြလိုက်၏။

"အဲဒီအပြုံးမျိုးပေါ့"

လီလီက မှတ်ချက်ချသည်။

စိတ်ထဲမပါ့တပါ အပြုံးမျိုးက နာမည်ကြီးတာတဲ့လား။ မဟုတ်နိုင်တာ။ ဒါမျိုးဆိုတာရွှင်ပျမှုဖော်ရွေမှု အားမနာတမ်းပြောရလျှင် မြူနိုင်မှုဟုတ်လား။

"အင်းလေ၊ မမီးက သိပ်မာနကြီးတယ်လို့ နာမည်ထွက်တော့၊ ဟုတ်တယ်။ ဒီအပြုံးက မာနပြုံးပဲ"

လီလီက ဆက်ပြောနေသည်။

"ကျွန်မနာမည်က နွေးနွေးပါ"

"နွေးနွေးတဲ့လား ချစ်စရာလေးပဲ"

"ဘဝကတော့ မနွေးပါဘူး"

မီးမီးဘာမျှ မဝေဖန်ချေ။ ပြောရမည်ဆိုလျှင် ထို"ဘဝ" ဆိုသော စကားတွေကို ကြားပင်မကြားလိုပေ။ မောသည်။ ကိုယ့်ဘဝတစ်ခုတည်းနှင့်ပင် မောလှပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မမီးက ငွေကျေရင် ပြန်တော့မှာလို့ကြားတယ်" မမီးပြန်သွားရင်၊ မမီးနာမည်ကျွန်မကိုပေးခဲ့ပါလား"

"ဟယ် မဖြစ်နိုင်တာ"

မီးမီးသည် နွေးနွေးကို စေ့စေ့ကြည့်လိုက်၏။

သူမှာ ပွေလီဆန်းပြားသော အမူအရာမမြင်ရချေ။

"မဟုတ်တာကြီးပဲ၊ ဘယ်လိုစိတ်ကူးလဲ"

နွေးနွေးက မီးမီးလက်ကို လာကိုင်သည်။

မီးမီးမျက်လုံးများကို မော့ကြည့်လာသော သူ့ မျက်လုံးများတွင် အင်အားကုန်ခမ်းနေသည်။

"နေစမ်းပါဦး ဒီကိုဘယ်သူပို့ပေးလိုက်တာလဲ"

သူက အမေးကိုချက်ခြင်းမဖြေ။ မီးမီးလက်များကို ဆုပ်နယ်နေသည်။

"ပြောစမ်းပါဦး၊ ဘယ်သူတွေလဲ၊ လူမောင်တို့လင်မယားလား"

"လူမောင်နဲ့ မခင်ဝင်းကို ပြောတာလား"

"ဟုတ်တယ်၊ နင်သူတို့နဲ့လာတာလား"

နွေးနွေးက ခေါင်းခါသည်။

"ကျွန်မက ဒီမှာရောက်နေတာကြာပြီ။ ဒီလိုပါ။ ကျွန်မက ငယ်ငယ်ကတည်းက ဒီအလုပ်လုပ်တာပဲ၊ ၁၄ နှစ်သမီးလောက်ကတည်းက "

မီးမီး ဘာမျှမမေး။

၁၄နှစ်သမီးကတည်းကများ၊ ခုထိ ရုန်းမထွက်ဘူးလားဟု မေးလိုက်ချင်စမ်းပေမယ့် မမေးတော့။

"ဒီဘက်မှာ ဝင်ငွေကောင်းတယ်ဆိုလို့ ကိုယ့်ဘာသာ ရှာဖွေလာခဲ့တာပါ။



ဒီရောက်တာပဲ သုံးနှစ်ရှိတော့မယ်။ အရင်အိမ်တွေက ကြေးနည်းတယ်လေ။ ဒီအိမ်ကမြင့်တယ်၊ အဲဒါကြောင့် ဒီဝင်လို့ရအောင် မနည်းကြိုးစားခဲ့ရတာ။

"အလိုလေး"

"မမီးက ပြန်တော့မှာလို့ သတင်းကြားလို့၊ မမီးကိုယ်စားဝင်ရရင်၊ ဟိုလေလူမျိုးချင်းတူတော့ ဆင်တူရိုးမှား"

ဖျန်းခနဲအသံထွက်သွားမှ၊ သူ့ကို ပါးရိုက်မိမှန်းကိုယ့် ဘာသာ သတိရသွားသည်။ ဖြူဖတ်ဖတ်ပါးပိန်ပိန်က ပို၍ဖြူလျော်သွားပြီ။ မှေးမှိန်သောမျက်လုံးများမှ မျက်ရည်များစီးကျလာကြ၏။ မီးမီးက ကိုယ့်လက်ဖဝါးပူသွားသည်ကို လက်သီးဖျစ်၍ဖြေလိုက်ရ၏။ နွေးနွေးကိုစိုက်ကြည့်နေလိုက်သည်။ လန့်ဖြတ်၍ နောက်ဆုတ်သွားသော လီလီက. . .။

"မမီး . . . ဒီလို မလုပ်သင့်ဘူး "ဟု အော်ပြောလေသည်။

"လုပ်သင့်တယ်၊ လုပ်သင့်တယ်"

မီးမီးအလုပ်ကိုနှစ်ရှည်လများလုပ်လာတာရယ်၊ နာမည်ကြီးချင်လို့ သူတစ်ပါး အရေခွံခြုံချင်တာရယ်၊ ဒီအလုပ်ကိုရှာဖွေတာရယ် ၊ အားလုံးအတွက်၊ သူ့ကို ငါရိုက်သင့်တယ်၊ နွေးနွေးနင်တခြားဘာမှမလုပ်တတ်ဘူးလား၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ မုန့်ပျားသလက်ရောင်းစားတယ်၊ ခေါင်းလျှော်ရည်လည်ရောင်းမယ်၊ စက်ချုပ်မယ်၊ အဝတ်လျှော်မယ်၊ အနှိပ်သယ်လုပ်စရာတွေ အောက်ခြေသိမ်းအလုပ်တွေအများကြီး ဒီအလုပ်ကိုဖက်တွယ်နေတာ နင် အပျင်းမပဲ၊ ငါ့နာမည်ကိုငါဒီက ထွက်သွားတာနဲ့အပြီးဖျောက်ပစ်ရမှာ၊ အဲဒါများ နင်က အမွေဆက်ချင်ရတယ်လို့၊ ငါထပ်တောင်ရိုက်လိုက်ချင်စမ်းတယ်၊ ဒီမှာ ငါတို့မြန်မာအမျိုးသမီးတွေဟာ ကိုယ့်ခြေထောက်ပေါ်ကိုယ်မတ်တပ်ရပ်ပြီး ကောင်းရောင်းကောင်းဝယ် သမာသမတ်နေတတ်တယ်ဆိုတာ နင်သိဖို့ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီးမီးသည် မရပ်မနားပြောလိုက်သဖြင့် မောနေသည်။

လီလီက မျက်လုံးမှိတ်တုတ်မှိတ်တုတ်ဖြင့် အံ့ဩနေ၏။

"ဒီမှာ ဒီရောက်လာတဲ့လူတိုင်းဟာ၊ နင်တို့ကို ဝါသနာပါလို့၊ ပျော်လို့ရောက် လာတဲ့လူတိုင်းဟာ နင်တို့လို ဝါသနာပါလို့ပျော်လို့ ရောက်လာတယ်မထင်နဲ့"

မီးမီးစကားအဆုံးမှာ နွေးနွေးက မျက်ရည်သုတ်သည်။

"ကျွန်မ မမီးကို စော်ကားမိတာ၊ ခွင့်လွှတ်ပါ"

တိုးတိုး သူပြောသည်။

မီးမီးသည် ခုမှ မျက်ရည်ကျလာ၏။

နွေးနွေးကို ဖက်ထားလိုက်သည်။

"ငါ့စေတနာကို နင်နားလည်ရင်ကျေနပ်ပြီ"

"နားလည်ပါတယ်၊ မမီးကျွန်မကို ထပ်ရိုက်ပါ"

"မရိုက်ပါဘူး၊ ငါစိတ်နာလွန်းလို့ပါ။ ငါကလေ ငါ့ကိုဒီဘဝ ရောက်အောင်တွန်းချခဲ့တဲ့ ဟိုလင်မယားကို"

"လူမောင်တို့ကို ပြောတာလား"

မီးမီးခေါင်းညိတ်လိုက်သည်။

နွေးနွေးက မီးမီးရင်ခွင်ထဲမှ ရုန်းထွက်ပြီး၊ မီးမီးမျက်နှာကို မော့ကြည့်ရင်း

"မမီး မကြားသေးဘူးပေါ့"

"ဘာကိုလဲ"

"မခင်ဝင်းတို့အကြောင်း"

"နေပါဦး နင်က သူတို့နဲ့ ဘယ်လိုလုပ်သိတာလဲ"

"မမီးကလဲ၊ သူတို့က ဒီကအိမ်တွေကို အမြဲရောက်တာပဲဟာ"

"ဟုတ်ပြီ၊ ငါနားလည်ပြီ၊ ပြောပါဦး"



"ဒီလိုပဲ လူလာလာပို့တာပေါ့၊ နောက်ပိုင်း မချောင်လို့ ထင်ပါရဲ့၊ လူမပါပဲ၊ ပစ္စည်းပါလာတယ်"

"ဘာပစ္စည်း"

"အစုံနေမှာပေါ့ ၊ မမီးရယ်၊ ရှေးဟောင်းဘုရားဆိုတာလဲပြောသံကြားတယ်"

မီးမီးအံကြိတ်လိုက်၏။

ဘုရားတောင်ခိုးရောင်းမှတော့ မီးမီးလိုလူကို ရောင်းတာဘာဆန်းလဲ။

"နောက်ဆုံး သူ့တရားသူစီရင်တာပါပဲ"

"ဘာဖြစ်လို့လဲ"

"ဘုရားပါလာတာတဲ့၊ ဒီဘက်နယ်စပ်မှာ အရောင်းအဝယ်ဖြစ်ပြီး ပြန်တာဆိုလား။ သူတို့နှစ်ယောက်တည်း မော်တော်ဆိုင်ကယ်နဲ့ပြန်တာ။ ကားတစ်စီးကို ကျော်တက်ရင်း ဆိုင်ကယ်မှောက်ပြီး လက်ကျိုးသွားတယ်တဲ့။

ရင်ထဲမှာ တုန်ခိုက်သွားသည်။

ခေါင်းထဲမှာ လျှပ်စီးတွေဝင်သွားသည်။

အသက်ရှူ၍ မရတော့သလိုဖြစ်သွား၏။

လီလီနှင့် နွေးနွေးက တစ်ဖက်စီတွဲပြီး ထမင်းစားခန်းသို့ခေါ်သွားကြသည်။ ဝရံတာမှာ လှန်းထားသော အဝတ်များက မီးမီးကိုဝေ့ရမ်းနှုတ်ဆက်ကြလေသည်။

"၈ ဆောင်အပေါ်ထပ် ရေချိုးမယ်"

ရေကန်ဗာရာစမ်းမာ၏ စူးစူးရဲရဲအသံ။

ခင်စန်းရီ နှင့် မီးမီးစကားပြောလက်စရပ်လိုက်ကြ၏။ ဖင်ခုတိုင်ထားသော ဖိနပ်များကို ခါပြီးစီးလိုက်ကြသည်။ ရေချိုးမယ်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖင်နေ့နေ၍မဖြစ်။ အမြန်ဆုံးသွားနိုင်မှ နေရာရမည်။ ရေကန်က ပေ ၂၀ × ၁၀ ပေ လောက်ဖြစ်သည်။ လူက ရာကျော်သည်။

နေအတော်ပူနေပြီနဲ့ အုတ်ရေကန်ထဲက ရေတွေလည်း ပူလောက်ပြီ။ နေကလည်းပူပူ။ ရေကလည်းပူပူ။ သည်မှာတော့ နေပူခြင်း ရေပူခြင်းသည် ရေချိုးချိန်နှင့် မပတ်သက်ချေ။ ရေကန်မှာ ရေပြည့်ဖို့ပဲဖြစ်သည်။ ရေပြည့်ပြီဆိုချိုး။ ရေကလည်း ဘယ်ကနေပို့လိုက်သည်မသိ။ အပြာရောင် တွေထနေသည်။ ရေနွေးကြမ်းပင်ပြာနေတတ်၏။ ဘာတတ်နိုင်မည်လဲ။

မီးမီးနှင့်ခင်စန်းရီတို့ အဆောင်ပေါ်အမြန်တက်ပြီး ရေချိုးစရာ အဝတ်လျှော်စရာနှင့် ရေချိုးခွက်၊ ဆပ်ပြာတို့ကို ယူကြ၏။ လျှော်စရာက များများမရှိ။ ဝတ်ထားတာလျှော်ဖို့ပါပဲ။ ဒီတစ်စုံဒီနေ့လျှော်၊ နောက်နေ့ ဝတ်တာနောက်နေ့လျှော်၊ တာဝန်တော့အပေါ့သား။ ဆပ်ပြာက အဆောင်မှာ တစ်ပတ်တစ်ခဲဝေသည်။ သည်လောက်ပါးသော ရွှေဝါဆပ်ပြာခဲကို ဒီမှာပဲမြင်ဖူးရ၏။ သည်မျှရှားရှားပါးပါးရလာသော ဆပ်ပြာခဲလေးများကိုပင်၊ မသုံးနိုင်ဘဲပြန်ရောင်းသူတွေရှိသည်။ ရွှေဝါဆပ်ပြာခဲတစ်ခဲ ဆေးလိပ် ၁၀လိပ်။

ရေချိုးခွက်ကတော့ရေဖလားမဟုတ်။ ရေဇလုံကြီးများဖြစ်သည်။ ပလပ်စတစ်ရေဇလုံများ။ သူ့ထက်သူကြီးအောင်မှာ ယူထားကြ၏။ ကြီးမှဖြစ်မည်လေ၊ ရေကခွက်ရေနှင့်ချိုးရတာဆိုတော့ တစ်ခွက်ဆို ဆိုသလောက် ရေပါမှကိုး။ တစ်ခါတစ်ရံ ၆ခွက်၊ ၇ခွက်၊ ဆယ်ခွက်။

မီးမီးတို့ရောက်တော့ရေကန်ပတ်လည်မှာ လူကြပ်နေပြီ။ ရေဇလုံကိုယ်စီနှင့်ဟန်ပြင်နေကြပြီ။ နေပူကြဲကြဲအောက်မှာ ထမီရင်လျှားများထဲမှပေါ်နေသော ကိုယ်အထက်ပိုင်းတို့သည် နေစားသဖြင့် နီညိုရောင်တညီတည်း ပေါ်နေလေသည်။





"နေဦး၊ လုံးဝမခပ်နဲ့၊ ဟဲ့ကောင်မ ဘာလုပ်တာလဲ"

ရေကန်ဘာရာစမ်းမာကား ဘီလူးကြိမ်းကြိမ်းနေရ၏။ လက်ထဲမှဝါးခြမ်းပြားကို တရမ်းရမ်းလုပ်နေရ၏။ ယောကျ်ား တစ်ယောက်နှယ် ကြမ်းကြမ်းရမ်းရမ်းနှင့် ရေကန်အုတ်ကန်ဘောင်ပေါ် တက်ပြီးရပ်နေရသည်။ အားလုံး၏ ခေါင်းပေါ်ဝါးခြမ်းကို မိုးပြီး နွားငေါက်သလိုငေါက်နေရသည်။ သည်လို မငေါက်၍မဖြစ်။ ကြည့်၊ ပြောနေဆဲမှာပင် တောင်ဘက်ထောင့်က မိန်းကလေးတစ်ယောက်သည် ရေတစ်ခွက်ကို ဖျပ်ခနဲခိုးပြီးလောင်းချလိုက်ပြီ။ တစ်ခွက်ပိုချိုးရနည်းလားဆို သောစိတ်ဓါတ်။ သင်းကိုဝါးခြမ်းနဲ့မမီလို့သာ။ နို့မို့ခေါင်းမှာစပ်ခနဲဖြစ်ပြီသာမှတ်။

"ကဲ. . ကဲ. . ချိုးမယ် . . ခပ် . . "

စမ်းမာ၏ "ခပ် . . "ဆိုသောအသံသည်၊ ဘယ်မျှကြာအောင် ဆွဲလိုက်သည်မသိ၊ ၈-ဆောင်နောက်ဖေးမှသည် အုတ်တံတိုင်းအဆင့်ဆင့် ကိုခုန်ပျံကျော် ထွက်သွားသည်ဟု ထင်ရ၏။

အားလုံးပင် ရေဇလုံကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး ရေကန်ထဲ ခါးကုန်းလျက်နှစ်ယူလိုက်၏။

"ချိုး. . . "

ချိုးဆိုမှ ရေဇလုံကို ကိုယ်ပေါ်လောင်းချကြရ၏။ သည်တစ်ခွက်သည် တွန်းတွန်းတိုက်တိုက်ကြားထဲမှာမို့၊ တစ်ကိုယ်လုံးစိုသွားအောင် မစွမ်းနိုင်။ ထမီရင်လျှားကြားမှ အတွင်းသို့စီးမဝင်နိုင်။ ထမီပင်မစို။ သို့သော် သူများလောင်းသောရေက ကိုယ့်လာမှန်တတ်သဖြင့် စိုသွားတတ်သေးသည်။

"ခပ်. . . ချိုး"

"ခပ်. . . ချိုး"

သုံးခါလောင်းပြီးသောအခါ "ရပ်"ဟု အော်သည်။ ရပ်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြရ၏။ ဒါက ဆပ်ပြာတိုက်ရန်ပေးသောအချိန်။ တတ်နိုင်သူများက အိမ်ကပို့လိုက်သော ဆပ်ပြာမွှေးသုံးနိုင်သော်လည်း၊ အများစုကမူ ထမီအောက်နားစနှင့်ခြေသလုံးများကို ပွတ်ရုံသာချေးတွန်းနိုင်ကြ၏။ ထမီအထက်စကို ဖြေလျှော့ပြီး ရင်ညွန့်ကိုပွတ်နိုင်၏။ ဆပ်ပြာဟူ၍ မယ်မယ်ရရ သုံးစရာမရှိ။ ရွှေဝါခဲလေးရှိသူက ကမန်းကတမ်းအဝတ်လျှော်ရင်းထို ဆပ်ပြာရည်သည်ပင်ချေးတွန်းစရာ။

"ဟိတ် . . ဘာလို့ ခိုးခပ်တာလဲ"

ရေကန်တာရာ ဘာမျှအမိန့်မပေးခင်၊ အဝတ်ရေလောင်းရန် ရေတစ်ခွက်ခပ်လိုက်သော ကောင်မလေးခေါင်းပေါ်သို့၊ ဝါးခြမ်းပြား အဖျားကျသွားသည်။

"အား. . နာလိုက်တာ"

ကောင်မလေးက မျက်ရည်ဝဲပြီးအော်၏။

"စမ်းမာရေ . . ညည်းလုပ်နိုင်တုန်းလုပ်ထားသိလား"

မခံချင်သော ထောင့်တစ်ထောင့်က အသံထွက်လာ၏။

"အိုအေ . . သည်းခံလိုက်၊ ဝဋ်ကြွေးရှိသမျှဆပ်ရတာပဲ အောက်မေ့"

တရားကျသောအသံတစ်သံက၊ အသက်ကြီးကြီး မိန်းမကြီး ဘက်မှပေါ်လာ၏။

"နေပူပူ. . ရေပူပူ. . လေပူကသွေး. . "

တွံတေးသိန်းတန်၏ မေတ္တာမီးအိမ်သီချင်းအလိုက်ဖြင့် အော်ဆိုလိုက်သူကား ၈-ဆောင်အပေါ်ထပ်၏ အဆိုတော်မိုးမိုးဖြစ်၏။ မိုးမိုးကား နာရီမလပ်သီချင်းဆိုနေတတ်သူဖြစ်သည်။

"ကဲ. . တော်ပြီ၊ ဆပ်ပြာတိုက်တာရပ်"

စမ်းမာ အမိန့်ချ၏။



"ဟင်း. . ဆပ်ပြာလဲမတိုက်ရပဲနဲ့"

"အေးလေ. . . "

"ချေးတွန်းတာရပ်လို့ပြောရမှာ"

"အဝတ်လျှော်တာရပ်လို့ပြောပေါ့"

တစ်ယောက်တစ်ပေါက်အသံတွေ။

"ဟဲ့. . သောက်ပလုတ်တုတ်၊ စမ်းမာရေနေဦး၊ ဒီမှာ ငါ့ထမီကို ဒီကောင်မဆွဲချွတ်နေလို့"

"ခါးတို့တာများ"

"စကားမများနဲ့. . . ခပ်. . "

ကမန်းကတမ်းပင်၊ ရေဇလုံကြီးများကို ရေကန်ထဲနှစ်ကြရ၏။ နှစ်၍ကားမရတော့ပြီ။ ရေကန်အောက်ခံ ကွန်ကရစ်နှင့်သွားထိသော်

"နောက် အသုတ်တွေကျန်သေးတယ်၊ ချိုး. . "

"ဘယ်နှစ်ခွက်ရမှာလဲ ဒီနေ့"

" ၆-ခွက်ပဲ"

"ဟယ်-ဒုက္ခပဲ၊"

"ခပ်. . . "

"ချိုး. . "

နားထဲမှာ ခပ်. . ချိုး၊ ခပ်. . ချိုးအသံက နရီကိုက်ပေါ်နေသည်။ သို့သော် ခပ်. . ချိုး. . စည်းဝါးနှင့် မညီဘဲ၊ ခပ်. . ချိုး နှစ်ခါမှာ ရေသုံးဇလုံရအောင် လက်သွက်လိုက်သူအများ အပြားရှိလေသည်။

ဩော်. . လောကကြီးမှာ၊ သည်လိုပဲ လည်သလို နေကြရတာပဲ လား။

"ထွက်"

www.burmeseclassic.com

www.burmeseclassic.com



ပြောလဲပြောသည်၊ ဝါးခြမ်းနှင့်လည်းရမ်းသည်။

ဝါးခြမ်းနှင့်ဝေးရာလူများက တစ်ခွက်တော့မရ အရခပ်လိုက်ကြသည်။

ဘယ့်နှယ်လုပ်မယဲ။ အဝတ်လဲဒီ ၆-ခွက်နှင့် ပဲလျှော်ရတာ။

"တော်ပါပြီအေ. . ရေကပူပါဘိနဲ့ မချိုးတာက ကောင်းဦးမယ်"

ဗျစ်တောက်ဗျစ်တောက်နှင့် ခင်စန်းရီဆိုသည်။

"နောက်တစ်သုတ်ဝင်မယ်"

စမ်းမာအမိန့်မဆုံးမီမှာပင်၊ တာစူနေသော လူအုပ်က ပြေးဝင်လာသည်။

မီးမီးသည်လျှော်လက်စအကျီလေးကို မညှစ်အားပဲ၊ နေရာဖယ်ပေးလိုက်ရ၏။

အပေါ်ထပ်အိပ်ဆောင်ပေါ်ပြန်ရောက်တော့ ကြွပ်ကြွပ်ရှအောင်ပူနေသည်။ ရေဇလုံကိုမှောက်လိုက်ပြီး၊ ဖင်ဖက်မှာ ရေခတ်လောင်းပြီးမှ လှသနပ်ခါးခဲကိုသွေးရ၏။ တတ်နိုင်သူများကတော့ ပရိုမီနာတို့ဘာတို့၊ လိမ်းကြ၏။ အပြင်ထွက်ရင် မျက်နှာမှာဝက်ခြံတွေပါသွားလို့မဖြစ်ဘူး၊ အလှမွေးကိုမွေးရမယ် ဒါမှယောကျ်ားကချစ်မှာ. . ဟုကြုံးဝါးသူများလည်းရှိသေးသည်။

မီးမီးကတော့ မျက်နှာအလှလဲမမွေးချင်။ ချစ်မယ့် ယောကျ်ားလည်းမရှိ။ ဪ . . ချစ်သူအတွက်ဆိုပြီး မျက်နှာကိုပြင်ခဲ့ဖူးပေမဲ့၊ အဲဒီချစ်သူ . . ဆိုတာ. . နာရီဝက်တွေ့ခွင့်ရသူအဖြစ်ကလွဲပြီး၊ . . .



အား. . . တစ်ကိုယ်လုံးလှုပ်လို့မရပါလား။

ကျောထဲမှာ၊ ဒူးထဲမှာ၊ နားထင်မှာ၊ ငယ်ထိပ်မှာ၊ တစ်ကိုယ်လုံးတင်းနေသည်။ မျက်ခွံတွေကလေးလိုက်တာ၊ မျက်လုံးမဖွင့်ချင်။

ငါ. . ဘာဖြစ်တာပါလိမ့်၊

အာခေါင်တွေကခြောက်လို့၊ လျှာပေါ်မှာလည်း ခါးသက်သက်။

ဇက်တွေကလှည့်မရ၊ နံရိုးထဲကအောင့်နေသေးသည်။ မျက်လုံးကို ဆက်မှိတ်ထားရ၏။ မျက်လုံးထဲမှာ ခရမ်းရောင်အကွင်းလိုက်အကွင်းလိုက် ရွေ့လျားနေတာကို မြင်ရသည်။ ခရမ်းရောင်အကွင်းတွေ ဘာလုပ်နေကြတာပါလိမ့်။

တံခါးပွင့်သွားသံကြားရ၏။

အခန်းစောင့်မိန်းမဖြစ်မည်။

နွေးနွေးအသံပါကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



“သက်သာရဲ့လား”

နဖူးပေါ်လက်ဝါးတစ်ဖက်ထိလာသည်။

နွေးနွေးလက်လား၊ အခန်းစောင့်မိန်းမလက်လား မခွဲခြားတတ်။

“ကျွန်မဘာဖြစ်လို့လဲ”

“အပြင်းဖျားတာလေ၊ မနက်က ထမင်းလာမစားတာ သိလို့ဖွင့်ကြည့်တော့ တအားပူပြီးအိပ်ပျော်နေတာ၊ ဆရာဝန်ခေါ်ပြီးဆေးတိုက်ထားတယ်၊ မမှတ်မိဘူးလား”

“ဟင့်အင်း”

“နင်က သိပ်အပင်ပန်းခံတာကိုး၊ ညအလုပ်က ပင်ပန်းရတဲ့အထဲ၊ အဝတ်လျှော်တာတွေက အအေးမိမှာပေါ့၊ အိမ်ရှင်ကပြောလိုက်တယ်၊ အဝတ်မလျှော်ပါနဲ့တော့တဲ့”

“ဘယ်ဖြစ်ပါ့မလဲ”

“နင်စဉ်းစားလေ၊ အဝတ်လျှော်တာက ဘယ်လောက်ရလို့လဲ၊ ညတစ်ည အလုပ်ပျက်တယ်ဆို နည်းလားဝင်ငွေလျော့သွားတာ”

“ကျွန်မလုပ်နိုင်ပါတယ်၊ လုပ်ရမယ်”

“ခု . . ဆရာဝန်ကပြောသွားပြီ၊ ၃-ရက်နားရမယ်တဲ့”

“ ဒုက္ခပဲ၊ ၃-ရက်တောင်”

“ အဲဒါကြောင့် ပြောတာ၊ အဝတ်မလျှော်နဲ့တော့၊ နင်ငွေလိုချင်တာ ငါတို့သိပါတယ်၊ ဒါပေမဲ့”

“သူ့ . . ဆက်မပြော။

နွေးနွေးကို ဘာပြောလိုက်သည်မသိ။

“ဟုတ်ကဲ့၊ စိတ်ချပါ၊ ကျွန်မစောင့်နေတယ်”ဟု နွေးနွေးပြောသံကြားရ၏။

အနားမှာ နွေးနွေးရှိနေကြောင်း၊ သူ့ရေမွှေးနံ့ကြောင့် သိနေ



သည်။ နွေးနွေးက အသံမပြု၊ ငြိမ်နေသည်။ ဘာဖြစ်လို့ပါလိမ့်၊ ငါ့အခြေအနေက လူနာစောင့်ထားရလောက်အောင် ဆိုးနေလို့လား။

မျက်စိကို ဆက်မှိတ်ထားရ၏။

စိတ်သည် အဝေးသို့ ပြေးနေလေသည်။

မိုးသည်းသည်းကောင်းကင်ကိုလဲတွေ့ရ၏။ မိုးစွေငှက်လေးတွေပျံ့ဝဲနေကြတာမြင်ရသည်။ ဂစ် . . ဂစ်ဟု အသံပြုသောငှက်ဆိုးတစ်ကောင်ပျံသွားတာကိုလဲ လှစ်ခနဲမြင်သည်။ မိုးကြိုးတွေလျှပ်စီးတွေလက်နေကြသည်။

ခဏနေတော့ နေရောင်ပြူလာ၏။ ဝါလွင်နေသော လွင်ပြင်ကြီး၊ မြေပြင်က အဝါရင့်ရောင်၊ ကျောက်ခဲလုံးမြေစာခဲတွေက ခြေနင်း၍မပြေမပြစ်ဖြစ်အောင် တားဆီးနေကြသည်။ ခြေနင်းတိုင်းယိုင်နဲ့သွား၏။ ကုန်းပြေပြေပေါ်မှာတော့ ခြုံပုတ်ကလေးတစ်ခုရှိ၏။ ထိုခြုံပုတ်ကလေးသို့သွားရန်ဖြစ်၏။ သို့သော်ကန္တာရပင်၏ အခက်များက အကျီစများကိုချိတ်ထားသည်။ လူသည်ရွှေ့လျား၍မရ။ တံစောင်းပင်၏ လက်တန်မညီမညာများသည် လေပူပူထဲမှာ ငြိမ်သက်နေဆဲ။ လက်တန်ကြားမှာတော့ ဖြူဝါဝါ. . ပန်းပွင့်တစ်ပွင့် ညပ်နေလေသည်။

“အင်း. . အမေ. . ”

“မမီး. . မမီး. . ဘာဖြစ်လဲဟင်”

မျက်လုံးကို အ ားတင်းပြီးဖွင့်ရ၏။

နွေးနွေး၊ မျက်နှာကို မြင်ရသည်။

သူ့လက်ထဲမှာ စာအုပ်ကလေးနှင့်။

“ရေသောက်ချင်လိုက်တာ”

“ရတယ်၊ ရတယ်၊ ”

သူ့လက်ထဲက စာအုပ်ကိုချပြီး၊ ရေပုလင်းကိုယူသည်။ ရေခွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲငုံ့ပြီး မီးမီးပါးစပ်နားကပ်ပေးသည်။

"အား . . ရေကလဲ ခါးလိုက်တာ"

"ကြိုက်သလောက်သောက်လေ၊ တော်ပြီလား"

"အင်း"

"မမီးချွေးတွေထွက်လာပြီ၊ အဝတ်လဲလိုက်ရအောင်"

မျက်စိမဖွင့်ပဲ၊ ခေါင်းညိတ်လိုက်၏။

ပါးလှပ်သော နွေးနွေးသည်၊ မီးမီးကိုယ်အထက်ပိုင်း ကို မနိုင့်တနိုင်မ၏။

အကျီကိုချွတ်ပေး၏။ ချည်သားတီရှပ်ကို ဘယ်တုန်းက ထုတ်ထားမှန်းမသိ။ လဲဝတ်ပေးသည်။

"ထမီကောလဲဦးမလား"

"ခေါင်းခါလိုက်သည်။

"အေးလေ. အထက်ပိုင်းပဲရွှဲတာပါ။ ကဲ. . မီးပြန်အိပ်ချင်အိပ်"

"နွေးနွေးလဲသွားနားတော့လေ"

"ဘယ်ဖြစ်မလဲ"

"ဘာလို့လဲ"

"အပူကြီးတဲ့လူဆိုတာ ချွေးလန့်တတ်တယ်၊ ဒါကြောင့် ကျွန်မ ပရိတ်ရွတ်ပေးနေတာ"

"ပရိတ်ရွတ်တာ"

"အင်းလေ. . ဒီမှာ"

နွေးနွေးက ချထားသောစာအုပ်ကလေးကို ယူပြသည်။

မီးမီးက နွေးနွေးကို ထူးဆန်းသော သတ္တဝါတစ်ကောင်လို ကြည့်နေသည်။ နီကြင်ကြင်ကောက်ကွေးကွေးဆံပင်များ၊ ခြောက်သယောင်းနေသော နဖူးဆံစများ၊ စိုပြေမှုနှင့်ဝေးလံလှသောပါးပြင်များ၊





တောက်ပြောင်မှုကင်းမဲ့သော မျက်လုံးအိမ်များ၊ ချွန်ပြီးချောင်ချနေသည့် မေးရိုး၊ ပြီးတော့အရိုးငေါငေါနှင့်လည်တိုင်။

သည်မျှော်လင့်ချက်ကင်းမဲ့သော မျက်နှာပိုင်ရှင်က၊ ပရိတ်စာအုပ်ကိုကိုင်ထားလေသည်။

"ကိုယ်ဖြင့် တစ်ခါမှ ပရိတ်မရွတ်ဖူးဘူး"

"ဟုတ်တယ် ???"

"အင်း၊ ပရိတ်မရွတ်တတ်ဘူး"

နွေးနွေးကလည်းမီးမီးကို အံ့ဩဖွယ်လူသားတစ်ဦးပမာ ကြည့်၏။

"ဘဝမှာ သိပ်အားငယ်လာရင်၊ ပရိတ်ရွတ်တာအားရှိတယ်"

"ဟုတ်လား"

" ကျွန်မအဘွားက သင်ခဲ့တာ၊ ပရိတ်တွေက တစ်မျိုးစီအားရှိတာပေါ့လေ၊ သူဒါပဲပြောပြီး၊ စာအုပ်ကို ချထားလိုက်သည်။

"ဘဝမှာ သိပ်အားငယ်လာရင်. ."

ဘဝမှာ သိပ်အားငယ်ရတဲ့အချိန်တွေ အများကြီးပါပဲ။

မီးမီးမှာအဘွားမရှိ။ အမေကလည်း ပရိတ်ရွတ်တတ် အောင်သင်မပေးခဲ့။ အားငယ်တိုင်း မီးမီးတွေးသည့် အတွေးတွေသည် မီးမီးဦးနှောက်ကိုခြောက်ချားစေခဲ့၏။ ခုတော့ ဘာမှမတွေးချင်တော့။

"ဘယ်လောက်ဖျားလိုက်သလဲမသိဘူး၊ အားတွေ ကုန်သွားသလိုပဲ"

မီးမီးကစောင်ကိုခွာပစ်ရင်းပြော၏။

"အဲဒါကြောင့် ၃-ရက်နားခိုင်းတာနေမှာ"

"စိတ်ညစ်လိုက်တာ၊ ၃-ရက်နားရင်၊ အိမ်ပြန်ဖို့ ၃-ရက်ဝေးသွားပြီး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သိပ်ပြန်ချင်တာပဲလား"

"ဘယ့်နှယ်ပြောလိုက်ပါလိမ့်၊ ပြန်ချင်တာပေါ့၊ အိမ်မှာ. . ."

ဆက်မပြောချင်တော့။ စကားပြောလျှင် လည်ချောင်းကနာသည်။

"တစ်ခုရှိတယ် မမီး"

"အင်း. ."

"မမီးနားတဲ့ရက်တွေမှာ၊ မမီးဖောက်သည်တွေကို ဘယ်လိုလုပ်ခဲ့မှာလဲ"

နွေးနွေးကို နားမလည်စွာကြည့်လိုက်၏။

ခေါင်းထဲက မူးလာသဖြင့်၊ ပြန်မပြောနိုင်။

ဖောက်သည်တွေ. . . တဲ့။

ဟုတ်တယ်၊ ဖောက်သည်တွေ. .၊

အဲဒီအထဲမှာ ကျိုပိုလဲပါတယ်။ ကျိုပိုလာရင်. . စိတ်ပူတော့မယ်။

အေးလေ၊ ဘာတတ်နိုင်မှာလဲ၊ လောလောဆယ် တတ်နိုင်တာကိုပဲ ကြိုးစားရတော့မည်။ ဒါက. . ဆေးသောက်ဖို့။ ဆေးသောက်ရမယ်၊ အားရှိအောင်စားရမယ်၊ နေပြန်ကောင်းမှ ကျိုပိုနဲ့တွေ့ရမှာ။ အိမ်ပြန်ရမှာ။ အိမ်ပြန်ရင် ကျိုပို့ကို အပါခေါ်သွားရမယ်၊ အမေက လည်းသဘောတူမှာပါ။ အလုပ်ကြိုးစားတဲ့လူဆိုပြီး အစ်မကလည်း သဘောကျမှာပဲ၊ အိမ်ကျရင်ကျိုပိုရယ်၊ သားလေးရယ်၊ ကျိုပို့အတွက် နောက်ထပ်သားလေးတစ်ယောက်တောင် ထပ်မွေးနိုင်သေးတယ်။ တအားပျော်စရာကောင်းမှာ။

မျက်စိထဲက ကန္တာရထဲ၌ မိုးဖွဲလေးများရွာနေလေသည်။



ညသည် ရှည်လျားလွန်း၏။

မိုးပဲမလင်းနိုင်တော့၊

တစ်ညနှင့်တစ်နေ့မှားခဲ့တာလေးနှင့်၊ လူသည်ရှိသမျှ အင်အားကုန်ခမ်းသွားသည်။ ကိုယ်ခံအားတွေ ဒါလောက်ပဲ နည်းနေပြီလား။ အားပြန်မဖြစ်ဘဲသည်မှာပဲ အသက်ဆုံးသွားနိုင်သလား။

အသက်ဆုံးသွား၍တော့မဖြစ်။ အိမ်ပြန်ရဦးမည်။ သားလေးသည်အမေကိုမြင်လျှင်၊ သူ့ခမျာမှတ်မှမှတ်မိပါ့မလား။ နောက်ဆိုသားလေးကို ဘယ်တော့မှ ခွဲမသွားဘူးနော်ဟု ချော့ရဦးမည်။ မျက်စိသူငယ်နှင့်မိခင်ပျောက်ကို ရှာနေမယ့်သားလေးကို မလွှတ်တမ်းဖက်ထားရဦးမည်။ သားရယ်. . အမေဟာ သားနောင်ရေးအတွက် ငွေရှာချင်လို့ ခဏခွဲခဲ့တာပါနော်၊ သားအမေ့ကို စိတ်ကောက်နေပြီလား. .၊ သားအားငယ်နေပြီလား။ ငါ့သားလေး. . အားမငယ်ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း . . . ရှေ့မှာ မော်တော်ဆိုင်ကယ်တစ်စီး။

အလို . . ခင်ခင်ဝင်းလင်မယားပါလား။

လူမောင်က ခါးထောက်လို့၊ ခင်ခင်ဝင်းက မပြုံးမရယ်၊ ခပ်တည်တည်။ လူမောင်ရှေ့တိုးလာသည်။

"လာ . . လာ . . နှင်ဒီအိမ်မှာ ငွေကြေပြီဟုတ်လား၊ နောက်တစ်အိမ်ပို့ပေးမလို့"

"ခွေး . . ခွေး . . နှင်ခွေး၊ ငါ့ကိုမထိနဲ့၊ မရဘူးလူမောင်၊ ငါသေမှ နှင်ငါ့ကိုဆွဲလို့ရမယ်၊ ဒီတစ်ခါ ငါမအေ, တော့ဘူး၊ နှင်တို့ကို ရဲလက်အပ်မယ်၊ နှင်တို့နှစ်ယောက်လုံးကို ထောင်ချပစ်မယ်"

"ဟား . . . ဟား . . . ဟား . . လာလိုက်ခဲ့"

"မလိုက်ဘူး၊ နှင်သေမယ်နော်၊ လွှတ်၊"

"လိုက်ခဲ့၊ လိုက်ခဲ့"

"မလိုက်ဘူး၊ မလိုက်ဘူး"

ပြောရင်းရုန်းရင်းလည်ချောင်းက အသံထွက်မလာ တော့။

လူမောင့် မော်တော်ဆိုင်ကယ်က၊ လူမပါဘဲထွက် သွားသည်။

ခင်ခင်ဝင်းက ခေါင်းပေါ်မှာ ဒေါင်းဒလိပ်ပန်းတွေနဲ့၊ လည်ပင်းမှာတော့ စက္ကူပန်းနီနီတွေကို ပန်းကုံးကုံးပြီးဆွဲလို့။

"ကြောက်တယ်၊ နှင်တို့မလာနဲ့"

"မလာနဲ့၊ မလာနဲ့"

အို . . မောလိုက်တာ။

မျက်လုံးကိုလည်း ဖွင့်၍မရ။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေသည်။

အမေ . . အမေရယ် . . သမီးမောလိုက်တာ။

မျက်လုံးကို အားယူဖွင့်လိုက်၏။ လက်လှမ်းမီသောခုံပေါ်မှ ရေပုလင်းကို ဆွဲယူပြီး နှုတ်ခမ်းမှာတေ့လိုက်သည်။ ရေတစ်ဝက်တစ်ပျက် ဖိတ်ကျကုန်၏။ ကိစ္စမရှိ။ အာခေါင်ခြောက်နေတာ စိုသွားပြီ။

ဘယ်နှနာရီရှိပြီလဲ။

ဩော် . . နံနက် ၃ နာရီတောင် မထိုးသေးပါလား။

မိုးလင်းဖို့အကြာကြီးလိုသေးသည်။

အခန်းထဲမှာ အဖော်ရှိရင်ကောင်းမှာပဲ။ ပထမဆုံးအကြိမ် အဖော်ကို တောင့်တမိ၏။ အဖော်တွေကတော့ ည ၁၂နာရီ အလုပ်သိမ်းပြီးကတည်းက၊ ပင်ပင်ပန်းပန်းနှင့် အိပ်ကုန်ကြရှာပေါ့။

ဘာထလုပ်ရကောင်းမလဲ။

ဘာမှလဲထလုပ်စရာမရှိ။

စာတစ်စောင်ထရေးချင်သော်လည်း၊ လက်ကမမြှောက်ချင်။ မကြာခင်ပြန်လာတော့မည့် အကြောင်းအမေ့ ဆီစာထည့်ပြီးတာ မကြာသေး။ စုထားပြီးငွေတွေလည်း အိမ်ရှင်ကိုပေးလိုက်ပြီ။ အံ့ဩသောမျက်နှာနှင့်အိမ်ရှင် လင်မယားသည်၊ ခေါင်းတညိတ်ညိတ်။

"ငွေကြေရင် . . . ကျွန်မပြန်မှာ"

ဒါပဲပြောလိုက်သည်။

ငွေကြေတော့ . . မည်။ အိမ်ပြန်ရဖို့နီးလာပြီ။

ဘုရားရေ . . ခင်ခင်ဝင်း လင်မယားက ဘာလို့လာခေါ်တာလဲ။

အို . . သူတို့သေပြီပဲ။

မသေသေးဘူးဆိုရင်ကော၊

မသေသေးလျှင်တော့ တွေ့ချင်သေးသည်၊ ပက်ပက်စက်စက် ပြောပစ်ရမည်၊ တရားစွဲတာတွေဘာတွေတော့ မလုပ်ချင်။ ဘာလျော်ကြေးမှလည်းမလိုချင်။ ဘဝတစ်ခုလုံး ဖောက်ထိုးမိုးပျံပြစ်ခဲ့ရသည့်အ



www.burmeseclassic.com

www.burmeseclassic.com



တွက်၊ ကျေနပ်လောက်သောလျှော်ကြေးမရှိ။ စင်ကြယ်အောင် လျှော်ဖွတ်ပေးနိုင်သောဆေးမရှိ။ ဖြစ်နိုင်လျှင် လက်စားချေချင်သည်။ ကိုယ်ခံရသလို သူတို့ကိုခံစားစေချင်သည်။ ခံကြ။ နင်တို့အတုန့်အလှည့်ခံကြ။

သို့သော် နွေးနွေးပြောသည့် သတင်းအရသူတို့နှစ် ယောက်လုံး သေဆုံးခဲ့ပြီးပြီ။ အေးလေ. မတွေ့ရတော့တာပဲကောင်းပါတယ်။ ဒီကိစ္စ ပြည်ဖုံးကားချထားလိုက်၊ ထပ်ဆက်ရမည့်ဇာတ်လမ်းက ကျီပိုရယ် . . သားလေးရယ်။

သူတို့ နှစ်ယောက်တည့်မှတည့်ကြပါ့မလား။

ကျီပိုကသားကို သူ့သားအရင်းလိုချစ်ပါ့မလား။

မသေချာချေ။

ဒါဖြင့် . . ကျီပို့ကို လက်ထပ်လျှင်၊ သားအတွက် အနှောက်အယှက်ဖြစ်မည်လား

ဘာလို့ဖြစ်ရမှာတုန်း။

ကျီပိုဆိုသည်မှာ မီးမီးဘဝတွင် အပေါင်းလက္ခဏာပဲ။ သားအတွက် ဖခင်အစားပြန်ရှာပေးခြင်းဟု ခေါ်နိုင်ရမည်။ ကျီပိုသားကို ချစ်မှာပါ။

အိမ်ပြန်ရောက်လျှင် . . ကျီပိုကို ဘာသာစကားသင်ပေးရဦးမည်။

"ချစ်တယ်"ဆိုသော စကားကိုတော့ သူက ပီပီသသကြီးပြောတတ်၏။ အတော်လည်သောကျီပို။ ဩော် . . ကျီပိုနဲ့ မတွေ့ရတာ ၂- ညရှိပြီ။ သူလာသေးလား။ မတွေ့ရတော့ . စိတ်ပူနေလား။

ကျီပို့မျက်နှာသည် ညှို့မှိုင်းနေ၏။ ဒီညမှာ သူက အဖြူရောင် ဝတ်ရုံလွှာကို သေသေသပ်သပ်ဝတ်လို့။ လက်ထဲမှာ အရောင်လက်နေသော ပန်းကုံးကြီးကိုကိုင်ထားသည်။ မီးမီးကို ပန်းကုံးစွပ်ပေးမလို့ထင်ရဲ့။ မဟုတ်ချေ။ ပန်းကုံးကို သူ့ဘာသာသူ ခေါင်းမှာစွပ်လိုက်သည်။





ပြီးတော့ သူ့ဝတ်ရုံကို အသာမ,ပြီး ငှက်တစ်ကောင်၏ လှုပ်ရှားပုံမျိုးဖြင့် ပျံထွက်သွား သည်။ ပြတင်းပေါက်ခန်းစီးစသည် ဝေ့ဝဲ၍ကျန်ရစ်၏။ ကျီပိုဘယ်သွားတာလဲ၊ မီးမီးကိုမခေါ်ဘူးလား၊ ဒီမှာကျွန်မကို မထားခဲ့ပါနဲ့၊ ကျွန်မလိုက်ပါရစေ၊ ဘယ်လောက်ဝေးဝေး လိုက်ခဲ့တယ်။

ဟိုးကောင်းကင်ပြာပြာထဲမှာ . . ဝတ်ရုံလွှာဖွေးဖွေးလေး။ ကျီပိုသည်မီးမီးကို ထားခဲ့ပြီ။

မျက်လုံးများကို လက်ဖြင့်စမ်းကြည့်၏။

မျက်ရည်စက်ပူပူနွေးနွေးများ။

အို . . အိပ်မက်ပဲဟာ၊ ဘာလို့မျက်ရည်ကျရမှာတုန်း။

နာရီကို လှမ်းကြည့်ရ၏။

၄ နာရီခွဲပြီ။ မနက် ၄ နာရီခွဲပေါ့။ ဒါဆိုရင် မိုးလင်းခါနီးပြီ။ အပြင်မှာသာဆို အာရုဏ်မြင်ရပြီ။ ရွာတွေမှာဆိုလျှင် ဖြင့် . . လင်းကြက်တွေအော်ရောပေါ့။ ဘဘသည် ကြက်ဖ ကြီးတစ်ကောင်မွေးဖူး၏။ အတောင်မွေးရှည်ရှည်၊ လည်ဆံ ပြာပြာနှင့်လှမှလှ။ အမောက်ကြီးက ရဲတွတ်နေသည်။ နားရွက်နားမှာ အဖြူရောင်အရေပြားကြီးတစ်ခု တွဲကျနေတာကလည်း ခန့်ညားလှ၏။ ကြက်ဖကြီးကို "ကံကောင်း"ဟု ဘဘက အမည်ပေးထားသည်။ ကြက်ဖကြီးရောက်လာကတည်းက ငွေစရွှင်သည်ဟု ဘဘက ပြောလေ့ရှိသည်။ သို့သော် ကံကောင်းသည် ကံမကောင်းရှာပါ။ ညဘက် သူခိုးထူသော ကာလတုန်းက၊ ကံကောင်းက သန်းခေါင်ကြက်တွန်လိုက်တော့၊ အိမ်သားတွေနိုးမှာစိုးသဖြင့်၊ သူခိုးသည် ကံကောင်းကို လည်ပင်းညှစ်ပြီးသတ်ထားခဲ့သည်။

ကြက်သေကိုယူမသွား။ အိမ်အောက်က ဒန်အိုးနှင့်ကြေးအိုးများကိုယူသွားခဲ့သည်။ ကံကောင်းသေပြီးကတည်း ကစီးပွားပျက်သွားသည်ဟု ဘဘပြော၏။ ဩော် . . ဘဘ ကောဘဘလည်းသေပြီပဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။

ဘာဘာကိုသတိရတိုင်းမျက်ရည်ကဝိုင်းချင်သည်။

ဘာဘာသာရှိလျှင်၊ မီးမီးဒီဘဝရောက်မှာမဟုတ်။

အိပ်ယာမှထလိုက်သည်။

အခန်းပြတင်းမှာ ကာထားသောလိုက်ကာများကို ဆွဲဖွင့်လိုက်၏။

အပြင်မှာ . . မှောင်မည်းမနေချေ။ ခြံထဲရှိအရာအားလုံးကို မြင်ရလောက်အောင် မီးအုပ်ကလေးများထွန်းညှိထားသဖြင့် ခြံသည် လရောင်ပျပျသာနေသလား ထင်ရသည်။ ခြံစည်းရိုးရှိ ထီးရိုးဝါးရိုးရုံကြီးက လေတိုက်တိုင်းယိမ်းထိုးနေ၏။ ဝါးရုံပင်ထိပ်ဖျားသည် မိုးထိမြင့် တက်လု ခမန်းမြင့်မားလှ၏။ ထိုဝါးရုံ ပင်ကြားတွင်၊ တစ်ခါတရံ ညဥ့်ငှက်များ အော်တတ်သည်။ ယနေ့ညတော့ ညဥ့်ငှက်တို့လည်း အိပ်မောကျနေပြီ ထင့်။

ကောင်းကင်တစ်ဝက်တစ်ပြက်ကိုမြင်ရ၏။ ပြာမှောင်နေသည်။ ကြယ်လေးတစ်ပွင့်တလေကိုသော်မျှမမြင်ရ။ ကြယ်လေးတွေကော အိပ်ပျော်နေကြပြီလား။ ငယ်ငယ်တုန်းက အမေ့အိမ်ရှေ့ ကပြင်လေးမှာ အိပ်ရင်း၊ ကြယ်လေးတွေရေတွက်ခဲ့ဖူးသည်ကို သတိရ၏ ကောင်းကင်က တော့သည် ကောင်းကင်ပါပဲ။ လူကပြောင်းခဲ့ပြီ။

မျက်လုံးတွေဖန်နေ၏၊ ရင်ထဲမှာ မောလာသည်။

အိပ်ယာထဲပြန်လှဲရပြန်သည်။ မောလိုက်တာနော် . . . ။ ဆရာဝန်ကဘာ ဆေးတွေများတိုက်ထားပါလိမ့်။ လျှာတွေလည်းခါးလို့။ နှုတ်ခမ်းတွေလည်းခြောက်လို့၊ မျက်ခွံတွေကလေးနေသည်။ ငါ . . ရောဂါ တစ်ခုခုများရ နေပြီလား . . ။ လွဲပါစေဖယ်ပါစေ . . ရောဂါတော့မရပါစေ နဲ့၊ အိမ်ပြန်ရင်ရောဂါပါမသွားချင်ဘူး . . ။ ဒါကိုကြောက်လွန်းလို့





အကာအကွယ်ပစ္စည်းကို ဂရုစိုက်ခဲ့တာ။ ဒါပေမဲ့ . . အဲဒါကကော စိတ်ချရသတဲ့လား။ ရောဂါရပြီဆိုလျှင် အိမ်ရှင်ကနှင်ထုတ်တော့မည်။ ဒီရောဂါမျိုးက ကုရာနတ္ထိမို့ သေချင်ရာသေတဲ့လား။

ခုချက်ခြင်းပင် ငှက်အသွင်ဖန်ဆင်းပြီး ပျံသန်းသွားချင်ပြီ။

ဟော . . ကျီပိုကြီးကို မြင်လာပြန်ပြီ။

ဩော် . . သူက အနောက်တိုင်းဝတ်စုံနဲ့ပါလား . ။ မျက်နှာကပြုံး လို့၊ ဆံပင်ကလည်း ခါတိုင်းနှယ်ရှိုင်းရှိုင်းမဟုတ်။ ကျကျနနဖြီးသင်ထား သည်။ နှုတ်ခမ်းမွှေးများက ရှည်မနေကြ။ ရိတ်ခါစမို့စိမ်းလဲ့နေသည်။ အနက်ရောင်ကုတ်အကျႌ ဘယ်ဘက်ရင်ဘတ်မှာ နှင်းဆီနီတစ်ပွင့်ကို ထိုးစိုက်ထား၏။ သူက သတို့သားပေါ့။ သူ့ဘယ်လက်ကိုတွဲချိတ်ထားသော ကိုယ်ကကော။ သတိုးသမီးလေးလေ . . . ဝတ်စုံဖြူလွလွနဲ့။ ရုပ်ရှင်ထဲမှာ မြင်ဖူးတာမျိုးပါပဲ။ ကိုယ်ပေါ်မှာဇာဖုံးထားသည့် ဂါဝန်ရှည်ကြီး။ အတွန့် အတွန့်တွေက ခြေဖျားမှာဝဲလို့၊ ခေါင်းပေါ်မှာလည်းဇာပါးပါး၊ လက်ထဲမှာ တော့ ပန်းစည်း တစ်စည်း။ နှင်းဆီနီတွေပါပဲ။ လှလိုက်တဲ့နှင်းဆီတွေ . . . ၊ မွှေးလိုက်တာလဲအလွန်ပါပဲ။ မွှေးလိုက်တဲ့နှင်းဆီနံ့။ သူ့ကိုယ်မှာရော၊ ကိုယ့်ကိုယ်မှာရော နှင်းဆီတွေနဲ့လေ။

လူတွေကလဲ အများကြီးပဲနော်၊ လက်ထပ်ပွဲလာကြတာတဲ့ လား။ များလိုက်တာသည်လူတွေထဲမှာ ဖိုးကျော်ကိုမြင်ရ၏။ ဖိုးကျော်က ဘာလို့ဒီရောက်လာရတာလဲ၊ ငါတို့လက်ထပ်တာကို ကန့်ကွက်မလို့လား။ မဟုတ်ဘူးလေ. သူနဲ့ငါနဲ့က ကွာရှင်းပြီးသား၊ ဒီကိစ္စကျီပိုမသိသေးဘူး။ လိမ်ချင်လို့မဟုတ်ပါဘူး။ ပြောရမှာပျင်းလွန်းလို့ပါ။ ဖိုးကျော်ဆိုတာ ပြီးခဲ့ပြီးသားပဲ။ ငါ့ဘဝမှာဖိုးကျော်မရှိ။ ခု . . . သူက ဘာလာလုပ်ကြတာလဲ။ ဟော . . တိုးလာပြီ။ လူတွေကြားထဲ ကနေတိုးလာပြီ။ တို့အနားရောက် တော့မယ်။ ကျီပို . . ကျွန်မလက်ကို မလွှတ်ပါနဲ့။ ဖိုးကျော်နင်မလာနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



နင်ငါနဲ့ ဘာမှမဆိုင်တော့ဘူး။ သွား. . သွားလေ. . ။

မောလိုက်တာ. . . ။

လက်ထဲမှာလည်း နှင်းဆီပန်းတွေမရှိတော့။

ခေါင်းအုံးအစွန်းမှာ နွေးနွေးဖျန်းထားပေးခဲ့သော ပါစင်ရေမွှေးနံ့က စူးရှစွာမွှေးပျံ့နေလေ၏။

မိုးလင်းစမ်းပါ။

ညကိုကျွန်မကြောက်လာပြီ။

ညဟာ ကျွန်မကို ဘယ်လောက်ခြောက်လှန့်နေဦးမှာလဲ။

အိပ်ယာဘေးမှ ရေပုလင်းကိုယူပြီး ပါးစပ်မှာမော့၍ သောက်လိုက်၏။ ရေကလဲ ခါးလိုက်တာ. . ။ ဘာမှအရသာမရှိ။



"မမိး. . နောက်ထပ် ၃-ရက်နားရဦးမယ်တဲ့"

"ဟင်. . တကယ်လား"

"အင်းလေ. . နို. . . မမိးနေမှမကောင်းသေးတာ"

"ကိုယ်ဘာဖြစ်တာလဲ"

"ဖျားတာပါ။ ဒါပေမဲ့ အဖျားကပြင်းတယ်၊ ကိုယ်ခံအားနည်းနေတာကိုး"

"ကိုယ်ခံအားဟုတ်လား၊ ကိုယ်ခံအားနည်းရောဂါလား"

"မဟုတ်တာ၊ အားနည်းနေတာပြောတာ၊ မမိးဘာဖြစ်နေလဲ"

"မသိဘူး၊ ဘာမှတွေးလို့မရဘူး"

"ဒီမှာနို့နဲ့ကြက်ဥမွှေထားတယ်၊ သောက်လိုက်ဦး"

"ဘယ်သူမွှေတာလဲ"

"နွေးနွေးလုပ်တာပေါ့၊ မမိးနားမှာ နွေးနွေးခဏခဏလာနေ



www.burmeseclassic.com

www.burmeseclassic.com

တယ်လေ၊ မမီး ဘာမှအားမငယ်နဲ့နော်”

အားမငယ်နဲ့နော်ဟု အားပေးသံကြားရမှ၊ ငိုချင်လာသည်။

“အလုပ်ကြိုးစားလုပ်ပါမယ်ဆိုကာမှ၊ အချိန်တွေအလကားဖြစ်ကုန်ပြီ”

“ဖြစ်ချင်တာလဲ မဖြစ်ရပါ၊ မဖြစ်ချင်တာလဲဖြစ်ရမှာ၊ ဥဒ္ဒဘုံဝဋ်အတွင်းရောက်တော့၊ ကရွတ်ကင်းလျှောက်တဲ့ ဘေဘုမှာ. . အဲဒါအဲဒါ အဲဒါ ဘဝသံသရာ”

နွေးနွေးက မပြုံးမရယ်သီချင်းဆိုနေသည်။

နွေးနွေးက အသံကောင်းသားပါလား။ ဒီသီချင်းကို မီးမီးကြားဖူးသည်။ အမေ. . အမေဆိုတာပေါ့။

“နွေးနွေးကလေ. . ဝမ်းနည်းလာရင် သီချင်းကောက်ဆိုလိုက်တာပဲ”

“ကိုယ်ဖြင့်. . သီချင်းတစ်ပုဒ်လေးတောင် အစအဆုံးမရဘူး”

“သီချင်းတွေက အဖော်ဖြစ်တယ် မမီးရဲ့”

“ဟုတ်လား. . ”

“ဟုတ်တယ်လေ၊ ဝမ်းနည်းစေတယ်၊ အားတက်စေတယ်၊ နွေးနွေးကတော့ ဝမ်းနည်းစရာကောင်းတဲ့သီချင်း ဘယ်တော့မှမဆိုဘူး”

“အင်း. . . ဟုတ်တာပေါ့”

“မမီး. . နို့သောက်လိုက်ဦး”

နွေးနွေးက မီးမီးကို ခေါင်းဖက်မှ မ,ထူသည်။ နောက်ကျောကို ခေါင်းအုံးဖြင့်ခုလိုက်ပြီးမှ နို့ခွက်ကို မီးမီးသောက်နိုင်ရန် တိုးပေးသည်။ တစ်ငုံသောက်ကြည့်၏။ ကြက်ဥညီနံ့က စူးရှနေ၏။ မျို၍မရ၊ ပါးစပ်ကို အတင်းစေ့ထားလျက်နှင့် ထွက်ကျလာကြသည်။

“ကြိတ်မှိတ်သောက်လိုက်ပါလား”





“မရဘူး”

မျက်ရည်တွေကျလာသည်။

နွေးနွေးလက်ကိုင်ပဝါလေးဖြင့် သုတ်ပေးရင်း၊ သူပါမျက်ရည်ဝိုင်းနေသည်။

“ပြန်အိပ်မလား”

“မအိပ်ချင်ဘူးကွယ်၊ ညတောင်မရောက်ချင်ဘူး”

“ညကရော အိပ်မပျော်ဘူးလား”

ခေါင်းညိတ်လိုက်၏။

“အိပ်ပျက်တော့စားပျက်တာပေါ့၊ စိတ်ဓါတ်တော့မကျပါနဲ့မမီးရယ်၊ နေကောင်းတော့မှ မမီးလုပ်ချင်တာတွေ လုပ်နိုင်မှာ”

“ဘာမှမလုပ်နိုင်တော့ပါဘူး၊ အဝတ်မလျှော်ရဘူး၊ ငွေမြန်မြန်ကြေဖို့ တခြားဘာလုပ်ရမလဲ။ ”

တံခါးခေါက်သံကြားရသည်။

နွေးနွေးထဖွင့်ပေးလိုက်၏။

“အော်. . လီလီ၊ လာလေ၊ မမီးက အပူကိုမကျသေးတာ”

လီလီလက်ထဲမှာ ခေါက်ဆွဲထုပ်ကလေးကိုင်ထားသည်။ မီးမီးလက်ထဲထည့်သည်။ လီလီ့ကိုမော့ကြည့်လိုက်သော မီးမီးမျက်လုံးတွေစိုစွတ်နေ၏။

“ဒီခေါက်ဆွဲပေးတာ ဘယ်သူလဲသိလား”

လီလီကပြောသည်။ နွေးနွေးနှင့်မီးမီးက နားမလည်ချေ။ လီလီပေးတာ လီလီပေါ့။ လီလီက ကုတင်ခြေရင်းမှာဝင်ထိုင်သည်။ မီးမီးကိုယ်ပေါ်မှာတွန့်လိမ်နေသော စောင်ပိုင်းကို ဖြန့်ပြီးခြုံပေးသည်။ ကျောကုန်းကို လက်ထိပ်လေးများဖြင့်နှိပ်သည်။ လီလီ့လက်ဖျားလေးများတွင်၊ တစ်စုံတစ်ရာဆေးဝါးများပါသလားမသိ။ ရင်ထဲမှာနွေးလာ


www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းရဲ့ဖောက်သည်ကြီးလေ"

"ဘာဖြစ်တယ်"

မီးမီးလန့်ပြီးအော်လိုက်၏။

လီလီကရယ်မောနေသည်။ သေးငယ်၍ရှည်လျားသော သူ့မျက်လုံးလေးများ ပိတ်မတတ်ရယ်လေသည်။ နီကြင်ကြင်ဆံလိပ်များက နဖူးပေါ် ဝဲကျလာကြရင်း၊ သူ့ မျက်လုံးများကို ဖုံးလွှမ်းလိုက်၊ ဖယ်ရှားလိုက်လုပ်နေကြ၏။ စူးရဲသောသူ့ရေမွှေးနံ့က ပိုပြီးလှိုင်လာသည်။

နွေးနွေးက သူ့လက်ချောင်းပိန်ပိန်လှိုလှိုလေးဖြင့်၊ လီလီလက်မောင်းကိုလှမ်းပုတ်လိုက်ပြီး. . .

"ပြောစမ်းပါဦး မမီးဖောက်သည်ဆိုတာ၊ ပိုက်ဆံပေါလားဟင်"

လီလီက ပါးစပ်ကိုမဲ့လိုက်၏။ သွားများပေါ်လာသည်အထိ ရယ်လိုက်ပြန်သည်။ ပြီးတော့မှ ခေါက်ဆွဲထုပ်ကို မေးငေါ့ပြရင်း. .

"ပိုက်ဆံပေါမပေါတော့မသိဘူး၊ ခေါက်ဆွဲတစ်ထုပ်ဖိုး သုံးဘတ်ပေးသွားတယ်"

"နေပါဦး၊ တကယ်လား၊ ကျိုပိုလာတာလား"

မီးမီးက အိပ်ယာမှလူးလဲထသည်။ နွေးနွေးကထူမည်လုပ်ပြီးမှ လက်ရုပ်လိုက်၏။

"မမီးကအားတွေရှိလာပါ့လား၊ ပြောစမ်းပြောစမ်း၊ ကျိုပိုဆိုတာဘယ်သူလဲ၊ ဖောက်သည်ဟုတ်လား၊ လီလီကဘယ်လိုလုပ် သိလာတာလဲ၊"

မီးမီးသည် လီလီ့မျက်နှာကို မျှော်လင့်ချက်ဖြင့် ကြည့်နေ၏။

လီလီက မပြောသေးပဲ၊ ပုခုံးနှစ်ဖက်ကို တွန့်ပြနေလေသည်။

"ပြောစမ်းပါ၊ ကျိုပိုဘယ်ကိုလာတာလဲဟင်၊ အခု. . ဘယ်မှာလဲ၊ အပြင်မှာစောင့်နေလား"



မမောနိုင်မပန်းနိုင်အမေးများကို၊ လီလီကရယ်ပြီးပဲကြည့်နေသည်။ အဖြစ်သည်းလွန်းတယ်ဟု သူထင်ပုံရ၏။ ယောကျ်ားတစ်ယောက်အတွက်၊ ဤသို့ အိန္ဒြေမရဖြစ်မှုသည် အပေါစားနိုင်သည်ဟု ယူဆနေသလား၊ ပုံပြင်ဆန်သည်ဟုယူဆနေသလား။ သူ့အလေးအနက်မထားသည်ကတော့အမှန်။

"ကဲ မပြောလဲနေ၊ အလကားသူနောက်နေတာ"

နွေးနွေးကပြောသည်။

မီးမီး မျက်ရည်ဝဲကျလာ၏။ ကျိုပို့ကို တွေ့ချင်လိုက်တာ။

လီလီက မျက်နှာပိုးသတ်သည်။ မီးမီးလက်ကို သူ့လက်ပိန်ပိန်လေးနှင့်လှမ်းဆုပ်သည်။

"မငိုပါနဲ့၊ ပြောမှာပေါ့"

"ပြောလေ"

"ညကလာတာ"

"ဘာရယ်. . ညက. . ဟုတ်လား"

လီလီခေါင်းညိတ်၏။

ညကအိပ်မက်ထဲမှာ၊ ကျိုပို့ကို နှစ်ခါတောင်တွေ့ရသည်။ သူက. . ဒီလိုညကရောက်နေတယ်၊ ဘယ်လိုရောက်နေတာပါလိမ့်။

"ညကဘယ်ကိုလာတာလဲ၊ အိမ်ရှင်ဆီမှာ မီးကိုလာမေးတာလား. . "

လီလီ နှုတ်ခမ်းကို မဲ့လိုက်ပြန်သည်။

"ကျွန်မအခန်းကိုလာတာပေါ့"

"ဟင်. . မင်းအခန်းကို ၊ မင်းဆီကို၊ ဟုတ်လား"

မီးမီး ရင်ထဲပူလောင်သွားသည်။

ကျိုပိုသည် မီးမီးနေမကောင်းဖြစ်နေသည်ကို မစောင့်နိုင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လီလီအခန်းကို သွားတာတဲ့လား။ မဟုတ်နိုင်။ ကျိုပို မီးမီးကိုချစ်တာ မီးမီး ယုံသည်။ ဒီဂေဟာမှာ သူမီးမီးဆီပဲလာတာ။ လီလီ့ဆီ သွားတယ်ဆို တာမဖြစ်နိုင်ပါ။

"ဒီဂေဟာမှာ ကျွန်မနေလာတာ ကြာပြီပဲ၊ သူနဲ့ဆုံးဖူးတာပေါ့"

"အရင်ကလား"

"အင်း"

"ဖောက်သည်လား"

"မဟုတ်ပါဘူး၊ တစ်ခါတစ်ရံပါ။ သူကလာခဲ့ပါတယ်"

"အခု . . ပြန်လာတာပေါ့"

လီလီရယ်ပြန်သည်။ ဟက်ဟက်ပက်ပက်။

"တကယ် တကယ်၊ ဒီလူကြီးကို မမီးဘာလုပ်ထားလဲဟင်၊ သူလာတာက လီလီနဲ့ပျော်ပါးဖို့မဟုတ်ဘူး၊ လက်ဖျားနဲ့တောင်တို့မသွား ဘူး"

"တကယ်"

"တကယ်ပေါ့၊ ကျွန်မဖြင့် အံ့ဩလိုက်တာ၊ ဝင်လာကတည်းက၊ မမီး အကြောင်းမေးတော့တာပဲ"

"ကိုယ့်အကြောင်းမေးတာ"

"မမီးဘာဖြစ်နေလဲတဲ့၊ အလုပ်နားနေတယ်လို့ စုံစမ်းရေးက ပြောလို့တဲ့၊ ၃-ရက်ရှိပြီ သူလာတာတဲ့၊ အခုစိတ်ပူလွန်းလို့ အကြံရပြီး လီလီဆီဝင်တာတဲ့၊ သူပဲတိုကင်ဖိုး အဆုံးခံတယ်လို့"

လီလီ ရယ်နေပြန်သည်။ မီးမီးက မရယ်နိုင်။

"ဘာပြောသေးလဲဟင်"

"၁၅မိနစ်လုံးလုံးပါပဲ၊ မမီးကိုသူစိတ်ပူတယ်၊ တွေ့ချင်တယ်၊ မမီးအားငယ်နေမှာပဲတဲ့၊ နေမကောင်းတာရော ရိုးရိုးပဲလားတဲ့၊ "



"ရိုးရိုးပဲလား"

"ဟိုဒင်းလေ . . ရောဂါရသွားတာလား သိချင်တာနေမှာပေါ့"

"သူ . . စိုးရိမ်နေရှာတာ"

"အမလေး . . မေးလိုက်တာစုံနေတာပဲ၊ ဆရာဝန်ရောလာ သလားတဲ့၊ ဘာဆေးတွေတိုက်သလဲတဲ့၊ အစားရောကျွေးလားတဲ့၊ တစ်ခုခု ကျွေးတယ်ဆိုရင် ခေါက်ဆွဲတစ်ထုပ် ဝယ်ပေးလိုက်ပါတဲ့၊ အဲဒီမှာ . . ၃-ဘတ်ပေးခဲ့လို့"

"ခေါက်ဆွဲတစ်ထုပ်ပဲပေးရလား၊ ဟောလစ်တို့ဘာတို့"

နွေးနွေးကဝင်ပြောတော့၊ လီလီကမဲ့ရွဲ့ပြန်သည်။

"လူလည်ကြီးဟဲ့၊ ဟောလစ်တို့ဘာတို့ဆိုရင် ဘတ်အစိပ် သုံးဆယ်ပေးရမယ် ဟုတ်လား၊ ခေါက်ဆွဲဆိုတော့ ၃-ဘတ်နဲ့ပြီးရော၊ အဲဒါ . . ငါ့ကို မယုံတာလေ . . ၊ သူက သတင်းပို့တာ၊ တကယ့် လူလည် ကြီး"

နွေးနွေးပါရယ်နေသည်။

မီးမီးက ဝမ်းသာရမည့်အစား၊ ဝမ်းနည်းနေသည်။

ဩော် . . သူလာသွားရှာတယ်နော်၊ ငါနဲ့တွေ့ခွင့်မရသွားရှာ ဘူး။ သူငါ့ကို ချစ်ရှာပါသည်။ ကျိုပိုရယ် . . . ။

"နေပါဦး . . အဲဒီဖောက်သည်က မမီးကိုမတွေ့ရရင် မနေနိုင် ဘူးဆိုတော့၊ မမီးမှာအဆောင်ကောင်းရှိရမယ်၊ ကျွန်မကိုလဲ မျှစမ်းပါဦး။"

နွေးနွေးက အတည်ပြောနေသည်။

လီလီကတော့ သူတို့ပြောတာတွေကိုနားလည်ပုံမရ

"ပြောစမ်းပါမမီးရဲ့၊ ယောကျ်ားတွေစွဲအောင် လုပ်တဲ့အဆောင်"

မီးမီးပြုံးလိုက်သည်။ အသက်ကို ဝဝရှူသည်။ စကားပြောဖို့ အားယူနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဆောင် မရှိပါဘူး နွေးရယ်"

"ဒါဖြင့်၊ နည်းလမ်းလေးဘာလေး"

"ကိုယ်ယုံကြည်တာက၊ မေတ္တာတရားပါ"

လီလီက ခေါင်းခါသည်။

"ဒီလူတွေက. . မေတ္တာနဲ့ထိုက်တန်လို့လား၊ အလကား တဏှာရူးတွေ"

လီလီမဲ့ကာရွဲ့ကာပြောတော့၊ နွေးနွေးကခေါင်းညိတ် ထောက်ခံသည်၊ မီးမီးက ငြိမ်နေလိုက်၏။ ဒီလောကမှာ မေတ္တာတရားဆိုတာ နားမလည်ကြတော့တာ အဆန်းမဟုတ်ပါ။ ကျိုပို့နှင့်မီးမီးတို့၏ မေတ္တာအပြန်အလှန်ကို၊ သူတို့နားလည်အောင် မီးမီးရှင်းမပြတတ်ချေ။

"သူတို့က ဒီဂေဟာမှာ မေတ္တာတရားကို လာရှာတာမဟုတ်ဘူး။ လာပေးတာလဲမဟုတ်ဘူး၊ သူတို့လိုချင်တာက သူတို့ကိစ္စအတွက်၊ တို့ကငွေလိုချင်တယ်၊ ငွေနဲ့သူတို့ကိစ္စကို လဲတယ်။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အတွင်း၊ အလဲအလှယ်ကိစ္စပြီးသွားတာပဲ၊ အခု. . . မမီးကိုစွဲတယ်ဆိုတာ. . မမီးမှာ တစ်ခုခုရှိကိုရှိရမယ်"

လီလီက သူ့အယူအဆကို ပြောနေ၏။

မီးမီးဘာမှမငြင်းချင်တော့ပေ။

"ဒါနဲ့. . နေပါဦး၊ ဒီညလာဦးမယ်တဲ့လား"

မီးမီး စိတ်တဝင်တစားမေးရ၏။ ဒီညလည်း မီးမီးက နားရက်ဖြစ်နေ၍ သူ လီလို့ဆီလာကောင်းလာလိမ့်မည်ထင်သည်။ လီလီက သေးငယ်သော မျက်လုံးလေးကို မှေးစင်းလိုက်ပြီးမှ

"အေးနော်၊ မီးမီးအလုပ်မဝင်သေးဘူးဆိုတာသိရင်၊ ငါ့ဆီလာဦးမယ်ထင်တယ်၊ ဟုတ်တာပေါ့။ သူ့ခေါက်ဆွဲထုပ် ရောက်မရောက်စစ်ဆေးချင်ဦးမှာ "





"နွေးနွေး ဆီလာရင်ကောင်းမှာ"

"အမယ်. . နင်က. . "

သုံးယောက်သားရယ်လိုက်ကြသည်။

"ပိုက်ဆံရပြီး သက်သာလို့လေ. . "

အတောမသတ်ရယ်ကြပြန်သည်။ မီးမီးက အပြင်မှာ ရယ်နေရသော်လည်း နှလုံးသားတစ်နေရာမှာတော့ နာကျင်သွားသည်။ မပျော်ချေ။

www.burmeseclassic.com

ညနေသည် ကုန်ခဲ့လေ၏။

အခန်းထဲအောင်းနေရသည်ကို၊ စိတ်မရှည်စွာရင်ဆိုင်နေရသည်။ ခါတိုင်းဆိုလျှင်တော့ သည်အချိန်ဆို ရေမိုးချိုးပြီးပြီ။ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ မိတ်ကပ်လိမ်းနေပြီ။ အမွှေးနံ့သာရည်များလိမ်းကျံနေပြီ။ မှန်ခန်းကလေ့ခါးထစ်များမှာ ကိုယ်ဟန်ပြဖို့ ပြင်ဆင်နေကြရပြီ။

ခုတော့. . . ခေါင်းစုတ်ဖွားကိုမဖြီးချင်။ ဆံပင်တွေကိုဖြတ်ပစ်ချင်နေသည်။ တစ်ခေါင်းလုံးလေးလံနေသည်။ ဇက်ကြောတွေတင်းပြီး၊ ခြေလက်တွေကို မသယ်ချင်။
အိပ်ယာပေါ်မှာလည်းလှဲမနေချင်။ နေမထိထိုင်မသာဆိုတာ၊ ဒါမျိုးကိုပြောခြင်းဖြစ်ပေလိမ့်မည်။

အလုပ်ချိန်ရောက်လျှင် စည်းကမ်းအရတစ်ခန်းနှင့် တစ်ခန်းကူး



၍မရတော့။ ခုအလုပ်ချိန်မတိုင်ခင်လေးမှာ၊ လီလီ့အခန်းသွားချင်နေမိ၏။ လီလီကိုမှာစရာတွေ ရင်နှင့်အပြည့်။ ကျိုပို့ကိုပြောပြပါ။ မီးမီးဘယ်လိုမှ ထွက်မရလို့ပါ. . ။ ဖြစ်များဖြစ်နိုင်ရင် လီလီ့အခန်းထဲမှာ ပုန်းပြီးစောင့်နေချင်၏။ ကျိုပို့အလှည့်ကျ၍ ဝင်လာတော့လီလီ့ ကိုယ်စားပေါ့. . ။

မဖြစ်နိုင်တာတွေ တွေးရတာမောတာပဲ အဖတ်တင်သည်။ ခုမှတော့ အပြင်ထွက်၍လည်းမကောင်းတော့။ သူများအခန်းသွားလျှင် အနှောက်အယှက်ဖြစ်ရုံပဲရှိမည်။ အခန်းစောင့်မြင်သွားလျှင် အပြစ်တင်ခံရဦးမည်။ နေမကောင်း၍နားရက်ပေးထားသည်ကို စည်းကမ်းဖောက်သည်ဟု အမှတ်လျော့ခံရဦးမည်။ လွတ်ရက်နှင့်ဝေးလိမ့်မည်။

ညသောက်ရမည့်ဆေးများကို၊ ယူပြီးသောက်လိုက်၏။ အိပ်ဆေးပါသဖြင့် စောစောအိပ်ပျော်သွားရန်ဖြစ်သည်။ သည်ည ကောင်းကောင်းအိပ်ပျော်မှဖြစ်မည်။ အိပ်မပျော်ဘဲ စိတ်ဆင်းရဲနေရသည့်ဒဏ်ကိုမခံနိုင်တော့ပေ။

မျက်ခွံ့တွေလေးလာ၏။

အတွေးတွေကလည်း ဝေဝါးလာသည်။

ဘာမျှရေရေရာရာ တွေး၍မရ။

မျက်စိကို မှိတ်ထားလိုက်သည်။

မျက်စိထဲမှာ စက်ဝိုင်းတွေအရစ်လိုက်၊ အကွင်းလိုက်။ ဟိုမှသည်မှဝေ့ဝဲနေကြသည်။ ရှေ့မှပြေး၊ နောက်ကလိုက်၊ ဝေးသွားလိုက်၊ နီးလာလိုက် ဟိုးဝေးဝေးမှာ. . ။ တောင်ကုန်းလေးတစ်ခု၊ မြူတွေဆိုင်းလို့၊ သစ်ပင်မြင့်မြင့်တွေ တန်းနေသောလမ်းကလေး။ ရေခဲပွင့်တွေဖွေးကာန် ကျလာကြသည်။ ရေခဲပွင့်တွေ. . လေကလည်း ခပ်ရမ်းရမ်းတိုက်လာသည်။ ရေခဲပွင့်တွေက စွေစောင်းစောင်းဝေ့ဝဲနေကြသည်။ အဆုပ်လိုက်၊ အပွင့်လိုက်ကျနေသော နှင်းပွင့်များ။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးကို ဖြန့်ပြီးခံလိုက်၏။

နှင်းဖတ်တွေက အေးစက်နေသည်။ အရည်တော့ပျော်မကျချေ။ ဝါဂွမ်းမှုန်လေးများကို ကိုင်ရသလို ပေါ့ပါးခြောက်သွေ့လှ၏။ လက်ထဲမှာနှင်းပွင့်တွေ တစ်ဆုပ်ကြီးရတော့၊ လေထဲသို့အားရပါးရ လွှဲပြီးလွှင့်ပစ်လိုက်သည်။

လူသည် အရှိန်နှင့်ယိုင်ကာ၊ နှင်းတောထဲလဲကျလေ၏။ တစ်ကိုယ်လုံးနှင်းပွင့်တွေထဲနစ်သွားသည်။ ပြန်ထရန်ကြိုးစား၏။ ပိုပြီးကျွံ၍သွားသည်။ ပုခုံးထိနှင်းပွင့်တွေဖုံးနေလေသည်။ လက်နှစ်ဖက်ကို အပေါ်မြှောက်ပြီး အားယူလိုက်သောအခါ၊ နှင်းဖတ်လိုပင် ဖြူဖွေးနေသော လက်တစ်ဖက်ရောက်လာသည်။ လက်ချင်းချိတ်မိလုလုတွင်. . သူ့ထံမှ အသံတစ်ခုကြားရ၏။

"ဟုတ်ပြီ။ ထ. . ထ. . "

ကျီပို့အသံ။ အင်အားတွေထပ်ရောက်လာ၏။ သူ့လက်ကိုမြဲမြဲဆုပ်ပြီး သောအခါ၊ လူသည်လေထဲသို့ မြှောက်ပါသွားလေသည်။ ပြီးတော့နှစ်ယောက်သားနှင်းတောမှာ ပြေးကြသည်။ လက်ချင်းတွဲပြီးရေခဲလျှောစီးသလိုစီးရင်း၊ ဘယ်လိုပျော်နေမှန်းမသိ။ သူ့မျက်နှာကို မကြည့်ဘဲ. . ကျီပို. . ကျီပို. . ဟု တိုးတိုးလေးခေါ်နေမိသည်။ သူ့ထံမှ အသက်ရှူသံပြင်းပြင်းကို ကြားနေရ၏။ လေတိုးသံကလဲ တရှဲရှဲမြည်နေသည်။ ရေခဲငှက်ကလေးများလန့်ဖျန့်ပြီး ထပျံသံကိုပင် တစ်ခါတစ်ခါကြားရသေးသည်။

ရေခဲတောင်သည် ဘယ်နေရာ၌ ဆုံးမည်မသိ။ တပြင်လုံးတစ်ခွင်လုံးဖြူဖွေးအေးချမ်းကာ၊ လူသူကင်းရှင်းသော ကမ္ဘာကြီးပေါ်တွင်၊ မီးမီးနှင့်ကျီပိုနှစ်ယောက်ထဲမှ နှစ်ယောက်ထဲရယ်။

ဟို မနီးမဝေးမှာ ကျောက်တုံးတွေပါလား။

ကျောက်တုံးတွေနားရောက်တော့ နှင်းပွင့်တွေမရှိကြတော့။



လေကငြိမ်နေသည်။ မြေပြင်သည် ကျောက်စရစ်ခဲများဖြင့်ပြီး၏။ ကြမ်းရှသဖြင့် ခြေဖဝါးတွေစုတ်ပြတ်ကုန်သည်။ ကျောက်စရစ်ကုန်းမြေမှာ ဆူးတောင်တွေနှင့် ရှားစောင်းလက်ပတ်ပင်များပေါက်နေကြသည်။ သည်အပင်တွေကြား မှာမှကန္တာရနှင်းဆီပင် အချို့ကိုမြင်ရ၏။ အရိုးနွဲ့နွဲ့၊ အရွက်ကချောချော၊ ပင်စည်မှာ ဆူးတွေနှင့်၊ သည်အပင်များမှာမှ . . ရှားရှားပါးပါးနှင်းဆီတစ်ပွင့်။ ပန်းခရမ်းရောင်။ ငုံဖူးပွင့်အာစ။

ကျီပို. . ကျီပို. .

မီးမီးက ပြေးရတာမောသဖြင့်၊ နားချင်သည်။

သူက မရပ်မနားပြေးနေဆဲ။

ကန္တာရလေပူပူက တစ်ရှိန်ထိုးတိုက်လာသည်။ လေထဲမှာ သဲမှုန်တွေပါလာ၏။ မျက်လုံးကိုဖွင့်၍မရ။ မျက်လုံးထဲသဲဝင်မှာ ကြောက်နေသည်။ ခြေဖဝါးတွေလည်း ကျိန်းလှပြီ။ ခြေမမှာပွဲပြီး သွေးစို့နေပြီ။ ခြေသလုံးကြွက်သား တွေက မလှုပ်ချင်တော့ချေ။

ပြေး. . ပြေး. . မီးမီးပြေး. ။

ကျီပို့အသံ။ ဘာ့ကြောင့်ပြေးရတာလဲ။ ဘာကိုကြောက်နေရတာလဲ။ မောလိုက်တာ။ နားစမ်းပါရစေ။ ကျီပိုရယ်. . ၊ ကျီပို့လက်မောင်းပေါ်မှာ ခဏလေးဖြစ်ဖြစ်၊ မှေးစက်ချင်လိုက်တာ။

ခုချိန်မှာ. . မီးမီးဘာကိုမှ မမက်မော။ ဘာကိုမှ မတမ်းတ။ နားချင်တယ်။ ချစ်သူလက်ရုံးမှာ ခဏလောက် ပုန်းပါရစေ. . ။

www.burmeseclassic.com

www.burmeseclassic.com

တံခါးခေါက်သံ တဒုံးဒုံးမည်နေ၏။

မျက်လုံးတွေဖွင့်မရသေး။

ရင်ထဲမှာလည်း တုန်နေသည်။

ဟုတ်တာပေါ့၊ ညက ညစာမှ မစားခဲ့ပဲကိုး။

တလှပ်လှပ်တုန်နေသောရင်ကို ၊ လက်ဖဝါးလေးဖြင့် ဖိရင်း၊ အိပ်ယာမှထရ၏ သည်လောက်အလောတကြီး တံခါးခေါက်နေတာ လီလီဖြစ်ရမည်။ ညက သူ့ဆီကိုပို့လာသည့်အကြောင်းပြောချင်၍ ဖြစ်နိုင်သည်။ ကုတင်ပေါ်မှ အသာလျှောဆင်းကာ၊ တံခါးဝသို့ ဖြည်းဖြည်းလျှောက်ရ၏။ ကျိုပို့အကြောင်းသိရတော့မည်ဟူသော ဇောကရှေ့ဆောင်နေသဖြင့်၊ နေ့နေခြင်းကို ကိုယ့်ဘာသာအားမရ။

တံခါးကိုဖွင့်လိုက်သောအခါ၊ အခန်းစောင့်မိန်းမကိုတွေ့ရ၏။ ဘာအကြောင်းများပါလိမ့်။ နံနက်စောစောစီးစီး။



"နေကောင်းပြီလား"

သူကမေးသည်။ ခေါင်းညိတ်၍ဖြေလိုက်၏။

"အိမ်ရှင်က ခေါ်ခိုင်းလို့"

"ဟင်. . "

အာမေဋိတ်သည် ထိတ်လန့်ခြင်းနှင့်အတူ နှုတ်ခမ်းမှ ခုန်ထွက်သွားသည်။ အိမ်ရှင်ခေါ်လို့. . ဟုတ်လား။ ဘုရား. . ဘုရား. . ဘာပြစ်ချက်တွေရှိနေပြန်ပြီလဲ။ နေမကောင်းတာကို အပြစ်ဖွဲ့မည်လား။

သိပ်ကြာကြာစဉ်းစားချိန်မရချေ။

အခန်းစောင့်မိန်းမက စောင့်ခေါ်နေသည်။ မဖြီးမသင်ဘဲ သည်အတိုင်းပင်လိုက်ခဲ့ဟု ဆိုသည်။ ဘာမျှဆင်ခြေမပေးတော့ဘဲ။ အခန်းကို အပြင်မှသော့ခတ်နိုင်ရန် သော့တန်ကိုသာ ဝင်ယူလိုက်ရလေသည်။

အပေါ်ထပ်တွင် တိတ်ဆိတ်လျက်ရှိ၏။

နံနက်ခင်းလေပြေသည် ခပ်နွေးနွေးရှိနေသည်။

အပေါ်ထပ်ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်သောအခါ၊ မမြင်ဖူးသော ဧည့်သည်နှစ်ယောက်သုံးယောက်ကိုတွေ့ရသည်။ အိမ်ရှင်လင်မယားနှစ်ဦးလုံးက ဧည့်ခံလျက်ရှိနေပုံရလေသည်။ မီးမီးဝင်လာသည်ကို မြင်တော့၊ အိမ်ရှင်မိန်းမက ပြုံးပြုံးပြီးထိုင်ဖို့ အရိပ်ပြသည်။ အသာဝင်ထိုင်ရင်း အရိပ်အကဲ ခတ်ရ၏။ အိမ်ရှင်မိန်းမကပင် ပြောစရာစကားကို စပြောသည်။ အခန်းစောင့်မိန်းမက ဘာသာပြန်သည်။

"မီးမီးကို ဒီနေ့ပဲပြန်လွှတ်မယ်. . "

"ရှင်. . . "

"ဟုတ်တယ်။ မင်းငွေကျေဖို့ နည်းနည်းလိုသေးပေမဲ့၊ မင်းအလုပ်ကြိုးစားတယ်။ အဝတ်လျှော်ပြီး ငွေစုတယ်၊ စည်းကမ်းလိုက်နာ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အချိန်အနည်းဆုံးမှာ ပိုက်ဆံအများဆုံးရှာပေးခဲ့တယ်။ ဒါအတွက် မင်းကိုလျှော့ရက်ပေးတယ်။ ဒီနေ့ ချက်ချင်းလွှတ်ရတာကတော့၊ ဒီက မိတ်ဆွေတွေက မဲဆောက်သွားကြမှာမို့၊ မဲဆောက်ရောက်ရင် မင်းပြန် တတ်ရောပေါ့"

ကြားနေရသောစကားများကို မယုံတစ်ဝက်နှင့် နားထောင်နေရသည်။ ဧည့်သည် ၃ယောက်မှာ နှစ်ယောက်က အမျိုးသမီးတစ်ယောက်က အမျိုးသားဖြစ်၏။ ကုန်သည်များဟုဆိုသည်။ ကိုယ့်ဘာသာစကားလည်းပြောနိုင်သည်ဟုဆိုသည်။

"တကယ်ပြောနေတာလားဟင်၊ ကျွန်မအိပ်မက်မက်နေတာလား"

အိမ်ရှင်အမျိုးသမီးက ငြိမ်းချမ်းစွာပြုံးသည်။ အပြုံးရိပ်သည် နူးညံ့၏။ ဧည့်သည်ထဲမှ အမျိုးသမီးတစ်ယောက်က စကားစပြောသည်။

"ယုံပါ။ ကျွန်မတို့က ဒီကနဲ့ဆွေမျိုးတော်တယ်။ ခရီး သွားမလို့လာနုတ်ဆက်ရင်း စကားစပ်မိတာ။ ဘာမှမဖြစ်စေ ရဘူး။ ကျွန်မတို့က ရတနာပဲလုပ်တော့။ ရတနာကုန်သည် ဆိုတာ ကုသိုလ်လုပ်ရတယ်၊ ကူညီရတယ်၊ ဒါမှလာဘ် ကောင်းဝင်တာ။ ယုံတယ်နော်. ."

တကယ်တော့ မီးမီးမယုံချေ။

သို့သော်. . လောလောဆယ် သည်ခြံကြီးထဲက လွတ်မည်ဆိုသော အခွင့်အရေးကို၊ လက်လွှတ်ခံ၍မဖြစ်။ အပြင်ရောက်တော့ ကြည့်ပြီးခရီးနှင့်ရုံပေါ့။ သည်ထက်ဆိုးသော တစ်နေရာသို့ လက်ပြောင်းတာဆိုရင်တော့၊ လမ်းမှာအသေခံတိုက်ရုံပဲ။ တကယ်တော့ မီးမီးမှာ ဆုံးဖြတ်ပိုင်ခွင့် လည်းမရှိပါ။ အိမ်ရှင်၏ အစီအစဉ်အတိုင်းသာ လိုက်နာရမည်ဖြစ်သည်။

"ကဲ၊ သွား၊ မိနစ် ၂၀အချိန်ရမယ်၊ ပစ္စည်းသိမ်းချေတော့"





အခန်းစောင့်မိန်းမက တစ်ပါတည်း စောင့်ခေါ်လေသည်။ လူသည်ယောင်နနဖြစ်ရတော့၏။ ဘယ်သူ့မှလည်း နှုတ်မဆက်ဖြစ်ချေ။ မိနစ် ၂၀ ဆိုသောအချိန်သည် ဘာမျှမကြာချေ။ ကိုယ့်ပစ္စည်းလေးတွေလိုက်ကောက်ရင်းနှင့်ပင်၊ အချိန်က စေ့သွားသည်။

ဂေဟာ၏ဆင်ဝင်တွင် ကားရှည်ကြီးကစောင့်နေ၏။

အိမ်ရှင်အမျိုးသမီးနှင့်အမျိုးသားက ဧည့်သည်များကို နှုတ်ဆက်နေသည်။ မီးမီးသည် ကျောပိုးအိတ်နှင့်ကြွပ်ကြွပ်အိတ်ကိုချပြီး အိမ်ရှင်များကိုနှုတ်ဆက်ရ၏။ စကားများများ ပြော၍မထွက်ပေ။

ကားနောက်ခန်း၌ဝင်ထိုင်မိသည်နှင့်၊ ကားတံခါးပိတ်သွားပြီး ဘီးစလှိမ့်သည်။ ခြံဝင်းတံခါးကို လွန်သည်နှင့်မီးမီး လက်အုပ်ချီလိုက်သည်။

"တောင်းပန်ပါတယ်။ ခဏပါ၊ ခဏလေးပါ"

ကားအရှိန်လျှော့လိုက်၏။

ဧည်သည့်အမျိုးသမီးကပြုံးပြီးမေးသည်။

"ညီမ. . ဘာလုပ်ချင်လို့လဲ"

"ကျွန်မလေ. . ကျွန်မ . . ဟိုဘက်ခြံကို ခဏဝင်ပါရစေ၊ ကျွန်မရဲ့ဧည်သည့် အဲ ဖောက်သည်. . ဟင့်အင်း. . . အဲ့သလို မဟုတ်ဘူး၊ ချစ်သူ။ ဟုတ်တယ်၊ ကျွန်မရဲ့ ချစ်သူရှိတယ်။ သူနဲ့ခဏတွေ့ချင်တယ်"

ခရီးဆက်၍ထွက်ရေးမထွက်ရေးကို၊ ကျီပိုပဲဆုံးဖြတ်ပါစေ။ ကျီပိုကို မပြောဘဲနှင့်တော့ ဘယ်မှသွား၍မဖြစ်။ ကျီပို့ဘယ်လောက်များဝမ်းသာလိုက်မလဲ။ မီးလွတ်ပြီကျီပိုရဲ့။ ချစ်သူ့ရင်ခွင်ထဲပြေးဝင်လိုက်မည်လေ။

"ရပါတယ်။ ဝင်ပါ၊ လူတစ်ယောက်ထပ်ခေါ်လဲရသားပဲ၊ နေရာကျယ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ညှော်သည်အမျိုးသားကပြောသည်။ သူတို့ဘာသာ စကားဖြင့် ပြောခြင်းဖြစ်သော်လည်း၊ မီးမီးသဘောပေါက်သည်။ ကျိုပိုပါ လိုက်မည်ဆိုလျှင် ဘာပြောစရာလိုတော့မည်နည်း။ ဩော်. . ကံကောင်းချင်တော့ ပျားရည်ဆမ်းခရီးပင်ဖြစ်လေဦးတော့မည်။

ဟိုဘက်ခြံက အစောင့်မရှိချေ။ ခြံတံခါးကိုစေ့ရုံစေ့ထား၏။ အထဲမှာ ပရိဘောဂလုပ်လက်စများ၊ စုပုံထားသော ဟောခန်းကြီးကို မြင်ရသည်။ အလုပ်ခွင်ဝင်နေသူတော့ တစ်ယောက်မျှမရှိသေး။ စောသေး၍ဖြစ်မည်။ ကျိုပို. . ကျိုပိုကိုရှာ၏။ မမြင်ရ၊ ကျိုပို့နာမည်ကို စာရွက်လေးပေါ်မှာရေးပြီး ပေးထားတာရှိသဖြင့်၊ ထိုစာရွက်ပိုင်းလေးကိုပြပြီး မေးရန် လူရှာရသည်။ ခဏကြာမှ . . အိမ်ထဲမှ အဖိုးကြီး တစ်ဦးထွက်လာသည်။ စာရွက်ကိုပြလိုက်၏။ အဖိုးကြီးကခေါင်း ရမ်းပြီးမှ. . ဖြေသည်။

"မရှိဘူး"

"ဟင်. . ဘာလို့မရှိတာလဲ၊ မလာသေးတာလား"

"သူ့အမေဆုံးတယ်၊ မနေ့နေ့လယ်ကပဲ ရွာပြန်သွားတယ်"

ပြီးပြီ။

ဘာမျှဆက်မေး၍မရတော့။

ဘယ်ကိုမှလည်း မလိုက်တတ်တော့ပေ။

"ဘာလုပ်ချင်သလဲ"

ညှော်သည်အမျိုးသမီးက မေးသည်။

"ရှင်သိပ်ပြန်ချင်နေတယ်ဆိုလို့ ကျွန်မတို့လဲလမ်းကြုံ လို့ခေါ်တာနော်၊ နေခဲ့ချင်ရင်လဲနေလို့ရပါတယ်။ ဂေဟာကို ပြန်သွားစရာမလိုပါဘူး"

မီးမီးဘာမှစဉ်းစား၍မရ။

ကြိုပြီးတွေးတောထားသမျှ ဘယ်ရောက်ကုန်ပြီမသိ။

စိတ်ကူးထဲမှာက မီးမီးလွတ်သည့်ရက်ကို ကြိုတင် သိနေမည်။ ချစ်သူကိုပြောပြထားမည်။ ခြံဝမှာကြိုနေမည်။ သည့်ထက်ဘာမှ မတွေးထား။ ချစ်သူ့လက်ကို ဆွဲကိုင်အား ပြုပြီး သူခေါ်ရာလိုက်မည်။ ပြီးတော့မှ ချစ်သူနှင့်အတူ အိမ်ပြန်ဖို့. . . ။

"ဘယ်လိုလဲ၊ ဒီမှာနေခဲ့ချင်လား"

ကားက ထွက်ချင်နေပြီနှင့်တူသည်။

အို. . မနေခဲ့ပါဘူး. . ဒီဘက်ခြံသူမရှိဘဲဘယ် နေလို့ဖြစ်ပါ့မလဲ။ သူ့ရွာကို လိုက်ဖို့ဆိုတာ ဘာမှမရေရာ။ လောလောဆယ်တော့ ကိုယ့်မြေကိုယ့်အိမ်ကိုပဲ ပြန်ရတာက အရေးအကြီးဆုံးပဲ။

"ဒီမှာရှင့် ကျွန်မနာမည်မီးမီးပါ။ သူပြန်လာရင် ကျွန်မလွတ်ပြီလို့ပြောပြပါ။ လူကြုံကောင်းလို့ ပြန်သွားတယ်လို့ နောက်တစ်ခေါက်ပြန်လာဖို့ စာဆက်သွယ်ပါ့မယ်လို့"

ကားက စမောင်းနေသည်။

ပြောစရာ စကားကမပြီးသေး။

မျက်ရည်တွေက ဖြိုင်ဖြိုင်ကျလာသည်။

ကျိုပို့ကို ပြောလိုက်ပါ။ မီးမီးအပြီးခွဲသွားတာ မဟုတ်ပါဘူးလို့။ ကျိုပိုလိုက်လာပါ။ ချစ်ခြင်းမေတ္တာကို ခြားထားနိုင်တဲ့သဘာဝအတား အဆီးမရှိပါဘူး။ မီးစောင့်နေမယ်နော်. . ။

ကားသည် ခြံကြီးထဲမှ ထွက်လာခဲ့၏။

ကတ္တရာလမ်းမပေါ်တွင် တရိပ်ရိပ်ပြေး၏။

မီးတို့ခါတိုင်း ဈေးဝယ်ထွက်သည့်ဘက်သို့ ကားမဟုတ်။ မြောက်ဖက်သို့၊ မြောက်ဖက်စူးစူးသို့။ ဟိုး. . . မြောက်စူးစူးမှာ ကိုယ့်အိမ်ရှိတယ်လေ။ အမေ. . ပြီးတော့ လူမမယ်သားလေး။ အားလုံးနဲ့ ပြန်တွေ့ရတော့မယ်။ ပြန်တွေ့ရတော့မယ်။ မသေလို့တွေ့ရတာမေ့နိုင်


www.burmeseclassic.com

www.burmeseclassic.com



ပါ့မလားနော်။ အမေရေ. . သမီးမိုက်ကြီးပြန်လာပြီ။ သားလေး. . အမေပြန်လာပြီဟော့။ သားလေးနဲ့ ဘယ်တော့မှမခွဲတော့ဘူးနော်။ သား. . သား. . အမေ့သားလေးကို အမေရင်ခွင် ပိုက်ပြီး အလုပ်လုပ်မယ်။ အမေ့ကို စိတ်မနာပါနဲ့သားရယ်. . အမေစိတ်ကူးမှားသွားလို့ပါ။ နောက်ဆိုရင် အမေရယ်သားရယ် ပြီးတော့လေ အိုး သားပျော်ရမှာပါ။ အဆိုးတွေ အားလုံးပြီးဆုံးပြီ။

ကားသည် ရေစေကုန်းတန်းတစ်လျှောက်ပြေးနေလေ၏။

ချောမွတ်သော လမ်းမကြီးသည် စပါးကြီးမြွေပမာ ရှည်လျားလှသည်။ သည်လမ်းကြီးဆုံးရင်ဖြင့် . . .



တောင်ယာတောကား ညနေခင်းနေခြည်အောက်၌ ချမ်းမြေ့နေလေသည်။ ရေမြောင်းဘေးတွင် ခရမ်းပင်ကြီးများ ကဖားဖားဝေနေကြ၏။ ခရမ်းသီးကားတစ်လုံးမျှမရှိ။ တောင်ယာဘုတ်တိုင်သည် ခရမ်းသီးများကို လူခူးမည်စိုး၍ဆိုပြီး သူ့အရင်ခူးနှင့်တတ်လေသည်။ အုတ်နံ့ရုံနှင့်ကပ်လျက်မှာ ချဉ်ပေါင်ပင်များ ထိုးထိုးထောင်ထောင်ရှိကြ၏။ ချဉ်ပေါင်ပင်သည် မြေမရွေးသောအပင်ဖြစ်သည်။ ဘယ်အနားမှာပဲ ပေါက်ရစေတော့၊ သူကဝမ်းသာရွှင်လန်းရှိတတ်သည်။ အရှေ့ဖက်ရေမြောင်းဘက်မှာကား၊ စပါးလင်တောသည် ယိမ်းကနေလေသည်။ စပါးလင်ကို၊ မည်သူမျှ မခူးသဖြင့် ထွားချင်တိုင်းထွားနေကြ၏။ စပါးလင်အတန်းများအလယ်မှာ လူသွားလမ်းဖြစ်နေသည်။ ငိုက်ကျနေသော စပါးလင်ရွက်များအကြား လမ်းလျှောက်ရသည်မှာ ကိုင်းတောမှာ လမ်းသလားရသလို ထူးခြားသောအတွေ့အထိရှိသည်။ ပြီးတော့ စပါးလင်နံ့

www.burmeseclassic.com



သင်းသင်းကို ရှူရှိုက်ရင်း၊ ရင်ထဲမှာ ချောင်လာသလို ခံစားရသည်။

အထဲဝင်လာခါစ မိန်းမတချို့သည် လက်ထဲမှာ စိပ်ပုတီးကိုကိုင်ရင်း၊ နှုတ်ကတစ္ဆရွရွနှင့် အားထုတ်နေကြသည်။ အသားကျနေသော ကောင်မလေးတစ်စုကား ရေမြောင်းကို ဟိုဘက်သည်ဘက်ခုန်ကူးကာ၊ မြောင်းခုန်တမ်းကစားနေကြသည်။ မြောင်းဘောင်မှာအေးအေးဆေးဆေး ထိုင်ရင်း ကောင်းကင်မှာရွေ့လျားနေကြသည့် တိမ်တိုက်များထံ အမှာ လွှာပါးနေကြသူများက ငြိမ်သက်နေကြဆဲ။

"လှိုင်ပု. . တစ်ယောက်ထဲလား"

စပါးလင်တောမှာ လမ်းလျှောက်နေရာက၊ မီးမီးသည် မျက်နှာချင်းထိုင်မှ လျှောက်လာသော လှိုင်လှိုင်မြင့်ကို နှုတ်ဆက်လိုက်၏။ နာမည်က လှိုင်လှိုင်မြင့်ပေမယ့်၊ အရပ် က ၅ ပေထက်နိမ့်သဖြင့် သူ့ကိုလှိုင်ပု ဟုခေါ်ကြသည်။ သူက ဒေါ်လွင်လွင်မြနှင့်အတွဲဖြစ်သည်။ ညနေဆိုသူတို့ နှစ်ယောက်တွဲစပါးတောမှာ လမ်းလျှောက်ရင်း စကားတပြောပြောနေကြမြဲတည်း။

"ဟုတ်တယ် မမီး၊ အန်တီလွင် ခြေထောက်ယောင်နေလို့"

"ဟုတ်လား၊ ဝိတ်တက်တာကိုး"

"ဒါကြောင့် လမ်းလျှောက်ဖို့ဆရာဝန်က ခိုင်းတာ၊ ဒီနေ့တော့ ခြေဖဝါးတွေ တအားနာနေတယ်တဲ့။ ထိုင်နေခဲ့ရော. ."

"ဒါနဲ့ လှိုင်ပု ဝတ္ထုနားမထောင်ရတော့ဘူးပေါ့"

"ဟုတ်ပါရဲ့ မမီးရယ်၊လှိုင်ပုက ဝတ္ထုဖတ်ဖို့သိပ်ဝါသနာပါတာ။ ဒီမှာဝတ္ထုမရှိတော့ အန်တီလွင်ကို ပြောခိုင်းရတာ။ အန်တီလွင်က တစ်နေ့တစ်ပုဒ် ပြောနိုင်တယ်။ အန်တီလွင်က အသေးစိပ်ကို ပြောပြတာ။ တကယ်ဝတ္ထုဖတ်နေရသလိုပဲ"

မီးမီးက လှိုင်ပုနှင့်အတူ လှည့်လျှောက်သည်၊ သည် ကလေးမ





ကို မီးမီး ချစ်သည်။ လှိုင်ပုကလည်း သူ့အိမ်က ထောင်ဝင်စာလာပို့လျှင်၊ သကြားလုံးလေးဖြစ်ဖြစ် မီးမီးကို ပေးတတ်သည်။ သူက လွတ်ရက်နီးနေပြီဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ အမြဲပေါ့ပေါ့ပါးပါးဖြစ်နေသည်။ နေ့ခင်းအား လျှင် တစ်ချောင်းထိုးဇာထိုးနေတတ်ပြီး ညဘက်မှာတော့ သူနှင့်ရွယ်တူကလေးမတွေနှင့် စလိုက်၊ စကားပြောလိုက်၊ တစ်ယောက်တစ်လှည့်သီချင်းဆိုလိုက်နှင့် ပျော်ပျော်ပဲ နေကြ သည်။

"ထောင်ဆိုတာ နေတတ်ရင် အဆောင်ပါပဲ" ဟု သူတို့ပြောလေ့ရှိလေသည်။

"ကဲ. . ဒီနေ့ အန်တီလွင်ဆီက ဝတ္ထုနားမထောင်ရဘူးဆိုတော့၊မမီးပဲပြော"

လှိုင်ပုက သူ့ဆံပင်တိုလေးခါသွားအောင် မူနွဲ့ရင်း ပြော၏။

မီးမီးက ရယ်လိုက်ပြီးမှာ. .

"မမီးက ဝတ္ထုတွေ မမှတ်မိပါဘူး၊ ဒီကထွက်ရင်တော့ ရေးဖို့စိတ်ကူးထားတယ်"

"တကယ်လား"

"အင်းပေါ့"

"ချစ်ကိုယ်တွေပေါ့"

"မဟုတ်ပါဘူး၊ မချစ်တဲ့ကိုယ်တွေ."

နှစ်ယောက်သား လွင်လွင်သာသာရယ်ကြ၏။

"မချစ်တဲ့ကိုယ်တွေ့တဲ့ ရယ်ရတယ်"

လှိုင်ပုက ပြောရင်း ရယ်နေပြန်သည်။

"ဟုတ်တယ်လေ၊ မချစ်လို့ ဖြစ်ရတဲ့ကိုယ်တွေ့ကများ တာကိုး"

"ဟင့်အင်း၊ လှိုင်ပုက ချစ်ကိုယ်တွေ့ပဲ နားထောင်ချင် တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ဆောင်ကိုလွမ်းလို့လား"

မီးမီးက စလိုက်သည်။

ဟိုဘက်ဆောင်ဟုဆိုသော အမျိုးသားဆောင်တွင် လှိုင်ပုနှင့်အမှုတွဲ သူ့ချစ်သူကောင်လေးရှိသည်ကို အားလုံး သိကြပြီးဖြစ်၏။

"လွမ်းတာပေါ့ မမီးရဲ့၊ ယူပြီးသားဆိုလဲ အတွင်းထောင်ဝင်စာတွေ့ရသေးတယ်။ ခုတော့ အပြင်ရောက်မှပဲ အတိုးနဲ့ချစ်ရမှာ. ."

လှိုင်ပုသည် အုတ်တံတိုင်းကြီးကို ကျော်ကာလှမ်းငေးနေလိုက်၏။သူ့ရင်ထဲမှ အလွမ်းသည်လေထဲတွင် ပျံ့ဝဲနေမည်သေချာသည်။

"အပြင်ရောက်မှပဲ အတိုးနဲ့ချစ်ရမှာ. ."

မီးမီးက လှိုင်ပုစကားကို သံယောင်လိုက်ဆိုလိုက်၏။

လှိုင်ပုက မျှော်လင့်ချက်အပြည့်နှင့်မို့၊ သူ့စကားများကအားရှိသည်။ ကိုယ့်မှာတော့ အပြင်ရောက်လည်း အတိုးနဲ့ချစ်ရဖို့လမ်းက မလွယ်ချေ။

"ဒါနဲ့ မမီးက ဟိုမှာချစ်သူကျန်ခဲ့တာဆို"

မီးမီးပြုံးသည်။

သည်မှာက သတင်းတစ်ခုသည် မိနစ်ပိုင်းအတွင်း ပြန့်တက်၏။ ခင်စန်းရီကို ရင်ဖွင့်ခဲ့သမျှ၊ လှိုင်ပုသိပြီးဖြစ် နေနိုင်သည်။ ဖုံးနေ၍ မထူးချေ။

"ဟိုသင်းပါကွယ်. . ဘယ်လိုပြောမလဲ၊ ရထားလမ်းနှစ်ခုဆုံကြတာမျိုး၊ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား ရင်း၊ လမ်းဆုံမှာခဏဖြတ်တုန်းဆုံတာမျိုးပါ။ ဆုံပြီးတော့





သူလဲသူ့လမ်းဆက်သွား၊ ကိုယ်လဲကိုယ့်လမ်းဆက်သွားကြ ရတာပါပဲ။ ပြန်ဆုံဖို့ဆိုတာ လွယ်မယောင်နဲ့ခက်ပါတယ်"

"သူများတွေက ကမ္ဘာကြီးကို "ရွာကြီး" လို့တောင် ခေါ်နေကြပြီ။ အိမ်နီးချင်းနိုင်ငံအချင်းချင်းဘာဝေးတာမှတ် လို့"

"တော်ပါပြီလှိုင်ပုရယ်. နောက်တစ်ခါ ထပ်ပြီး အဖမ်းမခံပါရစေနဲ့တော့" ခဏကြာအောင် စကားမဆက်မိကြပေ။

ကိုယ့်အတွေးနှင့်ကိုယ်။ ကိုယ့်အလွမ်းနှင့်ကိုယ်။

"အတော်ပဲ၊ အန်တီလွင့် ဝတ္ထုနားမထောင်ရတာနဲ့ မမီးဝတ္ထုပြောပြစမ်းပါ"

"မောစရာကြီး လှိုင်ပုရယ်"

"ဇာတ်သိမ်းပိုင်းလေးပေါ့၊ အဲ ဇာတ်မသိမ်းသေးပါ ဘူး၊ နောက်ပိုင်းကို ပြောတာ၊ မမီးတို့က ပြန်လာပြီး ဘယ်လို လုပ်ဒီပုဒ်မနဲ့ အစွဲခံရတာလဲ"

တောင်ယာတောကလေသည် ပို၍ အေးလာ၏။

အကျဉ်းသူအချို့ အိမ်ဆောင်ပေါ်တက်ကြပြီ။

မီးမီးသည် နှေးကွေးစွာ လျှောက်ရင်းလှိုင်ပုမေးခွန်းကို ဖြေရမှာဝန်လေးနေမိလေသည်။

"မမီးက တကယ်ဆို သူများရောင်းစားတာ ခံခဲ့ရတာ ဟုတ်လား။ ဘယ့်နှယ်ကြောင့် ဒီပုဒ်မနဲ့ ကိုယ်ကထောင်ကျ ရတာလဲ"။

မီးမီးက မဲ့ပြုံးပြုံးသည်။

ကံကြမ္မာဆိုသော ဇာတ်ဆရာကို မုန်းသည်။ သူသည် အလှည့်အပြောင်း အနိုင်အစေအကွပ်အညှပ် ပြင်းထန်၏။ သူ့အိုကို ခံရလျှင်မည်သူမှ မသက်သာ။

"တော်ပါပြီရှင်ရယ်၊ ရှင့်မလဲကြွေးတွေနဲ့ ကျွန်မ မလည်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့။

အိပ်ဆောင်ပေါ်တက်ရန် မြောင်းဘေးမှ ထပြန်ကြသော သူတွေဘက်မှာ ခပ်ကျယ်ကျယ်အသံထွက်လာသည်။ ခင်စန်းရီအသံတည်း။ ခင်စန်းရီက အမြဲပင်ရွှင်ပျနေသူ။

"ဟုတ်တယ်၊ ရှင့်မလဲကြွေးတွေနဲ့၊ ကျွန်မမလည်း ကလေးတွေနဲ့ မဖြစ်ဘူး။ အဲ ဖြစ်မယ့်ဇာတ်လမ်းကတော့၊ ဒီလိုလေ သွားမပါချင်နေ၊ ကားပါရင်တော်ပြီ။

ခင်စန်းရီတို့ဘက်မှ ဝါးခနဲ ဝိုင်းရယ်သံကြားရသည်။

"၂၄ နာရီဆိုတဲ့အချိန်ကို သူဌေးလည်းပိုင်တယ်၊ ဆင်းရဲသားလည်းပိုင်တယ်၊ ငိုနေရင်လည်း ၂၄ နာရီပဲ။ ရယ်နေရင်လဲ ၂၄ နာရီပဲ။ ဒီတော့ ခင်စန်းရီကတော့ ရီနေမှာပဲဟေ့. . "

ခင်စန်းရီ ဇာတ်ထွက်နေသလား အောက်မေ့ရသည်။ အသံအနိမ့်အမြင့် အမျိုးမျိုးနှင့်ဖျော်ဖြေနေပုံရ၏။ သူ့အနားမှာ ကလေးအမေဆောင်မှ မိန်းမများဝိုင်းနေသည်။ ဩော်. . ကိုယ့်ဘဝ မရယ်ရပေမဲ့၊ သူတကာကို ရယ်အောင်လုပ်တတ်သော ခင်စန်းရီလေ။

"လေယာဉ်ပျံကြီးရေ. . နောက်တစ်ခေါက်မှနော်၊ ခုတစ်ခေါက်တော့ ခင်စန်းရီ မိတ်ကပ်လိမ်းလို့ မပြီးသေးလို့ နက်ဖြန်ဆိုလိုက်မယ်၊ တကယ်တကယ်"ခင်စန်းရီက ကောင်းကင်ကို မော့ကြည့်ရင်း ပြောနေပြန်သည်။

တောင်ဘက်ကောင်းကင်မှာ ခရမ်းရောင်တံဆိပ်နှင့် ဂျက်လေယာဉ်ပျံကြီးတစ်စီး။ သူသည် ညနေ ၅ နာရီ ၄၅ ဆိုလျှင်ထွက်နေကျ။ နောက်၄၅မိနစ်ဆို ဗန်ကောက်ဆင်းမည်သူဖြစ်၏။ သူကျတော့ လဲလွယ်လိုက်တာ နေ့တိုင်းသွားနေတာပဲဟု ကလေးလို တွေးမိသေးသည်။

လှိုင်ပုကလဲ လေယာဉ်ပျံကြီးကို မော့ကြည့်ရင်း. .





"လေယာဉ်ပျံကြီးရေ ဒီမှာ တစ်ယောက်ကျန်နေသေးတယ်။"

ပြီးတော့ သူက လက်နှစ်ဖက်ဖြင့် လေထဲမှာ ဝှေ့ရမ်းပြလိုက်သေးသည်။

"တောင်ပံပါရင် မင်းဆီကို . . "

ခင်စန်းရီတို့ဝိုင်းမှ သီချင်းကောက်ဆိုသံလည်း ကြားရ၏။

"တောင်ပံလေးများ ရနိုင်ရင်တော့ လိုချင်သားကွယ်"

နောက်တစ်သံကြားရပြန်သည်။

"တောင်ပံနေနေသာသာ၊ လည်ချောင်းရိုးတောင် မရနိုင်ဘူး"

ဝါးခနဲရယ်ကြပြန်သည်။ သည်လိုနေတတ်သူများပဲ ကောင်းသည်ဟု မီးမီးကတွေး၏။ မီးမီးကတော့ ငယ်ငယ်ကတည်းက အရယ်အပြုံးနည်းခဲ့သူ။ ပြုံးပြီဆိုပြန်တော့ မဲ့ပြုံး။

"ဖြေပါဦး မမီးရဲ့၊ ဘယ်လိုကြောင့် ဒီပုဒ်မနဲ့ ငြိတာလဲ"

"ကံပေါ့ လှိုင်ပုရယ်"

"ကံဆိုတာ လူကလုပ်တာဆို"

"အေးလေ. . လူက ကောင်းတာလုပ်ရင်း မကောင်းတာဖြစ်သွားတာ။ အတိတ်ကံလို့ပဲပြောရမှာပေါ့။ အမှန်က မမီး ဒီပြန်ရောက်တဲ့အထိ ဘယ်သူမှ ဘာမှမသိကြဘူး။ ၈ လဆိုတဲ့အချိန်က ကိုယ့်အလုပ်နဲ့ကိုယ်ရှုတ်နေကြသူတွေအတွက် ခဏလေးပဲ။ ဒီပြန်ရောက်တော့ အမေနေကောင်းတယ်။ အမေ့ယောက်ျားကြီးက ဆုံးသွားပြီ။ သားလေးက လမ်းပြေးလို့။ မမီးပြန်လာတယ်ဆို မြေအဘွားသားအမိတွေ ဒီတစ်သက်မခွဲရတော့ဘူးလို့ အတိုးချပျော်တာပေါ့"

"အင်း. . ဆိုပါဦး"

"အရောင်းအဝယ်လေးတွေလဲကောင်းလို့၊ မေ့လေမြိုင်ဘက်သွားလိုက်၊ ဘားအံဘက်သွားလိုက်၊ အသွားကုန် အပြန်ကုန်နဲ့ ဟန်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာ"

"အင်း. . . ပြောပါဦး"

"ဒီလို ရောင်းဝယ်ကောင်းနေတာကို လမ်းထဲက ကောင်မလေးတွေက အားကျတယ်၊ သူတို့လဲ လုပ်ချင်တယ်၊ ဒါနဲ့ မမီးနဲ့ လိုက်ပါရစေ ဖြစ်တာ။"

"ကောင်မလေးတွေချည်းပဲလား"

"ဟုတ်တယ်၊ ဒါကြောင့် ပြဿနာတက်တာ"

"သူတို့ သဘောနဲ့ သူတို့လိုက်တာပဲဟုတ်လား"

"ဘယ်လမ်းလဲ"

"တာချီလိတ်"

"လမ်းကောင်းလား"

" ခဏနဲ့ ဘယ်ရောက်မလဲ"

"အင်းပေါ့"

"အင်း. . ကြောက်စရာကြီးပဲ"

"တကယ်တော့ သွားပုတ်လေလွင့်ပြောတဲ့ကိစ္စက အရေးမဟုတ်ပါဘူး။

"ဘယ်လို . . . ဘယ်လို"

"တိုင်တာ . . ဟုတ်လား"

"သတင်းပို့တာပေါ့၊ ဒါက ဥပဒေကိစ္စကိုး"

"နို့. . မမီးက ရိုးရိုးသွားတာပဲဟာ. . "

"သွားတာကတော့ ရိုးရိုးပဲ။ ဟိုကျတော့အတွေ့ ချင်ဆုံးလူနဲ့ သွားကြုံတာ"

"အတွေ့ချင်ဆုံးလူဟုတ်လား"

"ကိုယ့်ကို တည်းခိုခန်းမှာသူနဲ့ ဆုံတာ။ ကိုယ့်ကို အရင်မြင်



သွားတယ်။ ကိုယ်ပြန်လာပြီဆိုတာ သူသိသွားတယ်။ သူပျာယာခတ်သွားမှာပေါ့။ ကိုယ်ဟာ မဟုတ်မခံဆိုတာလဲ သူသိတယ်။ သူ့ကိုမြင်ရင်ကိုယ်ပြန်ချတော့မယ် ဆိုတာလဲ သူရိပ်မိတယ်။

"ဖြစ်မှဖြစ်ရလေ၊ ဒီလိုပဲလုပ်လို့ရသလား"

"ရသလား ဆိုတော့၊ လက်ဆုပ်လက်ကိုင်သက်သေ ခိုင်ရင်ရတာပေါ့။ ကိုယ်ဟိုမှာနေခဲ့တဲ့ သတင်းတွေကို ပြောနိုင်တယ်၊ အိမ်က ၇လ၊ ၈ လပျောက်သွားတာကို ပြောနိုင်တယ်၊ အခု မိန်းကလေးတွေနဲ့ လာပြန်ပြီဆိုတော့ ဖြစ်နိုင်တယ်ပေါ့။ ကလေးတွေကို စစ်တဲ့အခါ၊ သူတို့ကမမီး ခေါင်းဆောင်ခေါ်လာကြောင်း၊ ဟိုဘက်ကူးကြမယ့်အကြောင်း အမှန်အတိုင်းအစစ်ခံကြတဲ့အခါ၊ သူတို့က အစိုးရသက်သေဖြစ်သွားရောလေ. . သူတို့ကိုယ်တိုင် နားမလည်ပါးမလည်နဲ့ လိုက်လာကြတာ ထင်ရှားနေတယ်။

"မမီးက ဟိုမှာကျန်ခဲ့တဲ့လူကြီးနဲ့ရော၊ ဆက်သွယ် သေးလား"

"ဘယ်လိုမှ ဆက်သွယ်လို့မရပါဘူး၊ လူကိုယ်တိုင် သွားမှပဲရမှာ"

"သွားမလို့ စိတ်ကူးတယ်ပေါ့"

"အမှန်ဝန်ခံရရင်၊ သွားချင်တယ်၊ သူ့ကိုတွေ့ချင်တယ်၊ နှုတ်ဆက်ချင်တယ်၊ သူကူညီခဲ့တဲ့ ကျေးဇူးတွေကို ဆပ်ချင်တယ်၊ အခြေအနေပေးရင်အတူနေချင်တယ်။ ဒါ အမှန်ပဲ"

"လောကကြီးက မတရားဘူးနော်"

"တရားပါတယ်၊ မဟုတ်တာလုပ်ရင်စံစားရခဏပါ။ လူမောင်ဆိုရင် သူစားရသောက်ရတာ ခဏပဲ။ ခုဆို . . သူလဲ ဟိုဘက်ဆောင်မှာလေ. . "

"ဘာရယ် . . ဒီမှာ . . ဟုတ်လား"

"အဲဒါပြောတာပေါ့၊ သူ သူများကို ဒုက္ခပေးခဲ့တာ ခုတော့ သူ

www.burmeseclassic.com

www.burmeseclassic.com



၁၄ နှစ်နေရတော့မယ်"

"၁၄ နှစ်တောင်"

"အင်း ဒါပေမဲ့ လူရောင်းစားမှုနဲ့ မဟုတ်ဘူး။ သက်သေမရှိဘူး လေ။ သူ ခုကျတာက ဆေး"

"အော် မူးယစ်ဆေးဝါး"

"ဟုတ်တယ်၊ ရွှေဟောင်းဘုရားတွေ၊ လူတွေ ပြီးတော့ လွယ်လွယ်နဲ့ မူးယစ်ဆေးဝါးသယ်တာ။ ပြေးလို့ မလွတ်တော့ဘူးပေါ့"

"မိုက်လိုက်တာနော်"

"အိတ်ဆောင်အပေါ်ထပ်တက်မယ်။ ၆ နာရီထိုးတော့ မယ်. . ."

တန်းစီးမအေးသန်း လျှောက်အော်နေပြီ။
အိပ်ဆောင်ပေါ်တက်ရပေဦးမည်။
တစ်ညတာ ကျော်ဖြတ်ရဦးမည်။
လွတ်လပ်သော ကောင်းကင်ကြီးကို နှုတ်ဆက်လိုက်၏။
စပါးလင်နံ့က သင်းပျံ့ဆဲ။
မြူဦးတွေက ဝေ့ဝေ့ဝဲဝဲ။

ရွှေကူမေနှင်း

BURMESE CLASSIC .com



## ရွှေကူမေနှင်း၏ ဘဝနှင့် စာပေမှတ်တမ်း

အမည်ရင်း၊ ဒေါ်စံမေ

၁၉၃၉။ ဩဂုတ်လ (၁၅)ရက်တွင်၊ ကချင်ပြည်နယ်၊ ရွှေကူမြို့၌ အဖ သစ်တောအကောက်စာရေးကြီး ဦးစိန်၊ အမိ ဒေါ်စောရင်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း (၈) ယောက်မြောက်အနက် ပဥ္စမမြောက်ဖြစ်သည်။

၁၉၄၂။ ဒုတိယကမ္ဘာစစ်အတွင်း၊ တောတောင်တွင်း၌ ပြေးပုန်းခဲ့ရသည်။

၁၉၄၆။ ရွှေကူမြို့၊ တောပုန်းရွာ၊ မူလတန်းကျောင်း၌ စတင်ပညာသင်ကြားသည်။

၁၉၄၇။ ရွှေကူမြို့၊ S.P.P ကျောင်း၌ ဆက်လက်ပညာသင်သည်။

၁၉၅၀။ ရွှေကူမြို့၊ အစိုးရအထက်တန်းကျောင်း၌ ပညာသင်သည်။

၁၉၅၅။ မတ်လ (၁) ရက်နေ့ထုတ်၊ တိုင်းရင်းမေဂျာနယ်တွင်၊ ချောကလက် အမည်ရှိ ဝတ္ထုတိုစတင်ပုံနှိပ်ခံရသည်။ (ရှစ်တန်းကျောင်းသူဘဝ)

၁၉၅၆။ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ တစ်ပြည်လုံး ပထမဆင့်အုပ်စု၌ ပါဝင်ပြီး၊ တက္ကသိုလ်မကောလေးရှစ်

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ဆုရသည်။

၁၉၅၆။ ရန်ကုန်၊ ဆရာအတတ်သင်သိပ္ပံတက်ရောက်သည်။

၁၉၅၇။ ရွှေကူမြို့၌ အလယ်တန်းပြဆရာမအဖြစ် အမှုထမ်းသည်။

၁၉၅၉။ ရန်ကုန်တက္ကသိုလ်သို့ ကချင်ပြည်နယ်၊ ပညာရေးဌာန၏ ပညာတော်သင်အဖြစ် တက်ရောက်သည်။ (ရတနာဆောင်၊ သဟာယနှင့် စာဖတ်အသင်း အမှုဆောင်၊ ကချင်ပြည်နယ်၊ ကျောင်းသားသမဂ္ဂအမှုဆောင်)

၁၉၆၁။ ရွှေကူမြို့၌ အထက်တန်းပြဆရာမအဖြစ် အမှုထမ်းသည်။

၁၉၆၃။ ဗန်းမော်သို့ ပြောင်းရွှေ့ အမှုထမ်းသည်။

၁၉၆၃။ B.A (မြင်ပဝိဇ္ဇာ) ဘွဲ့ရသည်။

၁၉၇၀။ အထက်တန်းကျောင်းအုပ်တိုးမြှင့်ခံရသည်။ (လက်မခံ)

၁၉၇၀။ မြန်မာ့အသံသို့ ပြောင်းရွှေ့ အမှုထမ်းသည်။

၁၉၇၂။ ပထမဆုံးလုံးချင်းဝတ္ထု (ဘယ်မှာမိုးခိုရမလဲကွယ်) ထုတ်ဝေသည်။

၁၉၈၃။ မြန်မာ့အသံမှ ဆေးလက်မှတ်ဖြင့် အငြိမ်းစားယူသည်။

၁၉၈၈။ ၈၈- အရေးတော်ပုံတွင် စာပေနှင့်အနုပညာရှင်များ





အဖွဲ့၌ ပါဝင်လှုပ်ရှားခဲ့သည်။

၁၉၈၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်- ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ခေါင်းဆောင်။ (ကလောင်အမည် ပိတ်ခံရသည်။)

၁၉၉၁။ အင်းစိန်အကျဉ်းထောင်သို့ နိုင်ငံရေးပုဒ်မဖြင့် (၃) နှစ် အကျဉ်းကျသည်။

၁၉၉၂။ ထောင်မှ လွတ်သည်။

၁၉၉၂။ အမေရိကန်သံရုံး ဘာသာပြန်စာအုပ်ထုတ်ဝေရေးဌာန၌ ဘာသာပြန်ဆရာ (ကန်ထရိုက်စနစ်ဖြင့်) စာအုပ်များ ပြန်ဆိုထုတ်ဝေခဲ့သည်။

(သောမတ်ဂျက်ဖာဆင် အတ္ထုပ္ပတ္တိ၊ အမေရိကန်အစိုးရ အမေရိကရှိဒီမိုကရေစီ စာအုပ်များ ထင်ရှားသည်။)

၁၉၉၆။ ရွှေ . . စာပေထုတ်လုပ်ရေး စတင်ထူထောင်သည်။ (ကလောင်အမည် ပြန်လည်သုံးစွဲနိုင်ခဲ့သည်။)

၂၀၀၀။ ပြည်ပသင်တန်းများ၊ ဝပ်ရှော့များ၊ ဆွေးနွေးပွဲများ ဖိတ်ကြားခြင်းခံရသော်လည်း Passport မရခဲ့။

၂၀၁၀။ Passport ရသည်။



www.burmeseclassic.com

www.burmeseclassic.com


၂၀၁၀။ ရန်ကုန်တက္ကသိုလ်သမိုင်းတစ်စိတ်တစ်ဒေသအဖြစ်၊ “ငါတို့ခေတ်ကတက္ကသိုလ်” ကိုရေးသားထုတ်ဝေသည်။

၂၀၁၂။ အင်းစိန်အကျဉ်းထောင်တွင်းမှ ဘဝအတွေ့အကြုံကိုဖော်ပြသော ‘အင်းစိန်မှတ်တမ်း’ နှင့် အကျဉ်းစံမိန်းမများ ထုတ်ဝေသည်။

၂၀၁၂။ အထိဝတ္ထုတို ၁၀၀၀ကျော်၊ ဆောင်းပါး ၂၀၀၀ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၄၀၊ ပင်ကိုရေးလုံးချင်းစာအုပ် ၁၅၊ ဘာသာပြန်စာအုပ် ၃၀၊ အတ္ထုပ္ပတ္တိနှင့် ဘာသာရပ်ဆိုင်ရာကျမ်း ၁၀၊ ပင်ကိုရေးအက်ဆေး ၂၅၊ ရေးသားပြီးဖြစ်သည်။

ရွှေ. . စာပေဒါနအဖွဲ့ (စာကြည့်တိုက်များသို့စာအုပ်လှူခြင်း၊ ဟောပြောခြင်း)

မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂ (နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်)

မြန်မာနိုင်ငံ၊ ထုတ်ဝေဖြန့်ချိသူများအသင်း။

-တို့တွင် ပါဝင်ကာ၊ ပရိဟိတလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



BURMESE CLASSIC .com
www.burmeseclassic.com